http://www.dhammadownload.com

ပဏ္ဍိတာရာမ

ရွှေတောင်ကုန်းသာသနာ့ရိပ်သာ

ဆရာတော်၏

ပြည်ပစမ္ပဂုဏ်ရည်ပြ

စမ္ပဒူတခရီး





သာမဏောကျော်
ရေး သား ပူ ဇော်သည်

http://www.dhammadownload.com

ပဏ္ဍိတာရာမ
ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်
၏
ပြည်ပဓမ္မဂုဏ်ရည်ပြ

ဓမ္မဒူတခရီး

သာမဏေကျော်
ရေးသား ပူဇော်သည် ။

ကောဇာနှစ်.၁၃၅၃ ၊ သာသနာတော်နှစ်-၂၅၃၅ ၊ ခရစ်နှစ်-၁၉၉၁

http://www.dhammadownload.com

ပုံနှိပ်ခြင်း	ပထမအကြိမ် ၁၉၉၁ ခု ဒီဇင်ဘာလ
အုပ်ရေ	၃၀၀၀
ဘာသာရေးဆိုင်ရာ ခွင့်ပြုချက်	(၆၄၅/၉၁) (၁၀) ၃၆/ကင်း
မျက်နှာဖုံးခွင့်ပြုချက်	(၈၂/၉၁) (၁၁)
ထုတ်ဝေသူ	ဒေါက်တာဖေဉာဏ် ၁၀၄၉ ၁၉ ရပ်ကွက် ဒဂုံမြို့သစ်တောင်ပိုင်း ရန်ကုန်မြို့
ပုံနှိပ်သူ	စစ်ပြန်မဂ္ဂဇင်းပုံနှိပ်တိုက် ၁၆၆–ပန်းဆိုးတန်း ရန်ကုန်မြို့။

http://www.dhammadownload.com

မာတိကာ

အကြောင်းအရာ စာမျက်နှာ

*သပြေကန်ဆရာတော်ကြီး၏ သမ္မောဒနိယကထာ
*စာရေးသူ၏ အမှာစာ
ပြည်ပဓမ္မဂုဏ်ရည်ပြ -ဓမ္မဒူတခရီး ၁
ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်၏ ၅
ဘဝဖြစ်စဉ် အကျဉ်း
ပဏ္ဍိတာရာမ၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ၁၅
ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်နှင့် ၁၉
ထိုင်းဘုရင့် ညီမတော်
အမေရိကန်နိုင်ငံမှ ကဆုန်လပြည့် ဗုဒ္ဓနေ့ပွဲတော် ၂၄
မဟာယာန မှသည် ထေရဝါဒဆီသို့ ၂၈
မမေ့နိုင်ဖွယ်ရာ ၃၁
အပေး-အယူ ၃၅
အမှောင်တွင်းက အလင်းရောင် ၄၀
ဆရာတော် တောရှင်းနေသည် ၄၅
ဦးကျိုးမခံသော ဆရာတော် ၅၁
ကြယ်မျာ:အလယ်က လဝန်းသဖွယ် ၅၅
နှစ်ထပ်ကွမ်း အလှမယ် ၅၉
အစာမဝပဲ ငွေနပြန်ရသော ဇနီးမောင်နံ ၆၃
တစ်ရာထက် သာသော တစ်် ၆၇
မဟာဂန္ဓာရုံဆရာတော်နှင့် မဟာစည်ဆရာတော် ၇၁
အချိန်တန်နေပါပြီ ၇၅
အငွေ့ဓာတ် ၇၉
အမေရိကမှ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း ၈၂
အမေရိကမှ ဆယ်ကျော်သက်လေးများ၏ ဗုဒ္ဓယဉ်ကျေးမှု ၈၆
အခြေပြုသင်တန်းအပေါ် သုံးသပ်ချက်(၁)

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
သုံးသပ်ချက်(၂)	၈၉
သုံးသပ်ချက်(၃)	၉၁
ဆရာတော်၏အမေးများနှင့် ဗုဒ္ဓယဉ်ကျေးမှု	၉၃
သင်တန်းသားတို့၏ အဖြေများ	
ရေငတ်တုန်း ရေတွင်းထဲကျ	၉၇
ဘဝအာမခံ ရကြပါစေ	၁၀၁
ကန္တာရနယ်မြေမှ ဆွေမျိုးတွေရဲ့ ရိပ်သာ	၁၀၄
လမ်းမှန်လျှောက်မှ စခန်းမှန်ရောက်မည်	၁၀၈
အမေရိကမှာ အလုပ်များနေသော ဆရာတော်	၁၁၁
ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်နှင့် အရှင်မြတ်	၁၁၅
ကမ္ဘာကျော်တံတားကြီးအနီးက ရိပ်သာလေး	၁၂၀
အနောက်တိုင်းယောဂီတို့အား ဟောကြားအပ်သော	၁၂၄
တရားတို့မှ ကောက်နှုတ်ချက် သဝါဒကထာ(၃၀)	
အနောက်တိုင်းသားယောဂီတို့၏ အမေးများနှင့်	၁၃၂
ဆရာတော်၏ အဖြေများ။	

ပြည်ပမှ သာသနာ့ ဝန်ဆောင်တပည့်များ

ဒေါက်တာတွေပါ ဆေးကုခံနေရာ ရိပ်သာ	၁၃၇
ပြည်ပတွင် တောက်ပနေသော ကြယ်တစ်ပွင့်	၁၄၁
ပြည်ပမှ သာသနာ့ အာဏာနည်လေး	၁၄၆
အမေရိကမှ တက္ကသိုလ်ဘွဲ့ရ အရှင်မြတ်	၁၅၀
ထိုင်းဘာသာဖြင့် စာချနေသော မြန်မာရဟန်းတော်	၁၅၃
နီပေါနိုင်ငံမှ အဂ္ဂမဟာအကျော်	၁၅၆
အဆုံးအမများပေးသနားတော်မူပါ	၁၆၀
ဘာသာ(၇)မျိုး တတ်သော အရှင်မြတ်	၁၆၃
အင်္ဂလန်နိုင်ငံမှ ဖူး, ပွင့်, သီးနေသော သစ်ပင်ကြီး	၁၆၉

http://www.dhammadownload.com

သပြေကန်ဆရာတော်
အရှင် ဝါသေဋ္ဌာဘိဝံသ-၏
သမ္မောဒနိယကထာ

၁။ သိရီ ပဏ္ဍိတာ ဘိဝံသ-
ဓမ္မဒူတ ပထံ မယံ,
ဇာနာမ သာမဏေကျော၀္-
ပဒသိတ,ည ရဋ္ဌဂံ။

သာမဏေကျော်၀္ ပဒသိတံ-သာမဏေကျော်, ခေါ်ဝေါ်အပ်ဘိ, တပည့်အရှင်က ရေးသားဖော်ပြအပ်သော ၊ အည ရဋ္ဌဂံ -နိုင်ငံရပ်ခြား:, တိုင်း: တပါ:၌ ဖြစ်သော၊ သိရီ ပဏ္ဍိတာဘိဝံသ ဓမ္မဒူတ ပထံ-ပဏ္ဍိတာရာမ, ရွှေတောင်ကုန်း သာသနာ့ဂိုဏ်သာ အာရာမာ ဓိပတိ, ကျက်သရေရှိလှ, အရှင် ပဏ္ဍိတာဘိဝံသ၏ ဓမ္မဒူတ ခရီးကို၊ မယံ-သတင်:အထူး:, ရွှင်မြူးဖွယ်ထင်မြင်, ဤအရှင်တို့.သည်၊ ဇာနာမ-ကံကောင်:ဖွယ်ကြုံ-သိကြရပါကုန်သတည်း။

၂။ တိရော ရဋ္ဌနိဝါသိနံ,
သတိပဋ္ဌာန ဒဿနေ၊
ဆေကတံ် တဿ အညာယ,
အနုမောဒါမ တေ မယံ၊

တိရောရဋ္ဌ နိဝါသိနံ-နိုင်ငံရပ်ခြား:, တိုင်:တပါ:၌ နေကြရကုန်သော တပါ:ပြည်သူ လူရှင်အများတို့.ကို ၊ သတိပဋ္ဌာန ဒဿနေ-သတိပဋ္ဌာန်တရား:, သင်ကြား:ပြသ ပေး:ခြင်:၌၊ တဿ-ပဏ္ဍိတာရာမ-ရွှေတောင်ကုန်း သာသနာ့ ရိပ်သာ ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသ မထေရ်၏၊ ဆေကတံ်-အစွမ်း ထင်ထင်, ကျွမ်းကျင်တက်ကြွ, လိမ်မာလှသည်၏ အဖြစ်ကို၊ အညာယ-သာမဏေကျော် , ထုတ်ဖော်ပြသ, သိကြရကုန်၍၊ တေ မယံ-သာသနာတော် ပြန်.နှံ.ရေး, အား:ပေး:လိုချင်, ထိုအရှင်ငါတို့.သည်၊ အနုမောဒါမ-ဝမ်းမြောက် သမှု, ခွန်:သာဓုဖြင့် , အနုမောဒနာ ပြုကြပါကုန်၏။

http://www.dhammadownload.com

၃။ သရဋ္ဌ အညရဋ္ဌေသု,
ပရဟိတံ စိရံ ကရော၊
ယတော ဝုဒ္ဓဉာဏောကိံ သော,
ပရဟိတမှိ နော ရမေ။

သရဋ္ဌအညရဋ္ဌေသု-ကိုယ်မြန်မာတိုင်း, အင်္ဂလန်, အမေရိကန် စသော တိုင်းတပါး တခြားပြည်တို့၌၊ ပရဟိတံ -သတိပဌာန်တရား, လေ့လာပွားဖို့ တခြားသူတို့၏ အကျိုးကို၊ စိရံ-နှစ်ပေါင်းများစွာ, ရှည်မြင့်ကြာအောင်၊ ကရော-ကမ္မဌာနာ စရိယ, နာယက, ဩဝါဒါစရိယ အဖြစ်ဖြင့် အားသစ်တက်ကြွ ဆောင်ရွက်တော်မူရသည် ဖြစ်၍ ၊ ယတော-အကြင်ကြောင့်၊ ဝုဒ္ဓဉာဏော-စာတွေ့ လက်တွေ့,ကိုယ်တွေ့ အဖုံဖုံ, ကြုံရများလျက်, သွက်လက်တိုးပွား, ထူးခြားသော ဉာဏ်ရှိလာသည်၊ (ဟောတိ)-ဖြစ်လာရပါပေ၏၊ (တတော) ထိုသို့ဉာဏ်တွေ သွက်လက်, အဖက်ဖက်၌ , တိုးတက်လာရသောကြောင့်ပင်၊ သော-ထိုအရှင် ပဏ္ဍိတာဘိဝံသ, မည်ရအကျော်, ဆရာတော် မထေရ်မြတ်သည်၊ ပရဟိတမှိ-ပြည်တွင်းပြည်ပ,ခိုမှီးကြသည့်, သိဿအများ, ကျိုးစီးပွားကို, လေးစားထန်ပြင်း,ဆောင်ရွက်ခြင်း၌ ၊ ကိံ နော ရမေ-မျက်မြင်ဒိဋ္ဌ, အကျိုးရသဖြင့်, လုံးဝဖယ်ခွာ, အဘယ်မှာ မပျော်ဘဲရှိပါအံ့နည်း၊ ရမေ-ရမတိ ဧဝ-အရတော်လှ, ငါ့ဘဝ-ဟု, အားရဖွယ်သာ, အပျော်ကြီးပျော်ပေတော့သည် သာလျှင်တည်း။

၄။ သစ္စံ ပုနပိ သစ္စန္တိ,
ဘုဇ မုက္ခိပွ ဝုစ္စတေ၊
သကတ္ထော နတ္ထိ နတ္ထေဝ,
ပရဿတ္ထ မကုဗ္ဗတော။ (ပဋ္ဌိကာဋ္ဌိကာ။)

ပရဿ-သူတပါး၏ ၊ အတ္ထံ-အကျိုးစီးပွားကို၊အကု ဗ္ဗတော- မပြုသောသူအား ၊ သကတ္ထော-မိမိ အကျိုးစီးပွားသည် ၊ နတ္ထိ-နတ္ထေဝ-မရှိ ၊ တကယ်ပင် မရှိသည် သာလျှင်တည်း၊ သစ္စံ ပုနပိ သစ္စန္တိ-ထိုစကားအမှန် တကယ်ဧကန် အမှန်ဟူ၍၊ ဘုဇံ-လက်ရုံးကို၊ ဥက္ခိပွ-မြောက်ချီ၍၊ ဝုစ္စတေ - ရဲရဲရင့်ရင့် , ဆိုလေမင့်။ ပဋ္ဌိကာဋ္ဌိကာ နိဿယ။ ဣတိ-ဤကားအပြီးတည်း။

http://www.dhammadownload.com

စာရေးသူ၏ အမှာစာ

ကျေးဇူးရှင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်သည် ၁၃၅၃-ခု၊ ကဆုန်လဆန်း(၆)ရက် (၁၈-၄-၉၁) နေ့တွင် မြန်မာပြည်မှ ပြည်ပသို့ ထွက်ခွာပြီး ဒုတိယ ဝါဆိုလဆန်း (၁၄)ရက် (၂၅-၇-၉၁) ရက်တွင် ပြည်ပမှ မြန်မာပြည်သို့ ပြန်လည်ရောက်ခဲ့ ပါသည်၊ (၃)လကျော် ပြည်ပတွင် ဓမ္မဂုဏ်ရည်များကို ပြသခဲ့ပေသည်၊ ဆရာတော် ထိုပြည်ပသို့ ဓမ္မဒူတ ခရီးကြွရာဝယ် မည်သို့နေထိုင်ရသည်၊ မည်သို့ ပြောဆိုရသည်၊ မည်သို့ဆက်ဆံရသည်၊ မည်သို့တရားဟောရသည်၊ မည်သို့တရား ပြရသည်၊ မည်သို့တရား စစ်ဆေးရသည်၊ မည်သို့သော တရားတို့သည် အနောက်တိုင်းသားတို့နှင့် သင့်လျော်သည်၊ မည်သို့သော တရားတို့ကို သူတို့ လက်ခံနိုင်ကြသည်၊ သူတို့ဗုဒ္ဓသာသနာအပေါ် မည်သို့သဘောထား ရှိသည် စသည့် စသည့် အခြေအနေတို့ကို စာရေးသူမြင်တွေ့ သိရှိခဲ့ရသမျှ စာရှုသူတွေကိုလည်း သိစေလိုသည့်ဆန္ဒ ဖြစ်မိပါသည်၊ ထို့ပြင် နောင်အခါတွင် သာသနာ့ဝန်ထမ်းများ ဤဆရာတော်ကဲ့သို့ ဗုဒ္ဓအဆုံးအမတွေကို ဖြန့်ဝေပေးဖို့ ပြည်ပသို့ ဓမ္မဒူတခရီး ကြွချီခဲ့လျှင် မကြွချီခင် ပြည်ပ၏ အခြေအနေတို့ကို ကြိုတင်ပဟုသုတ ရှိစေချင်သည့် ဆန္ဒလည်း ပေါ်ပေါက် မိပါသည်။

ဆရာတော်သည် ဓမ္မဒူတခရီးမှ အပြန်တွင် ဓမ္မာရုံပေါ်၌ စုပေါင်းပြီး လာရောက် ကန်တော့ကြသော မြန်မာပြည်မှ တပည့်ပရိသတ်တို့အား ပြည်ပ ဓမ္မဒူတခရီး အခြေအနေနှင့် ဓမ္မဂုဏ်ရည်ပြ လုပ်ငန်းအခြေအနေတို့ကို မိန့်ကြားတော် မူလေ့ရှိသည်၊ ထိုသို့ မိန့်ကြားတော် မူပြီးလျှင် ထိုပရိသတ်တို့အား ဆောင်ရွက်ခဲ့သမျှ ကုသိုလ်လုပ်ငန်း အဖြာဖြာ၏ အဖို့ဘာဂကို မှုဝေတော် မူလေ့ရှိသည်၊ လာလာသမျှ ပရိသတ်မှာ ကြည်ညိုသဒ္ဓါ ပွားရသည့်အပြင် သာဓုအနုမောဒနာ ပြုခွင့်လည်း ရကြပေသည်၊ လာရောက်နိုင်သူတို့ ကြည်သိုခွင့်, သာဓုအနုမောဒနာ ပြုခွင့်ရကြသော်လည်း မလာရောက်နိုင်သူ များဖွာသော ဗုဒ္ဓသာသနာဝင်တို့ အဖို့မူ ထိုအခွင့်တွေ မသာနိုင်ကြပါပေ၊

http://www.dhammadownload.com

၄၂၄သာသနာ ပြည်ပမှာ ပြန့်ပွားနေသည်ကို ကြည်ညိုလိုကြသည့်, သာဓု အနုမောဒနာ ပြုလိုကြသည့် ဗုဒ္ဓသာသနာဝင်တွေ ရှိနေကြပေဦးမည်၊ ထိုကဲ့သို့သော ဗုဒ္ဓဘာသာဝင်တို့အဖို့ ကြည်ညိုခွင့်, သာဓု အနုမောဒနာ ခေါ်ခွင့် ရစေချင်သည့် ဆန္ဒလည်း ရှိမိပါသည်၊ ထို့ကြောင့် စာအရေးအသား ကျွမ်းကျင်မှု, စာရေးသည့် အလေ့အလာ မရှိသော်လည်း ရှိသမျှ အင်အားဖြင့် ကြိုးစားထားပါသည်။

ထိုသို့ ကြိုးစားရာဝယ် ဆရာတော်၏ ပြည်ပ၌ သာသနာတော်အတွက် ဆောင်ရွက်ချက် အဖြာဖြာကို ပြည့်စုံအောင် ဖော်ပြနိုင်ခွင့် မရသေးသည့် အတွက် စာရေးသူ၏/ ကြိုးစားထားချက်များမှာ ပြည့်စုံမှု မရှိသေးပါ၊ ထို့ကြောင့် စာရေးသူ ကိုယ်တိုင် အားမလိုအားမရ ဖြစ်နေပါသေးသည်၊ သို့သော် အခွင့်သာသော တစ်ချိန်မှာ ပြည့်စုံသော ဆောင်းအရာများ ပေါလာလိမ့်မည်ဟု မျှော်လင့်ပါသည်။

သာဓုခေါ်ကြော်

ရွှေတောင်ကုန်း သာသနာ့ရိပ်သာ။

http://www.dhammadownload.com



ပဏ္ဍိတာရာမ၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်



http://www.dhammadownload.com

http://www.dhammadownload.com

ပြည်ပ - ဓမ္မဂုဏ်ရည်ပြ - ဓမ္မဒူတခရီး

မြန်မာနိုင်ငံမှ နိုင်ငံခြားသို့ကြွရောက်ပြီး ဗုဒ္ဓသာသနာတော်ကို ဖြန့်ဝေနေကြသော် ဗုဒ္ဓသားတော်တွေ မနည်းပါပေ၊ ထိုဗုဒ္ဓသားတော်တို့တွင် မဟာစည်ဆရာတော်ကြီး , တောင်ပုလုဆရာတော်ကြီး , ဆရာတော်ကြီး ဥုးသေဌိလတို့ကား အလွန်လူသိ များလှပေ၏၊ ထိုဆရာတော်ကြီးတို့ကို လူတို့သည် "ကမ္ဘာသာသနာပြု" ဟူသော ဝိသေသနဖြင့် အထူးပြု၍ ခေါ်ဝေါ်သုံးစွဲကြ, စာရေးကြသည်ကို တွေ့ရပါ၏၊ "နိုင်ငံခြား သာသနာပြု" ဟု နာမည်တပ်ကြ သည်ကိုလည်း သတိပြုမိပါ၏၊ အခြား အခြားပြည်ပ၌ သာသနာပြုတော်နေကြသည့် ဆရာတော်တို့လည်း ရှိကြပါ၏၊ ထိုဆရာတော်ကြီးတို့လောက် မုမ်းဆောင်နိုင်ကြသော်လည်း သူတို့အတိုင်း အတာနှင့်သူ စွမ်းဆောင်နိုင်မှုတို့ကား ရှိကြသည်ပင်၊ ထို့ကြောင့် အခြားအခြား ဆရာတော်တို့လည်း "နိုင်ငံခြာသာသနာပြု" ဟူသောဝေါဟာရကိုပင် တွင်တွင်သုံးနေကြသည်ကို ကြားရပါ၏၊ ဖတ်ရှုရပါ၏၊ တချို့ဆရာတော်တို့ကား "ဓမ္မဒူတ" ဟူသော အသုံးအနှုန်းကို နှစ်ခြိုက်ကြ၏၊ "ဓမ္မဒူတ"၏ အဓိပ္ပါယ်မှာ တရားတမန်တော်ဟူ၍ ဖြစ်၏၊ ထိုဓမ္မဒူတဟူသော ဝေါဟာရကို နှစ်ခြိုက်သော ဆရာတော်တို့တွင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်သည် တစ်ပါးအပါအဝင် ဖြစ်လေ၏၊ ဆရာတော်သည် ဓမ္မဒူတ ပုဂ္ဂိုလ်တစ်ဦး၏ လုပ်ရမည့်တာဝန်များနှင့် ဓမ္မဒူတလုပ်ငန်း၏ အကျိုးရလာဒ်များကို ဗုဒ္ဓစကားတော် ဖြစ်သောပါဠိတော်နှင့် ထို၏အဓိပ္ပါယ်ဖွင့် ဖြစ်သည့် အဌကထာမှာ ရှာဖွေစူးစမ်း၏၊ ဓမ္မဒူတလုပ်ငန်းနှင့် ပတ်သက်၍ ရှင်တော်ဗုဒ္ဓမိန့်ကြားအပ်သော စကားကို ထုတ်ပြလေ့ရှိ၏၊ ထိုစကားကား "စရထ ဘိက္ခဝေ စာရိကံ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယသုခါယ ဒေဝမနုဿာနံ = လူအများ၏ စီးပွားချမ်းသာအလို့ငှါ လောကသားတို့ကို အစဉ်သနား စောင့်ရှောက်ခြင်းငှာ နတ်လူတို့၏ အကျိုးစီးပွား ချမ်းသာအလို့ငှာ ခရီးလှည့်လည်ကြ" ဟူ၍ဖြစ်ပါ၏။

http://www.dhammadownload.com

ဓမ္မဒူတခရီး ကြွချီရာ၌ ထားရှိရမည့် ရည်ရွယ်ချက်မှာ – လူအများစားပွား ချမ်းသာရဖို့၊ လောကသားတို့ကို အစဉ်သနား စောင့်ရှောက်ဖို့၊ နက်လူတို့ အကျိုးစီးပွား – ချမ်းသာရဖို့ဖြစ်၏၊ တချို့က နိုင်ငံခြားသို့ ဤဘုံ့ဓမ္မဒူတ ခရီးကြွသည်ကို ဘုန်းကြီးဖို့, နာမည်ကြီးဖို့ ကြွသည်ဟု ထင်မြင်ကြ၏၊ တချို့က ထိုသို့ကြွသည်ကို ဘုန်းကြီးသည်ဟုလည်း ယူဆကြ၏၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်မှာ ဘုန်းကြီးဖို့ နာမည်ကြီးဖို့ ဟူသော ရည်ရွယ်ချက် မရှိ၊ ထမင်းဆာနေ၍ "ပေးပါ–ကျွေးပါ"ဟု တစာစာ ပူစာ နေသော သားသမီးတို့ကို ထမင်းကျွေးရမည်မှာ မိဘတို့၏ တာဝန်ဖြစ်ပါ၏၊ နိုင်ငံခြားမှတပည့် ယောဂီများက အကြိမ်ကြိမ် လျှောက်တားခဲ့ကြ၏၊ မကြွလို၍ အကြိမ်ကြိမ် ငြင်းပယ်ခဲ့၏၊ မရတော့သည့် နောက်ဆုံးတွင် တပည့် ယောဂီတို့ဆန္ဒကို လိုက်လျောရတော့၏၊ တရားဆာလောင် နေသော သူတို့၏ အာသာကို ဖြည့်ဆည်းပေးရတော့၏၊ "တရားလိုချင်လှပါရဲ့"– ဆိုပြီးဇွဲနပဲ ကြီးကြီးဖြင့် လက်ဝါးဖြန့် တောင်းခံလာသူတို့ကို "ကန်တော့ဆွမ်းပါ" လုပ်လျှင်တော့ ဗုဒ္ဓသာသနာ့ဝန်ထမ်းကောင်း ပီသရာ ရောက်မည် မဟုတ်ပေ၊ ဗုဒ္ဓ တရားတော်တွေဆိုတာ ဖုံးကွယ်ထားလျှင် မတင့်တယ်ဘူးတဲ့၊ ဥပမာ နေလို–လလိုပဲ–တဲ့။

ရွှေတောင်ကုန်းသာသနာ့ ရိပ်သာဆရာတော်သည် နိုင်ငံပေါင်း များစွာ အကြိမ်ပေါင်းများစွာ ယောဂီပေါင်းများစွာတို့ကို တရားပြသခဲ့ ပေသည်၊ သို့သော် သူ၏ စွမ်းဆောင်နိုင်မှုကို သူ အားရကျေနပ်ခြင်း မရှိသေးပါပေ၊ ဖြစ်နိုင်ရင် တစ်ကမ္ဘာလုံးသို့ပင် ဗုဒ္ဓတရားတွေ ပြန့်ပွားစေချင်သည်၊ တစ်ကမ္ဘာလုံးပင် ဗုဒ္ဓတရားအရသာကို ခံစားစေချင်သည်၊ တစ်ကမ္ဘာလုံး အတိုင်း အတာနဲ့ကြည့်လျှင် နိုင်ငံပေါင်းများစွာမှ အကြိမ်ပေါင်းများစွာ သူ့ထံ တရားအားထုတ်ကြသော ယောဂီပေါင်းများစွာသည် ဘာမှပြောပလောက်သည် မဟုတ်ဟုယူဆ၏၊ သူ၏စွမ်းဆောင်မှုကိုလည်း အသေးအမွှားလေး မျှသာပါဟု ခိုင်မြဲစွာ မှတ်ယူထား၏၊ ထို့ကြောင့် သူက သူ့စွမ်းဆောင်မှုကို ကျယ်ပြန့်လှသော သဲကန္တာရထဲက အိုအေစစ်လေးမျှသာပါဟု ခိုင်မြဲစွာ မှတ်ယူထား၏၊ မဟာစည် ဆရာတော်ကြီး, အမရပူရ မဟာဂန္ဓာရုံ ဆရာ

http://www.dhammadownload.com

တော်ကြီးစသော ဆရာတော်ကြီးများ၏ ကျေးဇူးတော်ကြောင့် ဤကဲ့သို့ ဆောင်ရွက်နေနိုင်ခြင်း ဖြစ်သည်၊ သူ့အစွမ်းထက် ထိုဆရာတော်ကြီးများ၏ စွမ်အားကပို၍ ကြီးမားစွာ ပါဝင်နေသည်ဟု ဖွင့်ဟလေ့ရှိ၏။

အထက်ပါစကားကို ဘုရားရှင်သည် သာသနာဦးပိုင်း အချိန်က (၆၀) မျှသာ ရှိသေးသော ရဟန္တာ အရှင်မြတ်တို့ကို ခရီးလှည့်လည်ဖို့ မိန့်ကြားတော်မူခဲ့၏၊ ထိုသို့ ခရီးလှည်လည်ရာဝယ် ထိုရဟန္တာအရှင်မြတ်တို့ ပြုလုပ်ကြရမည့် တာဝန်များကို အဋ္ဌကထာဆရာက ဖော်ပြထားသည်မှာ -

"ရတနတ္တယဂုဏာပကာသနတ္ထံ ဥယျာဇိတာနံ = ဘုရား, တရား, သံဃာ ရတနာသုံးပါး၏ ဂုဏ်တော်တွေကို ထင်ရှားပြဖို့ ထိုရဟန္တာ (၆၀)တို့ကို ခရီးလှည့်လည်ရန် စေလွှတ်တော်မူရသည်"တဲ့၊ ဤအဋ္ဌကထာစကားအရ ဓမ္မဒူတပုဂ္ဂိုလ်တို့သည် ဘုရား, တရား, သံဃာ ရတနာသုံးပါး၏ ဂုဏ်တော်တို့ကို ဖော်ပြကြရမည်။

အနောက်တိုင်းသား တို့မှာလည်း ဘုရားရှိ၏၊ ဘာသာရေး ခေါင်းဆောင်တွေရှိကြ၏၊ ထိုဘုရားနှင့် ထိုဘာသာရေး ခေါင်းဆောင်တို့ကို အနောက်တိုင်းသားတို့သည် ငယ်စဉ်ကပင် ကိုးကွယ်ဆည်းကပ် လာကြ၏၊ သူတို့နှလုံးသားဝယ် ထိုဘုရား, ထိုဘာသာရေး ခေါင်းဆောင်တို့က နေရာယူထားကြလေပြီ၊ လက်ခံစွဲယူထားသော ထိုဘုရားနှင့် ထိုဘာသာရေး ခေါင်းဆောင်တို့ကို ပယ်စွန့်နိုင်ဖို့က လွယ်ကူသည့် အလုပ်မဟုတ်ပါ ၊ ထိုဘုရား၏ နေရာဝယ် ဂေါတမဘုရားကို အစားထိုး ကိုယ်းကွယ်ဖို့ရာ မလွယ်ကူလှပါ၊ ထိုဘာသာရေး ခေါင်းဆောင်တို့ နေရာဝယ် ဗုဒ္ဓသာသနာ ဝန်ထမ်းသံဃာတို့ကို အစားထိုး ကိုးကွယ်ဖို့ရာလည်း မလွယ်ကူလှပါ၊ ပုဂ္ဂိုလ်ရေး ရှေ့တန်းတင်ပြီး ဗုဒ္ဓသာသနာ ဖြန့်ဝေသောနည်းကို သူတို့လက်မခံကြပေ၊ ထို့ကြောင့် ထိုအခြေအနေကို သိရှိတော်မူသော ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်သည် သတိပဋ္ဌာန်တရား ဂုဏ်ရည်ကို ရှေးဦးစွာ ပြသပေးတော်မူ၏၊ ညွှန်ကြားထားသည့်အတိုင်း သူတို့တရား အားထုတ်လို့ တရားအရသာကို တွေ့လာသည့်အခါ ဘုရားရှင်ကိုလည်း တွေ့ မြင်လာကြ၏။ သံဃာဆိုတာကိုလည်း နားလည်နိုင်လာကြ၏၊ တရားမြင်တော့ ဘုရား,

http://www.dhammadownload.com

သံဃာကိုလည်း မြင်လာကြ၏၊ ထို့ကြောင့် တရားဂုဏ်ရည် ပြပေးဖို့သည် နံပါတ်တစ် အရေးကြီးသော အရေးပါသောလုပ်ငန်း ဖြစ်ပေသည် ၊ထို့ကြောင့် ပင် ဆရာတော်သည် သူ့ခရီးကို "ပြည်ပဓမ္မ ဂုဏ်ရည်ပြ-ဓမ္မဒူတခရီး" ဟု သုံးနှုန်း ပြောဆိုလေ့ရှိတော်မူသည်၊ စာရေးသူကလည်း ဆရာတော်၏ လုပ် ရပ်နှင့် ဆီလျော်အောင် ဤစာအုပ်အမည်ကို "ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်၏ ပြည်ပဓမ္မဂုဏ်ရည်ပြ ဓမ္မဒူတခရီး" ဟူ၍ ပင် ပေးလိုက်ပါသည်။

* * *

http://www.dhammadownload.com

ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်
အရှင် ပဏ္ဍိတာဘိဝံသ၏
ဘဝဖြစ်စဉ်အကျဉ်း။

၁။ ဆရာတော်သည် ၁၂၈၃-ခုနှစ်၊ ဝါဆိုလဆုတ် (၉)ရက်၊ ကြာသပတေးနေ့တွင် မဟာရန်ကုန် (ယခင်-အင်းစိန်မြို့) တံတားကလေးရွာ - ရွှေဘိုစဉ့်ဖွားမြင်သည်၊ မိဘများမှာဦးဖေ + ဒေါ်ချစ်စုဖြစ်သည်၊ သားသမီး (၁၀) ဦးအနက် နဝမမြောက်သား ဖြစ်သည်။

၂။ ၁၂၉၀-ခုနှစ် (၇-နှစ်သားအရွယ်)တွင် မိဘများက ပဲခူးခရိုင်, ကဝမြို့နယ်, ကော့ချဲကျေးရွာ ကျောင်းဆရာတော်အရှင်ဇာဂရ ထံတွင်အပ်နှံ၍ သူငယ်တို့တတ်သင့်သော ပညာတို့ကို သင်ကြားစေသည်၊ ကျောင်းသား အရွယ်ကပင် ပဲခူးခရိုင်, ကဝမြို့နယ်, အနဲရွာ, ဒကွိဇာရုံ ရွှေကျင်တိုက် ပရိယတ္တိအာဂုံစာပြန်ပွဲတွင် ပဌမငယ်နှင့် ပဌမလတ်တို့ကို ပြန်ဆိုအောင်မြင်ခဲ့သည်။

၃။ ၁၂၉၅-ခုနှစ် (၁၂-နှစ်သားအရွယ်)တွင် ဆရာတော် အရှင်ဇာဂရထံ၌ပင် ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိသည်၊ သာမဏေဘဝဖြင့် ကော့ချဲရွာကျောင်း စာချဆရာတော် အရှင်ဂန္ဓောဒယထံ၌ ပိဋကအခြေခံ ဖြစ်သော ဝိသုဒ္ဓါရုံကစွည်း သုတ်စဉ်, သုတ်နက်, အဘိဓမ္မာသင်္ဂဟကျမ်း တို့ကို သင်ယူခဲ့ပါသည်။

၄။ ၁၃၀၁-ခုနှစ် (၁၈-နှစ်အရွယ်)တွင် ဆရာတော် အရှင်ဇာဂရ၏ စေလွှတ်ချက်အရ ပဲခူးခရိုင်, ကျောက်တန်းကျေးရွာ, မဟာဇောဓိတောရ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး အရှင်ကေလာသမဟာထေရ်ထံ ရောက်ရှိလျက် ဂဏဝါစကများဖြစ်သော အရှင်နန္ဒိယ, အရှင်ပညာသိရိ, အရှင်ဩဘာသတို့ထံတွင် နေ့ဝါ-ညဝါဆိုင်ရာ ကျမ်းစာများကို ဆက်လက် သင်ယူခဲ့သည်။

http://www.dhammadownload.com

၅။ ၁၃၀၃ - ခုနှစ် (၂၀ - နှစ်အရွယ်)တွင် ကျောက်တန်း - မဟာဗောဓိ တောရတိုက် - ခဏ္ဍာသိမ်တော်ကြီး၌ ကျေးဇူးတော်ရှင် မဟာဗောဓိ ဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်ခဲ့သည်၊ ရဟန်းဖြစ်ပြီး (၁၀)လအကြာတွင် ဒုတိယကမ္မာစစ်ကြီး ဖြစ်ပေါ်လာရာ စစ်ဘေးဒဏ်ကြောင့် ပရိယတ္တိ သင်ကြားရေးမှာ ထင်သလောက် ခရီးမရောက်ခဲ့ချေ။

၆။ ၁၃၀၆ - ခုနှစ် (ရဟန်း - ၃၀၊)တွင် ရန်ကုန်မြို့, သက်နန်းကျွန်း, ကျိုက္ကစံ ရွှေကျင်တိုက်သစ် (ကျောက်တန်း မဟာဗောဓိတိုက်ခွဲ) ကျေးဇူးရှင် ဆရာတော် အရှင်သုစိန္တနှင့် ဂဏဝါစက အရှင်ဆန္ဒာဓိကတို့၏ထံ၌ အထက်တန်း ပါဠိ, အဋ္ဌကထာ, ဋီကာစသည့် နေ့ဝါညဝါကျမ်းစာတို့ကို ဆက်လက်လေ့လာ အားထုတ်ခဲ့သည်။

၇။ ၁၃၀၈ - ခုနှစ် (ဒုတိယ ကမ္မာစစ်ပြီး၍ချိန်)တွင် ရေးဦးအစ ကျင်းပအပ်သော အစိုးရပါဠိ ပဌမပြန် စာမေးပွဲတွင် ပဌမလတ်တန်းကိုင်း၊

၈။ ၁၀၃၉ - ခုနှစ်တွင် ပဌမကြိုးတန်းနှင့် ဒေတိယဂံဏ ပရိယတ္တိ သိုးခြားစာသင်တန်း တို့ကိုင်း ဆက်ကာဆက်ကာ ဖြေဆိုအောင်မြင် ခဲ့သည်၊ ယင်းသို့ စာပေလေ့လာ နေစဉ် စာသင်သားများအား လည်း အကူစာချအဖြစ်ဖြင့် စာပေပို့ချပေးရင်း အချိန်ကုန်လွန် စေခဲ့သည်။

၉။ ၁၃၁၀ - ခုနှစ်တွင် ပင်ပန်းလွန်းအား ကြီး၍ (၁)နှစ်စာဖြေ အနားယူပြီး ကျိုက္ကစံ ရွှေကျင်တိုက်သစ်ဆရာတော် ညွှန်ကြားချက်အရ မန္တလေးမြို့, မဟာဝိသုဒ္ဓါရုံတိုက်ဒုတိယစ်သို့ ပြောင်းရွှေ့နေထိုင်ပြီး ဇီးပင်ဆရာတော် အရှင်သုဇာတထေရ်ကို မိုခိုလျက် ဝိသုဒ္ဓါရုံစည်ရှင် ဆရာတော် အရှင်ကောသလ္လ, ဂဏဝါစကများ ဖြစ်ကြသော အရှင်အာနန္ဒ ပဏ္ဍိတ (ဗာရာဏသီ ဆရာတော်), အရှင် သုဝဏ္ဏဇောတိ စသော မဟာထေရ်တို့, ထံမှ ၎င်း, မစိုးရိမ်တိုက် ဆရာတော်ကြီးနှင့်တကွ ပဋ္ဌာန်းဆရာတော် အရှင်

http://www.dhammadownload.com

ဝိသုဒ္ဓါဘိဝံသ, အရှင် ဝိစိတ္တာ ဘိဝံသ, အရှင် စန္ဒောဘာသာ ဘိဝံသတို့ထံမှငင်း, စာချတန်းဆိုင်ရာ အထက်တန်း ပါဠို, အဋ္ဌကထာ, ဋီကာတို့ကို ဆက် လက်လေ့လာ ဆည်းပူးခဲ့သည်၊ ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရား ဘုရားကြီးတိုက်မှငင်း, ဆရာကြီး ဦးအောင်မြတ်ထွဋ် (အရှင်အာဒိစ္စဝံသ) ထံမှငင်း, နိကယ်အချို့ကို လေ့လာခဲ့သည့်အပြင် အထူးသဖြင့် သံလျှင် – သပြေကန် – ဓမ္မိကာရာမတိုက် အရှင်ဝါသေဋ္ဌာ ဘိဝံသ (သိရောမဏိဘွဲ့ နှင့် ပရိဟ်ကြီး နိသျသစ် ကျမ်းပြုဆရာတော်) ထံမှငင်း စာချတန်းဆိုင် ရာ နည်းနာတို့ကို လေ့လာဆည်းပူးခဲ့သည်။

၁၀။ ၁၃၁၁ – ခုနှစ်မှစ၍ အစိုးရ ဓမ္မာစရိယတန်းနှင့် စေတီယဂ်ဏ စာချတန်းတို့ကို ဖြေဆိုခဲ့ရာ ၁၃၁၃ – ခုနှစ်တွင် သာသနဓဇ သိရိပဝရ ဓမ္မာစရိယတန်းကို အောင်မြင်ခဲ့သည်။

၁၁။ ၁၃၁၄ – ခုနှစ်တွင် စေတီယဂ်ဏ စာချတန်းကို အောင်မြင်ခဲ့သည်။

၁၂။ ၁၃၁၂ – ခုနှစ်တွင် လေ့လာပြီးသော ပရိယတ္တိနောက်တွင် လက်တွေ့ထိရောက်အောင် ပဋိပတ္တိ လိုက်နိုင်မှသာ ဗုဒ္ဓသာသနာတော်မှာ ထောက်တည်ရာ ရလိမ့်မည်ဟု ယုံကြည်ရင်း ရှိသည့်အတိုင်း ရန်ကုန်မြို့ သာသနာ့ရိပ်သာ ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီးထံသို့ ချဉ်းကပ်ပြီး ဆရာတော် ဘုရားကြီး၏ ဩဝါဒကိုခံယူကာ ဂမ္ဘီရာနာ စရိယ အရှင်ဝိစာရ (ဝါးခယ်မမြို့ –သာသနာ့ ရိပ်သာနာယက ဆရာတော်)၏ ညွှန်ကြား နည်းပေးမှုအတိုင်း သတိပဋ္ဌာန် ဝိပဿနာ ပဋိပတ္တို လုပ်ငန်းကိုလည်း ကြိုးပမ်းအားထုတ်ခဲ့သည်။

၁၃။ ၁၃၁၆ – ခုနှစ်တွင် ဆဋ္ဌသံဂါယနာတင်ကိစ္စ, ပါဠိဝိသောဓက ကိစ္စတို့ကို ဆောင်ရွက်ခဲ့သည်၊ ၁၃၁၂ – ခုနှစ်မှစ၍ ကျေးဇူးရှင် ကျိုက္ကစံ ရွှေကျင်တိုက်သစ်ဆရာတော်ကြီး၏ တာဝန်ပေးချက်အရ တိုက်တွင်းစာချ တာဝန်

http://www.dhammadownload.com

ကို အားလုံးယူ၍ ပရိယတ္တိ သာသနာ့လုပ်ငန်းကိုလည်း ဆောင်ရွက်ခဲ့သည်။

၁၄။ ၁၃၁၇ – ခုနှစ် နယုန်လတွင် တိုက်တာစာချတာဝန်တို့ကို ချထားခဲ့ပြီး သတိပဌာန် ဝိပဿနာလုပ်ငန်းကို ထပ်မံ၍ ဆက်လက်လေ့လာ ဆည်းပူးရန် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီးထံသို့ ရောက်လာပြီး ဆရာတော် ဘုရားကြီး ပေးအပ်သော တာဝန်တို့ကို ဆောင်ရွက်ခဲ့သည်။

၁၅။ ၁၃၂၀ – ခုနှစ် နတ်တော်လဆုတ် (၁၂)ရက်နေ့တွင် သီဟိုဠ်နိုင်ငံ (သီရိလင်္ကာ) ကိုလံဘိုမြို့၌ ကမ္မဌာန်းဌာနသစ် ဖွင့်လှစ်ရန်အတွက် ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးသည် အိန္ဒိယနိုင်ငံ, သီဟိုဠ်သို့ ကြွရောက်တော် မူခဲ့စဉ်က ဆရာတော်အရှင် ပဏ္ဍိတာဘိဝံသကို သီဟိုဠ်နိုင်ငံ ပဋိပတ္ထိသာသနာပြုအဖွဲ့ဝင် အဖြစ်ဖြင့် ခေါ်သွားသည်၊ ထိုအခါက အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓမြတ်စွာနှင့် စပ်ဆိုင်သော အရပ်ဒေသများသို့ ဘုရားဖူးလှည့်လည်ရင်း သွားရောက်ခဲ့ရသဖြင့် ဆရာတော်မှာ သာသနာရေးဆိုင်ရာဒေသန္တရ ဗဟုသုတများကို ဆည်းပူးခွင့်ရခဲ့ပေသည်။
သီဟိုဠ်နိုင်ငံတွင် ပဋိပတ္ထိသာသနာပြု လုပ်ငန်းကို ဆရာတော် ဘုရားကြီး၏ ဩဝါဒအတိုင်း ကိုယ်စွမ်းရှိသမျှ (၃)နှစ်နီးပါး ဆောင်ရွက်နေစဉ်မှာပင် ကျန်းမာရေး မပြည့်စုံသဖြင့် မြန်မာနိုင်ငံသို့ ပြန်ရောက်လာပြီး ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ ထံ၌ပင် ဆန်းကျယ်နက်နဲလှသော ပရိယတ္တိ, ပဋိပတ္တိ နည်းနာနိသျများကို ကိုယ်တိုင်းလည်း ဆက်လက်ဆည်းပူးရင်း ဆရာတော် ဘုရားကြီးထံ နည်းခံ၍ အားထုတ်ရန် လာရောက်ကြသော ရဟန်းတော်ယောဂီများနှင့် အမျိုးသား ယောဂီများ အားလည်း ဆရာတော် ဘုရားကြီး၏ ကိုယ်စားဟောကြား ညွှန်ပြလျက် ရှိနေပေသည်။

၁၆။ ၁၃၃၅ – ခုနှစ်တွင် ဆရာတော် ဘုရားကြီး၏ အစီအစဉ်အရ မန္တလေးမြို့

http://www.dhammadownload.com

ရတနာပုံ သာသနာ့ရိပ်သာ၌ စောင့်ရှောက်နေထိုင်ရန် အလှည့်ကျသောကြောင့် ရတနာပုံ သာသနာ့ရိပ်သာ၌ ပဓာနနာယက ကမ္မဋ္ဌာနာစရိယအဖြစ်ဖြင့် စောင့်ရှောက် နေထိုင်လျက် (၂)နှစ်ကြာ သတိပဋ္ဌာန် ဝိပဿနာပဋိပတ္တိကို ပြုစုခဲ့သည်။

၁၇။ ၁၃၃၇-ခုနှစ်တွင် ရုန်ကုန်မဟာစည် သာသနာ့ရိပ်သာ၌ အမျိုးသမီးယောဂီတို့အား တရားပြပေးခဲ့သည်။

၁၈။ ၁၃၃၈-ခုနှစ်တွင် ဆရာတော် ဘုရားကြီး၏ အစ်အစဉ်အရပင် မော်လမြိုင် တောင်ဝိုင်းလေး သာသနာ့ရိပ်သာ၌ ပဓာန နာယက ကမ္မဋ္ဌာနာစရိယအဖြစ်ဖြင့် (၃)နှစ်ကြာ သတိပဋ္ဌာန်တရားကို ပြသခဲ့သည်။

၁၉။ ၁၃၄၁-ခုနှစ်တွင် ရုန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာသို့ ပြန်လည်ပြီး ရောက်ရှိကာ နာယက ကမ္မဋ္ဌာနာစရိယအဖြစ်ဖြင့် တာဝန် ဆောင်ရွက်ခဲ့ပြီး ၁၃၄၄-ခုနှစ်မှစ၍ (၇)နှစ်ကြာ သြဝါဒါစရိယအဖြစ်ဖြင့် သာသနာ့တာဝန်တို့ကို ဆောင်ရွက်တော် မူခဲ့သည်။

၂၀။ ၁၃၅၂-ခုနှစ်တွင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ သြဝါဒါစရိယ အဖြစ်ဖြင့် သာသနာ့ တာဝန်တို့ကို စတင်ဆောင်ရွက်တော် မူခဲ့သည်။

၂၁။ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်၏ ပြည်ပဓမ္မဂုဏ်ရည်ပြဓမ္မဒူတ ခရီးများ (၁၉၉၁- အထိ;

၁။ ၆- ၁- ၅၉ မှ ၁၉၆၂ ထိ =သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့၊ ကမ္မဋ္ဌာန်းဋ္ဌာန၊

http://www.dhammadownload.com

၂။ ၁၈- ၄- ၈၄ မှ ၉- ၈- ၈၄ ထိ = အမေရိက (Insight Meditation Society)
အင်္ဂလန်
ထိုင်း
ဘာသာပြန်သူ - အရှင်အဂ္ဂစိတ္တ (မလေးရှား)
ကပ္ပိယကာရက - ဦးခင်လိုင်

၃။ ၁- ၁၁- ၈၄ မှ ၁၀- ၁၂- ၈၄ = မလေးရှား (Malaysian Buddhist Meditation Centre နှင့်
Kota Tinggi (သန္တိသုခါရာမ)
ထိုင်း
ဘာသာပြန်သူ - အရှင်ဉာနပုဏ္ဏိက (နိပေါလ်ဆရာတော်)
ကပ္ပိယကာရက - မောင်ခင်မောင်ဌေး

၄။ ၁- ၅- ၈၅ မှ ၁၀- ၁၂- ၈၅ = နိပေါလ်နိုင်ငံ
International Meditation Centre , Patan
ဘာသာပြန်သူ - အရှင်ဉာနပုဏ္ဏိက
ကပ္ပိယကာရက - မောင်ခင်မောင်ဌေး
ဤနှစ်၌ International Buddhist Meditation Centre မြေနေရာလှူသည်။

၅။၁- ၁၁- ၈၅ မှ ၁၀- ၁၂- ၈၅ = သြစတေးလျ
Kerever Park Conference Centre
ထိုင်း
ဘာသာပြန်သူ - အရှင်ဉာနပုဏ္ဏိက
ကပ္ပိယကာရက - မောင်ခင်မောင်ဌေး

၆။ ၃- ၅- ၈၆ မှ ၂၀- ၇- ၈၆ = အမေရိက
Hawaii

http://www.dhammadownload.com

Yucca Valley
Nashville, Tennessee
New York, မြန်မာကျောင်း
Washington–မြန်မာကျောင်း
မင်္ဂလာရာမကျောင်း
စကိုပူ
မလေးရှား (M-B-M-C)
ထိုင်း
ဘာသာပြန်သူ - အရှင်ဉာနပုဏ္ဏိကနှင့် ဦးခင်လိုင်
ကပ်ိယကာရက - မောင်ခင်မောင်ဌေး

၇။ ၁၈- ၄- ၈၇ မှ ၂၀- ၈- ၈၇ =အမေရိက
Arizona
Prescott
အင်္ဂလန်-
လန်ဒန်- မြန်မာကျောင်း
အနောက်ဂျာမနီ
မဟာယာနတိဗက်ကျောင်း
နီပေါ International Buddhist
Meditation Centre
(ဆရာတော် စတင်ဖွင့်ပေးခဲ့သည်)
ထိုင်း
ဘာသာပြန်သူ - အရှင်ဉာနပုဏ္ဏိက
ကပ်ိယကာရက - မောဂခင်မောင်ဌေး

၈။ ၂၁- ၁၂- ၈၇ မှ ၁၉- ၃- ၈၈ = သြစတေးလျ Kerever Park
Conference Centre

http://www.dhammadownload.com

မလေးရှား M-B-M-C

ထိုင်း

ဘာသာပြန်သူ - အရှင်ဥာနပုဏ္ဏိက

ဘာသာပြန် နှင့် ကပ္ပိယကာရက - ဦးမြသောင်း။

၉။၂၂- ၆-၈၇ မှ ၂၆- ၇- ၈၈ = တောင်ကိုးရီးယား

ထိုင်း

ဘာသာပြန် - အရှင်ခေမိန္ဒ (ဂျပန်မှ)

ပစ္ဆာသမဏ = အရှင်ဇဋ္ဌိလ

၁၀။ ၁၇- ၄-၈၉ မှ ၂၀- ၇- ၈၉ = အမေရိက Insight Meditation Society

အနောက်ဂျာမနီ

မဟာယာန ကိုဗက်ကျောင်း

စကာပူ

ဗုဒ္ဓဘာသာအဖွဲ့

မလေးရှား- M-B-M-C

ထိုင်း

ပစ္ဆာသမဏ = အရှင်ပညာသာမိ (လန်ဒန်)

အရှင်ဓမ္မပိယ (မလေးရှား)

အရှင်ပညောဘာသ (အမေရိက)

ဘာသာပြန်သူ = အရှင်ဥာန ပုဏ္ဏိကနှင့် ဦးမြသောင်း။

ကပ္ပိယကာရက = မောင်ခင်မောင်ဌေး

၁၁။ ၁၈- ၂-၉၀ မှ ၄ ၈- ၉၀ = နိပေါ IBMC

မလေးရှား MBMC

http://www.dhammadownload.com

ညဲ့စတေးလျ KEREVER PARK
CONFERENCE CENTRE
အင်္ဂလန် MAHASI DHAMMA
FELLOWSHIP LIVERPOOL
(အရှင်ပညာဒီပ သီတင်းသုံးနေသည့်ဌာန)
(ဤနှစ်တွင် စတင်ဖွင့်ပေးခဲ့သည်။)
စင်္ကာပူ
ထိုင်း။

ပစ္စာသမဏာ - အရှင်ပညာဒီပ
ဘာသာပြန် - အရှင်ဉာနပုဏ္ဏိကနှင့်ဦးမြသောင်း
ကပ္ပိယကာရက - မောင်ခင်မောင်ဌေး

၁၂။ ၃-၁၁-၉၁ မှ ၂- ၉၁ = မလေးရှား:-I B M C
(LUNAS MEDITATION CENTRE စဖွင့်)
KOTA TINGGI
ညစတေးလျ
(ဝါကျတ်လျှင် ကြွဖို. အရှင်ပညာသာမိကို
ပင့်ထားသည့် ဌာန)
စင်္ကာပူ
ထိုင်း။

ပစ္စာသမဏာ - အရှင်ဓမ္မပိယ
ဘာသာပြန် - ဦးမြသောင်း
ကပ္ပိယကာရက - မောင်ခင်မောင်ဌေး

၁၃။ ၁၈- ၄-၉၁ မှ ၂၅- ၇-၉၁ =အမေရိက-
တောင်ပုလ္လ ကမ္ဘာအေးကျောင်း
I M S

http://www.dhammadownload.com

ကနေဒါ TORONTO နှင့် VANCOUVER
ထိုင်း။

ပစ္စာသမဏာ - အရှင်ပညာဒီပ (အင်္ဂလန်)
အရှင်ပညာသာမိ (အင်္ဂလန်)
အရှင်ဓမ္မိကာဘိဝံသ

ဘာသာပြန်သူ - ဦးမြသောင်း

ကပ္ပိယကာရက - မောင်ခင်မောင်ဌေး နှင့်

၁၉၉၁ - ဒုနှစ် ၊ ပြည်ပခရီးစဉ်

၁။ မြန်မာနိုင်ငံမှ ဘန်ကောက်သို့. ၁၈-၄-၉၁
၂။ ဘန်ကောက်မှ အမေရိကသို့. ၁၉-၄-၉၁
၃။ တောင်ပုလဲ ကမ္ဘာအေး:ကျောင်း: (၂)ပတ်တရား:စခန်း: = ၁၉-၄-
၉၁-မှ ၃- ၅- ၉၁ ထိ
၄။ တောင်ပုလဲ ကမ္ဘာအေး:ကျောင်း:မှ IMS ကမ္မဋ္ဌာန်း: ဌာနသို့.
၄- ၅- ၉၁
၅။ ဘာရိမြို့. IMS ၌ (၂) လစခန်း: = ၅-၄-၉၁ မှ ၅-၆-၉၁ ထိ
၆။ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း: = ၆-၆-၉၁ မှ ၁၀-၆-၉၁ ထိ
၇။ IMS မှ ကနေဒါ တိုရန်တိုမြို့သို့.= ၇-၆-၉၁ မှ ၉-၆-၉၁ ထိ
၈။ IMS မှ ဆန်ဖရန်စစ္စကိုသို့. = ၁၁-၆-၉၁
၉။ ဆန်ဖရန်စစ်စကိုမှ ကနေဒါ ဗန်ကူးပါ: သို့. = ၁၃-၆-၉၁
၁၀။ ဗန်ကူးပါ:မှ ဆန်ဖရန်စစ်ဃကိုသို့. = ၁၆-၆-၉၁
၁၁။ ဆန်ဖရန်စစ်စကိုမှ လော့စအိန်ဂျလိ = ၁၇-၆-၉၁
၁၂။ လော့စအိန်ဂျလိမှ ဆန်ဖရန်စစ်စကိုသို့. = ၂၀-၆-၉၁
၁၃။ ဆန်ဖရန်စစ်စကိုမှ ဘန်ကောက်သို့. = ၂၁-၆-၉၁
၁၄။ ဘန်ကောက်မှ ရန်ကုန်သို့. = ၂၅-၆-၉၁

* * *

http://www.dhammadownload.com

ပဏ္ဍိတာရာမ - ရွှေတောင်ကုန်း သာသနာ့ရိပ်သာ

ကျေးဇူးရှင်,ဆရာတော်၏ အခန်းထဲသို့ ဝင်လိုလျှင် တံခါးကို အသံမမြည်အောင် သတိပြုပြီး ညင်သာစွာ ဖွင့်ရ၏၊ ပြန်ပိတ်လျှင်လည်း သတိဖြင့် ညင်သာစွာ ပိတ်ရ၏ ၊ ဆရာတော်၏ အခန်းအပြင်ဘက် အခန်း၌ ပြည်တွင်း-ပြည်ပ ရဟန်းယောဂီ, အမျိုးသားယောဂီတို့ တရားရှုမှတ် နေကြသောကြောင့် ဖြစ်ပါ၏ ၊ အောက်ထပ်ရှိ နာယက ဆရာတော် အရှင်ရုစိရဉာန အခန်းထဲသို့ သွားလိုလျှင်လည်း ထိုနည်းတူပင်၊ အခန်းအပြင်မှာ ပြည်တွင်း-ပြည်ပ အမျိုးသမီး ယောဂီတို့ တရားရှုမှတ် နေကြလေ၏၊ တစ်ညသောအခါ ကျေးဇူးရှင် ဆရာတော်၏ အခန်းထဲသို့ စာရေးသူဝင်သွားရာ ဆရာတော်အမိန့်ရှိသော စကားတို့ထဲမှာ "အခုရောက်နေတဲ့ နိုင်ငံခြားသား ယောဂီတွေက ဝါတွင်း (၃)လပြည့်လို့ ဝါကျွတ်ပြီးလဲ မပြန်ကြသေးဘူးတဲ့၊ နေလို့ရသမျှ ဆက်လက် တရားအားထုတ်ကြဦး မယ်တဲ့၊ အဆောက်အဦတွေက ထပ်ဆောက်ဦးမှ နေရာက အဆင်ပြေမယ်၊ သုံးထပ်သားမို့ ဝါးထရံကာ (၁၀)ပေပတ်လည် ကျောင်းဆောင်လေးတွေ (၁၅)ဆောင်နဲ့ မလုံလောက်သေးဘူး၊ နိုင်ငံခြားသားတွေက နောက်ထပ် လာချင်နေကြတာတွေလဲ ရှိနေကြတယ်၊ နိုပေါကဆို-ကိုရင် (၃)ပါးလာပြီး တရားအားထုတ်ပြီးနောက် စာသင်ကြဦးမယ်၊ နိုပေါ အမျိုးသမီးတွေလဲ လာကြအုံးမယ်၊ မလေးရှား, အမေရိကစတဲ့ နိုင်ငံတွေက ဒီမှာလာရောက် တရားအားထုတ်ဖို့ ကြိုးစားနေကြတာတွေ ရှိနေတယ်၊ ကိုးရီးယားကလဲ (၁၀)ကျော် (၂၀)လောက် လာလိမ့်အုံးမယ်၊ သူတို့လာချင်တာက အရေးမကြီးဘူး၊ နေရာထိုင်ခင်း မပြည့်စုံသေးတာက ခက်တယ်၊ နိုပေါကိုရင် (၃)ပါးလာရင် ဘယ်နေရာ ထားမလဲ၊ နိုပေါဦးဇင်း အခန်းထဲပဲ ကောင်းမယ်ထင်ပါရဲ့၊ သုံးထပ်ဓမ္မာရုံကြီးသာ စတင်ဖြစ်လို့ ပြီးသွားခဲ့ယင် နွေရာသီ- ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း သာမဏေလေးတွေနဲ့ သိက္ခာရှင် (သီလရှင်)လေးတွေ အတွက်ရော ယောဂီတွေအတွက်ပါ အဆင်ပြေ ချမ်းသာသွားမယ်" စသည်ဖြင့် ပါရှိလာပေ၏။

http://www.dhammadownload.com

ရန်ကုန်မြို့+ဗဟန်း သံလွင်လမ်း ၈၀(အေ)ရှိ ပဏ္ဍိတာရာမ- ရွှေတောင်ကုန်း သာသနာ့ရိပ်သာသည် ဟည်ထောင်ကာစ ဖြစ်၏၊ ဒီနှစ် ဝါသည် ပဉ္စမဆုံးဝါ ဖြစ်ပေ၏၊ ဝါဆိုသံဃာ (၂၇) ပါးရှိ၏၊ ပြည်ပမှရဟန်းတော် (၁၀) ပါးရှိ၏၊ ကိုးရီးယားမှ (၄) ပါး, အမေရိကမှ (၂) ပါး, မလေးရှားမှ (၁) ပါး, အင်ဒိုနီးရှားမှ (၁) ပါး, ဂျာမနီမှ (၁) ပါး, နီပေါမှ (၁) ပါး တို့ဖြစ်ကြ၏၊ မလေးရှားမှ အမျိုးသား (၁) ယောက်, မလေးရှားမှ သီလရှင် (၃) ပါး, နီပေါသီလရှင် (၃) ပါး, ြသြစတေးလျမှ အမျိုးသမီး (၂) ယောက်, အင်္ဂလိကမှ အမျိုးသမီး (၁) ယောက်, စုစုပေါင်း ပြည်ပမှ (၂၀)သော ယောဂီတို့အပါအဝင် ယောဂီပေါင်း (၈၀) ရှိပေ၏။

ပြည်ပယောဂီတို့အား ဆရာတော်ကိုယ်တိုင် တရားဟော, တရားစစ်, တစ်ရက်ခြားစီ ပြုလုပ်ပေး၏၊ ဥပသိနေ့တိုင်း တရားနှင့်စပ်သော မေးခွန်းများကို မေးခွင့်ပေးပြီး အဖြေပေးတော်မူ၏၊ ပြည်တွင်းယောဂီတို့ကိုမူ နာယကဆရာတော်များနှင့် ဝန်ဆောင် အရှင်ပြဟ်များက ဟာစ်ပတ်စီ တရားဟောကြ၏၊ တရားစစ်ကိုမူ နာယကဆရာတော်များက ပြုလုပ်ကြ၏၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်သည် မိမိအရိပ်အောက်သို့ လာရောက် ခိုလှုံကြသည့် ပြည်တွင်း-ပြည်ပ ယောဂီတို့ ဘားလု, သောက်ရေး, နေထိုင်ရေး, ကျန်းမာရေး, တရားအားထုတ်ရေး စသည်တို့၌ အဆင်ပြမှု ရှိအောင် ကြောင့်ကြစိုက်တော်မူ၏၊ ဆွမ်းစားကျောင်းတွင် ဆွမ်းဝိုင်းတိုင်း၌ ပြည့်စုံမှု ရှိ-မရှိ ကြည့်ရှုတော်မူ၏၊ သံဃာတော်များ ဆိုလျှင် နေရာထိုင်ခင်းတာ, သပိတ်ကိုင်တာ, သင်္ကန်းဝတ်တာ, စားသောက်တာကအစ ကျန်မှုရှိ-မရှိ ဂရုစိုက်တော်မူ၏၊ နံနက်ဆွမ်းပြီး၍ (၆)နာရီခွဲလျှင် ပြည်တွင်း-ပြည်ပ သံဃာတော်များ တန်းစီ၍ ရွှေတောင်ကြား ရပ်ကွက်တွင် ဆွမ်းခံဝင်တော်မူကြ၏၊ ဆွမ်းခံမကြွခင် သင်္ကန်းရုံတာ အချိုးကျ-မကျ, သင်းပိုင် ဇကသီ ဝတ်တာ ညီ-မညီ, ဂုတ်ပိုး အကြိုး-အသေး, အနားပတ်သီး တပ်-မတပ်, ခါးပန်းကြိုး ပတ်-မပတ်, အံ့သကိုက် ဝတ်-မဝတ်ကို သေသေချာချာ စစ်ဆေးလေ့ရှိပေ၏၊ သင်္ကန်းဝတ်လာတာ အချိုးမကျလျှင် ဝန်ဆောင်အရှင်တို့ကို ပြင်ပေးစေတော်မူ၏၊ "ဘုရားရှင်က သန့်ရှင်းတာ, သပ်ရပ်တာကို



http://www.dhammadownload.com

http://www.dhammadownload.com

ကြိုက်နှစ်သက်တော်မူတယ်၊ လူကြီးလူကောင်း တွေဟာ ပွဲနေပွဲထိုင်သွားယင် အိမ်က မထွက်ခင်ကပင် သပ်သပ်ရပ်ရပ် ဝတ်ခဲ့ကြတယ်၊ လူကြီးလူကောင်း တွေရဲ့ အရှိခိုးခံနေကြတဲ့ သံဃာတော်တွေက သပ်သပ်ရပ်ရပ် ဝတ်ကြရပါတယ်၊ ကိုယ့်ကျောင်းဆောင်ကထဲက အချိုးကျအောင် ပြင်ဆင်ခဲ့ရတယ်"ဟု မိန့်တော်မူလေ့ရှိ၏၊ နိုင်ငံခြားသား ရဟန်းတွေကိုလဲ သပိတ်,သင်္ကန်း အဓိဋ္ဌာန်၊ ဝိကပ္ပနာပြု၍ သုံးစွဲစေ၏၊ နိသဂ္ဂိယ ပစ္စည်းတို့ကို စွန့်စေ၏၊ အသေးအမွှား မှစ၍ ဝိနည်း အလေးပြုစေတော်မူ၏။

ဆွမ်းစားကျောင်း, မီးဖိုဆောင်, ယောဂီတို့အဆောင်, ကုဋိခန်း, ရေချိုးခန်းတို့မှအစ နေရာတကာ ကြည့်ရှုစစ်ဆေးတော်မူ၏၊ သင်္ကေတ် (၇၁)နှစ် ရှိပြီဖြစ်သော ဆရာတော်သည် တောင်ဝှေးတစ်ချောင်းဖြင့် ကျောင်းအတွင်းလှည့်လည်ကြည့်ရှုတော်မူ၏၊ ဦးစီးဦးဆောင်ဖြစ်သည့် အလျှောက် ကိုယ်-နှုတ်-စိတ်တို့ဖြင့် ထာဝရ ကြောင့်ကြမှု ရှိတော်မူ၏၊ တရားဟော, တရားပြရုံမျှမက မေတ္တာအရိပ်ဝယ် လာရောက်ခိုလှုံကြသည့် တပည့်တို့ ချမ်းသာအဆင်ပြေစွာ တရားအားထုတ်ရေး, သာသနာအလုပ် လုပ်နိုင်ရေးအတွက် ကြောင့်ကြစိုက်ရသည် တို့ကို ပင်ပန်းသည်ဟု မယူဆနိုင်ပဲ ကျေနပ်နေတော်မူ၏။ "ဘုန်းကြီးအတွက် ရသမျှ နဝကမ္မတွေဟာ သာသနာတော်အတွက်ပဲ အသုံးချနေတာပဲ"ဟု မိန့်တော်မူ၏၊ ပရိယတ်မကင်းသော ပဋိပတ်, ပဋိပတ် မကင်းသော ပရိယတ်သာသနာတော်ကို ရွှေတောင်ကုန်း သာသနာ့ရိပ်သာတွင် လက်တွေ့အကောင်အထည် ဖော်နေပေပြီ နိပေါနိုင်ငံမှ ပထမလတ်တန်းရောက် ရဟန်း(၁)ပါး, ပထမလတ်တန်း နိပေါဆရာလေး (၃)ပါးနှင့် စက်မူတက္ကသိုလ် ကျောင်းသူဘဝမှ ဆရာလေးဘဝဖြင့် ဗုဒ္ဓစာပေ သင်ယူနေသော မြန်မာဆရာလေး (၁)ပါးတို့ ပရိယတ်စာပေကို သင်ယူစေတော်မူ၏၊ အမိအဖတို့နှင့် ခွဲခွာပြီး ပြည်ပမှ မြန်မာပြည်သို့ ရဟန်းတော်များ, သီလရှင်လေးများ ယခုလာရောက်ပြီး နေထိုင်နေကြသလို ပြည်ပမှ အခြားသော ဗုဒ္ဓသားတော်, သမီးတော်တို့လည်း ဆရာတော်၏ မေတ္တာရိပ်ဝယ် လာရောက်ခိုလှုံကာ ပရိယတ်-ပဋိပတ် သာသနာအလုပ်တို့ကို အားထုတ်ပြီး သူတို့ပြည်အသီးသီးသို့ ဗုဒ္ဓသာသနာတော်ကို တဆင့်ဖြန့်ဝေ ပေးကြပေဦးမည်၊ ဆွမ်း,

http://www.dhammadownload.com

သက်ိန်း, ကျောင်း, ဆေးပစ္စည်းတို့ မချို့တဲ့ရအောင် စေတနာ သဒ္ဓါကောင်း ကြသော မြန်မာနိုင်ငံမှ ဒကာ, ဒကာမ အပေါင်းတို့၏ စေတနာ သဒ္ဓါပန်း တို့သည် သူတို့နိုင်ငံ အသိုးသိုးသို့ပြန်၍ တဆင့် ဗုဒ္ဓသာသနာကို ဖြန့်ဝေ ကြသောအခါ သူတို့နိုင်ငံအသိုးသိုးဝယ် သင်းပျံ့မွှေးကြိုင် ရနံ့လိုင်နေ ပေ မည်၊ သူတို့နိုင်ငံ အသိုးသိုးဝယ် ဗုဒ္ဓသာသနာတော်ကြီး စည်ပင်ပြန့်ပွား လာ ဖို့ရာ မြန်မာနိုင်ငံမှ ဒကာ, ဒကာမအပေါင်းတို့၏ စေတနာ သဒ္ဓါတို့သည် အားကောင်းသောအကြောင်း အထောက်အပံ့များ ဖြစ်နေကြပေမည်၊ သူတို့ နိုင်ငံအသိုးသိုး၏ သာသနာ့ဃမိုင်းတွင် ခိုင်မာသော မှတ်တိုင်ကြီးတွေ ဖြစ်နေကြပေမည်တည်း။

* * *

http://www.dhammadownload.com

ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်နှင့် ထိုင်းဘုရင့် ညီမတော်

မြန်မာနိုင်ငံ ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ ညနေ (၄:၄၀)နာရီ ထိုင်းလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြပါသည်၊ အမေရိကန်နိုင်ငံမှ ဝိပဿနာတရားအားထုတ်လိုကြသည့် ယောဂီတို့၏ ပင့်လျှောက်ချက်အရ ဗုဒ္ဓတရားတော်၏ ဂုဏ်ရည်များကို ပြသကြရန် ဖြစ်ပါသည်၊ ရန်ကုန်မြို့၊ ဗဟန်း၊ ၈၀-အော၊ သံလွင်လမ်း၊ ပဏ္ဍိတာရာမ-ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ဖြစ်သည့် ကျေးဇူးရှင် အရှင်ပဏ္ဍိတာဘိဝံသနှင့် တပည့်အရှင် ဓမ္မိကာဘိဝံသ, ဘာသာပြန်- ဦးမြသောင်း, ကပ္ပိယကာရက- မောင်ခင်မောင်ဌေး တို့. (၄)ဦးအပြင် ကျေးဇူးရှင် ဆရာတော်၏ တပည့်များဖြစ်သည့် လန်ဒန်မှ အရှင်ပညာဒီပနှင့် အရှင်ပညာသာမိတို့လည်း အမေရိကသို့ ကြွရောက်ကြမည် ဖြစ်ပါသည်။

(၆)နာရီတွင် ထိုင်း-လေဆိပ်သို့ ရောက်ရှိပါသည်၊ ထိုင်းဘုရင်ညီမ၏ အစီအစဉ်အရ ထိုင်းဘုရင့်တပ်မတော်မှ အရာရှိတစ်ဦးနှင့် တပည့်ယောဂီဟောင်း "ချာလီ"တို့ လေဆိပ်သို့လာရောက် ပင့်ဆောင်၍ ဘုရင်ညီမအိမ်သို့ ရောက်ခဲ့ကြပါသည်၊ ထိုင်းဘုရင်၏ ညီမဝမ်းကွဲတော်သည့် Rosalind Jayankura Chiပြည် သဒ္ဓါတရားကောင်းပေသည်၊ ဆရာတော်ပေါင်း များစွာကို ဆည်းကပ်ကိုးကွယ်သည်၊ တရားအားထုတ်မှုဌ စိတ်ပါဝင်စားသည်၊ ဆရာမျိုးစုံဆည်းကပ်ကိုးကွယ်၍ တရားအားထုတ်နည်းမျိုးစုံ လေ့လာထားပုံရသည်၊ ဆရာတော်ဘုရားကို ပုစ္ဆာတော်တော်များများ မေးသည်၊ မေးခွန်းများမှာ စိတ်ဝင်စားဖွယ် ကောင်းပေသည်၊ ဆရာတော်၏ တရားတော်ကို ယခင်အခေါက်တွေက သူမ နာယူဖူးသည်၊ သူမ နာယူဖူးကြောင်းကို သူမ မေးသောမေးခွန်းဖြင့် သိရပါသည်။

"ဆရာတော် ဥုးပဏ္ဍိတက အမိန့်ရှိဖူးတယ် အခု ဘုရားရှိတယ်"တဲ့ ဟုတ်ပါသလား၊ တကယ်ရှိပါသလား။

http://www.dhammadownload.com

"ရှိတယ်"ဟု ဆရာတော်က ဖြေပါသည်။

ထိုအဖြေက ခပ်ဆန်းဆန်း ဖြစ်နေသည်မို့ အံ့သြသည့် အနေအထား၊ ပြည့်စုံသည့်အဖြေကို ထပ်မံမျှော်လင့်နေသည့် အနေအထား သူမမျက်နှာမှာ ပေါ်လွင်နေပါသည်၊ ဤအခြေအနေကို ရိပ်စားမိသော ဆရာတော်က ဆက်လက်ဖြေကြားတော် မူပါသည်။

"ဘုရားရှင် ပရိနိဗ္ဗာန်စံခါနီး အရှင်အာနန္ဒာအား မိန့်တော်မူခဲ့တဲ့ စကား ရှိပါတယ်၊ အာနန္ဒာ-ငါဘုရား ပရိနိဗ္ဗာန်စံပြီးနောက် ငါဘုရားဟောကြား ပညတ်ခဲ့တဲ့ ဓမ္မဝိနယ(ဘဝအဆင့်မြှင့်ပေး၍ ဘဝယဉ်ကျေးမှု အပြည့်ပေး တရား)ဟာ သင်တို့ရဲ့ ဆရာဖြစ်ရလိမ့်မယ်"တဲ့။

ဤစကားအရ "စာတစ်လုံး ဘုရားတစ်ဆူ" ဆိုတဲ့အတိုင်း ဓမ္မကွန်ပေါင်း (၈၄၀၀၀)ဟာ ဆရာပေါင်း (၈၄၀၀၀) ဖြစ်နေပါတယ်။

ဤဖြေကြားချက်ကို ကြားနာရသော သူမသည် ပြုံးရွှင်ကာ သူမ သိလိုသော မေးခွန်းများကို တစ်ခုပြီးတစ်ခု ဆက်တိုက် မေးနေပါတော့သည်။

သူမက "တရားဖြင့် အနားယူတုန်း ဘေးပတ်ဝန်းကျင် အသံတွေကို (ရှိနေသော်လည်း) မကြားပဲနေတာဟာ ဘာကြောင့်ပါလဲ"ဟု မေးပါသည်။

"အနားယူနေတဲ့ အပေါ်မှာ စိတ်ကရောက်နေလို့ အသံကို ဂရုမစိုက်တဲ့ အတွက် မကြားရတာပဲ၊ ဥပမာ-အရသာရှိတဲ့ အစားအစာကို စားနေတုန်း တခြားသို့ စိတ်ကူးစဉ်းစား နေတဲ့အခါ အစာရဲ့အရသာကို မသိသလိုပါပဲ" ဟု၍ ဆရာတော်က ဖြေကြားပါသည်။

သူမကို ဆရာတော်က "အရင်ကထက် ပိုနှလာသလိုပဲ၊ မိတ်ကပ်လုပ်ထားသလား"လို့မေးတဲ့အခါ "သူမ မိတ်ကပ် မသုံးပါဖူး၊ တရားပဲ ကျင့်သုံးပါတယ်"တဲ့။

ထိုအခါ ဆရာတော်က "သတိပဋ္ဌာန်ဟာ အကောင်းဆုံး မိတ်ကပ်ပဲ" ဟု ပြောသံကြားရသော စာရေးသူမှာ "ဆရာတော်က အရာဋ္ဌာနအားလျော်စွာ စကားပြောတတ် ပါပေစွာ၊ သတိပဋ္ဌာန်တရား ဂုဏ်ရည်ကို ပြတတ်ပါပေစွာ" ဟု စိတ်ထဲ၌ ချီးကျူးနေမိပါသည်။

သူမသည် ဆရာတော်အပေါ် မည်မျှကြည်ညို လေးစားနေသည်ကို သူမ



http://www.dhammadownload.com

http://www.dhammadownload.com

ာက်ထားသော စကားများဖြင့် စာရှုသူ စဉ်းစားနိုင်ပေလိမ့်မည်။

"ဥုးပဏ္ဍိတဟာ သူမအဖို့ ဘုရားတစ်ဆူလိုပါပဲ၊ ဥုးပဏ္ဍိတဟာ အတွေးနဲတယ်၊ သူမရဲ့ ဆရာကြီးတစ်ဆူပါပဲ၊ လိုရင်းတိုရှင်းစွာဖြင့် ပြဿနာကိုစွာ ဖြေရှင်းပေးနိုင်ပေတယ်၊ ဆရာတော်နောက်ကို အမြဲတမ်းလိုက်နေတယ်၊ ဆရာတော် ပြောသမျှဟာ သူမအတွက် စိတ်ဝင်စားစရာ တွေချည်း။"

လေဆိပ်မှ သူမအိမ်သို့အသွား ကားပေါ်၌ ဦးမြသောင်းက "အမေရိကမှ ပြန် (၃)ရက်ခန့် ဘန်ကောက်၌ နေမည်ဖြစ်၍ "ချာလီ"က သူ့အိမ်၌ ရားပွဲ ပြုလုပ်ပေးစေလိုကြောင်း" လျှောက်ထားသောအခါ "ဒီနေ့ညလဲ ကပဲ၊ လေယာဉ်စီးလာတာ ကြာတာမှတ်လို့၊ (၄၅)မိနစ်ပဲကြာတာ၊ မပင်းပါဖူး"ဟု မိန့်တော်မူသည်ကို ဆရာတော်၏ ဘေးတွင်ထိုင်ကာ လိုက်လာသော စာရေးသူမှာ "ဆရာတော်သည် အချိန်ကို တန်ဖိုးရှိရှိ အသုံးချပါတယ်၊ တရားလိုလားသူတို့အား တရားဂုဏ်ရည် ပြရမည်လျှင် မမောပန်းနိုင်ပါပဲ"ဟု ကြည်ညိုလေးစားနေမိ ပါသည်။

အများက လေယာဉ်လမ်းခရီး၌ ပင်ပန်းသည်ဟု ထင်ဖွယ်ရှိသော်လည်း ဒုအချိန်သည် ဆရာတော်အဖို့ အနားရသည့် အချိန်ဖြစ်ပေသည်၊ ခရီးထွက်ခင် သင်္ကြန်တွင်း (၅)ရက်နှင့် ခရီးထွက်မည့်ရက်တို့၌ ဒကာ, ဒကာမရိသတ်တို့မှာ ဝင်လာမစဲတဖွဲဖွဲ လာရောက် ဖူးမျှော်ကန်တော့နေကြ သဖြင့် ဘရားဟောရ, သွန်သင်ဆုံးမရသည်မှာ နားရသည်ဟူ၍ မရှိသလောက် ဖြစ်နေ၍ "နေရာတစ်နေရာ၌ ခေါင်းဆောင်လုပ်ရတာ, လူကြီးလုပ်ရတာ, ဘုန်းကံကြီးမားရတာ မလွယ်လှပါတကား" ဟု ဘေးမှမြင်ရသူပင် စိတ်မောမောနေမိပါသည်၊ ဘုန်းကံကြီးမားသည်ကို အားကျရမည့်အစား အားမကျပဲ လန့်တောင်လန့်နေမိပါသည်။

ဆရာတော်ကား သက်တော်(၇၀) ရှိပြီဖြစ်သော်လည်း လုပ်မည်ဟု ဆုံးဖြတ်ထားသော ဆုံးဖြတ်ချက်အတိုင်း ပင်ပန်းလှသည်ကို ပင်ပန်းလှသည်ဟု သဘောမထားနိုင်ပဲ တက်တက်ကြွကြွ ဆောင်ရွက်တော်မူနေ သည်မှာ နောက်လာနောက်သား တပည့်ငယ်တို့အား "သာသနာ့အလုပ် လုပ်တယ်ဆိုတာ

http://www.dhammadownload.com

ဒီလိုအပင်ပန်း ခံရတာပဲ"ဟု ပြောပြနေသယောင် ဖြစ်နေပါတော့သည်။

ထိုင်းဘုရင်ညီမအိမ်တွင် တရားပွဲအစီအစဉ် မလုပ်ဖြစ်သော်လည်း တရားအကြောင်းနှင့်စပ်၍ အမေးအဖြေတို့မှာ မှတ်သားဘွယ်ရာ ကောင်းလှပေသည်။

"သူမသည် လိုချင်တာတွေကို အလိုရှိတိုင်း ရနေတော့ ရယူချင်စရာမရှိဖြစ်နေချိန်ဝယ် တရားတော်ကို လေ့လာမိပါတယ်တဲ့၊ ထိုအခါ ဗုဒ္ဓတရားတော်မှာ သိချင်စရာ ရယူချင်စရာ အများကြီးရှိနေတာ တွေ့ရပါတယ်တဲ့၊ လောကစည်းစိမ်နယ်ပယ်နှင့် တရားတော်နယ်ပယ်၊ နယ်ပယ်(၂)ခုရဲ့ အလယ်မှာ တည်ရှိနေရာက အခုတော့ တရားနယ်ပယ်သို့ ယိမ်းယိုင်နေပါပြီ"တဲ့။

ထိုအခါ ဆရာတော်က "ဒီလိုဆို ဒကာမကြီးက ဝိသာခါလို ပြုလုပ်နေတာပေါ့၊ လူဖြစ်နေလို့ လူ့လောကနယ်ပယ်နှင့် မကင်းနိုင်သော်လည်း တတ်နိုင်သမျှ တရားနယ်ပယ်သို့ ဆွဲဆောင်နေတာပေါ့၊ လောကီနယ်ပယ်ရဲ့ ဆိုးပြစ်တွေမြင်ပြီး တရားနယ်ပယ်မှာ ခြေချနေတာ၊ ဆေးလိပ်ကြိုက်တဲ့သူဟာ ဆေးလိပ်ရဲ့ ဆိုးပြစ်တွေကို မမြင်နိုင်ဘူး၊ ဆေးလိပ်ရဲ့ဆိုးပြစ်, ဆေးလိပ်မသောက်ခြင်းရဲ့ ကောင်းကျိုးတွေကို မြင်လာတဲ့သူဟာ ဆေးလိပ်ကို ဖြတ်တောက်တော့တာပဲ၊ ဟူးရည်ပုလင်းထဲ သက်ဆင်းတဲ့ ပုရွက်ဆိပ်တို့ ဟူးရည်အရသာ သာယာတဲ့တဏှာကို မထိမ်းနိုင်လို့ ဟူးရည်ထဲမှာ နစ်မွမ်းသေရတယ်၊ ဟူးရည်အရသာဟာ ဘေးမကင်းတဲ့ ချမ်းသာပဲ၊ ဘေးကင်းတဲ့ အသေမွတ်တဲ့ ချမ်းသာကို ရအောင် ရှာရတယ်၊ ယူရတယ်"ဟု မိန့်ကြားတော်မူပါသည်။

ထိုတရားသည် သူမ၏ဘဝနှင့် လိုက်ဖက်လျှက် ခေါင်းတငြိမ့်ငြိမ့် ဖြစ်ကာ ရီပြုံးနေပါတော့သည်။

"ဆရာတော်ရဲ့ အဖြေတွေဟာ လိုရင်းတိုရှင်းဖြင့် ထိမိလှတာဟာ ဘာကြောင့်ပါလဲ"

"အဘိဓမ္မာကို စာတွေ့ရော လက်တွေ့ပါ လေ့လာပါတယ်၊ စာတွေ့အဘိဓမ္မာနဲ့ လံက်တွေ့အဘိဓမ္မာ (၂)ခု ပေါင်းစပ်လိုက်တဲ့အခါ ထိမိတဲ့အဖြေလေးတွေ ပေါ်လာပါတယ်။"

"ဘယ်သူတွေ သူမဆီလာမယ်၊ ဘာတွေဖြစ်လာလိမ့်မယ်လို့ ဆိုတာကို

http://www.dhammadownload.com

မကြာမကြာ ကြိုတင်သိနေပါတယ်၊ အဲဒါဘာ့ကြောင့်ပါလဲ။"

"တရား:အား:ထုတ်ခြင်း:ကြောင့် ဖြစ်ပေါ်လာတဲ့ သမာဓိ အစွမ်း:ကြောင့်ပါပဲ၊ သမာဓိရတဲ့အခါ ဒီလို ကြိုတင်သိတာတွေ ရှိတတ်ပါတယ်။"

"အိမ်မက်ထဲမှာ သူမ ကြည်ညိုကိုး:ကွယ်တဲ့ ဆရာတော်တစ်ပါး:က သူမကို "ဂ" "ဂ" လို့.ပြောတယ်။ အဲဒါဘာပါလဲ။"

"ဓာတ်ဂ-ပါး: (မဟာဘုတ်၄-ပါး:၊ အာကာသ ဝိညာဏဓာတ်တို့.) ဖြစ်ဖွယ် ရှိပါတယ်။"

ပြည်ပသို့.ဓမ္မဒူတ အနေဖြင့် တရား:ဂုဏ်ရည်ပြ သွား:သူတို့. မည်သို့.သော မေး:ခွန်း:များ တွေ့.ကြုံရင်ဆိုင် ရတတ်လေသနည်း:ဟု သိလိုသော ဇော်ဖြင့် နား:စွင့်ကာ လိုက်ပါလာသော စာရေး:သူအနေဖြင့် မိမိကဲ့သို့. သိလိုသူ မြန်မာ ပရိသတ်တို့.အား: တဆင့် ဓမ္မဒါနပြုပါသတည်း။

* * *

http://www.dhammadownload.com

အမေရိကန်နိုင်ငံမှ ကဆုန်လပြည့် ဗုဒ္ဓနေ့.ပွဲတော်

အမိမြန်မာပြည်၌ ရွှေရောင်တဝင်းဝင်း, ထုံးသင်္ကန်းဖြူပွေးပွေးနှင့် စေတီတော်များကို နေရာအနှံ့.အပြား ဖူးတွေ့.နိုင်ပါသည်၊ ကြည်ညိုသဒ္ဓါ ပွားနိုင်ပါသည်၊ ဗုဒ္ဓတရားတော်များကို လေ့လာသင်ယူရာ ပရိယတ္တိ ကျောင်းတိုက်ကြီးများနှင့် ပရိယတ္တိသာသနာ ဆောင်ရွက်တော် မူနေကြသော သံဃာတော်များကို တောရောမြို့.ပါ ဖူးတွေ့.နိုင်ပါသည်၊ ပဋိပတ္တိ တရားတော်များကို ကျင့်ကြံပွားများ အားထုတ်ရာ ရိပ်သာများနှင့် ပဋိပတ္တိသာသနာ ဆောင်ရွက်တော်မူနေကြသော ယောဂီများကို တွေ့.ရှိနိုင်ပါသည်။

အမေရိကန် ပြည်ထောင်စုကြီးသည် အမိမြန်မာနိုင်ငံတော်ထက် အဆပေါင်းများစွာ ကျယ်ဝန်းသလို ရုပ်ဝတ္ထုတွေလည်း များစွာတိုးတက်ပါ၏၊ မည်မျှပင်တိုးတက် နေပါစေ၊ အမိမြန်မာပြည် ဗုဒ္ဓသာသနာဝင်တို့.၏ စိတ်ကြည်နူး ကြည်ညိုဖွယ်ရာ သာသနာ့ရှုကွင်း အဖြာဖြာတို့.ကား ရှာလေရှားလေ ဖြစ်ပါ၏၊ အမေရိကန်ရောက် ဗုဒ္ဓသာသနာဝင်တို့.သည် စေတီတို့.ကို မတွေ့.ရ စေကာမူ စေတီနှင့်တူသော အရာတို့.ကို မြင်ရလျှင်ပင် အမိမြန်မာပြည်ကို ပို၍ လွမ်းမိ တမ်းတမိကြသည်ဟု ဆိုကြ၏၊ အမေရိကန်ရောက် အမိမြန်မာနိုင်ငံသား တိုင်းသည် အမိမြန်မာပြည်ကို မလွမ်းသူမရှိဟု ဆိုကြပြန်၏။

အမေရိကန်ရောက် အမိမြန်မာပြည်သား တို့.သည် ဗုဒ္ဓသာသနာ မပြန့်.ပွားရာ အမေရိကန်၌ ဗုဒ္ဓသာသနာ ပြန့်.ပွားစေလိုကြ၏၊ သာသနာ့ဝန်ထမ်းရဟန်းတော်တို့.ကို ဖူးတွေ့.လိုကြ၏၊ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးပစ္စည်း (၄)ပါး တို့.ဖြင့် စွမ်းနိုင်သမျှ ထောက်ပံ့လှူဒါန်းလိုကြ၏၊ သိတင်း သီလ ဆောက်တည်လိုကြ၏၊ တရားဘာဝနာများကို အားထုတ်လိုကြ၏၊ သာသနာ့ဝန်ထမ်း ရဟန်းတော်တို့. သိတင်းသုံးနေထိုင်ရန် ကျောင်းအဆောက်အဦးတွေ တည်ရှိစေလိုကြ၏၊ ရွှေရောင်တဝင်းဝင်း ထုံးသင်္ကန်း ဖြူပွေးပွေးနှင့် စေတီတော်တို့.ကို ဖူးမျှော်လိုကြ၏။

ထို့.ကြောင့် အမိမြန်မာပြည်၌ နေအသွင်, လအသွင် ပေါ်လွင်ထင်ရှား

http://www.dhammadownload.com



(အမေရိကမှကဆုန်လပြည့်ဗုဒ္ဓနေ့.ပွဲတော်) စာရေးသူ သာမဏေကျော်

http://www.dhammadownload.com

သော မဟာစည်ဆရာတော်, တောင်ပုလုဆရာတော်နှင့် အခြား ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသ စသော ဆရာတော်များကို အမေရိကသို့ ပင့်ဆောင်ကြ၏၊ တရားနာယူကြ၏၊ သီလဆောက်တည်ကြ၏၊ တရားပွားများ အားထုတ်ကြ၏၊ အမြော်အမြင် ကြီးမားသည့် ဆရာ-ဒကာတို့၏ ဆောင်ရွက်မှုကြောင့် အမေရိကန်နိုင်ငံ၌ ထေရဝါဒ ဗုဒ္ဓသာသနာသည် တိုးတက်ပြန့်ပွားလာပါ၏၊ မြန်မာထေရဝါဒ ကျောင်းပေါင်း (၁၀)ကျောင်းရှိပြီး ထေရဝါဒ မြန်မာရဟန်းတော် (၂၆)ပါး ရှိနေပါသည်၊ ကမ္ဘောဒီးယား, ဗီယက်နမ်, လာအို, သီရိလင်္ကာ, ထိုင်းမှ ထေရဝါဒ ကျောင်းများလည်း ရှိသေးသည်ဟု သိရပါသည်၊ ထိုနိုင်ငံတို့မှ ထေရဝါဒကျောင်းနှင့် ရဟန်းတော်များ မည်မျှရှိသည်ကိုမူ၊ အတိအကျ မသိ ရပါ၊ မြန်မာ ထေရဝါဒကျောင်းများ၌ အနောက်တိုင်းသား ရဟန်းတော် များသည်လည်း ရှိပါသည်၊ မဟာယာန ဗုဒ္ဓသာသနာသည်ကား ပိုမိုကျယ်ပြန့်သည်ဟု ဆိုပါသည်။

အမေရိက၌ ရာ:ရာ:ပါ:ပါ: စေတီလေး (၂) ဆူ ဖူးတွေ့ရပါသည်၊ San Francisco မြို့အနီး Santa Cruz တောင်တန်းကြီးပေါ်တွင် တည်ရှိသော တောင်ပုလု ကမ္ဘာအေး:ကျောင်း:တိုက်အတွင်း:၌ ရွှေသိမ်တော် ကမ္ဘာအေး:စေတီနှင့် လွမ်း:စေတီဟူ၍ စေတီ(၂)ဆူရှိပါသည်၊ ရွှေတိဂုံ စေတီတော်ကြီး၏ ပုံသဏ္ဌာန်မျိုး ဖြစ်ပါသည်၊ ရွှေသိမ်တော် ကမ္ဘာအေး:စေတီအတွင်း:၌ လိုင်ခေါင်း: ပြုလုပ်ကာ (၂၈)ဆူသော ရုပ်ပွား:တော်များ: ကိုးကွယ်ထား:သည်ကို တွေ့ရှိရပါသည်၊ ထိုလိုင်ခေါင်း:အတွင်း:သည် ယောဂီသူတော်စင်တို့ တရား:ထိုင်ရာ ဌာနလည်း:ဖြစ်ပါသည်၊ ယောဂီ(၅၀) ခန့် တရား:ထိုင်နိုင်ပါသည်၊ ထိုစေတီကို သိမ်သမုတ်ထား:သဖြင့် ထိုလိုင်အတွင်း:ဝယ် ကဲကြီးကဲငယ်ကိုလည်း ဆောင်ရွက်ကြပါသည်။

ပဏ္ဍိတာရာမ၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသနှင့် တပည့် အရှင်ဓမ္မိကာဘိဝံသတို့ အမေရိကန်နိုင်ငံရှိ ဗီယက်နမ် ယောဂီများက ပင့်လျှောက်၍ (၂)ပတ် တရား:စခန်း: ဖွင့်လှစ်ကာ တရား:ပြသနေချိန်အတွင်း: ကဆုန်လပြည့် ဗုဒ္ဓဟူး:နေ့နှင့် တိုက်ဆိုင်နေ၍ အမေရိကရှိ ဗုဒ္ဓသာသနာဝင် မြန်မာလူမျိုး:များ: (၆၀၀)လောက်သော

http://www.dhammadownload.com

ပရိသတ်တို့. တောင်ပုလု ကမ္ဘာအေးကျောင်းသု. လာရောကကာ အလှူဒါနပြုကြ, သီလဆောက်တည်ကြ, စွမ်းနိုင်သမျှ တရားပွားများကြသည်ကို တွေ့ရလေသည်၊ မုန့်ဟင်းခါး, မုန့်လုံးရေပေါ်, ထမင်းနဲ့ ကုသိုလ်ရှင်တို့က လာလာသမျှသော ပရိသတ်တို့အား ကျွေးမွေးကြသည်ကိုလည်း တွေ့ရပါသည်။

ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ဘုရားက ရောက်လာသော မြန်မာပရိသတ်တို့နှင့် နိုင်ငံခြားသားတို့အား တရားချီးမြှင့် တော်မူသည်။

ထိုတရားတော်မှ-

ကဆုန်လပြည့် ဗုဒ္ဓနေ့၏ ထူးခြားချက်များကို နာယူမှတ်သား ကြရပါသည်။

ကဆုန်လပြည့်နေ့သည်-

(၁) ဘုရားလောင်း သုမေဓာရှင်ရသေ့ ဒီပင်္ကရာ မြတ်စွာဘုရားထံ ဗျာဒိတ်ခံယူရာနေ့။

(၂) ဘုရားလောင်းမွေးဖွားရာနေ့။

(၃) ဘုရားဖြစ်တော်မူရာနေ့။

(၄) ပရိနိဗ္ဗာန် စံတော်မူရာနေ့။

(၅) မွေးရပ်ဇာတိဖြစ်သည့် ကပိလဝတ် နေပြည်တော်သို့ ပဌမအကြိမ် ကြွတော်မူရာနေ့. ဖြစ်ကြောင်း သိရှိကြရပါသည်။

ဗုဒ္ဓနေ့. ဖြစ်သည်နှင့် အညီ ဗုဒ္ဓ၏အဓိပ္ပါယ်ကိုလည်း နာယူကြရပါသည်။

အမှန်တရားတို့ကို ကိုယ်တော်တိုင် သိမြင်တော်မူပြီး သတ္တဝါတို့ကိုလည်း သိစေတော်မူနိုင်သော ပုဂ္ဂိုလ်ကို "ဗုဒ္ဓ" ခေါ်ကြောင်းနှင့် ဘုရားရှင်သည် အကြောင်း၏ ပြည့်မီခြင်း- ဟေတုသမ္ပဒါ၊ အကျိုး၏ပြည့်မီခြင်း-ဖလသမ္ပဒါ၊ သတ္တဝါတို့အား ကျေးဇူးပြုမှုနှင့် ပြည့်မီခြင်း-သတ္တုပကာရ သမ္ပဒါတို့နှင့် ပြည့်စုံကြောင်းကို အကျယ်တဝန့်. ကြည်ညိုရပါသည်။

ဗုဒ္ဓသည် တိတ်ဆိတ်ငြိမ်သက်မှုကို လိုလားတော်မူသည်ဖြစ်၍ ဘာသာရေးပွဲတိုင်း၌ တိတ်ဆိတ်ငြိမ်သက်မှုရှိဖို့. လိုကြောင်းနှင့် ဒါန, သီလမျှဖြင့် အားရတင်းတိမ် မနေကြပဲ စိတ်ဓာတ်မြင့်မား အသိဉာဏ် တိုးပွားစေနိုင်တဲ့ သတိပဋ္ဌာန်တရားတော်များအထိ ပွားများနိုင်မှသာ ဗုဒ္ဓက အားရသဘောကျမည် ဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာဝင် မဟုတ်သေးသည့် နိုင်ငံခြားသားတို့. ဗုဒ္ဓသာသနာ

http://www.dhammadownload.com

တော်၏ အနှစ်သာရဖြစ်သည့် သတိပဋ္ဌာန် တရားတော်တို့.ကို ဝိတ်ဆိတ် ငြိမ်သက်စွာ အားထုတ်နေချိန်ဝယ် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများက အသံတွေ ဆူညံစွာ စကားပြောနေကြခြင်းဟာ ဗုဒ္ဓသာသနာဝင်များအဖို. လွန်စွာရုက်ဖွယ်ကောင်းကြောင်း စသည်ဖြင့် ပြုပြင်ရေးတရား, အသိပေး တရားတော်များကို နာယူမှတ်သား ကြရပါသည်။

ဆရာတော်ဘုရားသည် ပြည်တွင်းဌ် ဗုဒ္ဓသာသနာနှင့် စပ်လျဉ်း၍ ပြုပြင်စရာ ရှိသည်တို.ကို ပြုပြင်တော်မူသည်၊ သတိပေးစရာ ရှိသည်တို.ကို သတိပေးတော်မူသည်၊ အားပေးချီးမြှောက်စရာ ရှိလျှင်လည်း အားပေး ချီးမြှောက်တော် မူပါသည်၊ ပြည်ပဌ်လည်း ထိုနည်းတူပင် ပြုကျင့်တော်မူသည် ကို တွေ့.ရှိရပါသည်။

ဆုံးမသင့်ရန်, သတ္တဝါမှန်သော်, ချောက်တန်လျှင်ချောက်, မြှောက်တန် လျှင်မြှောက်၍, အောက်အောက်ထက်ဂုဏ်, အဆင့်ဆင့်စုံဖို., ဖုံဖုံသင်ပေး, အစဉ်ဖေးလျက်၊ ယဉ်ကျေးအောင် ဆုံးမတော် မူသော ဘုရားရှင်၏ တပည့် ကောင်း ပီသပါပေ၏ဟု ကြည်ညိုလေးစား မိပါသတည်း။ ။

* * *

http://www.dhammadownload.com

"မဟာယာန" မှသည် "ထေရဝါဒ"ဆီသို့

နိဗ္ဗာန်သည် ငြိမ်သက် ငြိမ်းအေးလှပေ၏၊ နိဗ္ဗာန်သည် နိဗ္ဗာန်ကို မျက်မှောက်ပြုသူတို့အပို့ ဆွဲအားရှိလှပေသည်၊ အရိယာ ပုဂ္ဂိုလ်တို့သည် နိဗ္ဗာန်ကို အာရုံပြုပြီးရင်း၊ ပြုချင်ရင်းဖြစ်ကာ နေ့ရောညပါ အာရုံပြုချင် နေကြလေသည်၊ ထို့ကြောင့် အစာမစားပဲ (၇)ရက်ပတ်လုံး ဆက်တိုက်အာရုံပြုကာ နေကြလေသည်၊ ငြိမ်သက်ငြိမ်းအေးသော နိဗ္ဗာန်ကို ငြိမ်သက်ငြိမ်းအေးသော စိတ်ဖြင့် သာ ရရှိရောက်နိုင်ပေသည်၊ လှုပ်ရှားပူလောင်သော စိတ်ဖြင့်ကား မရရှိ, မရောက်ရှိနိုင်ပေ၊ ငြိမ်သက်ငြိမ်းအေးသော စိတ်ရှိနိုင်ရန်လည်း ငြိမ်သက်သော ပတ်ဝန်းကျင်, ငြိမ်သက်သော နေရာဌာနဖြစ်ဖို့ လိုအပ်လှပေသည်။

ထို့ကြောင့်ပင် ဘုရားရှင်သည်လည်း တရားပွား အားထုတ်လိုသူတို့အတွက် နေရာအဖြစ် တောအရပ်, ဆိတ်ငြိမ်ရာအရပ်, သစ်ပင်အောက်တို့ကို ညွှန်ပြတော် မူခဲ့ပေသည်၊ ဤနေရာဌာနကား တောအရပ်လည်း ဟုတ်၏၊ ဆိတ်လည်း ဆိတ်ငြိမ်၏၊ ကျောင်း၏ပတ်ဝန်းကျင်ဝယ် စိမ်းစိုမြင့်မားသော သစ်ပင်ကြီးများဖြင့် ပြည့်နှက်လျက် နေပေ၏၊ ထို့ကြောင့်လည်း ဤနေရာဌာနလေးသည် ဘုရားအလိုတော်ကျ နေရာဌာနလေး ဖြစ်နေပေ၏၊ ဘုရားအလိုတော် ကျသလို ဘုရား၏တပည့် တရားပွားများအားထုတ်လိုသူတို့လည်း ဤနေရာလေးကို သဘောကျကြပေသည်၊ ဤနေရာ ဆိုသည်ကား အမေရိကန် ပြည်ထောင်စု San Francisco မြို့မှ မိုင်(၇၀)ခန့် ကွာဝေးသည့် Santa Cruz တောင်ထိပ်ရှိ၊ Santa Cruz တောင်တန်းကြီးပေါ်မှ တောင်ပုလကမ္ဘာအေး ကျောင်းတိုက် ဖြစ်ပါသည်။

အမေရိက နိုင်ငံ၌ ဗိယက်နမ်လူမျိုး တစ်သိန်းခန့် ရှိသည်ဟု သိရပါသည်၊ ထိုဗိယက်နမ် လူမျိုးတို့သည် မဟာယာန ဗုဒ္ဓသာသနာဝင်တို့သာများပေသည်၊ ထေရဝါဒ ဗုဒ္ဓသာသနာဝင်တို့ကား မဟာယာန ဗုဒ္ဓသာသနာဝင်တို့လောက် မများကြွေးပေ၊ မဟာယာန ဗုဒ္ဓသာသနာဝင်တို့များရခြင်းအကြောင်းမှာ - ရွှတ်ဆိုရမည့် စာတို့ကိုရွှတ်ဆိုခြင်း, ဆုတောင်းခြင်း, တိုးမှုတ်တီးခတ်ခြင်း စသော အမှုတို့မှာ လွယ်လွယ်ကူကူ ပြုနိုင်သော အမှု



http://www.dhammadownload.com

http://www.dhammadownload.com

များ ဖြစ်သောကြောင့်တည်း၊ ထေရဝါဒ ဗုဒ္ဓဘာသာသနာဝင်တို့၏ တရား အားထုတ်မှု လုပ်ငန်းကား သူတို့ပြုလုပ်ရသော လုပ်ငန်းတို့လောက် မလွယ်ကူလှပေ၊ ထို့ကြောင့် ထေရဝါဒ ဗုဒ္ဓသာသနာဝင်တို့ နည်းရခြင်း ဖြစ်လေသည်၊ လောကဌ် လွယ်ကူသော အလုပ်ကို လုပ်နိုင်သူတို့များ၍ ခက်ခဲသော အလုပ်ကို လုပ်နိုင်သူတို့ နည်းသည်မှာ လောကဓမ္မတာ ဖြစ်ပေသည်။

အမေရိကရှိ ထေရဝါဒ သံဃာတော်တို့ထဲမှ Daly City မြို့ပေါ်ရှိ ဓမ္မာနန္ဒကျောင်းမှ ဆရာတော် အရှင်သီလာ နန္ဒာဘိဝံသ, WASHINGTONမှ ဗီယက်နမ် ဆရာတော် အရှင်ခိပ္ပပညော, တောင်ပုလု ကမ္ဘာအေး ကျောင်းတိုက်မှ အရှင်တေဇနိယ, မလေးရှားနိုင်ငံ – ပီနန်မြို့မှ အရှင်ဓမ္မပိုယ, မြန်မာနိုင်ငံမှ အရှင်ပဏ္ဍိတာဘိဝံသတို့၏ ဟောပြောပြသမှုကြောင့် ထေရဝါဒ ဗုဒ္ဓသာသနာဝင်တွေ များသထက် များလာပေသည်၊ ဗီယက်နမ် အမျိုးသားတို့သည် သူတို့အိမ်၌ တလည့်စီတရားထိုင်ရာ ဌာနအဖြစ် ပြုလုပ်ကာ အရှင်သီလာနန္ဒာဘိဝံသ, အရှင်တေဇနိယ, အရှင်ခိပ္ပပညောတို့ကိုပင့်ပြီး သတိပဋ္ဌာန်တရားပွားများ အားထုတ်ကြသည်။

ဗီယက်နမ်အချို့ ယောဂီတို့သည် မလေးရှားနိုင်ငံ၊ ပီနန်ရိပ်သာ၌ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသထံ တရားအားထုတ် ဖူးကြသည်၊ ဆရာတော်သည် အမေရိက MASSACHUSETTS ပြည်နယ် BARRIမြို့ရှိ၊ I.M.S ကမ္မဋ္ဌာန်းဌာန၌ (၂)လတရားစခန်းရှိ၍ ကြွလာမည် ဖြစ်သည့်အတွက် ထိုဌာနသို့ မကြွခင် ဗီယက်နမ် ယောဂီတို့က (၂)ပတ် တရားစခန်းဖွင့်ကာ သတိပဋ္ဌာန်တရား ပြသပေးရန် ဆရာတော်ကို ပန်ကြား လျှောက်ထားကြသည်၊ တရားစခန်းဌာနအဖြစ် အထက်ဖော်ပြ ပါ တောင်ပုလု ကမ္ဘာအေးကျောင်းကို ရွေးချယ်ကြသည် (၁၉-၄-၉၁) မှ (၃-၅-၉၁)နေ့ထိ (၂)ပတ် သတိပဋ္ဌာန်တရား ပွားများအားထုတ် ကြသည်၊ ယောဂီ(၂၀)ကျော် (၃၀)လောက်ရှိသည်၊ စနေ-တနင်္ဂနွေနေ့တို့၌ (၄၀)ကျော် ရှိပေသည်၊ ဗီယက်နမ်တို့အပြင် အမေရိကန်, အာဂျင်တီးနား, ဂျာမန်နိုင်ငံသားတို့လည်း ပါပေသည်၊ ဆရာတော်သည် နံနက်(၈)နာရီ တစ်ကြိမ်, နေ့လည်(၃)နာရီ တစ်ကြိမ် (၂)ကြိမ်တရားစစ်ပါသည်၊ လိုအပ်လျှင်

http://www.dhammadownload.com

စာရေးသူလည်း ကူ၍စစ်ရပါသည်၊ ညနေ(၇)နာရီမှ (၈)နာရီထိ တဲ့စ်နာရီကြာ တရားဟောပါသည်၊ အိမ်ချိန်(၄)နာရီမှတပါး ကျန်အချိန်များ၌ ယောဂီတို့ကို စကြံတစ်နာရီ, ထိုင်တစ်နာရီစီဖြင့် အချိန်ကုန်လွန် စေပါသည်။

ကျေးဇူးရှင် ဆရာတော်ဘုရားသည် အမေရိကသို့ ဓမ္မဒူတအဖြစ်ဖြင့် ဓမ္မဂုဏ်ရည်ပြ ခရီးကြွတော် မူခဲ့သည်မှာ (၅)ကြိမ်မြောက် ဖြစ်ပါသည်၊ အနောက်တိုင်းသားတို့၏ သဘောကို ကောင်းကောင်း သိထားရှိတော် မူသည်၊ ဘယ်လို မေးခွန်းမျိုးတွေကို ဘယ်အခါ ဘယ်လို မေးတတ်သည်ဟု ကြိုတင်သိတော် မူသည်၊ အံဝင်ခွင်ကျ ဥပမာပေး၍ တရားပြတတ်, တရားဟောတတ်, ပြဿနာ ဖြေရှင်းတတ်သည်မှာ အနောက်တိုင်းသားတို့ တတမ်းတတဖြင့် အမှတ်ရဖွယ် လေးစားကြည်ညိုဖွယ် ဖြစ်နေပါသည်၊ မိုးထိအောင် စာတတ်ရုံဖြင့် အနောက်တိုင်းသားတို့ ဗုဒ္ဓတရား လက်ခံလာအောင် ဟောပြောပြသနိုင်ဖို့ရာ မလွယ်ကူပါ၊ ဗုဒ္ဓတရားတော် စာတွေ့ဗဟုသုတ မျှလောက်ကတော့ ဗုဒ္ဓတရားကို လေ့လာသော အနောက်တိုင်းသားတို့၏ အသိဉာဏ် ဗဟုသုတဟာ မခေကြပါပေ၊ စာတွေ့-လက်တွေ့ ပေါင်းစပ်ထားသော ပညာရှင်သည်သာ သူတို့ဆရာအဖြစ် လေးစားမြတ်နိုးခြင်းကို ခံယူရပေလိမ့်မည်။

ခလုတ်နိပ်လိုက်လျှင် လိုမျှင်ကျ အကုန်ရနိုင်အောင် ရုပ်ဝတ္ထုပစ္စည်းဘက်က ကြွယ်ဝတိုးတက် ပြည့်စုံနေသော အနောက်တိုင်းသားတို့၏ ဘဝသည် နတ်ပြည်နတ်လောက ဘုံဘဝသဖွယ် ဖြစ်နေပါသည်၊ သို့သော် သူတို့ဘဝသည် အအေးခန်းထဲနေပြီး နွေလုံးအပူဟပ် ခံနေရသောဘဝနှင့် တူနေပေသည်၊ ထို့ကြောင့် သူတို့နွေလုံး အေးရာအေးကြောင်း နည်းတို့ကို အမျိုးမျိုးအမုံမုံရှာဖွေကြသည်၊ လေ့လာလိုက်စားကြသည်၊ နောက်ဆုံး-ဗုဒ္ဓဝါဒ၌သာ တွေ့ကြလေသည်၊ ဗုဒ္ဓဝါဒတွင်လည်း မဟာယနတွင် သူတို့အားမရကြ၊ ထေရဝါဒ၌သာ သူတို့လိုချင်သော နွေလုံးအေးချမ်းမှုကို အပြည့်အဝ တွေ့ရှိကြသည်၊ အအေးခန်းထဲနေပြီး နွေလုံးအေးစေသည့် သတိပဋ္ဌာန် တရားရေအေးကို လေးလေးစားစား လိုလိုချင်ချင် သောက်သုံးနေကြပေသတည်း။

* * *

http://www.dhammadownload.com

မမေ့နိုင်ဖွယ်ရာ

ရေငတ်နေသူသည် ရေကို သောက်သုံးရသည့်အခါ ချမ်းသာမှုကို ရရှိသကဲ့သို့ လည်းကောင်း, ထမင်းဆာနေသူသည် ထမင်းကို စားသုံးရသည့်အခါ ချမ်းသာမှုကို ရရှိသကဲ့သို့ လည်းကောင်း, ဘုရားငတ်နေသူသည် ဘုရားဂုဏ်တော်ကို အာရုံပြုသည့်အခါ၌ ဖြစ်စေ, စေတီတော် – ဘုရားပုံတော်တို့ကို ဖူးတွေ့ရသည့် အခါ၌ ဖြစ်စေ, စိတ်ချမ်းသာမှု စိတ်ကြည်နူးမှုကို ရရှိပေသည်, တရားငတ်နေသူသည် တရားအားထုတ်ရသည့် အခါ၌ ဖြစ်စေ, တရားကို နာယူရသည့် အခါ၌ ဖြစ်စေ, တရားစာအုပ်ကို ဖတ်ရှုရသည့် အခါ၌ ဖြစ်စေ စိတ်ချမ်းသာမှု စိတ်ကြည်နူးမှုကို ရရှိပေသည်, သံဃာငတ်နေသူသည် သံဃာတော်ကို ဖူးဇတွေ့ရသည့်အခါ စိတ်ချမ်းသာမှု စိတ်ကြည်နူးမှုကို ရရှိပေသည်။

အမေရိကန်နိုင်ငံရှိ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် ဘုရားငတ်နေကြ၏, တရားငတ်နေကြ၏, သံဃာငတ်နေကြ၏, ဘုရား – တရား – သံဃာတို့အင်္ဂပေါ်၌ ဆာလောင်ငတ်မွတ်မှုကို ဖြေဖျောက်ပေးနိုင်ရာ ဤနေရာလေးကို မကြာခဏ လာရောက်ကြလေသည်, ဤနေရာလေး၌ကား ဘုရားရှိ၏, တရားရှိ၏, သံဃာရှိ၏, သက်တော်ထင်ရှား ဘုရားကိုမှန်းဆ အာရုံပြုနိုင်ရန် ထုလုပ်ပူဇော်ထားသော ရုပ်ပွားတော်များ, စေတီတော်များ ရှိ၏, သတိပဋ္ဌာန်တရားနှင့် အခြား ဘုရားအဆုံးအမ တရားတော်များ, မြန်မာလိုရော, အင်္ဂလိပ်လိုပါ တရားစာအုပ် ပိဋကတ်စာပေတွေ ရှိ၏, တရားတိတ်ခွေ မျိုးစုံလည်း ရှိလေ၏, သံဃာ(၈)ပါးရှိ၏, မြန်မာ ရဟန်းတော်(၅)ပါး, ဗီယက်နမ်(၁)ပါး, အင်္ဂမရိကန်(၁)ပါး, အာဂျင်တီးနား(၁)ပါးတို့ ဖြစ်၏။

ဤနေရာကလေး ရောက်လျှင် အမိမြန်မာနိုင်ငံ ဗုဒ္ဓသာသနာဝင်များသည် မြန်မာနိုင်ငံမှ တောရကျောင်းကို အောက်မေ့အမှတ်ရကြ၏, ကျောင်း၏အတွင်းနှင့် ကျောင်း၏ ပတ်ဝန်းကျင်ဝယ် ပေ(၂၀၀)ကျော်မျှ မြင့်မား သော Redwoodခေါ် သစ်ပင်ကြီးများက ပင်ချင်းယှက်ကာ အုပ်ဆိုင်း နေ

http://www.dhammadownload.com

လေ၏၊ Santa cruzဆေခါ် တောင်တန်းကြီးပေါ်တွင် တည်ရှိနေသဖြင့် (၅.၀၆) ဧကရှိသော ကျောင်းဧရိယာအတွင်းမှာပင် မြေအနေအထား၊သည် တပြေး ညီတည်း မရှိပဲ အနိမ့်အမြင့် ရှိနေပေ၏၊ တသွင်သွင် စီးဆင်းလျက်ရှိသော စမ်းချောင်းလေးသည် ကျောင်းဝင်းအရှေ့မြောက်ဘက်နှင့် တဆက်တည်း ရှိနေပေ၏၊ ကမ္ဘာအေးစေတီနှင့် ကမ္ဘာသုခအေး လွမ်းစေတီဟူသော စေတီတော်(၂)ဆူကို ကျောင်းဝင်း၏ အမြင့်ဆုံး နေရာတွင် ဖူးတွေ့ရပေ၏၊ ကျောင်းဆောင် ပတ်ဝန်းကျင်တွင် စိမ်းစိုနေသော မြက်ခင်းပြင်နှင့် ပန်းပင်များ ကို တွေ့ရှိရပေသည်၊ တောင့်က်, တောကြက်, တောတိရစ္ဆာန်တို့၏ အသံ ကိုသာ ရံဖန်ရံခါ ကြားနိုင်ပါ၏၊ တောင်ပေါ်တက်သည့် ကားလမ်းဘေးတွင် တည်ရှိသဖြင့် ကားသံကိုလည်း ရံဖန်ရံခါ ကြားရပါ၏၊ ထိုအသံတို့ကို ကြားရသည့်အခါမှ တပါး ကျောင်းတိုက်တစ်တိုက်လုံးကို တိတ်ဆိတ်ငြိမ် သက်မှုကသာ မင်းမူနေပါ၏၊ မပူလွန်း, မအေးလွန်းသော ရာသီဥတုကလည်း လွမ်းခြုံထားပေ၏ ။

တိတ်ဆိတ်ငြိမ်သက်လှသော ဤကျောင်းတိုက်အတွင်းဝယ် ဘုရားသား ဒတ်တို့ ပျော်မွေ့နေထိုင်ကြလေ၏၊ မြန်မာရဟန်းတော်များ ဖြစ်သည့် လိုင်းတက်ဆရာတော် ဥုးစန္ဒသိရိ (သက်တော် - ၈၃၊ သိက္ခာ - ၆၃) ဥုးဇနိန္ဒ (သက်တော် - ၃၈၊ သိက္ခာ၁၈) ဥုးပညာဇောတ (သက်တော် - ၅၅၊ သိက္ခာ - ၁၅) ဥုးတေဇနိယ (သက်တော် ၃၀၊ သိက္ခာ-၁၅) ဥုးကောသလ္လ (သက်တော် -၃၂၊ သိက္ခာ - ၁၂)နှင့် ဥုးဝိ(illegible)သ (ဗိယက်နမ်) ဥုးနန္ဒိသေန (အာဂျင်တီးနား) ဥုးပညောဘာသ (အယ်ရိုးကန်)တို့ ဖြစ်ပေ၏၊ သာသနာ့ နယ်ပယ်ဝယ် နာမည်ကျော်ကြား(illegible) မုတင်ဆောင် တောင်ပုလ ဆရာတော် ဘုရားကြီး၏ တပည့်များ ဖြစ်သည်နှင့်အညီ သူတို့အခန်း အသီးသီးတွင် အိပ်ယာကုဋ္ဌင်ကို မတွေ့ရပါ၊ ထိုင်ခုံတို့ကိုသာ တွေ့ရပါ၏၊ ထိုင်ခုံဖြင့် အိပ်သည့်အခါ မုတင်ရသည့် အခါလည်း ရှိ၏၊ မုတင်ဖျက်သည့် အခါလည်း ရှိပေ၏၊ ဆွမ်းခံ၍စားကြသည်၊ ကျောင်းပတ်ဝန်းကျင်ရှိ အိမ်တို့၌ အနောက် တိုင်းသားတို့ နေထိုင်ကြသဖြင့် ဆွမ်းလောင်းသူ မရှိ၍ ဆွမ်းစားကျောင်းဆောင် မှ တာဝန်ရှိသူကို ချက်ပြုတ်လောင်းလှူသော ဆွမ်းကို အလှူခံပြီး ဟန်းစီကာ



http://www.dhammadownload.com

http://www.dhammadownload.com

သပိတ်ဖြင့် ဘုဉ်းပေးကြလေ၏၊ နံနက်တစ်ကြိမ်, ညတစ်ကြိမ် ဘုရားဝတ်တက်ခြင်း၊ အားလပ်တိုင်း တရားရှုမှတ်ခြင်း၊ ရောက်လာသော မြန်မာပရိသတ်တို့အား ဗုဒ္ဓ၏အဆုံးအမတို့ကို ဟောပြောပြသပေးခြင်း၊ အနောက်တိုင်းသားတို့၏ ဗုဒ္ဓဝါဒနှင့် ပက်သက်သည့် မေးခွန်းများကို လိုင်းတက်ဆရာတော်က မြန်မာလို ဖြေကြားသည်ကို ဉူးပညာဓောတ ဉူးတေဇနိယတို့ကို အင်္ဂလိပ်လို ပြန်ပေးကြခြင်းဖြင့် သာသနာအလုပ်ကို စွမ်းနိုင်သမျှ ကြိုးပမ်းနေကြသည်ကို တွေ့ရှိရပေသည်၊ ဉူးတေဇနိယမှာ တရားစခန်း ပြသပေးရသည့် အခါလည်းရှိ၏၊ Santa Cruzရှိ အမေရိကန် ကျောင်းသားတို့အား ဗုဒ္ဓဘာသာအကြောင်း မေးခွန်းများ ဖြေကြားပေးရသည့် အခါလည်း ရှိ၏၊ ဉူးဇနိန္ဒ၊ ဉူးကောသလ္လတို့သည်လည်း အင်္ဂလိပ်လို အတော်ပင် ပြောနိုင်ကြလေသည်၊ မြန်မာရဟန်းတော်များနှင့် ဒုလ္လဘ မြန်မာရဟန်းတော်များ ရောက်လာလျှင် စောင့်ရောက် ပေးကြလေသည်၊ အနောက်တိုင်းသားတို့နှင့် ထိတွေ့ခွင့်, စကားပြောခွင့် ရကြသဖြင့် သူတို့ အင်္ဂလိပ်စာ အရည်အသွေးတိုးတက်လွယ်ပေ၏။

ဤကျောင်းတိုက်၌ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး စသော ပစ္စည်းဝတ္ထုတို့ကို ပြည့်စုံပေါများအောင် လှူဒါန်းထောက်ပံ့ ထားသည်ကို တွေ့မြင်ရသဖြင့် ကျောင်းစောင့်ရောက်ရေး အဖွဲ့နှင့် မြန်မာဒါယကာ, ဒါယိကာမများ၏ စေတနာ၊ သဒ္ဓါတရားကို အားရလေးစား မိပါသည်၊ အခန်း(၆)ခန်းစီပါ ရှိသော အုတ်ထပ်, အောက်တပ် (၂)ထပ်ကျောင်းဆောင်, မီးဖိုဆောင်, ကားဂိုဒေါင်ဆောင်, တရားထိုင်ရာ ကျောင်းဆောင်, ကျောင်းဆောင်ငယ်လေး (၃)ဆောင် ရှိပေသည်၊ ဆေးအတွက်လည်း အနောက်တိုင်းဆေး, ဗမာဆေး, ဘရုတ်ဆေး, ဗီယက်နမ်ဆေး မျိုးစုံရှိပေသည်၊ သင်္ကန်းလှူသူတို့လည်း များပေ၊ ဆွမ်းအတွက် အပြင်မှပင့်၍ ကြွရသည်မှာ အများအားဖြင့် စနေ-ဘနဂ်္ဂနေ့တိုင်း လောက်ပင် ရှိပေသည်၊ အခြားနေ့များ၌လည်း ရှိတတ်ပေသည်၊ ဆွမ်း-ဆွမ်းဟင်းတို့ကို KATE CARPENTER (အမေရိကန်)၊ MICHEL (အမေရိကန်)' MONICA (ဂျာမန်)၊ ရှင်မ ဝဏ္ဏမာလာ(ဂျာမန်)၊ MEDICHENG (တရုတ်)တို့က ချက်ပြုတ် ဆပ်ကပ်ကြသည့်အပြင် Dr. RINA

http://www.dhammadownload.com

SIRCARနှင့်အပွဲ. DALY CITYမှ ဦးမြင့်သိန်း-ဒေါ်စိန်စိန်နှင့်အပွဲ.၊ အခြားမြန်မာဒါယကာ, ဒါယိကာမများကလည်း အခါအားလျော်စွာ ကူညီချက်ပြုတ်ဆပ်ကပ်ပေးကြလေသည်၊ ဦးမျိုးမင်း ဒေါ်ခင်ခင် မိသားစုကလည်း တစ်ပတ်လျှင်(၂)ရက် ဆွမ်းဟင်းချက် ပို့လေသည်၊ သွားရေး လာရေးအတွက် အဆင်ပြေစေရန် အပွဲ.က ကား(၂)စင်း ဝယ်ပေးထားလေသည်၊ ကပ္ပိယကာရကနှင့် ကားမောင်းသူ အတွက်လည်း အပွဲ.ကပင် စီစဉ်ပေးလေသည်။

ကျောင်းရှိ ရဟန်းတော်တို့.သည် ကြိုးသူကိုရိသေ, ရွယ်တူကို လေးစား၊ ငယ်သူကို သနားညှာတာကြသည်၊ ခင်မင်ဖော်ရွေ ကြသည်၊ ကူညီရိုင်းပင်းကြသည်၊ ကာယက် မေတ္တာ, ဝစီက် မေတ္တာ, မနောက် မေတ္တာ ထားကြပါပေသည်၊ မြန်မာနိုင်ငံ ပဏ္ဍိတာရာမ၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသ ပြဿသော တရားစခန်း၌ ဆရာတော် ဟောသောတရားကို ရိသေလေးစားစွာ ညတိုင်း နာယူကြသည်၊ ညစဉ်ညတိုင်း ဝတ်ဖြည့်ပေးပြီး ဆရာတော်ထံမှ အဆုံးအမ ဗဟုသုတတို့.ကိုလည်း နာခံမှတ်သား ကြလေသည်။

တစ်ဦးအပေါ်တစ်ဦး ကူညီရိုင်းပင်းခြင်း, စောင့်ရှောက်ခြင်း, ဖော်ရွေခြင်းစသည့် ကာယက် မေတ္တာ, ဝစီက် မေတ္တာ , မနောက် မေတ္တာ အပြည့်အဝပါသည့် အပြုအမူများသည် ဗုဒ္ဓယဉ်ကျေးမှု, မြန်မာ့ယဉ်ကျေးမှုမှ ပေါက်ဖွားလာကြ ပေသည်၊ ဗုဒ္ဓယဉ်ကျေးမှု, မြန်မာ့ယဉ်ကျေးမှုတို့. တည်ရှိနေရာ အမေရိကန်နိုင်ငံမှ တောင်ပုလ္လ ကမ္ဘာအေး ကျောင်းတိုက်လေးသည် ရောက်လာတိုင်းယာ သူတို့.အိုး. မမေ့နိုင်ဖွယ်ရာ ဖြစ်ပါသတည်း။

• • •

http://www.dhammadownload.com

အလေး အယူ

စံပယ်ပန်းတို့ကို ထုပ်ထားသည့် ဖက်ရွက်သည် စံပယ်ပန်းနံ့ မွေးကြိုင်နေ၏၊ ငါးပိထုတ်ထားသည့် ဖက်ရွက်သည်ကား ငါးပိနံ့ နံစော်နေပေ၏၊ လူတစ်ယောက်၏ အခြေအနေသည်လည်း ပတ်ဝန်းကျင်ကြောင့် ပို၍ကောင်းလာ တတ်သည်လည်း ရှိ၏၊ ပို၍ဆိုးသွား တတ်သည်လည်း ရှိ၏၊ မြန်မာစကားပုံလည်း ရှိပေ၏၊ "မုဆိုးနားနီး မုဆိုး" "တံငါနားနီး တံငါ" "ဘုရားဒကာနားနီး ဘုရားဒကာ"တဲ့၊ ဤမြန်မာ စကားပုံများသည် ပတ်ဝန်းကျင်ကြောင့် အကောင်း-အဆိုး ပြောင်းလွဲတတ်ပုံကို အဓိပ္ပါယ် ဖော်ဆောင်ထား၊လေ၏၊ စီးပွားရေး , ပညာရေး စသည်တို့အတွက် အမိမြန်မာနိုင်ငံမှ ထွက်ပြီး အနောက်နိုင်ငံများသို့ ရောက်နေသူများ ရှိကြပေ၏၊ တစ်ချို့လည်း မိသား တစ်စုလုံး, တစ်ချို့လည်း ဆွေမျိုးတစ်သိုက်လုံး, တစ်ချို့လည်း တစ်ကိုယ်တည်း ရောက်နေကြပေ၏၊ မြန်မာ့ယဉ်ကျေးမှု, ဗုဒ္ဓယဉ်ကျေးမှု ခုငခုငမာမာ မရှသော သူတို့သည် အနောက်တိုင်း ယဉ်ကျေးမှုတို့ဒဏ်ကို မခံနိုင်ကြပေ၊ မြန်မာ့ ယဉ်ကျေးမှုနေရာဝယ် အနောက်ဝိုင်း ယဉ်ကျေးမှုတို့ ဇနရာယူကြ လေတော့၏၊ ဗုဒ္ဓယဉ်ကျေးမှု လဟာပြင်တွင် တဟုန်တိုး ဝင်ရောက်လာသော အနောက်တိုင်း ယဉ်ကျေးမှုတို့ကြောင့် အရွယ်ရောက်လာသည့် သားပျို, အထူးသဖြင့် သမီးပျိုရှိသော မိဘတို့သည် ရင်တမမမနဲ့ ပူပန်နေကြရ လေ၏၊ မိဘအရိပ်အောက်ဝယ် မခိုလှုံရသည့် ထိုမြန်မာသားပျို, သမီးပျို လေးများအဖို့ ပို၍ရင်လေးဖွယ် ဖြစ်နေပါတော့သည်၊ တစ်ချို့မြန်မာတို့သည် မြန်မာစကားတွေ မေ့ကုန်ပြီ၊ ကောင်းကောင်း မပြောတတ်ဘူးဟု ပြောရ သည်ကိုပင် ဂုဏ်ယူစရာ ထင်မှတ်နေကြလေ၏၊ အမိမြန်မာ နိုင်ငံမှာမွေးပြီး အနောက်နိုင်ငံ များ၌ လူလားမြောက်သူတို့လည်း ရှိ၏၊ အနောက်နိုင်ငံမှာ မွေးပြီး အနောက်နိုင်ငံတွေမှာ လူလားမြောက်သူတို့လည်း ရှိပေ၏၊ ထိုနှစ်မျိုး သော လူလားမြောက်လာ သူတို့ကို မိဘများက မြန်မာစကား, မြန်မာ့ယဉ်ကျေးမှု သင်ပေးမှု မရှိကြပါလျှင် ထိုကလေးများ

http://www.dhammadownload.com

သည် မြန်မာစကား မပြောတတ်၊ မြန်မာစာ မဖတ်တတ်၊ မြန်မာ့ယဉ်ကျေးမှုကို မမြတ်နိုးတတ်၊ မြန်မာ့ ယဉ်ကျေးမှု၏ အခြေခံဖြစ်သည့် ဗုဒ္ဓယဉ်ကျေးမှုကို တန်ဖိုးမထား တတ်ကြတော့ပေ၊ အနောက်တိုင်းမှာ နေသည့်မိဘတို့မှ မွေးဖွားလာသည့် မြန်မာကလေး တစ်ချို့သည်ကား မြန်မာစကား ပြောတတ်ချင်ကြ၏၊ ပြောတတ် ကြ၏၊ မြန်မာစာ ဖတ်တတ်ချင်ကြ၏၊ ဖတ်တတ်ကြ၏၊ မြန်မာ့ယဉ်ကျေး မှု ဗုဒ္ဓယဉ်ကျေးမှုကို မြတ်နိုးတတ်ကြ၏၊ တန်ဖိုးထားတတ်ကြ၏၊ မြန်မာ့ ယဉ်ကျေးမှု၊ ဗုဒ္ဓယဉ်ကျေးမှု တည်ရှိရာ မြန်မာနိုင်ငံသို့ ရောက်ချင်သည့်ဆန္ဒ ပြင်းပြနေကြ၏၊ ထိုမြန်မာကလေးတို့ကား ထူးခြားသည့် ကလေးများပါတည်း၊ ထိုကလေးတို့၏ စိတ်ဓာတ်ကို လေးစားမြတ်နိုး မိပါ၏။

အနောက်နိုင်ငံများသို့ ဓမ္မဂုဏ်ရည်ပြ ဓမ္မဒူတခရီး အကြိမ်ပေါင်းများစွာ ကြွချီတော်မူသော ရန်ကုန်မြို့၊ ဗဟန်း သံလွင်လမ်း၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသသည် အနောက်တိုင်းရောက်မိဘများ, ကလေးများ အခြေအနေကို ကောင်းကောင်း သဘောပေါက်ထားတော်မူ၏၊ မြန်မာ့ယဉ်ကျေးမှု, ဗုဒ္ဓယဉ်ကျေးမှု စိမ်းလန်းစိုပြေ နေရေး အတွက် ထာဝရ အလေးထားတော်မူသော, တက်ကြွထက်သန်တော် မူသော, အမြော်အမြင် ဉာဏ်ကြီးမားတော်မူသော ဆရာတော်ဘုရားသည် အနောက်တိုင်းသို့ ရောက်ခိုက် ဖူးမျှော်ချဉ်းကပ်လာသော မြန်မာမိဘနှင့် သားသမီးများအား "မြန်မာစာသည် တို့စာ၊ မြန်မာစကားသည် တို့စကား၊ မြန်မာ့ယဉ်ကျေးမှုသည် တို့ယဉ်ကျေးမှု၊ ဗုဒ္ဓယဉ်ကျေးမှုသည် တို့ယဉ်ကျေးမှု" ဖြစ်အောင် အဆုံးအမ ပေးတော်မူသည်၊ ဒကာ - ဒကာမများ၏ အပူဇော်ခံရုံ, အဖူးမျှော်ခံရုံ, ဒကာ - ဒကာမများနှင့် အာလာပ, သလ္လာပ စကားပြောရုံ, ကျန်းမာချမ်းသာကြောင်း မေးမြန်းရုံမျှဖြင့် အမျိန်မကုန်လွန်စေပဲ အနှစ်သာရ ပြည့်ဝသည့် ဗုဒ္ဓယဉ်ကျေးမှုများ သူတို့နှလုံးသားထဲရောက်အောင် သွန်သင်ပေးတော်မူသည်။

အမေရိကန်နိုင်ငံ SAN FRANCISCO နှင့် မိုင်(၇၀)ခန့် ကွာဝေးသော SANTA CRUZ မြို့၌ ဦးမျိုးမင်း - ဒေါ်ခင်ခင် မြန်မာမိသားစုတို့ နေထိုင်ကြပေ၏၊ သူတို့မှာ အရွယ်ရောက်နေသည့် သားပျိုလေး တစ်ယောက်, သမီးပျိုလေး

http://www.dhammadownload.com

တစ်ယောက် ရှိပေ၏၊ (၂)ယောက်စလုံး ကျောင်းတက်နေသည့် ကျောင်းသား-ကျောင်းသူလေးများ ဖြစ်ကြ၏၊ သူတို့နာမည်မှာ မောင်မိုးသန့်နှင့် မသန္တာတို့ဖြစ်၏၊ မိဘ(၂)ပါးသည် ဗုဒ္ဓယဉ်ကျေးမှုနှင့် ကြီးပြင်းလာကြသူများဖြစ်၍ ဗုဒ္ဓယဉ်ကျေးမှုကို တန်ဘိုးထား မြတ်နိုးကြသည်နှင့်အညီ အိမ်သို့ကြွရောက် ချီးမြှင့်တော်မူသော ဆရာတော်ဘုရား၏ ရှေ့မှောက်ဝယ် ရိုသေစွာထိုင်ပြီး ဆရာတော်၏ အဆုံးအမကို နာယူမှတ်သား ကြလေ၏။

ဒီအနောက်နိုင်ငံတွေမှာ စာသင်ကျောင်း, ဆေးရုံစသည့်အတွက် ငွေတွေလှူဒါန်းကြ, ထောက်ပံ့ကြ, ကူညီကြတယ်, ဒီလိုလှူဒါန်း, ကူညီ, ထောက်ပံ့တာဟာ သူတို့ယဉ်ကျေးမှု တစ်ရပ်ပဲလို့ ယူဆကြတယ်။

"လုပ်သင့်တာနဲ့ မလုပ်သင့်တာ ဘယ်ဟာက ပိုအရေးကြီးသလဲ။

ကူညီတာနဲ့ ဒုက္ခမပေးတာ ဘယ်ဟာက ပိုကောင်းလဲ"ဟု ဆရာတော်က မောင်မိုးသန့်ကို မေးခွန်းထုတ်ပြီး ဖြေစေပါတယ်၊ မောင်မိုးသန့်က အဖြေကို ရုတ်တရက် ပေးဖို့ခက်နေပြီး စဉ်းစားတွေဝေနေ ပါတယ်၊ ပြီးမှ အဖြေပေး ပါတယ်၊ ဆရာတော်က သူလိုချင်သော အဖြေကို မရသေးဘဲ ဆက်ပြီး ရှင်းလင်းပါတယ်။

"ဆိုပါစို့--မင်းက သတ္တဝါတစ်ကောင်ကို သတ်မယ်၊ အသက်ခံရမည့် သတ္တဝါနေရာမှာ မင်း နေကြည့်မယ်ဆိုရင် မင်း စိတ်ချမ်းသာမလား၊ ဆင်းရဲမလား" "ဆင်းရဲပါမယ်ဘုရား" ထိုအခါမေးပြီး မေးခွန်းကို ထပ်မံဖြေစေပါတယ်၊ ဒါပေမယ့် ဆရာတော် လိုချင်သည့် အဖြေမှန်ကို မရသေးသည့်အတွက် ဆက်လက်ရှင်းပြပါတယ်။

"ဥပမာ-မင်းက သေဒဏ်ပေးလောက်တဲ့ ရာဇဝတ်မှု ကျူးလွန်လို့ မင်းကို သေဒဏ်ပေးတယ်လို့ ဆိုပါစို့၊ မင်းကိုကူညီမဲ့ လူ(၂)ယောက် မင့်ဆီလာမယ်၊ တစ်ယောက်ကမင်းကို သေဒဏ်က လွတ်အောင် လုပ်ပေးမယ်၊ တစ်ယောက်က မင်းကို ထမင်းဆာနေလို့ ထမင်းဝအောင် ကျွေးမယ်၊ အဲဒီ(၂)ခုထဲက တစ်ခုခုကို ရွေးချယ်ရမယ်၊ ဘာကို ရွေးချယ်မလဲ၊ အဲဒီလူ(၂)ယောက်ထဲက ဘယ်သူ့ကို ပိုကျေးဇူးတင်မလဲ" "ပထမဟာကို ရွေးချယ်ပါမယ်၊ ပထမလူကို ပိုကျေးဇူးတင်ပါမယ်။"

http://www.dhammadownload.com

ထိုအခါ ရွေးကမေးခွန်းကို ထပ်ပြီးဖြေစေပါတယ်။ အဖြေမှန်ကို ဖြေလာနိုင်ပါတယ်။

"မင်းရွေးချယ်လိုက်တဲ့ ယဉ်ကျေးမှုက ပိုပြီးအရေးကြီးတယ်။

လှတစ်ယောက်က မင်းရဲ့ပစ္စည်းဥစ္စာတွေကို လာခိုးယူရင် မင်းစိတ်ချမ်းသာမလား၊ ဆင်းရဲမလား၊ မင်းရဲ့ သားပျိုသမီးပျို၊ ညီမပျိုကို ကာမဂုဏ်ကိစ္စလွန်ကြူးလာရင် မင်းလိမ်ညာခံရရင် မင်းစိတ်ချမ်းသာမလား၊ ဆင်းရဲမလား၊ စဉ်းစားပါ" "ဆင်းရဲပါမယ်ဘုရား။"

"မူးယစ်ဆေးဝါး သုံးစွဲရင် သူများကို မင်းဒုက္ခပေးရာ ကျမလား၊ မကျဘူးလား၊"

မူးယစ်ဆေးဝါး သုံးစွဲရုံသာ သုံးစွဲပြီး သူများကို ဒုက္ခမပေးပဲ ကိုယ့်ဘာသာ အေးအေးဆေးဆေး နေရင်လည်း ရနိုင်သည်ဟု သူများလည်ထား၍ ဤမေးခွန်းကို ရတ်တရက် အဖြေမပေးပဲ စဉ်းစားနေပါတယ်၊ ဒုက္ခပေးရာမကျပါဘူးလို့ ဖြေချင်နေပုံ ပေါ်နေပါသည်။

ထိုအခါ ဆရာတော်က ဆက်ရှင်းပြပါတယ်။

"မူးယစ်ဆေးဝါးက မနွာကိုယ်ထဲ ဝင်သွားရင် ရိတ်တိ ယစ်တစ်တစ် ဖြစ် မယ်၊ ရိတိတ် ယစ်တစ်တစ်ဖြစ်ရင် မူးမယ်၊ မူးရင်ရူးမယ်၊ ရူးရင် ရမ်းမယ်၊ ရမ်းရင် သူများကို ဒုက္ခပေးမယ်။"

ဤမှာ ရှင်းပြရုံမျှဖြင့် ကျေနပ်မှုယ် မရှိလောက်သေးဟု ယူဆ၍ ဆက်လက်ရှင်းပြတော် မူပါတယ်၊ "[illegible] လှတစ်ယောက်ဟာ ရာဇဝတ်မှုကို ကိုယ်တိုင်တော့ မကျူးလွန်ဘူး၊ ကျူးလွန်မယ့် သူတွေကို အကြံပေးတယ်၊ နည်းလမ်းညွှန်ကြားတယ်၊ ရာဇဝတ်မှုကို ကျူးလွန်ဖို့ နောက်ကွယ်က ကြိုးကိုင်ပေးတယ်၊ အဲဒီရာဇဝတ်မှုကို အပြစ်ဒဏ် ပေးတဲ့အခါ ဘယ်သူဟာ တစ်တရား ခံ ဖြစ်မလဲ။"

"မြန်မာနိုင်ငံ ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းကို သတ်တဲ့ကိစ္စမှာ ဘယ်သူဟာ တစ်တရားခံ ဖြစ်သလဲလို့" မေးပါတယ်၊ မောင်မိုးသန်းကလဲ မှန်သောအဖြေကို ပေးနိုင်ပါတယ်။

"ဒီလိုပဲ၊ မူးယစ်ဆေးဝါး သုံးစွဲမှုဟာ နောက်ကွယ်က ကြိုးကိုင်ပေးတဲ့

http://www.dhammadownload.com

လူနဲ့. တူတယ်၊ သူကိုယ်တိုင် ကျူးလွန်တာ မဟုတ်ပေမဲ့၊ သူဝင်သွားရင် လူ လဲသတ်ရဲတယ်၊ ခိုးလဲခိုးရဲတယ်၊ ကာမကိစ္စလဲ လွန်ကြူးရဲတယ်၊ လိမ်လဲ လိမ်ညာရဲတယ်၊ ဒါကြောင့် ဒါလဲသူများကို ဒုက္ခပေးတာပဲ။"

ဒါတွေကို ကိုယ်ချင်းစာတရား ရှေ့.ထားပြီး အသိဉာဏ်နဲ့. လိုက်နာရ တယ် ၊ ဒီကိုယ်ကျင့်တရားတွေဟာ ဗုဒ္ဓယဉ်ကျေးမှုတွေပဲ၊ အနောက်နိုင်ငံ သား:တွေကတော့ ဒါတွေကို ယဉ်ကျေးမှုလို့. မသတ်မှတ်နိုင်ကြဘူး၊ ဒါတွေက ကိုယ်ကိုလဲ ယဉ်ကျေးစေတယ်၊ နှုတ်အပြောအဆိုကိုလဲ ယဉ်ကျေးစေတယ်၊ ဒီကိုယ်ကျင့်တရား(၅)ပါ:ဟာ လူတစ်ဦး: တစ်ယောက်နဲ့.သာ ဆိုင်တာမဟုတ် ဘူး၊ ဗုဒ္ဓဘာသာဝင် တွေနဲ့.သာ ဆိုင်တာမဟုတ်ဘူး၊ ဘယ်ဘာသာဝင်တိုင်း: မဆို လူတိုင်း:လူတိုင်း:နဲ့. ဆိုင်တယ်၊ လူတိုင်း: လူတိုင်း: လိုက်နာရမယ်၊ ဒါ ကြောင့် စကြာဝဠာ တစ်ခုလုံး:နဲ့.ဆိုင်လို့. စကြာဝဠာသီလလို့. ခေါ်နိုင်တယ်၊ ကမ္ဘာတစ်ခုလုံး:နဲ့. ဆိုင်လို့. ကမ္ဘာ့သီလလို့.လဲ ခေါ်နိုင်တယ်။

ကိုယ်ယဉ်ကျေးမှု နှုတ်ယဉ်ကျေးမှုရှိပြီး စိတ်ဓာတ်ကိုပါ ယဉ်ကျေးစေ, အထက်တန်းကျစေ, အသိဉာဏ် ဖွင့်ဖြိုးစေသည့် သတိပဋ္ဌာန်တရား:ထိ ပွား: များ:အား:ထုတ် နိုင်ရင် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး:နဲ့. တွေ့.ရကျိုး, လူဖြစ် ရကျိုး နပ်ပေလိမ့်မယ်၊ ဒါကြောင့် သတိပဋ္ဌာန်တရား:ကိုလဲ အခါအခွင့်သင့် တိုင်း: အား:ထုတ်ရမယ်"ဟု အမိန့်.ရှိကာ သြဝါဒကထာကို အဆုံး:သတ်တော် မူပါသည်။

ပြည်တွင်း:-ပြည်ပ ဗုဒ္ဓသာသနာဝင် မြန်မာမိဘ, မြန်မာ သား:သမီး:များ: အား: ဤကဲ့သို့.သော ဗုဒ္ဓယဉ်ကျေးမှုတွေကို စာတွေ့.-လက်တွေ့. များ:များ: ပေး:နိုင်သော သာသနာ့ဝန်ထမ်း:တွေ များ:များ:ရှိဖို့. လိုအပ်နေပါသည်၊ ပေး:လဲ ပေး:ကြရပါမည်၊ ပေး:လဲပေး:ကြပါ၊ ယူရမည့်သူတွေကလဲ ယူကြပါဟု တိုက် တွန်း:လိုက်ပါ သတည်း။

* * *

http://www.dhammadownload.com

အမှောင်တွင်းက အလင်းရောင်

လဲမသာသော ညအခါသည် မတင့်တယ်ပါပေ၊ နေရောင်မလင်းသော နေ့ခင်းအခါသည်လည်း သာယာခြင်းနှင့် မပြည့်စုံပါပေ၊ ဗုဒ္ဓတရားရောင် မထွန်းပြောင်သော အခါ မထွန်းပြောင်သော နေရာသည်လည်း ငြိမ်းချမ်း သာယာမှု မရှိပါပေ၊ အမှောင်ထဲက အလင်းရောင်သည် သီသာထင်ရှား ပေါ်လွင်၏၊ အမဲကွက်ထဲက အဖြူစက်သည် သီသာထင်ရှား ပေါ်လွင်၏၊ အနောက်ကမ္ဘာ တစ်ဝှန်းဝယ် ဗုဒ္ဓတရားရောင် မလွှမ်းသဖြင့် ဗုဒ္ဓသာသနာ အမှောင်ကျနေပါ၏၊ ဗုဒ္ဓသာသနာ အမှောင်ကျနေသော အနောက်ကမ္ဘာထဲတွင် အမေရိကန်ိုင်ငံသည်လည်း ပါဝင်နေပါ၏၊ အမှောင်ကျနေသော အမေရိကန်ိုင်ငံအတွင်း လင်းနေသော ဗုဒ္ဓတရားအလင်းရောင်သည် သီသာ ထင်ရှား ပေါ်လွင်၏၊ အမေရိက နိုင်ငံအတွင်းဝယ် ဗုဒ္ဓတရားရောင် ထွန်း ပြောင်သည့် နေရာဌာန များ၌ မရှိသေးပါ၊ အထူးသဖြင့် ထေရဝါဒ သာသနာ့အလင်းရောင် ပိုမိုထွန်းပြောင် လာအောင်ကြိုးစားဖို့ လိုနေပါသေး သည်၊ အမှန်တရားကို မြင်နိုင်စွမ်း မြတ်နိုးနိုင်စွမ်း ရှိသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့သည်ကား ထေရဝါဒ သာသနာ့ အလင်းရောင်, သတိပဋ္ဌာန် အလင်းရောင် ထွန်းပြောင် သထက် ထွန်းပြောင်လာအောင် အင်တိုက်အား တိုက် ကြိုးစားနေကြပါ၏။

အမေရိကန်ိုင်ငံ၊ MASSACHUSETTS ပြည်နယ် BARRE မြို့၌ INSIGHT MEDITATION SOCIETYခေါ် သိပဿနာ ကမ္မဋ္ဌာန်းဌာနတစ်ခု ရှိပေ၏၊ ယောဂီပေါင်း (၁၃၀)ခန့်ကို တစ်ချိန်တည်း နေရာပေး နိုင်သော စားသောက်ခန်း, ချက်ပြုတ်ခန်း, ရေချိုးခန်း, အိမ်သာခန်း, ရုံးခန်း, တရားထိုင်ရာ ခန်းမကြီး, စကြံလျှောက်ရာ ခန်းမကြီး, ဘုရားခန်း, ကွန်ပျူတာ ရုံးခန်း(၉)ခန်း, စာသောက်ဖွယ်ရာ သိုမှီးရာအခန်း အဆောင်ကြီး တစ်ဆောင်လုံးကို အနွေးစာတ်ပေးရာ အခန်းစသည့် အခန်းပေါင်းများစွာ ပါရှိသော "မေတ္တာ"အမည် တွင်သော အဆောင်ကြီး ရှိပေ၏၊ အခြားအဆောင် (၅)ဆောင်လည်း ရှိသေး၏၊ တောင်ပုလဲ ဆရာတော်ကြီး ဦးဆောင်ပြီး သမုတ်ထားသော သိမ်



၁၉၉၁ ခု အမေရိက၊ BARRE မြို့ I.M.S. ၌တရားအားထုတ်ကြသောယောဂီများ

http://www.dhammadownload.com

http://www.dhammadownload.com

နေရာလည်းရှိ၏၊ (၁၅)မိနစ်ခန့် လမ်းလျှောက်သွားလျှင် ရောက်သည့် သိပ်မဝေးလှသော တစ်နေရာတွင် "ပရိယတ္တိဌာန" တစ်ခုလည်း ရှိပေ၏၊ ထိုဌာန (၂)ခုကြားဝယ် "ဓမ္မဝိဟာရ" ခေါ်သောအဆောင်လည်း ရှိပေ၏၊ ဤအဆောင်ကို အဖွဲ့တစ်ဖွဲ့က ပိုင်ဆိုင်၏၊ ဤအဆောင်၌ နာမည်ကျော် ဝိပဿနာ ကမ္မဌာန်း ဆရာများဖြစ်သော JOSEPH GOLDSTEIN နှင့် SHARON SALZBERG တို့နေထိုင်ကြ၏၊ ကမ္မဌာန်းဌာန ပိုင်ဆိုင်သော မြေအကျယ်အဝန်းမှာ ၎က(၈၀)ရှိပြီး ပရိယတ္တိဌာန ပိုင်ဆိုင်သော မြေအကျယ်အဝန်းမှာ ၎က(၁၂၀) ရှိ၍ ဓမ္မဝိဟာရ အဖွဲ့ပိုင်ကား ၎က(၃၀) ရှိလေသည်၊ ဤအဖွဲ့များသည်-အကိုများသဖွယ် ဆက်သွယ်နေကြပေ၏။

ဤဝိပဿနာ ကမ္မဌာန်းဌာနသည် တစ်နှစ်ပတ်လုံး ဆက်တိုက် တရားစခန်း ရှိနေ၏၊ နာမည်ကျော် ကမ္မဌာန်းဆရာ (၂၀)ကျော်တို့ လာရောက်ပြသကြပေ၏၊ ထိုဆရာအားလုံးသည် ထေရဝါဒနိုင်ငံများ ဖြစ်ကြသည့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဆရာတော်များ၏ တပည့်များ ဖြစ်ကြပေသည်၊ မြန်မာနိုင်ငံမှ မဟာစည်ဆရာတော်, တောင်ပုလုဆရာတော်, ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသတို့၏ တပည့်များ ဖြစ်ပါသည်၊ ၅-၅-၉၁မှ ၅-၇-၉၁နေ့အထိ ပြုလုပ်သော (၂)လ တရားစခန်း၌ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ကို ပင့်၍ ဆရာတော်နှင့် ဆရာတော်၏ တပည့်များဖြစ်သော လန်ဒန်မှ ဆရာတော် အရှင်ပညာဒီပ, အရှင်ပညာသာမိနှင့် ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှ အရှင်ဓမ္မိကာဘိဝံသ, အမေရိကမှ အရှင်ပညောဘာသတို့၏ တရားပြသမှုကို ခံယူကာ (၈၀) သော အနောက်တိုင်းသား ယောဂီတို့ တရားအားထုတ်ကြသည်။

ဆရာတော်သည် သူ၏ တရားပြသဟောပြောမှု နည်းလမ်းများကို သူ၏တပည့်များ ရရှိစေတော် မူလို၏၊ ဆရာတော်သည် ယခုသက်တော်(၇၀) ရှိနေပေပြီ၊ နောင်သောအခါ ဆရာတော် ကိုယ်တော်တိုင် ကြွရောက် ချီးမြှင့်ချင်မှ ချီးမြှင့်နိုင်ပေ လိမ့်မည်၊ ထိုအခါ ဆရာတော် ကိုယ်စား တပည့်များက တာဝန်ယူ ဆောင်ရွက်ကြရ ပေလိမ့်မည်၊ နိုင်ငံခြား အတွေ့အကြုံ, နိုင်ငံခြားသား ယောဂီတို့ အခြေအနေတို့ကို ကိုယ်တွေ့ရှိထား စေချင်သည်၊

http://www.dhammadownload.com

နိုင်ငံခြားသားတို့နှင့် ကိုယ်တိုင် ဆက်သွယ်နိုင်အောင်, စကားပြော၊ တရား ဟော၊ တရားပြနိုင်အောင် အင်္ဂလိပ်စာ ကြိုးစားဖို့ အခါအခွင့်သင့်တိုင်း မိန့် ကြားတော် မူပါသည်၊ သဒ္ဒါအနေအထား မှားမှား မှန်မှန် ဂရုမစိုက်ပဲ များများပြောဖို့ ရဲရဲပြောဖို့ အားပေးတော် မူသည်၊ ကိုယ်တိုင် အင်္ဂလိပ်လို ဘရားမစစ် တရားမဟောသော်လည်း အင်္ဂလိပ်စကား ကောင်းကောင်းပြော၍ များများ ပြောနိုင်ပေသည်၊ အမေရိကမှ အရှင်ဓမ္မပိယ, အင်္ဂလန်မှ အရှင် ပဉ္ဉာသာမိ တို့သည် အင်္ဂလိပ်လို တရားဟော တရားစစ်နိုင် ကြပေ၏၊ အမေရိကမှ အရှင်ပညောဘာသကား အင်္ဂလိပ်စာ အရည်အချင်း ပိုကောင်း သော်လည်း တရားဟော အလေ့အကျင့် မရှိသေးပေ၊ ဤကမ္မဋ္ဌာန်းဋ္ဌာန၌ ညနေ(၇)နာရီမှ (၈)နာရီထိ တစ်နာရီ ယောဂီတို့အား တရားဟောရာ အနောက်တိုင်းသားတို့အား မည်သို့မည်ပုံ တရားဟော်ရသည်ကို သိစေလို, အတွေ့အကြုံ ရှိစေလို၍ လည်းကောင်း, အင်္ဂလိပ်ဘာသာ ပြန်ပုံကိုလည်း ဗဟုသုတ ရစေလို၍ လည်းကောင်း တပည့်ရဟန်းများကိုလည်း နာကြား စေပါသည်၊ တပည့်များကို တနဂ်္ဂနေ့များ၌ တလည့်စီတရား ဟောစေ ပါသည်။

ယခုတရားစခန်း၌ အနောက်ကမ္ဘာတဝှန်းဝယ် နာမည်ကျော်ကြားလှ သော ဝိပဿနာကမ္မဋ္ဌာန်းဆရာများဖြစ်သည့် JOSEPH GOLDSTEIN, SHARON SALZBERG, STEVEN SMITH, MICHELE MCDONALD, CAROL WILSON တို့လည်း ယောဂီအဖြစ် ဝင်ရောက်အားထုတ် ကြလေသည်၊ ဆရာတော် ထံတွင် တရားစစ်ခံကြ၏၊ သူတို့သည် ရှေးယခင် ဆရာတော်နှင့် စတွေ့စဦးက ဆရာတော်၏ ပရိယတ္တိအရည်အသွေး, ပဋိပတ္တိအရည်အသွေးကို မသိကြသေး၍ ဒီလောက် မလေးစားနိုင်ကြချေ၊ ယခုမူ ဆရာတော်၏ ပရိယတ္တိ၊ ပဋိပတ် အရည်အသွေးကို သိနေကြပြီဖြစ်၍ "ဆရာတော်မှ ဆရာတော်" ဖြစ်နေကြ လေ၏၊ ဆရာတော်ကို အပေကြီးသဖွယ်, အကိုကြီးသဖွယ် ကြည်ညိုလေးစား ကြ၏၊ ဤကမ္မဋ္ဌာန်းဋ္ဌာနသို့ ဒီတခေါက်ရောက်စနေ့က လာရောက် ကန်တော့ ကြသော သူတို့ကို ကြည့်ပြီး စာရေးသူရဲ့စာတို ရပ်ရွာသို့ပြန်တဲ့အခါ စာရေး သူအနီး လာရောက်ကာ ဝိုင်းဝန်းထိုင်၍ စကားပြောနေသော ဆွေမျိုးများကို

http://www.dhammadownload.com

သတိရမိပါသည်၊ သူတို့သည် ဆရာတော်ကို လက်အုပ်တချီချီ, ဆရာတော် ကြွလာတာ အထူးပင် ဝမ်းသာကျေးဇူးတင်ကြောင်း လျှောက်ထားကာ အလီလီ, သူတို့မျက်နှာတွေက တပြုံးပြုံးတရိုရို ဖြစ်နေကြပေသည်၊ ဆရာတော်သည် ဤကမ္မဋ္ဌာန်းဋ္ဌာနသို့ (၃)ကြိမ်မြောက် ကြွရောက် တရားပြသခြင်း ဖြစ်ပေသည်၊ (၂)နှစ်မှ တစ်ကြိမ်သာ ကြွရောက်ချီး မြှောက်ပေးသော အခွင့်အရေးကောင်းကို သူတို့သည် လက်လွတ်မခံကြပေ၊ ဘုရားရှင်၏ ဒေသနာနည်းကျ ကျေးဇူးရှင် မဟာစည် ဆရာတော်ကြီး၏ သြဝါဒါအရ ဆရာတော်ပြသအပ်သော သတိပဋ္ဌာန်တရားကို များစွာတန်ဖိုးထား၍ လေသည်၊ ကနေဒါ, အင်္ဂလန်, ဆွီဒင်, ရုရှား, သြစတြေးလျ, နယူးဇီလန်, ဆွစ်ဇာလန်, အိန္ဒိယနှင့် အမေရိကန်နိုင်ငံ အနှံ့အပြားတို့၌ တရားပြ နာမည်ကြီးသော ဆရာကြီးများက တပည့်လေးတွေ လုပ်နေကြသည်၊ အိုးစရည်းကြီးဘဝက အိုးငယ်ဘဝသို့ ကူးပြောင်းကြလေပြီ၊ ယခင်နှစ်များ၌မူ သူတို့လည်း ကူညီ၍ တရားပြပေးခဲ့ကြ လေ၏။

ဆရာတော်သည် ငါးကြင်းဆီဖြင့် ငါးကြင်းကြော်နိုင် အောင်လည်း ကြိုးစား စီစဉ်ဆောင်ရွက်ပေးတော်မူသည်၊ ဥဴးဗုဒ္ဓရက္ခိတမည်သော ဒေါ်မေရိကန် ရဟန်းတစ်ပါး ဤကမ္မဋ္ဌာန်း ဋ္ဌာန၌ရှိနေပါသည်၊ သူသည် ဆရာတော်ထံ လာရောက် တရားအားထုတ်ပြီး ဆရာတော် ဥပဇ္ဈာယ်ဖြင့် ရဟန်းဘဝ တက်ရောက်သည်မှာ ယခု(၅)ဝါ ရှိခဲ့ပေပြီ၊ ဆရာတော်ထံ တရားစစ်နည်း, မြန်မာစကား, ပါဠိစသည်တို့ကို သင်ယူပြီး ယခုအခါ သူကိုယ်တိုင် အနောက်တိုင်းသား တို့အား တရားပြ, တရားဟောနေလေပြီ၊ မြန်မာပြည်၌လည်း နီပေါ, မလေးရှား, ဂျာမန်, ရဟန်းတော်များ, သီလရှင်လေးများကို မြန်မာဘာသာဖြင့် ဗုဒ္ဓစာပေတို့ကို သင်ယူစေပါသည်၊ အနောက်တိုင်းသား တို့ကိုလည်း ရဟန်းဘဝ, သီလရှင်ဘဝ အတွေ့အကြုံ အခြေအနေတို့ကို သိစေလိုတော်မူသည်၊ ထို့ကြောင့်လွန်ခဲ့သည့် (၂)နှစ်က ရဟန်း(၅)ပါး, သီလရှင်(၃)ပါး ဝတ်ပေးခဲ့ပြီ၊ ယခုနှစ်၌လည်း ရဟန်း(၄)ပါး, သီလရှင်(၃)ပါး ဝတ်ပေးပေ ဦးမည်။

လူကြီးပိုင်းအတွက် ကြိုးစားပေးသလို လူငယ်ပိုင်းအတွက်လည်း ဆရာတော်သည် လျစ်လျူရှုမထားပေ၊ လူငယ်များသန္တာန်၌ ငယ်ရွယ်စဉ်ကပင်

http://www.dhammadownload.com

ဗုဒ္ဓယဉ်ကျေးမှု ဓာတ်တွေကိန်းဝပ် စေလိုတော်မူ၏၊ ထို့ကြောင့် ဤတရား စခန်းအပြီး (၅)ရက် ဗုဒ္ဓယဉ်ကျေးမှုသင်တန်း ဖွင့်လှစ်သင်ကြားပေး ပေမည်၊ လွန်ခဲ့သည့်(၂)နှစ်က တရားစခန်းအပြီးဌိလည်း ဤဗုဒ္ဓယဉ်ကျေးမှု သင်တန်း ဖွင့်ကာ (၅)ရက်သင်ပေးခဲ့ပြီး၊ သင်တန်းသား (၁၅)ယောက် ရှိခဲ့သည်။ အမေရိကန် နိုင်ငံသား, နိုင်ငံသူလေးတွေ ဖြစ်ကြသည်၊ မြန်မာနိုင်ငံဌိလည်း နွေရာသီကျောင်း ပိတ်ချိန်ဝယ် ကျောင်းသားတို့ကို ကိုရင်ဝတ်စေပြီး ကျောင်း သူတို့ကို သီကျောရှင်(သီလရှင်) ဝတ်စေကာ ဗုဒ္ဓယဉ်ကျေးမှုကို (၁)လ စာ တွေ့ လက်တွေ့ သင်ကြားစေပါသည်၊ ဤ BARRE ဝိပဿနာ ကမ္မဋ္ဌာန်းဌာန သည်ကား အမေရိကန် နိုင်ငံဌိ အကြီးမားဆုံး, အကြီးကျယ်ဆုံး, အဆောင်မြင့် ဆုံး ကမ္မဋ္ဌာန်းဌာန ဖြစ်နေပါသည်၊ ယခုဆိုလျှင် ဤဌာနသို့လာရောက် တရားအား ထုတ်ကြသည့် ယောကိတို့မှာ ၄-သောင်းကျော်နေပေပြီ၊ ဤ နေရာလေးသည် ကမ္ဘာတဝှန်းသို့ သတိပဋ္ဌာန် အရောင်လွှမ်းအောင် ကြိုး ပမ်းနေလေပြီ၊ ဗုဒ္ဓသာသနာ အမှောင်ကျနေသော အနောက်ကမ္ဘာတစ် ဝှမ်းဝယ် ဤနေရာလေးတွင်ကား သတိပဋ္ဌာန်ရောင် အမြဲထွန်းပြောင်နေပါ သတည်း။

• • •

http://www.dhammadownload.com

"ဆရာတော် တောရှင်းနေသည်"

"God = ထာဝရဘုရား"ကို နှစ်ပေါင်းများစွာ ဦးတိုက်ခဲ့ကြသော အနောက်တိုင်းသား တို့သည် ဂေါတမဗုဒ္ဓကို ဦးတိုက်ဖို့ရန် လွန်စွာ ခဲယဉ်းလှပေ၏၊ "ဗုဒ္ဓဘာသာ သံဃာဘုန်းကြီး"ဆိုသည်ကိုမူ ဖြူသည်၊ မဲသည်ဟုပင် မသိကြပေ၊ မတွေ့.ဖူး, မမြင်ဖူး, မကြားဖူးသူတို့.သာ များလေသည်၊ တွေ့.ကြ , မြင်ကြလျှင်လည်း ထူးဆန်းစွာ ဝတ်ဆင်ထားသူတို့. အနေဖြင့်သာ စူးစိုက်စွာ ကြည့်ရှုကြလေ၏၊ တချို့.ကမူ ပြောင်လှောင်ပင် ပြောင်လှောင်ကြသေး၏၊ လက်အုပ်ချီ အရိုအသေပေးဖို့.ဆိုလျှင် အတွေးပင် ပေါ်လိမ့်မည် မဟုတ်၊ သူတို့.သဘောကျလျှင် "Hi" ဟု နှုတ်ဆက်လျှင် ဆက်မည်၊ လက်ပြလျှင်လည်း ပြမည်၊ ထိုကဲ့သို့.သော အနောက်တိုင်းသားတို့.ကို ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သော ဗုဒ္ဓသာသနာဝင် ဥပါသကာ,ဥပါသိကာ တစ်ယောက်ဖြစ်လာအောင် ဗုဒ္ဓသာသနာဝင် ဖြစ်သော စာရှူသူသည် မည်သို့. ဆွဲဆောင်သိမ်းသွင်း မည်နည်း၊ ပိုက်ဆံတွေ, ပစ္စည်းတွေ ပုံပေးကာ ဆွဲဆောင်မည်လော၊ အပြောကောင်းကောင်းဖြင့် ပြောပြကာ ဆွဲဆောင်မည်လော၊ ထိုပုဂ္ဂိုလ်တို့.ကို ရတနာ(၃)ပါးတွင် ဘုရားအကြောင်း, သံဃာတွေ အကြောင်း ပြောပြကာ ပုဂ္ဂိုလ်ရေးဆန်သော ဆွဲဆောင်မှုဖြင့် ဆွဲဆောင်မည်လော၊ ထို သို့. ဆွဲဆောင်လျှင် အောင်မြင်ဖို့. ခက်ခဲပါလိမ့်မည် ။

အောင်မြင်ဖို့. ခက်ခဲသော အရာတို့.ကို အောင်မြင်အောင် လုပ်နိုင်လျှင် အဘယ်ကြောင့် အောင်မြင်လေသနည်းဟု စူးစမ်းသင့်ပေသည်၊ လေ့လာသင့်ပေသည်၊ အောင်မြင်စွာ အလုပ်လုပ်နိုင်နေသော ပုဂ္ဂိုလ်သည် ရှိနေ၏၊ ထိုပုဂ္ဂိုလ်သည် သူ့.ကိုယ်သူ "ကမ္ဘာ့သာသနာပြု"ဟူသော ဝေါဟာရဖြင့် မသုံးစွဲလိုပေ၊ အမည်မပေးလိုပေ၊ သူတစ်ပါးက ထိုဝေါဟာရဖြင့် သူ့.ကို ခေါ်ဝေါ်သုံးစွဲ လာလျှင်လည်း တားမြစ်လေ့ရှိပေ၏၊ စကားလုံးက ကြီးလွန်းသည်ဟု ပြောလေ့ရှိပေ၏၊ သူ့.လုပ်ငန်းက သဲကန္တာရကြီးက "အိုအေစစ်" (ကန္တာရ ခေမန္တဘူမိ) လေးမျှသာ ခံယူထားပေ၏၊ သို့.သော် သူကား

http://www.dhammadownload.com

အမေရိကန်, အင်္ဂလန်, ဂျာမန်, ဩစတျေးလျ, ကိုရီးယား, မလေးရှား, စင်္ကာပူ, သီရိလင်္ကာ, နီပေါစသော နိုင်ငံများတွင် တရားဂုဏ်ရည်များကို လက်လှမ်းမှီရာ၌ ဖော်ပြပေးလေ၏၊ သူက သူ့လုပ်ငန်းကို "ဓမ္မဂုဏ်ရည်ပြ ဓမ္မဒူတ လုပ်ငန်း"ဟု သုံးနှုန်းလေ့ရှိပေ၏၊ ထိုပုဂ္ဂိုလ်ကား ကျေးဇူးရှင် မဟာစည်ဆရာတော်ကြီး၏ တပည့်, ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ ရိပ်သာ ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသ ဖြစ်ပေ၏၊ ဘုရားရှင်၏ ဒေသနာ နည်းကျ မဟာစည် ဆရာတော်ကြီး၏ ဩဝါဒအရ သတိပဌာန် တရား ဂုဏ်ရည်များကို ပြသပေး ပေ၏၊ လက်တွေ့ကို စာတွေ့ဖြင့် နှီးနှောပြသည်၊ စာတွေ့ကိုလည်း လက်တွေ့နှင့် ပေါင်းစပ်ပြသည်၊ အနောက်နိုင်ငံများ၌ တချို့တရားပြသနေကြ သူတို့သည် လက်တွေ့မျှသာရှိပြီး စာတွေ့မရှိကြပေ၊ တချို့ တရားပြသူတို့ကလည်း စာတွေ့သာရှိပြီး လက်တွေ့မပါကြချေ၊ စာတွေ့-လက်တွေ့ ပိုင်ပိုင်နိုင်နိုင် တရားပြသနိုင်သူကား ရှားပါးလှပေ၏၊ အနောက်တိုင်းသားတို့ ဆရာတော် ပြသည့်အတိုင်း တရားအားထုတ်လို့ တရားသဘောလေးတွေ တွေ့လာတဲ့အခါ တရားတော်၏ မှန်ကန်ကြောင်းကို လက်ခံလာကြ၏၊ တရား တော်၏ မှန်ကန်ကြောင်းကို သိမြင်လာတဲ့အခါ တရားတော်ကို ဟောခဲ့တဲ့ ဘုရားရှင်၏ မှန်ကန်မြင့်မြတ်ကြောင်းကိုလည်း လက်ခံလာကြပေ၏၊ တရားမြင်တော့ ဘုရားကို မြင်လာကြပေ၏၊ ငါ ဒီ တရား အားထုတ်လို့ တရားသဘောလေးတွေ သိသလို အခြား သိသူတွေလည်း ရှိ၏ဟု နားလည်ပြီး သံဃာတော်ကိုလည်း လက်ခံကြပေ၏၊ တရားမြင်တော့ သံဃာတော်ကို လည်း မြင်လာကြပေ၏။

စာရေးသူလည်း ဆရာတော်နှင့် အမေရိကသို့ ဓမ္မဂုဏ်ရည်ပြ ဓမ္မဒူတ ခရီးတွင် လိုက်ပါသွား၍ ထိုခရီးနှင့် ထိုဓမ္မဂုဏ်ရည်ပြ လုပ်ငန်း၏ အခြေ အနေတို့ကို သိရှိရပါသည်၊ ဓမ္မဒူတခရီး ကြွရာဝယ် အစစအရာရာ လွယ် လွယ်ကူကူ ချောချောမောမောချည်း ရှိသည်တော့ မဟုတ်ပါ၊ အခက်အခဲ တွေ့ရသည့်အခါလည်း ရှိပေသည်၊ အစားအစာအတွက် အခက်အခဲ တွေ့ ရသည့်အခါလည်း ရှိပေသည်၊ လေယာဉ်ပေါ်တွင် တစ်နေ့လုံး နာရီပေါင်း (၂၀)ကျော် စီးပါသွားရသည် ဖြစ်၍ အရုဏ်နှင့် နေ့အတွက် ပေါင်မုန့်(၂)ချပ်



ဦဝန်ဘယ်စေးဘဟးရှင်-းရှင်း ဒီဘဘဝဇေးဦ ယဖယကဂ္ဂိယ

http://www.dhammadownload.com

http://www.dhammadownload.com

)ချပ်နှင့် အာဟာရကိစ္စ ပြီးရသည့် အခါလည်း ဆရာတော်အဖို့ မနည်းတော့ ပ၊ ရင်ပူပူရှိလို့ လာကပ်သော ဖျော်ရည်တို့ကို သောက်သည့်အတွက် ဓာတ် ကြ်သည့် အခါလည်း ရှိပေသည်၊ ခါးပတ်ကလည်း ပတ်ထားသည့်အတွက် ဝိုင်ခုံပေါ်တွင် မလှုပ်သာ မလှဲ့သာ လိုက်ပါခဲ့ရ၍ ညောင်းကိုက်ကာ ခြေ ထောက်မှာလည်း သွေးကျပြီး ယောင်နေပါတော့သည်။

Local timeခေါ် ရောက်ရာဌာန၏ အချိန်ဖြင့်သာ ဆရာတော်သည် အာဟာရကိစ္စ ပြုတော်မူသည်၊ Local timeက အချိန်လွန်သွားလျှင် အာဟာရ ကိစ္စ ပြုတော်မမူပေ၊ ထိုင်းမှ ဂျပန်သို့အသွား ထိုင်းလေယာဉ်မယ်များက ထိုင်းစံချိန် (၁၁)နာရီလောက်၌ နေ့ဆွမ်းလာကပ်ရာ Local timeအရ (၁၂) နာရီလွန်သွားပြီမို့ ဆွမ်းကိစ္စ ပြုတော်မမူရပေ၊ လေယာဉ်မယ်တို့သည် ဘုန်းကြီးတို့အား စားသောက်ဖွယ်ရာတို့ကို ကပ်ရသည်ဆိုသော ဝိနည်း စည်းကမ်းကို နားမလည်ကြပေ၊ ထို့ကြောင့် ထိုင်းနှင့် အမေရိကန် လေ ယာဉ်မယ်တို့သည် စားသောက်ဖွယ်တို့ကို ခုံပေါ်ချရုံသာ ချပေးသွားလေ သည်၊ ဒါကိုရှင်းရပြရသည်၊ လာပေးသည့်အခါ အကပ်ခံဖြစ်အောင် အကပ် ခံရသည်၊ ဖျော်ရည်အဖတ်ပါလျှင် ကပ္ပိစရာပါလျှင် ဆရာတော်သည် စီစစ် မေးမြန်းတော်မူသည်၊ မြန်မာ၌ ညသည် အမေရိက၌ နေ့၊ မြန်မာ၌ နေ့သည် အမေရိက၌ ညဖြစ်နေ၍ နေ့ညလွဲကာ အိပ်ရသည်မှာက ပြောင်းကပြန် ဖြစ် နေပေသည်၊ (၁)ပတ်(၂)ပတ်နှင့် အသားမကျသေးပေ၊ အနောက်တိုင်း အစားအစာတို့ကို စားရသည့်အခါ ဆားမပါ၍ ပေါ့လှသည်၊ တခါတရံလည်း ချိုရဲရဲရှိတတ်သည်၊ မည်သို့ပင်ဖြစ်စေ ဆရာတော်သည် အရသာက လျှာပေါ် ခဏပဲ၊ ကျန်းမာဖို့ အရေးကြီးသည်ဟု မိန့်ကာ အရသာ မတွေ့သော်လည်း လုံလောက်မျှတအောင် ဘုဉ်းပေးပေသည်၊ ကပ္ပိယကာရက မောင်ခင်မောင်ဌေး၏ အချက်အပြုတ်ကောင်းမှုကြောင့် အာဟာရအတွက် အဆင်ပြေသည်က များသည်။

ဓမ္မဝုဏ်ရည်ပြ လုပ်ငန်းတွင်လည်း အခက်အခဲ တွေ့ရပေသေးသည်၊ အနောက်တိုင်းက မိန်းမတို့သည် ယောကျ်ားတို့နှင့် တန်းတူအခွင့်အရေး ရရမည်၊ ယောကျ်ားတို့နှင့် ရင်ဘောင်တန်းခွင့် ရရမည်ဟု ပြောဆိုကြ၏၊

http://www.dhammadownload.com

လက်ခံကျင့်သုံး ကြ၏၊ ထိုမိန်းမတို့ကို မြန်မာနိုင်ငံမှ အမျိုးသမီး ယောဂီများ နည်းတူ အမျိုးသားယောဂီတို့နောက်၌ တရား‌ထိုင်, တရားနာရာတွင် နေရာ ယူစေ၏၊ ဤနေရာပေးနည်းကို ထိုအမျိုးသမီးတို့ မကျေနပ်ကြ၊ လက်မခံ ကြချေ၊ ယောက်ျားတို့နှင့် ရင်ဘောင်တန်း အခွင့်အရေး ရစေရမည်ဟု တောင်းဆိုလာကြ၏၊ ယောက်ျား-မိန်းမ ရောနော ထိုင်စေလျှင် လိုင်းပူး နိုင်သဖြင့် အမျိုးသမီးတို့ကို တစ်ဘက်သန်.သန်., အမျိုးသားတို့ကို တစ် ဘက်သန်.သန်. မျဉ်းပြိုင်နေရာယူစေရ ပါသည်၊ ဆရာတော် တရားဟော သည့်အခါ "သူသည် တရား‌ထိုင်၏"ဟု ပြောလျှင် ဘာသာပြန် ဦးမြသောင်း မှာ "သူသည်-သူမသည် he or she"ဟု ဘာသာပြန်ပေး ရလေ၏၊ ထို စကားလုံးမျိုးကို ဘာသာပြန်သည့် အခါများတွင် များစွာသတိထား၍ ပြန် ပေးရလေသည်။

ဆရာတော်သည် နေ့တိုင်း တရားဟော ဘုရားရှိခိုး၊ သရဏဂုံတို့ကို ဆိုစေ၍ ရှစ်ပါးသီလကိုလည်း ယူစေပါသည်၊ ဗုဒ္ဓဘာသာဝင် မဟုတ်သူတို့ အနေဖြင့် ဘုရားကို ရှိမခိုးပဲ နေလိုက နေနိုင်ပါတယ်ဟု ခွင့်ပြုတော်မူ၏၊ သို့သော် ကိုယ်တွင်းငြိမ်းချမ်းရေး လိုလား၍ တရားလာအား‌ထုတ် သူတို့ အနေဖြင့် ကိုယ်တွင်း ငြိမ်းချမ်းရေး ရအောင် နည်းလမ်းပေးတော်မူတဲ့ ဘုရား ရှင်ကို ဦးတိုက်တာကတော့ သဘာဝကျပါတယ်ဟု မိန့်ကြားတော်မူ၏။

ဗုဒ္ဓဘာသာ မဟုတ်သူတို့ကို သရဏဂုံသုံး ပါးယူစေဖို့ အတင်းအကြပ် တိုက်တွန်းလျှင် နှစ်သက်ကြမည် မဟုတ်၊ လက်ခံကြမည် မဟုတ်ပေ၊ သရဏဂုံ ယူသင်ပုံနှင့် စပ်လျဉ်း၍ ဆရာတော်၏ ရှင်းပြပုံကို စာရှုသူတို့ လေ့လာကြည့်နိုင်ပါသည်။

"ရောဂါ ဝေဒနာရှင်၏ ဝေဒနာကို ပျောက်ကင်းအောင် ကုသပေးနိုင်တဲ့ သမား‌တော်ကြီးကို ဆဒနာရှင်က သူ.ရဲ. အား‌ကိုး‌ရာလို. မှတ်ယူသလို ထို. ဆတူ ကိုယ်တွင်း ကိလေသာရောဂါဝေဒနာရှင်၏ ကိလေသာရောဂါဆေးနာ ကို ပျောက်ကင်းအောင်, ကိုယ်တွင်းငြိမ်းချမ်းမှု ရအောင် ကုသပေးနိုင်တဲ့ ဘုရား‌ရှင် ကို အား‌ကိုး‌ရာအနေနဲ့. အသိအမှတ်ပြုတာ ပါပဲ။

သမား‌တော် ညွှန်ကြား‌တဲ့ ဆေး‌ကို သောက်သုံး‌မှီဝဲလို. ရောဂါပျောက်

http://www.dhammadownload.com



ဘာသာပြန်သူ ဦးမြသောင်း ဘာသာပြန်ပေးနေစဉ်

http://www.dhammadownload.com

သည့်အတွက် ဝေဒနာရှင်က ထိုဆေးကို အားကိုးရာလို. မှတ်ယူသလို ဘုရားရှင် ညွှန်ကြားထွဲ့ဲ့ တရားဆေးကို သောက်လို. ကိလေသာရောဂါ ပျောက်သည့် အတွက် ကိလေသာဝေဒနာရှင်က ထိုတရားဆေးကို အားကိုးရာအဖြစ်နဲ့. အသိအမှတ်ပြုတာ ပါပဲ။

ကိုယ်တွင်းကိလေသာ ရောဂါတွေကို ကိုယ်တိုင် ငြိမ်းသတ်၍ ကိုယ်တွင်း ငြိမ်းချမ်းမှု ရနေပြီး ထိုငြိမ်းချမ်းမှုရခကြောင်း နည်းလမ်းကောင်းကို လက်လှမ်းမှီရာ ပုဂ္ဂိုလ်တို့.အား လက်ဆင့်ကမ်းပေးနေသည့် ပုဂ္ဂိုလ်တို့.ကိုလည်း အားကိုးရာအနေနဲ့. အသိအမှတ် ပြုတာပါပဲ။"

အနောက်တိုင်းသားတို့.သည် သီလကို အလေးမထားချင်ကြချေ၊ သီလထိန်းဖို. ဝန်လေးကြလေ၏၊ ထိုသူတို့.ကို သီလထိန်းဖို. ဟောရသည်မှာ မလွယ်ကူလှပါချေ၊ သို.သော် ဆရာတော် မိန့်ကြားပုံမှာ မှတ်သားစရာကောင်းလှပါ၏။

"စိတ်ဓာတ်ဖွံ့.ဖြိုး၊ အသိဉာဏ်တိုးစေနိုင်တဲ့ တရားအလုပ်ကို လုပ်ရာမှာ ကိုယ်မှု, နှုတ်မှု စင်ကြယ်ဖို. လိုပါတယ်၊ ကိုယ်မှုနှုတ်မှု မစင်ကြယ်ယင် စိတ်မစင်ကြယ်၊ စိတ်မစင်ကြယ်ယင် စိတ်ဓာတ်မဖွံ့.ဖြိုး၊ အသိဉာဏ် မတိုးပွားနိုင်ပေ။

သစ်ပင်တစ်ပင်ဟာ သစ်ကိုင်း ကျိုးနေယင် သို.မဟုတ် ညှိုးနေယင် အသီး မသီးနိုင်၊ မဖွံ့.ဖြိုးနိုင်၊ ထို.အတူပင် သီလသစ်ကိုင်း ကျိုးနေယင်၊ ညှိုးနေယင် မဂ်သီးဖိုလ်သီး မသီးနိုင်၊ မဖွံ့.ဖြိုးနိုင်ပေ။

အနောက်တိုင်းသားတို့.သည် တင်းကြပ်မှုကို မကြိုက်ကြပေ၊ ထို.ကြောင့် တရားစခန်း အစပိုင်း၌ သိပ် မတင်းကြပ်ပေ၊ သို.သော် ဆရာတော်သည် ဝက်အူရုစ်လို တစ်ရစ်ပြီး တစ်ရစ် တင်းကြပ်ပေးပေသည်၊ ကြပ်မတ်ခြင်းသည် အဆင်းတွန်းချခြင်း မဟုတ်၊ ကြပ်၍(မ)တင်ပေးခြင်း ဖြစ်ကြောင်း၊ ဘုရားရှင်ကလဲ ကြပ်၍(မ)တင်ပေးကြောင်း မိန့်တော် မူရပါသည်၊ သူတို့.သည် အတွေးအခေါ် အယူအဆတစ်ခုကို "ဘာလဲ၊ ဘာကြောင့်လဲ၊ ဘယ်လိုလဲ"ဟု တွေးလေ့ ဝေဘန်လေ့ ရှိကြ၏၊ "blind faith-အကန်းယုံ ယုံခြင်း" လက်မခံလိုကြချေ၊ [illegible]းသမားနှင့် လက်တွေ့လုပ်ငန်းသည် ကျော

http://www.dhammadownload.com

ချင်းကပ်ပြေး နေသူတို့နှင့် တူလှပေ၏ ၊ လက်တွေ့၌ အတွေးသည် တရားရ နေးစေတတ်၏ ဥာဏ်ယောင်ဆောင်သော ဝိစိကိစ္ဆာသည် ကုစားရ ခက်လှပေ၏ ၊ အတွေးမများဖို့, ညွှန်ကြားသည့်အတိုင်း လုပ်ဖို့ မကြာမကြာ မိန့်တော်မူရသည်၊ သူတို့သည် ဆင်ခြေဆင်လက်တွေလဲ များလွန်းသည်၊ Barre ကမ္မဌာန်းဌာန သို့ ၁၉၈၄ – ခုနှစ် ပဌမတစ်ခေါက် ကြွစဉ်က အခက် အခဲများစွာ တွေ့ရပေသည်၊ ထို့ကြောင့် ဆရာတော်သည် ဤတစ်ခေါက် သည် ပဌမဆုံးနှင့် နောက်ဆုံး ဖြစ်စေမည်ဟုပင် စိတ်ဖြစ်မိပေသည်၊ သို့ သော် ယခုအခါ၌မူ အချိုးကျ ဗုဒ္ဓသာသနာဝင်တွေ များစွာရှိနေလေပြီ၊ ယခင်ကလောက် အခက်အခဲ မရှိတော့ပေ၊ စတင်၍ ခြုံထွင်ခုတ်ရှင်းရာတွင် ခက်ခဲပင်ပန်းသည်မှာ ဓမ္မတာပါတည်း၊ ဆရာတော်သည် သူ၏နောင်လာ နောက်သားတပည့်တို့ကို လမ်းရိုးဟောင်းတွင် ဆင့်ကာထွင် ပြုပြင်ကာမျှ လွယ်ကူစွာရှစေဖို့ ခြုံနွယ်ပိတ်ပေါင်း အရှုပ်တွေကို ခုတ်ထွင်ရှင်းလင်း ပေးတော်မူနေပါ သတည်း။

http://www.dhammadownload.com

ဦးကျိုးမခံသောဆရာတော်

၁၉၈၄ – ခုနှစ်၊ ဧပြီလတွင် ပဌမအကြိမ် ပန်ကြားလျှောက်ထားကြ၏၊ သို့သော် ရည်ရွယ်ချက် မအောင်မြင်၊ သူတို့ကား လက်မလျှော့ကြ၊ ဒုတိယအကြိမ် ကြိုးစားကြပြန်၏၊ သူတို့ မျှော်လင့်ချက်သည် အကောင်အထည် ဝေါ်မလာ၊ တတိယအကြိမ် ထပ်မံကြိုးစား ကြပြန်၏၊ ထိုအခါ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသသည် စဉ်းစားရလေပြီ၊ အမေရိကမှ တပည့်ယောဂီများ၏ ကြိုးစားမှုနှင့် မွန်မြတ်သောဆန္ဒကို အလေးထားရလေပြီ၊ ဆရာတော်ဘုရားသည် နိုင်ငံခြားသို့ ကြွရောက်လိုသောဆန္ဒ မရှိသော်လည်း တပည့်များ၏ မွန်မြတ်သော အစီအစဉ်ကို လက်ခံရလေပြီ၊ ထိုလိုလားချက်ကို ဖြည့်စွက်ပေးဖို့နှင့် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး မျိုးစေ့ချပေးခဲ့သော သတိပဌာန်သစ်ပင်ကို ရှင်သန်ကြီးထွားလာအောင် ဆောင်ရွက်ပေးဖို့ တာဝန်ရှိသည်ဟု သဘောပိုက်ရလေပြီ၊ ပြည်ပရောက် မြန်မာတစ်စု တရားမေ့နေလျှင် မမေ့အောင် သတိပေးဖို့နှင့် ပြည်ပရောက် မြန်မာကလေးများကို မြန်မာစကား, မြန်မာစာ, မြန်မာစာပေ, မြန်မာ့ယဉ်ကျေးမှု, ဗုဒ္ဓယဉ်ကျေးမှုတွေ မပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် သတိပေးတိုက်တွန်း ဆောင်ရွက်ပေးနိုင်သည်ဟုလည်း တွက်ဆတော် မူရလေပြီ၊ သို့သော် နိုင်ငံခြားတွင် သူလိုချင်သော စည်းကမ်းတို့ကို သတ်မှတ်ပေးတော် မူခဲ့သည်။

၁။ ကပ္ပိယကာရကပါရမည်။ ၂။ ဘာသာပြန်ပါရမည်။ ၃။ သဟသေယျ အာပတ် လွတ်နိုင်သောနေရာ ဖြစ်ရမည်။ ၄။ တရားအားထုတ်လိုသော ယောဂီများသည် အချိုးကျယောဂီများ ဖြစ်ရမည်။

သူတို့၏ တရားလိုလားသော ဆန္ဒကား မည်မျှပြင်းပြကြသည်ကို အလွယ်တကူပင် သိနိုင်ပါသည်၊ ကပ္ပိယကာရကနှင့် သာသာပြန်တို့ အတွက် လေယာဉ်ခရီးစရိတ်,၊ စားရေး - သောက်ရေး – နေရေး - ထိုင်ရေး – ကျန်းမာရေးတို့ပါ တာဝန်ယူကြရ ပေမည်၊ သာမန် တရားလိုလားရုံမျှ ဆိုလျှင် ဤ

http://www.dhammadownload.com

(၂)ချက်ဖြင့်ပင် တွန့်ဆုတ်သွားဖွယ် ရှိပေသည်၊ မြန်မာပြည်မှ အမေရိကန်ပြည်ထိ လေယာဉ်ခရီးစရိတ်သည်ပင် တစ်ယောက်အတွက် သိန်းနှင့်ချီ၍ ရှိပေသည်၊ ဤမျှမက မာတုဂါမများနှင့် ကင်းလွတ်သော (သဟဿဝယျ အာပတ် လွတ်နိုင်သော) နေရာလည်း ဖြစ်ရမည်တဲ့၊ ထိုနေရာ ရှိ.လည်း မလွယ်ကူလှပါချေ၊ သို့ပေမဲ့ ဒါကိုလဲမဖြစ် ဖြစ်အောင် စီစဉ် ကြမည်တဲ့၊ နောက်ဆုံး (၄)ခမြောက် အချက်ကိုကား မရနိုင်လောက်ဟု ယူဆပြီး ဆရာတော်သည် သတ်မှတ်ပေးလိုက် ပေသည်၊ သို့သော် ဒါကိုလဲ ဖြစ်အောင် လုပ်ပေးပါမည်ဟု ကတိပေးလာကြပြန်၏ ။

ဆရာတော်သည် ယောဂီ မမှား၍ နေပါစေ၊ အချို့ကမူ ယောဂီတို့ကိုသာ လိုလား၍ တော်မူသည်၊ လာရောက်အား၍ထုတ်ကြသော ယောဂီထဲမှ တရား ကို တာ၊တင်း၊ကျပ်ကျပ် အား၍ထုတ်ရတာ မကြိုက်လို. ပြန်ချင်ပြန်ကြပါစေ ၊ တာ၊တင်း၊ရင်း၊ရင်း အား၍ထုတ်သည့် ယောဂီတို့ကိုသာ တရားပြပေး၍လိုတော် မူပေသည်၊ ထို.ကြောင့် ယခို(၄)ခမြောက် အချက်ကို သတ်မှတ်ပေး၍ခဲ့ပေသည်၊ ဆရာတော်သည် ဦး၊ကျိုး၊သွား၊လျင် ပဲ့နှင့်တိုက်ပို. မလွယ်ကူကြောင်း၊ကို သိ ထား၍တော်မူ၍ အချို့၊ကမူဖြစ်အောင် စည်း၊ကမ်း၊သတ်မှတ်ပေး၍တော် မူပေသည်၊ ကြွရောက်တရား ပြသသည့်အခါ၌လည်း အချို့၊မကျေး၊သည့် အရာတို့ကို ခေတ္တ.လျင် သွယ်ဝိုက်တန်သွယ်ဝိုက်၍၎. တဲ့တို၊ပြောမှ ရမည်ဆိုလျင် တဲ့တို၊ ပင် ပြောကာ ပြုပြင်ခဲ့ရပေသည်၊ အကျိုးတို၌ ယဉ်ကျေး၍မှုနှင့် ဆန့်ကျင်သော အနောက်တိုင်း ယဉ်ကျေး၍မှုတို့ကို ပြုပြင်ပေး၍ရသည့်အခါ မလွယ်ကူလှပါချေ၊ ဥပမာ - သူတို့ အနောက်တိုင်း၊သူများက အမျိုး၊သမီး၊တို့သည် အမျိုး၊သား၊များ နှင့် တန်းတူအခွင့်အရေး ရစေရမည်တဲ့၊ ဤကိစ္စကိုလည်း ပြုလည်အောင် စီစဉ်ပေး၍ထား မူရပေသည်၊ အနောက်တိုင်း၊သား ယောဂီများတွင် ဆရာမျိုး၊စုံနှင့် တရား၊အား၍ထုတ် ခဲ့ကြသည့် ယောဂီတို့လည်း ပါလာကြသည်ဖြစ်၍ မှန်ကန် ၊ ၊ ၊

http://www.dhammadownload.com

ပဌာန် ရှုမှတ်မှုဖြင့်သာ အချိန်ကုန်လွန် စေပါသည်။

ဆရာတော်သာ ခပ်ပျော့ပျော့လုပ်ပြီး လိုက်နာရမည့် စည်းကမ်းတို့ကို အလျော့ပေးခဲ့ပါလျှင်, အမုန်းခံရမှာကို စိုးရိမ်ပြီး ကြောက်ပြီး သူတို့အလိုကို လိုက်ခဲ့ပါလျှင်, လုပ်သင့်သည်တို့ကို ပြတ်ပြတ်သားသား မလုပ်ခဲ့ပါလျှင် နောင်နောင်အခါ၌လည်း ဤအနောက်တိုင်းယောဂီများသည် အချို့ကျ ယောဂီများ ဖြစ်လာဖို့ရာ မလွယ်ကူပါပေ၊ အချို့ကျ ယောဂီများ ဖြစ်လာအောင် ထပ်မံကြိုးစားရပါလျှင်လည်း ကျိုးပြီးသောဦးကို ပဲ့နှင့်တိုက်ရသကဲ့သို့ နေပေလိမ့်မည်။

ယခုအခါ သူတို့သည် ရဟန်းသံဃာတွေ့လျှင် လက်အုပ်ချီလေ့ရှိလာကြပေသည်၊ ရဟန်းသံဃာတို့ကို ဦးတိုက်လာကြပေသည်၊ သရဏဂုံ, ငါးပါး, ရှစ်ပါးသီလ, အာဇီဝဋ္ဌမကသီလတို့ကို ခံယူကျင့်သုံး နေကြပြီ၊ တရားတော်ကို ရိုသေစွာ နားကြားတတ်ကြပေပြီ၊ ရဟန်းခံ, သီလရှင်ဝတ်သည့် အခမ်းအနားတို့ကို အတွေ့အကြုံ ရှိနေကြလေပြီ၊ ရဟန်းဝတ် - သီလရှင်ဝတ် သူတို့လဲ ရှိလာကြပေပြီ၊ ရဟန်းဝတ်သူတို့သည် ရဟန်းတို့၏ ကျင့်ဝတ်, ဒေသနာကြားပုံ, ဥပုသ်နေ့တွင် ဥပုသ်ပြုပုံ စသည်တို့ကိုလည်း သိရှိလာကြပေပြီ၊ ရဟန်းသံဃာတို့အနီး နှစ်တောင့်ထွာအတွင်း ရောက်ပြီး စားဖွယ်သောက်ဖွယ်တို့ကို ဆပ်ကပ်ရပုံ, ပြန်၍ပေါက်နိုင်သည့် မျိုးစေ့ပါသည့် သစ်သီးသစ်ရွက်တို့ကို "ကပ္ပိယံ ကရောဟိ" ဟု ရဟန်းက ဆိုသောအခါ သူတို့က "ကပ္ပိယံ ဘန္တေ" ဟု ဆိုကာ သစ်ရွက်ဆိုလျှင် ပြတ်သွားအောင်, သစ်သီး ဆိုလျှင် ပေါက်သွားအောင် ပြုလုပ်ရပုံ(ကပ္ပိရပုံ)တို့ကို နားလည်လာကြပေပြီ၊ ရဟန်းသံဃာဆိုတာ မာတုဂါမများနှင့် တစ်မိုးတစ်ရံတည်းသောနေရာမှာ မအိပ်ကောင်းဘူး ဆိုသည့် ဝိနည်း, နဝကမ္မဝတ္ထုတွေကို ကိုယ်တိုင်ခံယူခြင်း , အခြားသူတို့ကို ခံယူစေခြင်း အနီးဌ၌ ချထားသည်ကို သာယာလက်ခံခြင်း မပြုရ ဆိုသည့် ဝိနည်းကိုလည်း သိနေကြပေပြီ။

မြန်မာပြည်မှာ နေရာများစွာတို့၌ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းတွေ ပြုလုပ်ပေးနေကြပေပြီ၊ အမေရိကမှာလည်း ဗုဒ္ဓယဉ်ကျေးမှုတွေကို စာတွေ့ လက်တွေ့သင်ကြားပေးနေပြီ၊ ဒီနှစ်သင်တန်းတွင် ဆရာတော်က ဟိရိဩတ္တပ္ပ

http://www.dhammadownload.com

အရကြောင်းရှင်းပြရန် သင်တန်းသားများ နေရာယူထားသည့် နေရာသို့ ကြွလာလေသည်၊ ကြပ်မတ် စောင့်ရှောက်ပေးကြသည့် လူကြီးများက ထိုင်စရာအမြင့်နေရာတို့ကို စီစဉ်ပေးထားသဖြင့် ကလေးများက ထိုနေရာတို့၌ ထိုင်နေသည်ကို တွေ့ရသော ဆရာတော်ဘုရားက ချက်ချင်း နေရာတို့ကို ပြင်ထိုင်စေတော်မူ၏၊ ထိုသို့ အနိမ့်နေရာတို့၌ ထိုင်နိုင်းရခြင်းသည် အရိုသေခံလို၍ မဟုတ်ကြောင်း, ပညာသင်ယူသူက ပညာသင်ပေးသူထံမှ ပညာသင်ယူသည့်အခါ မြင့်မြတ်သော နေရာ၌ ထိုင်တာ မသင့်မြတ်ကြောင်း မိန့်တော်မူပေသည်၊ အချို့မကျသောလုပ်ရပ်များ မသင့်တော်သော ကိစ္စများတွင် ဦးကျိုးသွားလျှင် ပဲ့နှင့်တိုက်၍ မလွယ်တော့သဖြင့် အနောက်တိုင်းသားတို့အား အချို့မကျသော ကိစ္စများ၌ ဦးကျိုးဖွင့် မပေးပေ၊ ဦးကျိုးမခံပါပေ၊ ဤသည်တို့ကား နိုင်ငံခြားတွင် ဓမ္မဂုဏ်ရည်ပြတော်မူသော ဆရာတော်၏ စွမ်းဆောင်မှု တစ်စိပ်တစ်ဒေသတို့ပါတည်း၊ မှန်ကန် အကျိုးများသည့် လုပ်ငန်းတို့၌ ပြတ်သားမှု သတ္တိရှိမှုတို့သည် လိုအပ်ကြောင်း သင်ခန်းစာ ယူနိုင်ပါသတည်း။

• • • •

http://www.dhammadownload.com

ကြယ်မျာ့းအလယ်က လဝန်းသဖွယ်

BOSTON မြို့လေဆိပ်မှ I.M.S ကမ္မဋ္ဌာန်း ဌာနသို့ (၂)နာရီကြာ ကားဖြင့် လာခဲ့ရပေသည်၊ Spring ရာသီဖြစ်၍ လမ်းတလျှောက်တွင် သစ်ပင်တို့သည် ရိုးတံချည့် ဖြစ်နေရာမှ ရွက်နုလေးတွေ ဝေစပြုနေပေပြီ၊ အချို့သစ်ပင်တို့မှာ နီရဲရဲ, အချို့သစ်ပင်တို့မှာကား စိမ်းနုနု စိမ်းဝါဝါ ရွက်နုတွေ ဖြာနေပါ၏၊ ထိုမြင်ကွင်းကို မြင်ရသည့်အခါ မွေးကင်းစကလေး လသားအရွယ် (၁)နှစ် (၂)နှစ်သား အရွယ်ကလေးမျာ့းကို မြင်နေရသည့်အလား စိတ်ထဲမှာ ခံစာ့းမိပေသည်၊ သစ်ပင်တောတန်းမျာ့းနှင့် BARRE မြို့ကလေးကို ကျော်ဖြတ်ပြီး I.M.Sကမ္မဋ္ဌာန်း ဌာနသို့ ရောက်ခဲ့ ရလေပြီ၊ (၈၀)သော အနောက်တိုင်းသား ယောဂီတို့လည်း ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသနှင့် တပည့်မျာ့းဖြစ်ကြသည့် အင်္ဂလန်မှ အရှင်ပညာဒီပ, အရှင်ပညာသာမိနှင့် ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှ အရှင်ဓမ္မိကာဘိဝံသတို့၏ ညွှန်ပြမှုကို ခံယူကာ တရာ့း စတင်ရှုမှတ်နေကြ ပေပြီ၊ အစပိုင်းတွင် သူတို့၏ တရာ့းရှုမှတ်မှုနှင့် ရှုသိမှုတို့သည် နီရဲရဲရွက်နုလေးတွေသဖွယ် နုနုနယ်နယ် သာ ရှိကြသေးပေ၏၊ ဤစခန်းသည် (၂)လစခန်းဖြစ်၍ အား့းထုတ်သည့် ရက်အရေအတွက်နှင့် ရှုမှတ်မှုအင်အား့း များလာသည်နှင့်အမျှ သူတို့၏ ရှုသိဉာဏ်သည်လည်း စိမ်းနုနု, စိမ်းဝါဝါ ရွက်နုလေးတွေသဖွယ် အတန်ငယ်တိုး့တက် ရင့်ကျက်လာကြပေပြီ။

ကမ္မဋ္ဌာန်းဌာန၏ အရှေ့, အနောက်, တောင်, မြောက် အရပ်မျက်နှာတို့သို့ မျက်စိတစ်ဆုံး့ ကြည့်လိုက်ပါလျှင် ရှည်လျားသော တောတန်းကြီးမျာ့း နှင့် တောင်တန်းမျာ့းကိုသာ မြင်တွေ့ရပေသည်၊ (၂)ပတ် (၃)ပတ်လောက် ကြာသောအခါ၊ သစ်ပင်တိုင်း့တွင် ရွက်နုတွေ စုံစုံညီညီ ဝေဆာနေလေတော့ပြီ၊ နေသာတဲ့ နေ့မျာ့း ဖြစ်လျှင်မူ ရွက်နုတွေ ဝေဆာနေသော ထိုသစ်ပင်မျာ့းကို ကြည့်ရှုရသည်မှာ စိတ်ဝယ်လန်း့ဆန်း့မှု , နုပျိုမှုတို့ကို ခံစာ့းရပေသည်၊ ရွက်နုတွေ ဝေဆာနေသော ထိုသစ်ပင်မျာ့းဆည် နုပျိုလန်း့ဆန်း့မှု ပြည့်စုံ

http://www.dhammadownload.com

နေသည့် (၁၇)နှစ်(၁၈)နှစ်အရွယ် လူငယ်ကလေးများနှင့် တူနေပါတော့သည်၊ ကမ္ဘာန်းဌာန၏ ပတ်ဝန်းကျင်တွင် ရွက်နေတွေနှင့် သစ်ပင်များသည် တစ်ရက်ထက်တစ်ရက် ပို၍ပို၍ ရင်းကျက်လာသကဲ့သို့. အိပ်ချိန်(၄)နာရီကို ချန်လှပ်၍ ကျန်အချိန်များ၌ မပြတ်တရစပ် ရွမှတ်နေကြသော ယောဂီတို့၏ ရွသိဉာဏ်သည်လည်း ပို၍ပို၍ ရင့်ကျက်လာကြပေပြီ၊ (၁)လကျော်လောက် ကြာလာသောအခါ ပတ်ဝန်းကျင်တွင် မြင်မြင်ရသမျှ သစ်ပင်အပေါင်းတို့. သည် စိမ်းရင့်ရောင် လွှမ်းနေကြပေပြီ၊ အသီဉာဏ်ရော၊ အရွယ်ပါ ရင့်ကျက်လာသော လူကြီးများသဖွယ် ရင့်ကျက်လာကြပေပြီ၊ စိမ်းစိုညိုမှောင်လာကြပေ ပြီ၊ ထို့အတူပင် ယောဂီတို့.သည်လည်း (၁)လကျော်(၂)လနီးပါး ရောက်လာသောအခါ ပိုမို ရင့်ကျက်တည်ငြိမ်ကာ တရားအရှိန် ကောင်းလာကြပေပြီ၊ အိပ်ချိန်ငံတွေ လျော့ကာ တရားကို တိုး၍ တိုး၍ မှတ်လာကြပေပြီ၊ အမှတ်လွတ်တာတွေ နည်း၍မှတ်နိုင်တာတွေ များလာကြပေပြီ၊ အသစ်အသစ်တွေ့.လာ ရသော တရားအတွေ့.တို့.သည် သူတို့.၏ တရားအား ထုတ်လိုသည့် ဆန္ဒနှင့်ဝိရိယကို တိုးမြှင့်၍ ပေးလာပေပြီ၊ (၃-၄-၅)နာရီ ထိုင်ကြသည်အထိ ကြိုးစားလာ ကြပေ၏။

စာရေးသူအနေဖြင့် တရားပြသရာဝယ် ကျမ်းကျင်မှု, အင်္ဂလိပ်စကားပြောနိုင်မှုအင်အား မကောင်းသေး၍ တရားပြသပေးရာတွင် ကွေ့ကြုံတတ်သောအခက်အခဲတို့.ကို ဖြေရှင်းပေးပို့.ရာ ဝန်လေးနေမိပါသည်၊ သို့.သော် တရားပြသရာတွင် ကျမ်းကျင်လှသော ကျေးဇူးရှင်ဆရာတော်ဘုရား ပါရှိနေ၍ အားရှိမိပါသည်၊ ခက်ခဲသော မေးခွန်းတို့.ကို မေးလာသည့်တိုင် ငါမဖြေနိုင်လျှင် ဆရာတော်ဖြေပေးလိမ့်မည် ဟူသောအတွေးကြောင့် စိတ်မလေးလှပေ၊ စိတ်သက်သာရာရပေသည်၊ စာရေးသူအဖို့. ဆရာတော်သည် အရိပ်ကောင်းသော သစ်ပင်ကြီးသဖွယ် မိုခိုရာ ဖြစ်နေပါတော့သည်၊ အင်္ဂလန် BILLINGE မြို့.ကလေး၌ တရားပြသသော ဆရာတော် အရှင်ပညာဒီပနှင့် လန်ဒန် ဗဒွ ဘာသာကျောင်း၌ တရားပြသသော အရှင်ပညာသာမိတို့. ပါနေ၍လည်း တမျိုးတပုံ အားရှိရ ပြန်သည်၊ အရှင်ပညာဒီပသည် မြန်မာပြည်၊ ကြို့ပင်သာ-သာသနာ့ရိပ်သာ၌ (၁၈)နှစ်၊ ရန်ကုန်-မဟာစည် သာသနာ့ရိပ်သာ၌



http://www.dhammadownload.com

http://www.dhammadownload.com

နာယက အဖြစ်ဖြင့် (၅)နှစ်၊ အမေရိကန်, အင်္ဂလန်, မလေးရှား, စင်္ကာပူ, ညြစတေးလျ, နီပေါနိုင်ငံတို့ဌ်လည်း ယောဂီပေါင်း များစွာတို့ကို တရား ပြသခဲ့သည်ဖြစ်၍ တရားပြသမှု ကျွမ်းကျင်လှပေသည်၊ အစိုးရ ဓမ္မာစရိယ အောင်ခဲ့၍ ပရိယတ္တိ အရည်အသွေး လည်း ကောင်းလှပေ၏၊ သက်တော်(၅၈), ဝါ(၃၈)ဝါရှိပေပြီ၊ အရှင်ပညာ သာမိသည်လည်း အစိုးရဓမ္မာစရိယ အောင်ခဲ့၍ ပရိယတ္တိ အရည်အသွေး ကောင်းသည့်ပြင် အမေရိကန်, အင်္ဂလန်, မလေးရှား, စင်္ကာပူ, ဆွစ်ဇာလန်, သီရိလင်္ကာ နိုင်ငံတို့ဌ် တရားပြသခဲ့ပေသည်၊ တရားစစ်, တရားဟောရာဌ် အင်္ဂလိပ်လိုစစ်၍ အင်္ဂလိပ်လို ဟောနိုင်ရကား၊အင်္ဂလိပ်စာ အရည်အသွေးလည်း ကောင်းလှပေသည်၊ သက်တော်(၄၂), ဝါတော်(၂၂)ဝါ ရှိပေပြီ၊ အသက်အရွယ် ဂုဏ်ဝါသိက္ခာ ပညာအရည်အချင်း အားဖြင့် သာလွန်ကြသော ထိုဆရာတော်(၂)ပါး ပါနေ၍လည်း အစစအရာရာ လုပ်ရကိုင်ရ ပြောရဆိုရ သွားရလာရတာ စာရေးသူအဖို့ အထောက်အကူ များစွာ ရလှပေသည်။

ကျေးဇူးရှင် ဆရာတော်က ထိုအရှင်(၂)ပါးနှင့် စာရေးသူကို အနောက် တိုင်းသားတို့ မေးတတ်သော ပြဿနာတွေကို ပြောပြသည်၊ ထိုပြဿနာ လေးတွေနှင့် ပတ်သက်၍ ဗုဒ္ဓကျမ်းစာတွေကို ကျကျနန လေ့လာထားဖို့ မိန့်ကြားပေသည်၊ လောကီစာပေကိုလည်း လေ့လာပြီး ဗဟုသုတရအောင် ယူ၍ လက်တွေ့တရား နယ်ပယ်ဌ် အသုံးချပေးဖို့ နည်းပေးတော်မူသည်၊ ဆရာတော်သည် ဝိနည်းကို တိတိကျကျ လိုက်နာတော်မူသည်၊ မျက်စိနဲ့ စာမပြတ်အောင် လေ့လာတော်မူသည်၊ ကောက်နှုတ်ချက် ရေးသည်၊ ရေးပြီး ကောက်နှုတ်ချက်များကို အားလပ်တိုင်း ပြန်ဖတ်သည်၊ ဘယ်စာအုပ်, ဘယ်စာမျက်နှာမှာ ဘာအကြောင်းအရာ ပါသည်ဟု လွယ်လွယ်ကူကူ ပြောပြတတ်ပေသည်၊ ဘတွေ့သဘောကို လက်တွေ့နှောဌ် ပြောပြသည်မှာလည်း အတုယူဖွယ်ကောင်းလှပေသည်၊ စာကြည့်ရင်ကြည့်၊ မကြည့်ရင် တရားမှတ်တော် မူသည်၊ "ကမ္မဋ္ဌာန်းဆရာဆိုတာ ဝိနည်းလဲ လေးစားရတယ်၊ ဗုဒ္ဓစာပေတွေကို ဖတ်ထားပြီး မှန်မှန်လေ့လာရတယ်၊ ကိုယ်ကိုယ်တိုင်လဲ နေ့တိုင်းတရား မှန်အောင် ထိုင်ရတယ်"လို့ ပြောပြသယောင် ရှိလှပေသည်။

http://www.dhammadownload.com

သိပ္ပံပညာတိုးတက်လှသော အမေရိကန်လို နိုင်ငံဝယ် ညအခါ၌ လျှပ်စစ်မီးရောင်တို့ကသာ နေရာတကာ နေရာယူထားကြလေ၏၊ လသာသောညတို့အရှိသာကို ခံစားနိုင်ပို့ရာ မလွယ်လှပါချေ၊ အမေရိကန်နိုင်ငံ BARRE မြို့ရှိ I.M.S ကမ္ပဉာန်းဌာန၌ ညအခါ တိမ်သလွှာကင်းစင်၍ ကြည်လင်နေပါလျှင် မိုးကောင်းကင်ဝယ် ထိန်ထိန်သာနေသော, အေးမြသော လအရောင်ကြောင့် စိတ်ကြည်နူးအေးမြမှုကို ခံစားရပေသည်၊ အရှေ့, အနောက်, တောင်, မြောက် ပတ်ဝန်းကျင်တွင် မျက်စိတစ်ဆုံး ရှုစားလိုက်ပါလျှင်လည်း မည်သည့် လျှပ်စစ်မီးရောင်ကိုမျှ မမြင်ရပါပေ၊ တိတ်ဆိတ်ငြိမ်သက်စွာ အိပ်မောကျနေသော သစ်ပင်တောတန်းတို့ကိုသာ မြင်ရပါသည်၊ လမင်းကြီးသည် သူ၏ အပေါင်းအပေါ် ကြယ်တာရာလေးများနှင့်အတူ လောကတစ်ခွင်ဝယ် ကြည်လင်အေးမြသော အလင်းရောင်ဖြင့် မြင်ရသူတိုင်း၏ စိတ်နှလုံးကို အေးမြကြည်လင်စေပေသည်။

အိုင်အမ်အစ်-(I M S) ကမ္ပဉာန်းဌာနတည်း ဟူသော ကမ္ဘာလေးတွင်လည်း မမြဲတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်တည်း ဟူသော လဝန်းသည် အရှင်ပညာဒီပ, အရှင်ပညာသာမိ, အရှင်ဓမ္မိကာဘိဝံသ ဟူသော ကြယ်တာရာများနှင့်အတူ အေးမြသော သတိပဋ္ဌာန်အလင်းရောင်ကို မေတ္တာကရုဏာ ရွှေထားကာ ဖြန့်ဝေလျက် ရှိနေပါသတည်း။ ။

http://www.dhammadownload.com

နှစ်ထပ်ကွမ်း အလှမယ်

အမေရိကန်နိုင်ငံ – ဘာရီမြို့ ဝိပဿနာ ကမ္မဋ္ဌာန်းဌာနသို့ တရားပြသရန် ကြွရောက်လာသော ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော် အရှင် ပဏ္ဍိတာဘိဝံသကို တပည့်ယောဂီဟောင်းများက လာရောက် ကန်တော့ ကြလေ၏၊ ထိုယောဂီတို့တွင် အနောက်တိုင်းသား ယောဂီတို့ကိုသာ တွေ့ရ ပါသည်၊ တစ်ယောက်သော ယောဂီကမူ အနောက်တိုင်းသားတို့ မျက်နှာနှင့် မတူပါလေ၊ အရှေ့တိုင်းသား မျက်နှာပဲဟု မြင်လျှင်မြင်ချင်း သိလိုက်ပါ၏၊ ဆရာတော်က ထိုယောဂီကို "ကမလာ"ဟုခေါ်၍ နှုတ်ဆက်လိုက်၏၊ ဆရာ တော်အသံတွင် ယောဂီနှင့် ရင်းနှီးသောသဘော ပေါ်လွင်နေပါ၏၊ "ကမလာ" ဟူသောအသံသည် ပါဠိသံနှင့် တူနေ၍ ဤသူမသည် သီလရှင် ဝတ်ဖူးသော ယောဂီဖြစ်ပေလိမ့်မည်ဟု ထင်လိုက်မိပါ၏၊ တည်ငြိမ်အေးချမ်းမှု ရှိပြီး ကျက်သရေရှိသော မျက်နှာပိုင်ရှင် တစ်ဦးပါလားဟုလည်း ကောက်ချက် ချလိုက်ပါ၏၊ ဆရာတော်သည် နှုတ်ဆက်၍ စကားအနည်းငယ်ပြောပြီး အခြားယောဂီတို့နှင့် ပြောဆိုလက်စ စကားကို ဆက်လက်နေပါ တော့သည်။

ဤဌာနဌ် တရားစခန်း မစမီ (၂)ရက်နားပြီး ယောဂီတို့ကို တရားစတင် စစ်ပေး၏၊ အင်္ဂလန်မှ အရှင်ပညာဒီပနှင့် အရှင်ပညာသာမိတို့က တစ်အုပ်စု၊ ဆရာတော်နှင့် စာရေးသူက တစ်အုပ်စုဖြင့် (၂)အုပ်စုခွဲ၍ တရားစစ်ဆေးရာ ထိုယောဂီသည် ဆရာတော်နှင့် စာရေးသူတို့ အုပ်စုထဲတွင် ပါဝင်လာသည်ကို တွေ့ရပါ၏၊ ထိုယောဂီသည် ဣန္ဒြေရှိရှိ ငြိမ်ငြိမ်သက်သက်ဖြင့် တရား ကြိုးစားမှတ်သည်ကို တွေ့ရ၏၊ တရားလျှောက်ထားရာတွင် စကားများများ မပြောပါ၊ လိုရင်းတိုရှင်းဖြင့် သူမ၏ ကြိုးစားအားထုတ်မှု, သူမ၏ ရှုသိပုံကို ပေါ်လွင်အောင် ပြောပြနိုင်စွမ်းရှိ၏၊ စကားမဖွာ၊ အသားပါအောင် လျှောက် ထား တတ်လေ၏၊ အရှေ့တိုင်းသားချင်းမို့ ထင်ပါ၏၊ သူမ၏ အင်္ဂလိပ်သံ ကို ပို၍ နားလည်သည်၊ ပို၍ နားထဲမှာ ရှင်းသည်၊ တရားမှတ်လို့ (၂)ပတ် လောက်အကြာတွင် တရားအတွေ့ ထူးခြားစွာ ကောင်းလာလေ၏၊ ဆရာတော်

http://www.dhammadownload.com

သည် သူမ၏ တရားအတွေ့ကို အားရကျေနပ်ပုံ ပေါ်ပါသည်။ မေတ္တာကမ္မဋ္ဌာန်း စီးပြန်းဖို့ ညွှန်ကြားပြီး ပွားစေပါသည်။

သူမသည် ဤနှစ် - ဤစခန်း၌ တစ်လသာ အားထုတ်နိုင်ပါ၏၊ သူမမှာ သားသမီး (၄)ယောက်ရှိရာ ကလေးများသည် ကျောင်းသား ကျောင်းသူများဖြစ်၍ သူတို့အတွက် ဂရုစိုက်ပေးရန် တာဝန်ရှိနေသေးသဖြင့် သူမနေထိုင်ရာ ဟာဝိုင်ယီ မာဝိကျွန်းသို့ ပြန်သွားလေ၏၊ သူမ၏ဘဝတွင် အနိမ့်အမြင့် အတက်အကျတွေ ရှိခဲ့ပေသည်၊ သူမသည် ဖိလစ်ပိုင်နိုင်ငံတွင် မွေးဖွားပြီး အသက်(၂)နှစ်ခန့် အရွယ်တွင် အမေရိကန်နိုင်ငံသို့ ပြောင်းရွှေ့ပြီး နေထိုင်ကာ ပညာသင်ကြားခဲ့သည်၊ သူမမိဘများမှာ အမေရိကန် အခြေအနေဖြင့် ကြည်လျှင် ဝင်ငွေမကောင်းလှပေ၊ သူမသည် ငယ်စဉ်ကပင် ရိုးရိုးသားသား နေထိုင်တတ်လေ၏၊ ကြွားဝါခြင်း မရှိပေ၊ သူမသည် ရိုးမန်ကတ်သလစ် ခရစ်ယန်ဖြစ်၍ ဘုရားရှိခိုးကျောင်း တက်သည့်အခါ ကျောင်း၌ တိတ်ဆိတ် ငြိမ်သက်မှုကို ကြိုက်နှစ်သက်လှလေ၏၊ ဘဝ၏အဓိပ္ပါယ်, ဘဝ၏ အနှစ်သာရကို သိလိုစိတ်, နားစမ်းလိုစိတ် ပြင်းထန်လေ၏၊ သူမ (၁၇)နှစ် အရွယ်တွင် ဖိလစ်ပိုင်သမ္မတ မားကိုစ်အား သမ္မတရာထူး နှင်းအပ်သည့် အခမ်းအနား ပွဲအတွက် မနီလာမြို့သို့သွားရန် အမေရိကန်ရှိ ဖိလစ်ပိုင်အပွဲ့၏ ကိုယ်စား လှယ်အဖြစ် အရွေးချယ်ခံရလေ၏၊ သူမ၏ ထိုကိုယ်စားလှယ် ရာထူးသည် အလှမယ်ဘွဲ့နှင့် တူလေ၏၊ သူမဖိလစ်ပိုင်မှာ ရောက်၍ သိပ်မကြာခင် အလွန်လဲထင်ရှား, အလွန်လဲချမ်းသာသော နိုင်ငံရေး မိသားစုတစ်စုမှ သတို့သား၏ မေတ္တာကမ်းလှမ်းချက်ကို ခံယူကာ လက်ထပ်ခဲ့ကြသည်၊ ကလေး(၃)ယောက် ရခဲ့၏၊ ရတ်တရက် ချက်ချင်း သူမ၏ဘဝသည် ပြောင်းလွဲခဲ့လေ၏၊ အိမ်ဖော်, ထမင်းချက်, ယာဉ်မောင်း, ဥယျာဉ် အလုပ်သမား၊ တွေကိုလဲ ရရှိခဲ့၏၊ စည်းစိမ်ရှင်ဘဝဖြင့် ခေတ်မီမီနေကာ နိုင်ငံရေး ပါဝါအာဏာကိုလဲ ရရှိခဲ့လေ၏၊ သို့သော် သူမ၏ဘဝသည် ထာဝရ မပြည့်စုံခဲ့ပါပေ။

နောက်ဆုံးတွင် သူမ၏ခင်ပွန်းသည် အခြားအမျိုးသမီး တစ်ယောက် နောက်သို့ လိုက်ပါသွားလေ၏၊ သူမ၏ အိမ်ထောင်ရေး ပြိုကွဲခဲ့လေပြီ၊ ကလေး(၃)ယောက်နှင့် မနီလာမြို့မှ အမေရိကန်သို့ ပြန်လာခဲ့ရပေပြီ၊ ပန်း



http://www.dhammadownload.com

http://www.dhammadownload.com

ခင်းသော လမ်းမှသည် ခရောင်းတောလမ်းသို့ တစ်ခုလတ်ဘဝနှင့် လျှောက်လှမ်းခဲ့ရ လေပြီ၊ သူမဘဝ အကြီးအကျယ် တုန်လှုပ်ချောက်ချားခဲ့ရ ပေ၏၊ မည်သူ့ထံမှ ငွေရေးကြေးရေး အကူအညီ မရရှိခဲ့ပေ၊ ကလေး(၃)ယောက်နှင့် ဒုက္ခပင်လယ်ဝေခဲ့ ရလေ၏၊ ဘဝ၏ ဆုံးရှုံးမှုဒဏ်ကို ခါးစီးခံခဲ့ရလေ၏၊ လောကခံ၏ အထုအထောင်းကို ကောင်းကောင်းကြီး ခံခဲ့ရလေပြီ၊ သို့သော် မိခင်ကောင်းပီပီ သားသမီး(၃)ယောက်အတွက် အားမာန်တင်းကာ ဘဝကို ရုန်းကန်ခဲ့ရ လေ၏။

"ဆင်းရဲလေလေ သံဝေရရ" ဆိုသလို ဘဝသံဝေဂတွေ ရခဲ့လေ၏၊ နောက်များမကြာမီ ပူလောင်နေသော သူမဘဝသည် ငြိမ်းအေးဖို့ အခွင့်သာခဲ့လေ၏၊ အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့မှ တရားပြဆရာတို့နှင့်တွေ့ပြီး ဗုဒ္ဓတရားတော်ကို စတင်အားထုတ်ခွင့် ရလေသည်၊ သူမဘဝတွင် နိဗ္ဗာန်ဆိုသည်ကို မကြားဖူးခဲ့၊ သစ္စာ(၄)ပါးဆိုသည်ကို နားမလည်ခဲ့ပေ၊ ခုတော့ လမ်းစပွင့်လာခဲ့ပေပြီ၊ ထို့နောက် အမျိုးသားတစ်ယောက်နှင့် ဒုတိယအကြိမ် အိမ်ထောင်ပြုခဲ့ပေ၏၊ ထိုအမျိုးသားသည် ကြင်နာသနားတတ်၏၊ ရက်ရောရော ရှိလှ၏၊ သူတို့ကလေး အားလုံး၏ အကောင်းဆုံး ဖခင်ဖြစ်၏၊ သူမ၏ တရားလုပ်ငန်းတို့ကို အလွန်ပင် အထောက်အကူ ပေးလေ၏။

သူမသည် ပို၍ ကံကောင်းခဲ့လေပြီ၊ ခမ္မမိတ်ဆွေကောင်း စတီဗင်စမစ်၏ အကူအညီဖြင့် ၁၉၈၅ - ခုနှစ်၌ သြစတေးလျ နိုင်ငံတွင် ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ထံ သတိပဋ္ဌာန်တရားကို တစ်လအားထုတ်ခွင့် ရခဲ့လေသည်၊ ၁၉၈၉ - ခုနှစ်၌လည်း ဆရာတော်ထံတွင် အားထုတ်ခွင့် ရခဲ့လေ၏၊ နှစ်အတော်ကြာ ခံစားခဲ့ရသော ခါးနာရောဂါနှင့် (၇)နှစ်ကြာ ခံစားခဲ့ရသော (Lupus)ရောဂါသည် သတိပဋ္ဌာန်၏ စွမ်းအားကြောင့် ပျောက်ကင်းခဲ့လေပြီ၊ ၁၉၈၅ - ခုနှစ် အားထုတ်စဉ်ကပင် ထူးခြားသော တရားအတွေ့ကို ရရှိခဲ့လေ၏၊ ဘုရားဟောတာတွေ မှန်လုပေစွတ်ဟု လက်ခံပြီး ဘုရားရှင်ကို အလွန်အကဲ ကြည်ညိုလေးစား ခဲ့ပေ၏၊ သစ္စာ(၄)ပါးကို ရွတ်ကထက်ပို၍ သဘောပေါက်ခဲ့ လေပြီ၊ ထူးခြားသော စိတ်စင်ကြယ်မှု, စိတ်ငြိမ်းချမ်းမှုကို ရရှိခဲ့လေပြီ၊ စိတ်ကောင်းနဲ့ အသိဉာဏ် တိုးတက်လို့ မပစ်ရက်နိုင်တဲ့ တစ်

http://www.dhammadownload.com

မယ်ကောင်း ချမ်းသာကို ရင်ဝယ်ပိုက်ထား၊လေပြီ၊ ကောင်းမွန်လှသော ဤတရား၊အရသာကို သူမတစ်ယောက်တည်း မစား၊သုံး၊ပဲ လက်လှမ်း၊မိုက မွန်းနိုင်သမျှ မျှဝေ၍ ပေး၊နေလေပြီ။

ငယ်ရွယ်စဉ်အခါက အလှပြင် ပစ္စည်း၊မျိုး၊စုံပြင့် ခန္ဓာကိုယ် အလှပြင်ခဲ့သော အလှမယ်လေး၊သည် ယခုအခါ အတွင်း၊စိတ်ဓာတ်ကို သတိပဋ္ဌာန်ပြင့် အလှပြင်နေပါပြီ၊ ဆင်ယင်ထုံး၊ဖွဲ့.မှု မပါသော အလှပြင်နည်း, ရိုး၊ရိုး၊ဆေး၊နဲ့. ယဉ်သည့် အလှပြင်နည်း၊ပြင့် လှချင်သူတိုင်း သတိပဋ္ဌာန်ပြင့် အလှပြင်ကြရာ၏၊ သို့.ပြစ်ပါမူအလဟဿပေါ်မှာ အယဉ်ဆင့် တင့်သည်ထက် တင့်လာမည် ဘဝအဆက်ဆက် အလှမပျက်လိုလျှင် ကိုယ့်စိတ်ကို သတိပဋ္ဌာန်ပြင့် ဤအလှမယ်သဖွယ် ပြင်ကြရာ၏၊ နဲ့နဲ့ကျင့်လျှင် နဲ့နဲ့လှမည်၊ များ၊များ၊ကျင့်လျှင် များ၊များ၊လှမည်၊ အပြင့်အစုံကျင့်လျှင် အပြည့်အစုံလှမည်၊ ရုပ်လဲလှ, စိတ်လဲလှသော ဤ(၂)ထပ်ကွမ်း အလှမယ်သည် အလှကြိုက်သူတိုင်း၊အဖို့. အား၊ကျွယ်, အတုယူဖွယ် ဖြစ်နေပါသည်၊ ကျေး၊ဇူး၊တော်ရှင် အမရပူရမြို့. မဟာဂန္ဓာရုံ ဆရာတော်ကြီး၊သည် ဤလက်ာလေး၊ပြင့် နေ့.စဉ်စိတ်အလှပြင်ဖို့. သတိပေး၊တိုက်တွန်း ထား၊ပါသတည်း။

တတ်မရိုက်ခင်, ကောင်း၊စွာပြင်မှ, ပုံတွင်ကျန,
ရုပ်သွင်လှသို့., မှချမှန်စွာ, သံသရာ၏, ကမ္ဘာရပ်ခွင်,
တတ်အပြင်၌, စိတ်စဉ်ကျန, ရုပ်သွင်လှ၍, ခေမမြို့.နန်း,
အရောက်လှမ်း၊ဖို့., ပြင်စမ်း ငေးချင်, စိတ်အစဉ်ကို,
ပြင်ဆင်လေကွဲ. . . .နေ့.စဉ်တဲ့။ ။

• • •

http://www.dhammadownload.com

အစာမဝပဲ ဌာနပြန်ရသော ဇနိုးမောင်နှံ

အမေရိကန်-ဘာရီ ဝိပဿနာ ကမ္မဌာန်းဌာန၌ (၁)လောက်ကြာသည် အထိ သူတို့နှစ်ယောက်ကို ဇနိုးမောင်နှံဟု မသိရပါ၊ သို့သော် သူတို့ နှစ်ယောက်ကား စာရေးသူ၏ အမြင်တွင် ပေါ်လွင်နေပါသည်၊ အနောက် တိုင်းသား ယောဂီတွေကြားမှာ အရှေ့တိုင်းသားဟာ သူတို့(၂)ယောက်နှင့် ဖိလစ်ပိုင်နိုင်ငံမှာ: ကမလာဆိုသည့် ယောဂီတို့သာ ဖြစ်သောကြောင့် ပါတည်း။ သူတို့ (၂)ယောက်ထဲမှ ဒကာမကြီးသည် တရား:ကို စူး:စူး:စိုက်စိုက် မှတ်နိုင်၍ သူမ၏ တရား:အသိဉာဏ်မှာ ဒကာကြီး:၏ ရှေ့က ပြေး:နေပါ၏၊ ဒကာကြီး:ကား ဒကာမကြီး:နောက်က နေး:နေး: လိုက်နေပါ၏၊ တစ်နေ့သောအခါ ဒကာကြီး: က စာရေး:သူအား: လျှောက်ထား:ပါသည်။

"ဆရာတော် ဥး:ပဏ္ဍိတက အမိန့်ရှိပါတယ်၊ ဒကာမကြီး:ကို မှီ အောင်လိုက်ပါ၊ ဒကာမကြီး:က ရှေ့ကရောက်နေတယ်တဲ့၊ တပည့်တော်လဲ စွမ်း:နိုင်သလောက် ကြိုး:စား:ပါတယ်၊ မကြိုး:စား:လို့လဲမဖြစ်ဘူး: ဘုရား:၊ ကြိုး: ကိုကြိုး:စား:ရမယ်၊ တစ်နေ့အတွက် ယောဂီ တစ်ယောက်မှာ (၂၇)ဒေါ်လာ ပေး:ရတယ်၊ (၂)လစခန်း:အတွက် တစ်ယောက်ကို (၁၆၂၀) ပေး:ရတယ်။ "တန်ဘိုး:ကြီး:တဲ့ တရား:"လို့ ဆိုရမလိုပဲဘုရား:၊ ဒကာမကြီး:နဲ့ တပည့်တော် ရှေး:က ပါရမီချင်း:က တူချင်မှတူမယ်ပေါ့ ဘုရား:၊ ဒကာမကြီး:က ပါရမီအား: ကောင်း:ခဲ့ယင် မြန်မြန်ရောက်နိုင်မှာပေါ့ ဘုရား:၊ ရောက်ပါစေ--တပည့်တော် လဲ အတတ်နိုင်ဆုံး: ကြိုး:စား:နေပါတယ်"တဲ့။

ထိုသို့ လျှောက်ထား:ပြီး: နောက်ရက်များ၌ (၂)နာရီ(၃)နာရီ ကြာအောင် ကြိုး:စား:၍ ထိုင်မှတ်ကြောင်း: လျှောက်ထား:ပါတော့သည်၊ ထိုအခါမှ သူတို့ (၂)ယောက်သည် ဇနိုး:မောင်နှံဖြစ်ကြောင်း: သိရပါတော့သည်။

သူတို့(၂)ယောက်သည် ဤစခန်း:၌ တရား:မှတ်တာ တစ်လကျော်လာပြီ ဖြစ်၍ တရား:ရှုမှတ်မှု၌ တက်တက်ကြွကြွ လိုလိုချင်ချင် စိတ်ပါဝင်စား:စွာနဲ့ ကြိုး:စား:လို့ ကောင်း:နေကြပေပြီ၊ သို့သော် မပြန်လျှင်မဖြစ်သော သူတို့၏

http://www.dhammadownload.com

အိမ်မှုကိစ္စ တစ်ခုကြောင့် (၂)လမပြည့်ခင် ပြန်သွားကြပေသည်၊ သူတို့.ပြန်သာ သွားကြသည်၊ တရားကို ဆက်လက်အားထုတ် လိုနေကြသည်၊ မြန်မာပြည်သို့. အရင်ကလဲတစ်ခါ လာအားထုတ်ဘူးသည်၊ နောင်တစ်ခါလဲ လာအားထုတ်နိုင်အောင် ကြိုးစားပေဦးမည်၊ သူတို့.သည် အမေရိကန် - ဝါရှင်တန်တွင် စားသောက်ဆိုင် ပွင့်ထားကြပေ၏၊ လောကီဘဝတွင် သန်းကြွယ်သူဌေးဘဝကိုပင် သူတို့.အားမကျ ကြတော့ချေ၊ လောကတွင် မည်မျှပင် ကြီးကျယ်နေပါစေ - ဒါတွေအားလုံးဟာ ဒီဘဝမျှသာပဲ၊ နောက်ဘဝသို့. တစ်ခုမျှ မပါဘူးဟု နားလည်ထားကြလေ၏၊ ထို့.ကြောင့် လောကီကိစ္စအဝဝကို စွန့်.ခွာပြီး တရားနယ်ပယ်၌ အချိန်ပြည့် နေလိုသည့်ဆန္ဒ ပြင်းပြနေကြပေသည်၊ အိမ်မပြန်ခင် အရင်တစ်ရက်က သံယာတော်တို့.အား ဆွမ်းကပ်ကြသေး၏သည်၊ သူတို့.အမှုအရာ, အပြောအဆို အဆက်အဆံတို့.သည် တစ်ဦး:ပေါ်တစ်ဦး: တော်တော် ကြင်နာပုံ ရပေသည်၊ သူတို့.သည် ဘာသာရေး ခံယူချက်ချင်း တူကြ၏၊ အလှူအတူပြုကြ၊ သီလအတူ ဆောက်တည် ထိန်းသိမ်းကြ၊ တရားဘာဝနာအတူ အားထုတ်ကြလေ၏၊ ဘုရားလက်ထက် နကုလမာတာ, နကုလပိတာ ဖနီးမောင်နံကို မြင်ယောင်မိ ပေသည်၊ သူတို့.တစ်ဦး: အဃေါတစ်ဦး: ကြင်နာကြပုံမှာ "ငှက်ပြစ်ဆောင် တစ်ကိုင်းထဲ" ဆိုတဲ့ အသွင်မျိုး: ပေါ်လွင်ထင်ဟပ် နေပေ၏။

ဒကာကြီး: နာမည်က Luu Dinh Du ပါဦးလို့ ဓမ္မကာမော ဖြစ်ပြီး:၊ ဒကာမကြီး: နာမည်က Phuong Vu Du ပါဦးလို့ - မဏီစန္ဒာ ဖြစ်ပေ၏၊ သူတို့.နှစ်ဦး:သည် မြောက်ဗီယက်နမ် မဟာယာန ဗုဒ္ဓဘာသာဝင် မိသား:စုမှ မွေး:ဖွား:လာသူများ ဖြစ်ကြ၏၊ ဆုတောင်း:ခြင်း:, ရွတ်ဆိုခြင်း: အမှုတို့.ကို ပြုခဲ့ကြပေ၏၊ ထို့.အပြင် ဂျပန်နိုင်ငံ၌ နှစ်အတော်ကြာကြာ "ဇင်" အကျင့်ကို လေ့လာခဲ့သော မဟာယာန ဗုဒ္ဓဘာသာ ရဟန်း:တစ်ပါ:ထံ သူတို့.မိခင်များနှင့် အတူ ဇင်အကျင့်ကို တနဂ်နွေနေ့.တိုင်: တစ်နာရီ တစ်နာရီ အား:ထုတ်ခဲ့ကြလေသည်၊ (၁၉၆၇)ခုနှစ်တွင် ဗီယက်နမ်မြို့.တော် ဆိုင်ဂုံမှ အမေရိကသို့. ထွက်ခွာခဲ့ကြသည်၊ ဝါရှင်တန်တွင် ယခုတိုင်အောင် စားသောက်ဆိုင်ဖွင့်ပြီး: စီး:ပွား:ရေး: လုပ်ခဲ့ကြသည်၊ သား:(၃)ယောက်နှင့် သမီး:(၃)ယောက် ရှိခဲ့သည်။

http://www.dhammadownload.com

ဝါရှင်တန် ဗုဒ္ဓဘာသာကျောင်းသို့ ကြွရောက်သီတင်းသုံးသည့် သီဟိုဠ် ရဟန်း(၂)ပါးထံလည်း တနင်္ဂနွေနေ့တိုင်း တစ်နာရီ တစ်နာရီ တရားအား ထုတ်ခဲ့ကြသည်၊ နယူးမက္ကစီကို စသည့်၌ ဥုဏရတန ပြဿသော တရား စခန်းသို့လည်း သွားရောက် အားထုတ်ခဲ့ကြသည်၊ ထိုသို့တရားထိုင်ရတာ သဘောကျ၍ ကြိုးစားခဲ့ သော်လည်း ယခုလက်ရှိ သူတို့ကိုးကွယ် ဆည်းကပ် နေသည့် ဗီယက်နမ်ဆရာတော် တစ်ပါးဖြစ်သော ဥုးခိပ္ပပညောနှင့် စတင် တွေ့ရသည့် အချိန်တိုင်အောင် စစ်မှန်သော ဝိပဿနာတရား အရသာကို မခံစားနိုင်ကြသေးချေ၊ ဥုးခိပ္ပပညောသည် ရန်ကုန် – မဟာစည် သာသနာ့ရိပ် သာ၌ (၆)လကြာ တရားအားထုတ်ပြီး ဝါရှင်တန်သို့ ပြန်လာကာ ဝမ်းဗိုက် ရဲ့ဖောင်းတာ, ပိန်တာကို မှတ်ပုံမှတ်နည်း သူတို့အား သင်ပေးပေတော့သည်၊ သူတို့ ဇနီးမောင်နှံ အချိန်ကြာမြင့်စွာ မျှော်လင့်နေခဲ့သော အခွင့်အရေးကောင်း သည် သူတို့ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ပေပြီ၊ သူတို့များစွာ ကံကောင်းခဲ့ကြလေပြီ၊ ဥုးခိပ္ပပညော သီတင်းသုံးရာ ဇောတဝန်ကျောင်းသို့ သွား၍ တနင်္ဂနွေနေ့တိုင်း တစ်နာရီတစ်နာရီ တရားထိုင်ကြလေ၏၊ ဥုးခိပ္ပ ပညောထံမှ အဘိဓမ္မာကိုလည်း သင်ယူကြသေး၏။

SPRING, SUMMER, AUTUM, WINTER ဟူသော ရာသီ(၄)ခုတွင် (၁၀)ရက် စခန်း (၄)ခါပြုကာ တရားမှတ်ကြလေ၏၊ သူတို့အား ဦးခိပ္ပပညောက ဗီယက်နမ်ဘာသာ စကားဖြင့် ရှင်းလင်းပြသသဖြင့် ဗုဒ္ဓတရားတော်ကို ပိုမို လွယ်ကူစွာ နားလည်ခွင့်ရလေသည်၊ အိမ်၌လည်း နံနက်တိုင်း တစ်နာရီ တရားထိုင်ကြလေ၏၊ သူတို့သည် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာ တော်ထံ ၁၉၈၉-ခုနှစ် ဤကမ္ဘာန်းဌာန၌ တစ်ကြိမ်, ၁၉၈၆-ခုနှစ် ဟာ ဝိုင်ယီ-(BIG ISLAND)၌ တစ်ကြိမ်, ရန်ကုန်မဟာစည် သာသနာ့ရိပ်သာ၌ တစ်ကြိမ် တရားအားထုတ် ခဲ့သေးသည်။

ထို့ကဲ့သို့ တရားကိုမြတ်နိုးသော, တန်ဘိုးထားသော, ကျင့်သုံးသော ဇနီးမောင်နှံသည် မိုင်ပေါင်းများစွာ ဝေးကွာလှသော မြန်မာနိုင်ငံမှ ကြွရောက် ပြီး မေတ္တာကရဏာပြည့်ဝစွာဖြင့် တရားပြသပေးတော်မူသော ရွှေတောင် ကုန်း သာသနာ့ရိပ်သာဆရာတော် အရှင်ပဏ္ဍိတာဘိဝံသနှင့် တပည့် ကမ္မဌာန်း

http://www.dhammadownload.com

ပြဆရာတို့အား များ၊စွာ ကျေး၊ဇူး၊တင် ကြလေသည်၊ ကောင်း၊မွန်လှသော အရသာကို မဝတဝ စား၊ပြီး အိမ်သို့ပြန်ရသည့်နယ် သူတို့စိတ်ဝယ် ခံစား နေရလေ၏၊ မြန်မာပြည်သို့ ထပ်မံလာရောက်ပြီး ထိုကောင်း၊မွန်လှသော တရား၊အရသာကို တဝကြီး၊စား၊နိုင်ဖို့ အခွင့်အရေး၊ကို မျှော်လင့်နေကြပါ သတည်း။

http://www.dhammadownload.com

တစ်ရာထက် သာသော တစ်

မြန်မာစကားများတွင် ပါဠိဘာသာမှ ဆင်းသက်လာသော စကားတွေများစွာရှိလေ၏၊ "ဒါန, သီလ, ဘာဝနာ, သုမထ, ဝိပဿနာ, သမာဓိ, ပညာ, သဒ္ဓါ, စေတနာ, မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ, ဗုဒ္ဓ, ဓမ္မ, သံဃ" စသည်ဖြင့် များလှလေ၏၊ ထိုများစွာသော စကားတို့တွင် ဓမ္မဆိုသည့် စကားလုံး၏ အဓိပ္ပါယ်က ဘာလဲဟုမေးလျှင် တရားပေါ့ဟုသာ ဖြေနိုင်ကြပေလိမ့်မည်၊ ဘာကြောင့် ဓမ္မလို့ခေါ်ရတာလဲ၊ ဘာတွေကို ခေါ်တာလဲဟု ဆက်မေးလျှင်တော့ လွယ်လွယ်ကူကူနဲ့. အဖြေပေးနိုင်ကြ လိမ့်မည်မဟုတ်ပေ၊ ဤဓမ္မဟူသော စကားလုံးလေးကို ဗုဒ္ဓဘာသာဝင်ကလေး သူငယ်များမှသည် အဘိုးကြီး အဘွားကြီးများအထိ အကြိမ်ပေါင်းများစွာ ကြားဖူးကြ၏၊ ဆုံးစွဲကြ၏၊ ပြောဆိုကြ၏၊ ဓမ္မသရဏံ အကြိမ်ကြိမ် ယူခဲ့ကြ၏၊ ဓမ္မရိပ်သာ စသည်ဖြင့်လည်း ဤစကားလုံးလေးသည် အသုံးတွင်ကျယ် လှပေ၏၊ ဓမ္မဟူသော ပါဠိစကားလုံးလေးသည် မြန်မာနိုင်ငံ၌ မြန်မာစကားလုံး သဖွယ် ဖြစ်နေသလို တရားလိုက်စားကြသော အနောက်တိုင်းသားတို့. နယ်ပယ်၌လည်း သူတို့.၏ကိုယ်ပိုင် စကားလုံးလေးသဖွယ် ဖြစ်နေပေသည်၊ ဓမ္မဟူသော စကားလုံးလေးကို တွင်တွင်သုံးလာ ကြပေ၏၊ သုံးသာသုံးနေကြ၏၊ ဘာကြောင့် ဓမ္မလို့ခေါ်တာလဲ၊ ဘာကိုခေါ်တာလဲဟု မေးလျှင်တော့ သူတို့.အဖြေပေးနိုင်ဖို့. ခက်ခဲကြပေလိမ့်မည်။

အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ် ကမ်ဘရစ်ချ်မြို့.ရှိ ဝိပဿနာကမ္မဋ္ဌာန်းဋ္ဌာနလေးတွင် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသ တရားပြသဖူးသည်တော့ မဟုတ်ပါ၊ ဤဋ္ဌာနလေးသည် ကျေးဇူးရှင် မဟာစည်ဆရာတော်ကြီး၏ သြဝါဒဖြင့် တရားအားထုတ်ကြသည့် နေရာဋ္ဌာနလည်း မဟုတ်ပါ၊ သို့.သော် ဤဋ္ဌာနတွင်လည်း ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်၏ ဂုဏ်သတင်းသည် ပျံ့.သင်းနေပေ၏၊ ထို့.ကြောင့် ဘာရီမြို့.ရှိ ဝိပဿနာ ကမ္မဋ္ဌာန်းဋ္ဌာနတွင် (၂)လ တရားပြသခိုက်

http://www.dhammadownload.com

ဆရာတော် သူတို့ဌာနသို့လည်း ကြွရောက်၍ တစ်ည တရားချီးမြှင့်ပို့ ခွင့်ပန်ကြလေ၏၊ လွန်ခဲ့သည့် (၂)နှစ်အခေါက်တုန်းကလည်း ပင့်ကြသေး၏၊ ထို့ကြောင့် ဒုတိယအကြိမ် အဖြစ်ဖြင့် တရားချီးမြှင့်တော် မူရလေသည်၊ ဘာရိကမ္မဌာန်းဌာနမှ (၁)နာရီခွဲလောက် ကားဖြင့်သွားရပေ၏၊ မိုင်(၇၀) ခန့်ဆေးပေသည်၊ အနောက်တိုင်းသားတရားနာ ပရိသတ် (၈၀)ကျော်ရှိလေ၏၊ တရားနာပရိသတ်ထဲတွင် (၂၀)ကျော်အရွယ်တွေ အတော်များလေ၏၊ စူးစူးစိုက်စိုက် ငြိမ်သက်စွာဖြင့် နာယူကြလေ၏၊ ဆရာတော်တရား မဟောခင် သရဏဂုံငါးပါး သီလကိုလည်း ခံယူကြသေး၏၊ ဆရာတော် ဟောသော တရားမှာ ဓမ္မဟူသော စကားလုံးလေးရဲ့ အဓိပ္ပါယ်ဖြစ်ပေ၏၊ ဆရာတော်၏ ရှင်းပြချက်သည် မည်မျှလေးနက်သည်၊ မည်မျှမှတ်သားဖွယ် ကောင်းသည်ကို မှ စာရှုသူကိုယ်တိုင် ဝေဘန်သုံးသပ်နိုင် ပါလိမ့်မည်။

"ဓမ္မမာမက ပုဂ္ဂိုလ်တို့အား တရားဟောရတာ ဝမ်းသာပါတယ်၊ မေတ္တာ-ကရဏာ ရှု့ထားပြီး ဓမ္မဒါန ပြုတာကို ကျေနပ်စွာ လက်ခံနိုင်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်၊ အရင်တစ်ခါက ပုဂ္ဂိုလ်မရွေး, ဘာသာမရွေး, လက်ခံနိုင်တဲ့မေတ္တာ အကြောင်းကို ဟောခဲ့ပါ တယ်၊ အခုတစ်ခါ ပုဂ္ဂိုလ်တိုင်း၊ ဘာသာဝင်တိုင်းနဲ့စပ်တဲ့ ဓမ္မဆိုတဲ့ စကားလုံးရဲ့အဓိပ္ပါယ်ကို ဟောပါမယ်၊ လက်တွေ့လုပ်ရ ဌာနမို့ ဓမ္မ၏အနှစ်သာရကို ပိုမိုနားလည် နိုင်ပါလိမ့်မယ်၊ ဓမ္မ၏အဓိပ္ပါယ်ကို စာတွေ့လက်တွေ့ ပေါင်းစပ်ဟောပါမယ်၊ ဓမ္မဆိုတာ မြတ်ဗုဒ္ဓရား ညွှန်ကြားသည့်အတိုင်း ကျင့်သူကို အောက်တန်း မကျရအောင်, ဝဋ်ဆင်းရဲမှာ မကြာအောင် ဆောင်မ,ထားတဲ့ သဘောပါပဲ၊ "ဆောင်မ"တယ်ဆိုတာ ကူညီ, ကြည့်ရှု, ကာကွယ်, စောင့်ရှောက်, ချီးမြှောက်, မြှင့်တင်တာလို့လဲ အဓိပ္ပါယ်ရပါဟယ်၊ ထိုဆောင်မ,ထားတဲ့ သဘော(ဓမ္မ)သည် ၁။ကျင့်နည်းမှန်ကို လေ့လာခြင်း ၂။ လက်တွေ့ ကျင့်သုံးခြင်း၊ ၃။ အကျိုးထူးရရှိခြင်း ၄။ ပြန်လည်အသုံးချခြင်း (အာရုံပြုခြင်း) အားဖြင့် (၄)မျိုးရှိတယ်။

ကမ္ဘာသူကမ္ဘာသား တွေဟာ မတွေ့ချင်ပေမဲ့ မတွေ့ပဲနေလို့ မရတဲ့လူမှုပြဿနာ အမျိုးမျိုးနဲ့ရင်ဆိုင် နေကြရတယ်၊ အဲဒီအခါ ကိုယ်စိတ် ပူလောင်ယောက်ယက် ခတ်နေကြတယ်၊ ပူလောင်မှုဒဏ်မှ လွတ်မြောက်လိုသူတို့က



ဘာဝယ်ထဲ့နံယဆွဲဂန်ထဲ့ဖစ် ဌိန်ထိ:နှင်ဂီယ ၊ဖြိုးစိုးမြင့် ယမ္ဘဂာဇ

http://www.dhammadownload.com

http://www.dhammadownload.com

ဒိုယ်စိတ် ငြိမ်းချမ်းနည်း, စိတ်ကောင်းနဲ့ အသိဉာဏ် တိုးပွားစေတဲ့နည်း, လာကဓံကို ခံနိုင်ရည်ရှိတဲ့နည်း, လောကဓံ အတွေ့အကြုံ၌ ဘက်မျှစွာထား ည်းကို လေ့လာကြတယ်၊ လေ့လာတော့ သိကြတယ်၊ အဲဒီမှာ လေ့လာမှုက လေ့လာသူကို မသိသူအဖြစ်မှ သိသူအဖြစ်သို့ မြှင့်တင်ပေးလိုက်တယ်၊ တရားသိသူမှတဆင့် တရားရှိသူဖြစ်အောင် ကြိုးစားရပါတယ်၊ တရားရှိသူ ဖြစ်နိုင်ဖို့ရာ သတ္တဝါတို့၏ အကျိုးစီးပွားကို လိုလားမှု မေတ္တာ, ကြင်နာ သနားမှု-ကရုဏာ အခြေခံပြီး ငါးပါးသီလကို ကျင့်ရပါမယ်၊ ကျင့်ယင် ကိုယ်နှုတ် ယဉ်ကျေးလာမယ်၊ လူပီသလာမယ်၊ အဲဒီမှာ သီလဓမ္မက ကိုယ် နှုတ်ရိုင်း စိုင်းသူအဖြစ်မှ ယဉ်ကျေးသူအဖြစ်သို့ မြှင့်တင်ပေးလိုက်တယ်၊ လူမပီသသည့် ဘဝမှ လူပီသသည့် ဘဝသို့ မြှင့်တင်ပေးလိုက်တယ်။

သီလမကျင့်ယင် (၁) ကိုယ့်ကိုယ်ကို အထင်သေးမယ်၊ မကျေနပ်ဖြစ် မယ် (၂) လူဆန်သူတွေက အထင်သေးမယ် (၃) ရာဇဝတ်ဘေး သင့်နိုင်တယ်၊ (၄) ချမ်းသာကင်းတဲ့ ဘဝဆိုးသို့ ရောက်နိုင်တယ်၊ သီလကျင့်ယင်တော့ ပြောင်းပြန်ဖြစ်တဲ့အကျိုး (၄)မျိုးကိုရနိုင်တယ်၊ အဲဒီအကျိုး (၄)မျိုးရအောင် သီလက ဆောင်မပေးတယ်၊ သီလချိုးဖျက်လိုစိတ်ကိုတော့ သီလက မထိန်းနိုင် သေးဘူး၊ သမာဓိကသာ ထိန်းနိုင်တယ်၊ သမာဓိထူထောင်နည်းကို စာတွေ့-လက်တွေ့ ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်ထံ လေ့လာရသေးတယ်၊ ပြီးတော့ လက်တွေ့ ထူထောင်ရတယ်၊ ထူထောင်ယင် သန့်ရှင်းတဲ့, လူသားပီသတဲ့, လူသားဆန်တဲ့ စိတ်, မေတ္တာကရုဏာစိတ်တွေ ဖြစ်လာမယ်၊ (၁)နာရီကျင့်ယင် (၁)နာရီ စင် ကြယ်မယ်၊ (၂)နာရီကျင့်ယင် (၂)နာရီ စင်ကြယ်မယ်၊ ကျင့်နိုင်ယင် ကျင့်နိုင် သလောက် စင်ကြယ်မယ်၊ အဲဒီမှာ သမာဓိဓမ္မက စိတ်စင်ကြယ်သူ, လူပီသ, လူဆန်တဲ့ စိတ်ရှိသူအဖြစ်သို့ မြှင့်တင်ပေးလိုက်တယ်၊ လူသားမဆန်တဲ့ စိတ်ရဲ့ မျိုး(မျိုးစေ့)ကို ပယ်သတ်ဖို့ရန်တော့ ပညာအကျင့် လိုလာပါတယ်၊ ပညာအကျင့်ကို စာတွေ့လက်တွေ့သိသူထံ လေ့လာရပါတယ်၊ ပညာအကျင့် ကို ကျင့်လို့ ရုပ်နာမ်ပိုင်းခြားသိမှုက စပြီး ရုပ်နာမ်ချုပ်ငြိမ်းရာကို သိလာမယ်၊ အဲဒီမှာ ပညာဓမ္မက အသိထူးရှိသူ အဖြစ်သို့မြှင့်တင် ပေးလိုက်တယ်၊ အဲဒီ အခါစိတ်ရဲ့ အကျနဲ့အကြွမှာ ဘောင်ဘင်ခတ်တာ မရှိတော့ဘူး၊ အကောင်းနဲ့

http://www.dhammadownload.com

အဆိုးကြားမှာ ဘက်မျှစွာ ထားနိုင်လာတယ်၊ ဘဝသံသရာ အဆက်ဆက်မှာလဲ အောက်တန်းကျတဲ့ ဘဝတွေသို့ မရောက်နိုင်တော့ဘူး။

သီလ, သမာဓိ, ပညာဓမ္မတို့ကို မကျင့်သုံးပဲ အနှစ်တစ်ရာ အသက်ရှည်ရတာထက် တရားသီသူ၏ တစ်ရက်တာက ပို၍မြတ်ပါတယ်။

တရားဆောင်နိုင်သူတွေ ပြစ်အောင် ကြိုးစားကြဖို့ တိုက်တွန်းလိုက် ပါတယ်။"

* * *

http://www.dhammadownload.com

မဟာဂန္ဓာရုံ ဆရာတော်နှင့် မဟာစည်ဆရာတော်

ဤဘုရားသားတော်ကြီး (၂)ပါးသည် သာသနာတွင် နေအသွင် လ အသွင် ပေါ်လွင်ထင်ရှားတော်မူကြပေ၏၊ သူတို့(၂)ပါး၏ သာသနာပြုလုပ်ငန်းတွေ မည်မျှအောင်မြင်ခဲ့သည်၊ သတ္တဝါတို့အား မည်မျှ အကျိုးပြုခဲ့သည်ကိုမူ သာမန်လူတို့ပင် မြင်စွမ်းနိုင်ကြပေသည်၊ "အရှင်ဘုရားက ဒီဘက်က အလုပ်လုပ်၊ တပည့်တော်က ဒီဘက်က အလုပ်လုပ်မယ်"လို့ ပြော၍ တာဝန်ခွဲယူ ခဲ့ကြလေရော့ သလားဟုပင် အော်မေ့ရပေသည်၊ တစ်ပါးက ပရိယတ္တိဘက်တွင် အလွန်ပင် စွမ်းဆောင်နိုင်ခဲ့၍ တစ်ပါးက ပဋိပတ္တိဘက်တွင် အလွန်ပင် စွမ်းဆောင်တော်မူနိုင်ခဲ့ပေသည်၊ သူတို့ အလုပ်လုပ်ခဲ့ရာ နေရာ ကျောင်းတိုက်ကြီးတို့၏ နာမည်ကို မြန်မာပြည်တွင် မကြားဖူးသူ မရှိသလောက် ဖြစ်ပေလိမ့်မည်၊ သူတို့နာမည်ကြီးသည်နှင့်အမျှ သူတို့နေရာ ကျောင်းတိုက်သည်လည်း လူတိုင်း၏ နှုတ်ဖျားဝယ် နှုတ်တက်နေပေသည်၊ သူတို့(၂)ပါးကို ကြည်ညိုလေးစားကြသူ ရဟန်းရှင်လူတို့ သည်လည်း အလွန်အလွန်ပင် များလှပေသည်၊ သူတို့(၂)ပါးကား ယခုအခါ သက်တော်ထင်ရှားရှိတော် မမူကြတော့ပေ၊ သူတို့နေသွားသော သက်တမ်းလည်း တူကြ၏၊ (၇၈)နှစ်စီ အသက်ရှည်သွားကြ၏၊ ရောဂါဝေဒနာ ကြာရှည်စွာ မခံစားရပဲ ပျံလွန်တော် မူသွားကြပုံလည်း တူကြပေ၏၊ သူတို့(၂)ပါးသည် အနာဂတ် သာသနာအတွက် ကျေးဇူးများလှသော ကျမ်းစာတို့ကို ရေးသားခဲ့ကြသည်၊ သူတို့ရေးသွားသော ကျမ်းစာအရေအတွက်ကလည်း (၆၀)ကျော်စီပင် ဖြစ်နေပေ၏၊ မွေးဖွားရာ မြို့နယ်ချင်းလည်း တူကြပေ၏။

သူတို့(၂)ပါးသည် ဆဋ္ဌသံဃာယနာတင်ရန် ကိစ္စအတွက် ဆွေးနွေးဖွယ်ရာများကို ဆွေးနွေးတိုင်ပင် ခဲ့ကြ၏၊ တစ်ပါးက ဆဋ္ဌသံဃာယနာ ပုစ္ဆကတာဝန်ကို ဆောင်ရွက်တော် မူခဲ့၏၊ "ဆဋ္ဌသံဃာယနာပုစ္ဆက" ဟုဆိုလိုက်လျှင် မဟာစည် ဆရာတော်ဟု အထူးပင် ပြောနေစရာ မလိုတော့ပေ၊ အလွန်ပင် ထင်ရှား၍ အလွန်ပင် အသိများ နေကြပေသည်၊ မဟာစည် ဆရာတော်သည်

http://www.dhammadownload.com

ဆဋ္ဌသံယာယနာတင်ကိစ္စတွင် အလွန်ပင် အလုပ်လုပ်တော် မူခဲ့ပေသည်၊ တစ်ခါသော် ဆရာတော်ဘုရားသည် တိုက်ပွဲကြောကြောင့် ဆေးရုံတက်၍ ဆေးကုသမှု ခံယူရပေသည်၊ ဆေးကုသမှု ခံယူ၍ ရောဂါပျောက်သွား သည့်အချိန်၌ ဆေးရုံ ပေါ်တွင် သင်္ဂီတိ ကာရကသံယာတို့ လိုက်နာရမည့် အချက်အလက်တို့ကို ရေးသားပြုစု နေပေသည်၊ ထိုအချက်အလက်များသည် အလွန်ပင် ကောင်း လှသော်လည်း အများစု လိုက်နာနိုင်ပို့ရာ ခဲယဉ်းနေဆဲသည်၊ နိုးစပ်ရာ သံယာအချို့နှင့် ဒကာအချို့တို့က "အချက်အလက် တို့သည် ကောင်းသော်လည်း လိုက်နာနိုင်ပို့ရာ မလွယ်ကူကြောင်း" လျှောက်ထားကြ သော်လည်း ဆရာတော် နားတွင်ဝင်ဟန် မတူပေ၊ ဆရာတော်က မပြောင်း ပဲ နေလေ၏၊ ထိုအခြေအနေ ရှိနေရာ အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော်သည် မဟာစည်ဆရာတော်ရှိရာ ဆေးရုံသို့ ကြွသွားပေသည်။ မဟာဂန္ဓာရုံ ဆရာတော်က မဟာစည် ဆရာတော်ကို ဥပမာ တစ်ခုဖြင့် ပြောပြပေသည်။ "ဆရာတော် . . တောက ကျောင်းသားတစ်ယောက်က ဆရာဘုန်းကြီးနဲ့ အတူ မြို့ကိုရောက်လာတယ်၊ ဘုန်ကြီးကို မြို့မှ သူရဲ့ ဒကာ,ဒကာမတွေက ဒန်ပေါက်ဆွမ်း ကပ်တယ်၊ ပါလာတဲ့ ကျောင်းသားကိုလဲ ကျွေးတယ်၊ ကျောင်း သား က သူ့ကိုတောသားဆိုပြီး တမင်းအသိုးတွေ မကောင်းတာတွေ ကျွေး ရမလားလို့ အထင်ရောက်ပြီး မစား ပဲနေတယ်တဲ့၊ ဆရာတော်ရဲ့အချက် အလက်တွေက ဒန်ပေါက်လို ကောင်းနေပေမယ်လို့ မလိုက်နာနိုင်သူ တန်ဖိုး မသိနိုင် သူတို့အဖို့တော့ ထမင်းသိုးတွေ ဖြစ်နေပါ လိမ့်မယ်" တဲ့။

မဟာစည်ဆရာတော်သည် သူရေးသားထားသော အချက်အလက်များကို ပြင်ဆင်လေတော့၏၊ ဤနည်းဖြင့် ဆရာတော် (၂)ပါး၏ ဆောင်ရွက်ချက် သည် ဆဋ္ဌသံဂါယနာ အောင်မြင်စွာ ပြီးမြောက်ရေးအတွက် အရေးပါခဲ့ပေ သည်၊ မဟာစည်ဆရာတော်သည် မဟာဂန္ဓာရုံ ဆရာတော်အောက် အသက် (၄)နှစ် ငယ်ပေသည်၊ မဟာစည် ဆရာတော်သည် မဟာဂန္ဓာရုံ ဆရာတော်၏ စာပေတို့ကို လေးစားစွာ ကြည့်ရှုလေ့လာပေသည်၊ ဝိနည်းမကျွမ်းကျင်သေး သူတို့ကို မဟာဂန္ဓာရုံဆရာတော် ရေးသားအပ်သော ဘုရားဥပဒေတော်ကြီး စာအုပ်ကို ကြည့်ရှုဖို့တိုက်တွန်းတော်မူပေသည်၊ အမေရိကန်နိုင်ငံ ဘာရီမြို့ရှိ



http://www.dhammadownload.com



ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကြပုံချင်း ကုန်ကြသည်ကို တွေ့ရပြန်သဖြင့်လည်း မဟာဂန္ဓာရုံ ဆရာတော်ကိုယ်စား ဆရာတော်တစ်ပါး ငါ့မှာ ရှေ့ပါလား ဟု စိတ်ထဲမှာ ခံစားမိသည်၊ မဟာဂန္ဓာရုံမှာ (၈)နှစ်ကြာ နေခဲ့သော စာရေးသူပင် မရသော မဟာဂန္ဓာရုံဆရာတော်၏ လက်ာ , ကဗျာများကို ရွေတောင်ကုန်း သာသနာ့ဂိုဏ်သာ ဆရာတော်က ရွတ်ပြပြီး "ဒါကိုရရဲ့လား" ဟုပင် အမေးခံရသေးသည်။

သာသနာ့ထိပ်ခေါင်တင် ထိုအရှင်မြတ်ကြီး (၂)ပါးကား ပုဂ္ဂိုလ်သေသွားသော်လည်း နာမည်ကား ကမ္ဘာတည်သရွေ့ ကျော်ကြားနေမည်သာတကား၊ သူတို့၏ သာသနာကော်အတွက် လုပ်ဆောင်ချက် များစွာတို့တွင် တင်ပြခဲ့သော အချက်ကလေးသည် မုတ်သားပွယ်, အတုယူပွယ်, ကြည်ညိုပွယ် ကောင်းလှပေတကား။

• • •

http://www.dhammadownload.com

အချိန်တန်နေပါပြီ

"တပည့်တော်မ သံဃာ (၅)ပါး (ရန်ကုန် – ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်, အင်္ဂလန်မှ အရှင်ပညာဒီပနှင့် အရှင်ပညာသာမိ, အမေရိကန်မှ အရှင်ပညောဘာသ, ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှ အရှင်မမြိကာဘိဝံသ)ကို ဆွမ်းကပ်မယ်လို. ညည်ရွယ်ခဲ့ပါတယ်၊ ဒါပေမဲ့ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသက မြန်မာပြည်တွင် နွေရာသီ ကျောင်းပိတ်ချိန်၌ ကျောင်းသားလေးတွေကို သာမဏေ ဝတ်စေပြီး ကျောင်းသူလေးတွေကို သီလရှင် (သိက္ခာရှင်) ဝတ်စေကာ၊ တစ်လသင်တန်း ဖွင့်၍ ဗုဒ္ဓယဉ်ကျေးမှုတွေ ပြုစုပျိုးထောင်ပေးနေတယ်လို. သိရလို. ဆွမ်းကပ်မဲ့ နဝကမ္မကို ဗုဒ္ဓယဉ်ကျေးမှု ရန်ပုံငွေအတွက် လှူလိုက်ပါ တယ်၊ ဆွမ်းကပ်ချင်တဲ့ အခြားသူတွေလဲ ကပ်ခွင့်ရစေချင်, တပည့်တော်မရဲ. သားလေးလိုလဲ မဖြစ်စေချင်တဲ့ ရည်ရွယ်ချက်နဲ. လှူတာပါ။

တပည့်တော်မရဲ. သားက ငယ်စဉ်က သူ.ကို ဗုဒ္ဓယဉ်ကျေးမှုတွေကို သင်မပေးလို. တပည့်တော်မကို အပြစ်တင်ပါတယ်၊ တပည့်တော်မက သင်လဲသင်မပေး တတ်ပါ၊ သင်ပေးချိန်လဲ မရှိပါ၊ ကိုယ်တိုင် သင်မပေးနိုင်လို. သင်ပေးနိုင်တဲ့ နေရာဌာနကိုလဲ ရောက်အောင် ပို.မပေးနိုင်ခဲ့ပါ။

သားက သိပ်တော်ပါတယ်၊ စာမေးပွဲတွေမှာ တစ်ကချည်း အောင်တယ်၊ လူရည်ချွန် (၄)ထပ်ကွမ်း ရပါတယ်၊ ဆရာဝန်ပါပဲ၊ သူက သုတေသန သိပ်ဝါသနာ ပါပါတယ်၊ သုတေသနဆိုတော့ သတ္တဝါလေးတွေကိုလဲ သတ်ရတာပေါ့၊ ဒီအမေရိကမှာ ဟိုတက္ကသိုလ်က လာစေချင်, ဒီတက္ကသိုလ်က လာစေချင်နဲ. သူ.ကို သိပ်လိုလားကြတယ်၊ သူက အချိန်ရှိသမျှ သုတေသနပဲ ၊ ဒီအမေရိကမှာလဲ ချွန်တာပါပဲ။

"တပည့်တော်မ သားနာမည်က. မောင်လင်းအောင်သက်၊ သူ.မှာလဲ သားလေးတစ်ယောက် ရှိတယ်၊ နာမည်က မောင်ဇော်လင်းသက်၊ သူ.သားကလေးက နဲနဲကြီးလာတော့ သူ.အဖေရဲ.လုပ်တာ, ကိုင်တာတွေ မြင်တဲ့အခါ စဉ်းစား

http://www.dhammadownload.com

ပါတယ်၊ ပြီးတော့ သူ့အဖေကို "အဖေက ဘာဖြစ်လို့ သတ္တဝါကလေးတွေကို သတ်ရတာလဲ၊ မသနားဘူးလား၊ ငရဲမကြီးဘူးလား" လို့ မေးပါတယ်၊ သားက အဖေကို သတိပေးတရား ဟောသလို ဖြစ်နေတာပေါ့ဘုရား၊ ဒီတော့ တပည့်တော်မသားက တပည့်တော်မကို အပြစ်တင်ပါတယ်၊ ဒီလိုဖြစ်ရတာဟာ ငယ်စဉ်က သူ့ကိုအမေ, အဖေတို့က ဗုဒ္ဓယဉ်ကျေးမှုတွေ သင်မပေးလို့ပဲ" လို့။

အမေရိက ဘာရီ-ဝိပဿနာ ကမ္မဋ္ဌာန်းဋ္ဌာနသို့ လွှတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသ ကြွရောက်တရားပြသစဉ် တရားလဲအား‌ထုတ်, ကမ္မဋ္ဌာနာစရိယ ဆရာတော်အရှင်ပညာဒီပ တရား စစ်ရာတွင် ဘာသာပြန်လဲ လုပ်ပေးသော ဒကာမကြီး ဒေါ်ခင်ခင်ကြီးသည် သူမ၏ သား‌နှင့်မြေး‌အကြောင်း‌ကို ပြောပြပါသည်၊ သူမသည် ရန်ကုန်နှင့် မန္တလေး တက္ကသိုလ်၌ သမိုင်း‌ကထိက လုပ်ခဲ့ဘူး‌ပေသည်၊ ယခုအခါ အမေရိကန်နိုင်ငံ ကာလီဖိုး‌နီး‌ယား ပြည်နယ်၊ ဆန်ဟိုဆေး‌မြို့၌ နေပါသည်။

ဒကာမကြီး‌၏ စေတနာနှင့် အမြော်အမြင်ကို လေး‌စား‌မိပါ၏၊ အနာဂတ် မြန်မာကလေး‌များ‌အတွက် အမြော်အမြင်ပါသော ထိုကဲ့သို့သော စေတနာတွေ သည် တန်ဖိုး‌ကြီး‌လှပေ၏၊ အကျိုး‌ကြီး‌လှပေ၏၊ အနာဂတ် မြန်မာကလေး‌များ‌၏ ကံကြမ္မာသည် အမြော်အမြင်ပါသော ထိုစေတနာတွေ အပေါ်ဝယ် အခြေတည်နေပါသည်၊ ဗုဒ္ဓဘာသာ မြန်မာမိဘများ‌သည်ကား သား‌သမီး‌တွေ ကြီး‌လာလို့ ထိမ်း‌မနိုင်သိမ်း‌မရ ဖြစ်လာသောအခါမှ နောင်တမရသင့်ကြပါ၊ ငယ်ရွယ်စဉ်အခါ ဘာသိဘာသာ မထား‌သင့်ကြပါ၊ လက်ဦး‌ဆရာဖြစ်သည့် မိဘတို့သည် မိမိကိုယ်တိုင် လေ့လာထား‌ကြရပါမည်၊ မိဘတို့ ကိုယ်တိုင် လည်း သင်ပေး‌ကြရမည်၊ သင်မပေး‌နိုင်လျှင်လည်း သင်ပေး‌နိုင်သည့် နေရာ သို့ရောက်အောင် ပို့ပေး‌ကြရပါမည်။

ခန္ဓာကိုယ်ကြီး‌ထွား‌နှန်း အရိုန်မရှိတော့သည့် အစွယ်ရောက်ကာမှ ကျွေး‌မွေး‌အပ်သော အစာအာဟာရတို့သည် ကလေး‌တို့၏ ခန္ဓာကိုယ်ကြီး‌ထွား‌နှန်း‌ကို သိသိသာသာ အား‌ပေး‌နိုင်စွမ်း မရှိတော့ပေ၊ ကလေး‌များ‌အား နို့ချို တိုက်ကျွေး‌ရမည့် အချိန်၌ နို့ချိုမှန်မှန် တိုက်ကျွေး‌ရမည်၊ အစာစား‌နိုင်ချိန်၌

အမေရိက BARRE မြို့ တရားထိုင်ရာဌာန ၊ဗုဒ္ဓယဉ်ကျေးမှုသင်တန်းဌာနဖြစ်သည့်



မေတ္တာ မည်သောအဆောင်ကြီး

http://www.dhammadownload.com

http://www.dhammadownload.com

း်ရှိကျန်းမာစေသည့် အစားအစာတို့.ကို မှန်မှန်ကျွေးရပေမည်၊ သို့.မှသာ လေးများသည် ခန္ဓာကိုယ် ကျန်းမာသန်စွမ်းမည်၊ ဖွံ့.ဖြိုးမည်၊ နို့.ချို့တိုက် ကျွေးရမည့် အချိန်၌ နို့.ချို့မှန်မှန် မတိုက်ကျွေးလျှင်, အစာစား်နိုင်သည့် ချိန်၌ အာဟာရ ပြည့်တင်းသည့် အစာတို့.ကို မှန်မှန် မကျွေးလျှင် နို့.မျက် ား ဗိုက်ပူနံကားလေးတွေ ဖြစ်ကာ လူပုလူပိန်လေးတွေ ဖြစ်နေပေလိမ့်မည်။

အနာဂတ်မြန်မာ ကလေးများသည် ဘာသာရေးနယ်ပယ်၌ ဘာသာရေး မျက်သာ:, ဘာသာရေးဗိုက်ပူနံကား:, ဘာသာရေး လူပိန်လေးတွေ မဖြစ် ဗုဒ္ဓဘာသာ မြန်မာမိဘတိုင်းမှာ တာဝန်ရှိနေပါသည်၊ ကလေးများကို ယ်စဉ်ကပင် ဗုဒ္ဓယဉ်ကျေးမှုနို့.ချို့, ဗုဒ္ဓယဉ်ကျေးမှု အစားအစာများကို ကိုက်ကျွေးကြရပေမည်၊ အသက်အရွယ်ကြီးကာမှ တိုက်ကျွေးလျှင် ငယ်ရွယ် ဉ်က တိုက်ကျွေးရသလောက် ခရီးမရောက်တော့ပေ၊ မလွယ်ကူတော့ပေ၊ ယ်ရွယ်စဉ်အခါ တန်ရာတန်ရာ ဗုဒ္ဓယဉ်ကျေးမှုနို့.ချို့, ဗုဒ္ဓယဉ်ကျေးမှု ာဟာရတို့.ကို မတိုက်ကျွေးပါလျှင် ဘာသာရေး နို့.မျက်သာ:, ဗိုက်ပူနံကား:, လူပုလူပိန်လေးတွေ ဖြစ်နေပေတော့မည်၊ မောင်လင်းအောင်သက်ကို သာဓက အဖြစ်ဖြင့် ကြည့်နိုင်ပါသည်၊ ဗုဒ္ဓယဉ်ကျေးမှု သန်မာထွားကြိုင်းဖွံ့.ဖြိုးသည့် မြန်မာကလေးများ ဖြစ်လာဖို့. ငယ်စဉ်ကပင် ဗုဒ္ဓယဉ်ကျေးမှု အာဟာရတွေကို တိုက်ကျွေးကြရပေမည်။

ဗုဒ္ဓယဉ်ကျေးမှု သန်မာထွားကြိုင်း ဖွံ့.ဖြိုးသည့်မိခင်၏ ဝမ်း၌ သန္ဓေတည် လာသော သား:သမီး:သည် မိခင်, ဖခင်တို့.ထံမှ ဗုဒ္ဓယဉ်ကျေးမှု အငွေ့.အသက် ဓာတ်တို့.ကို ရှေးဦးစွာ ခံယူရပေမည်၊ မွေးဖွားလာသော ထိုသား:သမီး:လေး တွေကို မိဘများသည် လက်ဦးဆရာအဖြစ် ဗုဒ္ဓယဉ်ကျေးမှု အလေ့အထလေးတွေ သင်ပေးကြရပေမည်၊ အရွယ်ရောက်လာသောအခါ ဗုဒ္ဓယဉ်ကျေးမှုတွေကို လက်တွေ့.ကျင့်သုံး နိုင်သည်ထိ ကြိုးပမ်းပေးကြ ရပေမည်၊ ထိုသား:သမီး:လေး တို့.သည် အရွယ် ရောက်လို့. အိမ်ထောင်ကျပြီး မိဘတွေ ပြန်ဖြစ်လာသောအခါ ထိုသူတို့.၏ သား:သမီး:လေး:တွေအား: -

ဗုဒ္ဓယဉ်ကျေးမှု အငွေ့.ဓာတ်, အလေ့ဓာတ်, အတွေ့.ဓာတ်တွေကို တဆင့် ပေးကြပေမည်၊ ထိုအခါ သား:စဉ်မြေး:ဆက် ဗုဒ္ဓယဉ်ကျေးမှုတွေ လည်ပတ်ကာ

http://www.dhammadownload.com

သွားကြပါလျှင် အနာဂတ်မြန်မာပြည်သည် ပိုမိုကြီ သာယာချမ်းမြေ့သော နိုင်ငံတစ်နိုင်ငံ ဖြစ်လာလိမ့်မည်၊ ဗုဒ္ဓယဉ်ကျေးမှုကို အခြေခံသော မြန်မာယဉ်ကျေးမှုသည်လည်း ရှင်သန်နေပါလိမ့်မည်၊ မြန်မာယဉ်ကျေးမှု ထာဝရ ရှင်သန်နေစေရန် မြို့ကြီးမှအစ၊ တောကြီးတောကြား ပါမကျန် မြန်မာပြည် အနံ့အပြား မြန်မာကလေးများ၏ နှလုံးသားဌ ဗုဒ္ဓယဉ်ကျေးမှု ပန်းတွေ ပွင့်လန်းနိုင်အောင် ဗုဒ္ဓယဉ်ကျေးမှု ပန်းယနံ့တွေ သာင်းပြန့်မွှေးကြိုင် ယနံ့လိုင်နေအောင် အမြော်အမြင်ကြီးသူကို. ကြုံးပမ်းပေးဖို. အချိန်တန်နေပါပြီ တည်း။

• • •

http://www.dhammadownload.com

အင်္ဂေ့.ဓာတ်

"မိဘတို့.၏ အင်္ဂေ့.ဓာတ်ဟာ သား:သမီး:လေး:တွေမှာ အရေး:ပါ:တယ်"ဟု ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော် မကြာခဏ အမိန့်.ရှိသံ့ကို ကြား:ခဲ့ဘူး:၏၊ ကိုယ်တွေ့.မကြုံ:ဆေး:သူတို့. အဖို့. မယုံနိုင်စရာဖြစ်၏၊ အမေရိက မှ တောင်ပုလု ကမ္ဘာအေး:ကျောင်း:၌ ဗီယက်နမ်ယောဂီတို့.အား (၂)ပတ်ဟာကုး စခန်း:တွင် ဆရာတော် တရား:ပြသပေး နေခိုက် (OAKLAND)မြို့.မှ မဝဒိရဉာနီ တို့. ဇနီး:မောင်နှံနှင့် သမီး:လေး (၂)ယောက်ပါ ဆရာတော်ကို လာရောက် ဖူး:မြော်ကြ၏၊ စာရေး:သူကား သူတို့.နှင့် စကား:မပြောလိုက်ရပါ၊ ထို့.ကြောင့် သမီး:လေး:တွေကို မတွေ့.လိုက်ရပါ၊ မြန်မာပြည်သို့. ပြန်လာခါနီး ဂိုး:လ်ဒင်း: ဂိတ်တံတား:ကြီး အနီး:က မစ္စတာခန်နှင့်ဝိသာခါတို့.၏ အိမ်၌ သီတင်း:သုံး:ခိုက် သူတို့.မိသား:စု ရောက်လာကြပြန်၏၊ ထိုအခေါက်တွင်မူ (၅)နှစ်အရွယ် သမီး:ကြီး:လေး:နှင့် (၁)နှစ်အရွယ် သမီး:လေး:တို့.ကို တွေ့.ရပါ၏၊ သမီး:အကြီး:လေး နာမည်က မစာရဉာနီ-တဲ့၊ သမီး:ငယ်လေး:က မသုစိတ္တာ-တဲ့၊ ဒီသမီး:လေး (၂)ယောက် မမွေး:ဖွား:ခင်က ၁၉၈၄-က ဘာရီ၌ (၃)လစခန်း:၌ ကျွန်ုပ်အောင် အား:ထုတ်ခဲ့၍ ၁၉၈၇-ကလဲ နေပေါ(NEPAL)တရား:စခန်း:၌ လိုက်ကာ အား:ထုတ်ခဲ့သေး: သည့်အပြင် ရန်ကုန်-မဟာစည် သာသနာ့ရိပ်သာသို့. လာ၍ ရွှေတောင်ကုန်း: သာသနာ့ရိပ်သာ ဆရာတော်ထံ ဇနီး:မောင်နှံ (၂)ယောက်လုံး: တရား:အား:ထုတ် ခဲ့ကြ၏၊ သူတို့.သည် အမေရိကန်နိုင်ငံသူ-နိုင်ငံသား:များ ဖြစ်ကြ၏၊ အမျိုး:သမီး:သည် သီလရှင်ဝတ်၍ တရား:အား:ထုတ်ခဲ့၏၊ သူမ၏ဘွဲ့.မှာ မဝဒိရဉာနီ ဖြစ်၏၊ သူမ၏ သမီလေး:များ:ကိုလည်း: ပါဠိဘာသာဖြင့်ပင် ဆရာတော် အမည်ပေး:ထား:လေ၏၊ သူတို့.ဇနီး:မောင်နှံ တရား:အား:ထုတ်ပြီး: အမေရိကသို့. ပြန်သွား:ကြ၏၊ နှစ်အတော်ကြာသော် ထိုသမီး:လေး:(၂)ယောက် ဖွား:မြင်လာ၏၊ သမီလေး: (၂)ယောက်သည် လိမ်မာရေး:ခြား:ရှိကြ၏၊ ဉာဏ် ထက်မြက်ကြ၏၊ စိတ်ကောင်း:ရှိကြ၏၊ မျက်နှာလေး:တွေက ကြည်လင်တောက် ပ နေကြ၏၊ အထူး:သဖြင့် သမီး:အငယ်လေး:၏ မျက်နှာသည် ထူး:ထူး:ကဲကဲ

http://www.dhammadownload.com

ကြည်လင်နေ၏၊ ပြုံးရွှင်နေ၏၊ မြင်ရသူတိုင်း ကျက်သရေရှိပေစွာဟု ချီးကြူးကြ၏၊ မိခင် မဝဇိရာနိကလည်း သမီးလေး (၂)ယောက်၏ ရုပ်ဝိုင်းစိတ်ဝိုင်း ဆိုင်ရာ ထူး ခြားမှုရှိပုံကို ဆရာတော်အား လျှောက်ထားသည်ကို ကြားခဲ့ရပါ၏၊ သူမ၏ သမီးလေးကို စာရေးသူ လေ့လာကြည့်သော အခါ၌လည်း သူမစကား များနှင့် ကိုက်ညီ နေသည်ကို တွေ့ရပါ၏၊ သူမ ယူဆသည်မှာ-ဒီကလေး တွေဟာ သူမ အားထုတ်တဲ့ သတိပဋ္ဌာန်တရား အငွေ့စာတ်ကြောင့် ဤကဲ့သို့ ထူးခြားမှု ရှိကြသည်တဲ့။

ပြည်ပကရော ပြည်တွင်းကပါ သူ့ထံ လာရောက်တရားအားထုတ်ကြတဲ့ မိခင်တွေကို "တရားအားမထုတ်ခင်က ရတဲ့ကလေးတွေနဲ့ အားထုတ်ပြီးမှ ရတဲ့ ကလေးတွေဟာ ဘယ်လိုထူးခြားမှုရှိကြသလဲ" ဟု ဆရာတော်က မေးကြည့်သောအခါ ပြည်တွင်းပြည်ပ မိခင်များ၏ ပြောကြားချက်မှာ "တရားအားထုတ်ပြီးနောက်မှ မွေးဖွားလာတဲ့ကလေးတွေဟာ အရွယ်နဲ့ မလိုက်အောင် စိတ်ကောင်းရှိကြတယ်၊ ကူညီတတ်ကြတယ်၊ သည်းခံကြတယ်၊ ရုပ်ကောင်း, ဉာဏ်ကောင်းကြတယ်၊ လိမ္မာကြတယ်"-တဲ့။

မိဘတို့က သားသမီးတို့အား အငွေ့စာတ်ပေးပို့ လိုအပ်နေကြောင်းကို ဆရာတော်က ဤသို့ ရှင်းပြလေ့ရှိပေ၏။

"ဗောဓိမင်းသား၏ မိခင်ဟာ ဗောဓိမင်းသားလေးကို ကိုယ်ဝန်တည်စကပင် ဘုရားရှင်ထံ သွားပြီး သန္နေသားအတွက် ရည်ရွယ်ကာ သရဏဂုံဆောက်တည်ပေးခဲ့တယ်၊ မွေးဖွားပြီးတော့လဲ ဒုတိယအကြိမ် သရဏဂုံဆောက်တည် ပေးခဲ့ပြန်တယ်၊ ဒီလို ကလေးအတွက် ဆောက်တည်ပေးတဲ့အတွက် ကလေးမှာ အကျိုးဆုတ်ယုတ်မှု မဖြစ်နိုင်ပါဘူး၊ ဒါကြောင့် လုပ်ကောင်းပါတယ်၊ ကလေးကိုယ်တိုင် မယူနိုင်လို့ ဥပါသကာ-ဥပါသိကာ အစစ်ဟာ မဖြစ်သေးဘူးဆို၊ ဒါပေမဲ့ ဒီလိုပဲ အငွေ့စာတ်ဆိုတာ ပေးရပါတယ်၊ ဗောဓိမင်းသားလေး သိတတ်တဲ့ အရွယ်ရောက်တော့ တတိယအကြိမ် သရဏဂုံထပ်ယူခဲ့တယ်၊ (၃)ကြိမ်တိုင်တိုင် ယူခဲ့တယ်၊ မိဘ(၂)ဦး၏ သွေးသားကို အမှီပြုဖြစ်ပေါ်လာရတဲ့ ဒီသား, သမီးလေးတွေထဲမှာ ဗိဂုံးဖလာ ဗုဒ္ဓသာသနာဝင် (အမည်ခံ ဗုဒ္ဓသာသနာဝင်)မျှသာဖြစ်တဲ့ မိဘ(၂)ဦးထံမှ အငွေ့စာတ်ကို

http://www.dhammadownload.com

ရယူရသူတို့ထက် မိရိုးဖလာလွန် (သတိပဋ္ဌာန် ကိုယ်တွေ့ရှိတဲ့) မိဘ(၂)ဦး ထံမှ အငွေ့ဓာတ်ကို ရယူရသူတွေရဲ့ ရုပ်ပိုင်း-နာမ်ပိုင်းဆိုင်ရာ အရည်အသွေး တွေဟာ ပိုမိုကောင်းမွန်ပါတယ်။

မိသားစုလဲ အကျိုးများ, သာသနာတော်လဲ အကျိုးများ, နိုင်ငံတော်လဲ အကျိုးများ စေနိုင်တဲ့ သား-သမီးတွေကို မွေးပေးလိုက်တဲ့ မိဘတွေဟာ မိမိတို့ကိုယ်တိုင် ရှေးဦးစွာ ဗုဒ္ဓအဆုံးအမ သီလ,သမာဓိ ပညာတရားတွေကို လက်တွေ့ကျင့်သုံး ထားကြရတယ်၊ အဲဒီလို အတွေ့ဓာတ် ရှိအောင်လဲ အလေ့အထ ပြုကြရတယ်၊ အလေ့ဓာတ်ရှိအောင်လဲ အငွေ့ဓာတ်ဟာ လိုအပ်လာတယ်, အငွေ့ဓာတ်, အလေ့ဓာတ်, အတွေ့ဓာတ်ရှိထားတဲ့ မိဘ တွေက သန္ဓေသားလေးကို ရှေးဦးစွာ ဗုဒ္ဓသာသနာ အငွေ့ဓာတ် ပေးရ တယ်၊ မွေးလာတော့ အလေ့ဓာတ် ပေးရတယ်၊ အလေ့ဓာတ်မှ တစ်ဆင့် အတွေ့ဓာတ်ဆီသို့ ရောက်အောင် ပို့ဆေးရတယ်၊ ဗုဒ္ဓသာသနာဝင် မိခင်ဖခင်တိုင်း သားစဉ်မြေးဆက် ဗုဒ္ဓသာသနာ အငွေ့ဓာတ်, အလေ့ဓာတ်, အတွေ့ဓာတ် ပေးနိုင်အောင် ကြိုးစားကြရမယ်၊ ကြိုးစားပေးနိုင်ကြပြီဆိုယင် ရွှေ- ငွေ စတဲ့ရတနာတို့ကို ရလို့ဝမ်းသာကြည်နူးကြရတာထက် သားလိမ္မာ, သမီး လိမ္မာလေးတွေရလို့ ဝမ်းသာကြည်နူးရတာက များစွာသာလွန် ပါလိမ့်မယ်၊ ဗုဒ္ဓသာသနာ အငွေ့ဓာတ်, အလေ့ဓာတ်, အတွေ့ဓာတ်ပါတဲ့ မျိုးဆက်သစ် တည်ထောင်နိုင်အောင် ဗုဒ္ဓသာသနာဝင် မိခင်ဖခင်တိုင်း ကြိုးစားကြရမယ်။

* * *

http://www.dhammadownload.com

အမေရိကမှ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်ဟန်း

ရွှေ, ငွေ, ကျောက်သံပတ္တမြား စသောရတနာများကို လူတိုင်း မဝတ်ဆင်နိုင်ကြ၊ အင်မတန် ကောင်းမွန်သော အစားအစာတို့ကိုလည်း လူတိုင်း မစားနိုင်ကြသေ၊ ကံထူးသူတို့သာ ဝတ်နိုင်စားနိုင်ကြသေ၏ ။(၂၀)သော ဤကလေး ငယ်များသည် ကံထူးသူများ ဖြစ်ကြ၏ဟု ဆိုချင်ပါ၏၊ အမေရိကန်နိုင်ငံမှ သန်းပေါင်းများစွာသော ကလေးငယ်တို့တွင် ဤကလေးတို့ကား ထိုလောက်ကံ ရတနာတို့ထက် သာလွန်မြင့်မြတ်သော ဗုဒ္ဓရတနာ, ဓမ္မရတနာ, သံဃရတနာ တို့ကို ဦးထိပ်ပန်ဆင်နေကြပေ၏၊ အရာသာတကာတို့တွင် အကောင်းဆုံး ဖြစ်သော တရားအရာသာကိုလည်း စားသုံးနေကြလေ၏၊ နံနက်(၆)နာရီမှ ည(၁၀)နာရီထိ နာရီဝက် တရားထိုင်ချိန် (၅)ကြိမ်, နာရီဝက် စကြံလျှောက်ချိန် (၄)ကြိမ်, အနောက်တိုင်းသား ကမ္မဋ္ဌာန်းဆရာများ, ဗုဒ္ဓ သာသနာ့ဝန်ထမ်း ရဟန်းတော်များနှင့် တရားဆွေးနွေး သင်ယူချိန်(၄)ကြိမ်, တရားနာချိန် တစ်ကြိမ်, အနားယူ၍ အားကစားလုပ်ချိန် တစ်ကြိမ်ဖြင့် တစ်နေ့တာ ကုန်လွန်ကြလေ၏၊ (၁၁)နှစ်အရွယ်မှ (၁၉)နှစ်အထိ အရွယ်ရှိသူများ ဖြစ်ကြ၏၊ ယောကျ်ားလေး (၆)ယောက်, မိန်းကလေး (၁၄)ယောက် ရှိပေ၏၊ အမေရိကန်, ကနေဒါ, ဂျာမန်, မြန်မာနိုင်ငံတို့မှ ဖြစ်၏၊ မြန်မာကလေး (၂)ယောက်, ကနေဒါမှ (၂)ယောက်, ဂျာမန်မှ (၂)ယောက်, ကျန်(၁၄)ယောက်မှာ အမေရိကန်တို့ ဖြစ်ကြ၏။

ဤဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းကို မက်ဆာချူးဆက်ပြည်နယ်၊ ဘာရိမြို့ရှိ အိုင်အမ်အက်စ် ကမ္မဋ္ဌာန်းဌာနဒ္ဒ ဖွင့်လှစ်သင်ကြား ပေး၏၊ ၁၉၈၉-ခုနှစ်က တစ်ကြိမ် သင်ကြားပေးခဲ့၏၊ ယခုနှစ်သည် ဒုတိယအကြိမ် ဖြစ်၏၊ ပဌမအကြိမ်၌ သင်တန်းသား (၁၅)ယောက် ရှိခဲ့ပြီး ဤဒုတိယအကြိမ်၌ (၂၀)ရှိလာပေသည်၊ တစ်နေ့အတွက် တစ်ယောက်လျှင် (၂၅)ဒေါ်လာ ပေးရပေ၏၊ စား၊ သောက်, နေရေး, ထိုင်ရေးတို့အတွက် အပို့က တာဝန်ယူ ဆောင်ရွက်ပေး၏၊ သင်တန်းကာလကား (၅)ရက်မျှသာ ဖြစ်၏၊



၁၉၉၁ ခု၊အမေရိက BARREမြို့ I.M.S.မှ ဗုဒ္ဓယဉ်ကျေးမှုအခြေပြု သင်တန်းသား-သင်တန်းသူများ

http://www.dhammadownload.com

http://www.dhammadownload.com

ကလေးငယ်တို့သည် သင်တန်းကာလ တိုတောင်းနေ၍ ကောင်းမွန်သော အစားအစာကို စားကောင်းတုန်း ဖြတ်လိုက်ရသည့်အလား စိတ်ထဲမှာ အားမလို အားမရ ဖြစ်နေကြလေ၏၊ ဖြစ်နိုင်လျှင် ဆက်လက်သင်ယူလို နေကြပေ၏၊ (၁၉၉၃-ခုနှစ်)၌လည်း ဖွင့်လှစ်သင်ကြားပေး ပေဦးမည်၊ ထိုနှစ်၌ (၁၀)ရက်ထိ သင်ကြားပေးရန် ကလေးများက တောင်းဆိုလာကြ၏၊အရွေ့တိုင်း ယဉ်ကျေးမှုနှင့် ဖြောင့်ဖြောင့်ကြီး ဆက်ကျင်သည့် ယဉ်ကျေးမှုတွေ တော်တော်များများရှိသည့် ဗုဒ္ဓသာသနာဝင် မဟုတ်သေးသော ထိုအနောက်တိုင်းသား ကလေးငယ်များက ထိုသို့တောင်းဆို လာကြသည်မှာ များစွာအားရစရာ ကောင်းလှပါပေသည်၊ ထိုသင်တန်းကြောင့် သူတို့တွင် ရရှိလာသော အကျိုးများ, သင်တန်းအပေါ် သုံးသပ်ချက်, ခံယူချက်တို့ကို သင်တန်းသား ကလေးများက ထုတ်ဖော် ရေးသားချက် များကိုလည်း နောင်လာမည့် ဆောင်းပါးများဖြင့် တင်ပြသွားပါ ဦးမည်။

ဤသင်တန်းနှင့် ပက်သက်၍ အနောက်ကမ္ဘာ တစ်ဝှန်းတွင် နာမည်ကြီး ကမ္မဌာန်းဆရာများ ဖြစ်ကြသော ဂျိုးဇက်, ရှရွန်, စတီဗင်, မစ်ရဲတို့ကလည်း လိုက်လိုက်လဲလဲ အားရကျေနပ် ကြလေသည်၊ သူတို့က ပြောပြကြသည်မှာ "အမေရိကန်နှင့် အနောက်တိုင်းနိုင်ငံများမှ ကလေးတွေသည် မိဘများနှင့် များစွာ ထိတွေ့ခွင့်မရကြ၊ မိဘများက စီပွားရေး အလုပ်အကိုင်တို့ဖြင့် တစ်နေကုန် လူပ်ရှားနေကြရသည့်အတွက် ကလေးများမှာ ကြုံတွေ့နေရသော ပြဿနာများကို မိဘများကလည်း ကောင်းစွာဖြေရှင်း မပေးနိုင်ကြ၊ ဆွေမျိုးများ, လူကြီးများ, သူငယ်ချင်းများကလည်း ကူညီမပေးနိုင်ကြ၊ ကျောင်းမှ ကျောင်းဆရာ-ဆရာမတို့လည်း မတတ်နိုင်ကြ၊ ထိုအခါ ကလေးများသည် ပြဿနာကို သင့်တော်သောနည်းဖြင့် မဖြေရှင်းကြပဲ မူးယစ်ဆေးဝါး၏ ကျေးကျွန်, ကိုယ့်ကိုယ်ကို အဆုံးစီရင်ခြင်း စသည့်အဖြစ်ဆိုးတို့သို့ ရောက်သွားကြပေ၏၊ ဤကမ္ဘာ့ကလေးများ ဗုဒ္ဓ၏ကိုယ်, နှုတ်, စိတ်, ယဉ်ကျေးမှုနည်းလမ်းတွေကို လေ့လာသင်ယူ မှတ်သားလိုက်နာခွင့် ရနေသည်မှာ များစွာဝမ်းသာစရာ ကောင်းလှပါသည်၊ ကလေးများ ကိုယ်နှုတ်စိတ် ယဉ်ကျေးမှုတွေကို ရနိုင်ရန် မိဘ, ဆရာများနှင့် နိုင်ငံ၏ ယဉ်ကျေးမှုတွေမှာ များစွာ

http://www.dhammadownload.com

တာဝန် ရှိနေပါ၏၊ ဤနှစ် ကလေးသင်တန်းမှာ ကလေးတွေဟာ များစွာ တက်ကြွ ကြပါသည်၊ ဒီသင်တန်းဟာ အမေရိကမှာ ကန္တာရထဲက အိုအေစစ် မျှသာပါပဲ၊ အမေရိကမှာ ဒီလိုအိုအေစစ်တွေ ရှိလာဖို့ရာ ဆရာတော်ကို့ မကြာမကြာ ကြွရောက်ချီးမြှောက်ပေးဖို့ လိုနေပါသည်"တဲ့ ၊ သူတို့၏ ကမ္မဋ္ဌာန်းဆရာ ဖြစ်သော ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသကို ကြွရောက်ပေးဖို့ ပန်ကြားလျှောက်ထား ကြလေသည်။

သစ်ပင်ကို စိုက်ပျိုးလိုလျှင် အစေ့ကစ၍ စိုက်ပျိုးမှသာ သီးလာသော အသီးသည် အစေ့သေး၏၊ အသားများ၏၊ အခွံနုပါး၏၊ အမျှင်နည်း၏၊ ကိုင်းကူးစိုက်လျှင်မူ သီးလာသော အသီးသည် အစေ့ကြီး၏၊ အသားနည်း၏၊ အခွံနုထူ၏၊ အမျှင်များ၏၊ ဤသဘာဝကို နားလည်ထားသော ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ဘုရားက အစေ့ကစ၍ စိုက်ပျိုးပေးသော နည်းအရ ကလေးများ သန္တာန်တွင် ငယ်ရွယ်စဉ်ကပင် ဗုဒ္ဓယဉ်ကျေးမှုတွေကို ထည့်သွင်း စိုက်ပျိုးပေးနေပေသည်၊ ပြည်တွင်းဌ ဗုဒ္ဓယဉ်ကျေးမှု မျိုးစေ့တွေ စိုက်ပျိုးပေးနေသလို ပြင်ပဌလည်း စိုက်ပျိုးပေးနေပေသည်၊ ဆရာတော်သည် ပြည်တွင်း-ပြည်ပ ကလေးသူငယ်များကို ဗုဒ္ဓယဉ်ကျေးမှုတွေ လက်ခံလာအောင်, လက်ခံနိုင်လာအောင် မလျှော့တန်း ဆောင်ရွက်ပေးနေသည်မှာလည်း အနာဂတ် သာသနာအတွက် အားတက်ဖွယ် ကောင်းလှပါသည်၊ ဤသင်တန်းတွင် ဆရာတော်ဘုရားက ခန္ဓာကိုယ် ကျန်းမာသန်စွမ်းနိုင်ဖို့ရန် အာဟာရပြည့်တင်းသည့် အစားအစာ, သန့်ရှင်းလတ်ဆပ်သည့် ရေ,လေတို့သည် လိုအပ်သကဲ့သို့ စိတ်ဓာတ်ကျန်းမာ သန်စွမ်းနိုင်ဖို့ရန် ဗုဒ္ဓယဉ်ကျေးမှု ဗီတာမင်တွေ, ဗုဒ္ဓယဉ်ကျေးမှုရေလတို့သည်လည်း လိုအပ်လှကြောင်း, ဟိရိသြတ္တပ္ပ ကားပါးကြသည့် အနောက်တိုင်းသားတို့အဖို့ ဟိရိသြတ္တပ္ပများစွာ ကိန်းဝပ်တည်ရှိကြစေလိုကြောင်း အကျယ်တဝန့် ဆုံးမသွန်သင်တော် မူပေသည်။

ဆရာတော် အရှင်ပညာဒီပကလည်း ကိုယ်ယဉ်ကျေးသူဆိုတာ သူတပါးအသက် မသတ်ရဘူး၊ သူတစ်ပါးဥစ္စာ မခိုးရဘူး၊ သူတပါး သားသမီး မပျက်ဆီးရဘူး၊ နှုတ်ယဉ်ကျေးသူဆိုတာ မှန်မှန်ပြောရတယ်၊ စည်းလုံးရေးစကားပြောရတယ်၊ ချိုချိုသာသာ ပြောရတယ်၊ အဓိပ္ပါယ်ရှိတဲ့ အနှစ်သာရရှိတဲ့

http://www.dhammadownload.com

စကားကို ပြောရတယ်၊ ဖောင်းတာပိန်တာ စသည့်ပေါ်လာသမျှ အာရုံတွေကို ရှုမှတ်နေသူဟာ စိတ်ဃဉ်ကျေးသူပါပဲ စသည်ဖြင့် စိတ်ဝင်စားဖွယ် ပုံဝတ္ထုတွေပါ ထည့်သွင်းကာ ဆုံးမသွန်သင်တော်မူပေ၏။

အရှင်ပညာသာမိကမူ သရဏာဂုံ ငါးပါးသီလ, ဘုရားဂုဏ်တော် (၉)ပါး, တရားဂုဏ်တော် (၆)ပါး, သံဃာဂုဏ်တော် (၉)ပါး ၊,ကံ – ကံ၏ အကျိုးပေး၊ ငါးပါးသီလအကျိုး – အပြစ်များ, တရားရှုမှတ်ပုံ, မေတ္တာပွားပုံ, မေတ္တာအကျိုးနှင့် မြန်မာပြည် ဗုဒ္ဓသာသနာ အကြောင်းတို့ကို ပြောပြပေသည်၊ ကလေးများများစွာ စိတ်ဝင်စားကြလေသည်၊ (၅)ရက်မျှသာ ကြာသော ဤသင်တန်းကာလသည် အချိန်တိုသော်လည်း အကျိုးများလှပေသည်၊ ဤကဲ့သို့သော ဗုဒ္ဓယဉ်ကျေးမှု သင်တန်းတွေ မြန်မာပြည်နှင့် ကမ္ဘာတစ်လွှားမှာ ပျံ့ပွားလာပါလျှင် ဤကမ္ဘာကြီးသည် အဘယ်မှာလျှင် မငြိမ်းချမ်းပဲ ရှိပါတော့မည်နည်း၊ ကိုယ့်ရဲ့ကမ္ဘာလေး မိသားစု ကမ္ဘာလေးနှင့် ကမ္ဘာကြီးတစ်ခုလုံး ငြိမ်းချမ်းမှု ဖုံးလွှမ်းစေဖို့ရာ ဗုဒ္ဓယဉ်ကျေးမှုတွေဟာ အရေးပါလှပါသတည်း။

* * *

http://www.dhammadownload.com

အမေရိကမှ ဆယ်ကျော်သက်လေးများ၏ ဗုဒ္ဓယဉ်ကျေးမှု အဖြစ်ပြု သင်တန်းအလေါ်

သုံးသပ်ချက်(၁)

ဒီပြီးခဲ့တဲ့နွေမှာ မက်ဆာချူးဆက်ပြည်နယ် ဘာရီမြို့ (IMS) ဝိပဿနာ ကမ္မဋ္ဌာန်းဌာနမှာ အရွယ်ရောက်ပြီး လူငယ်လေးများအတွက် အထူးရည်ရွယ်ထား တဲ့ လေးရက်သင်တန်းမှာ ပါဝင်ခွင့်ရလိုက်တာကတော့ အတော်ကို ကျမ ကံကောင်းပါတယ်၊ ဒီသင်တန်း တက်ရောက်သူများကတော့ အသက်အရွယ် အနေနဲ့ (၁၁)နှစ်မှ (၁၈)နှစ်အထိ ဖြစ်ကြပါတယ်၊ (ကျမကတော့ ၁၃ - နှစ် ဖြစ်ပါတယ်။) အသက်အရွယ် မတူညီကြပေမဲ့ ကျမတို့အားလုံးဟာ ဗုဒ္ဓ ယဉ်ကျေးမှုနဲ့. ဝိပဿနာ ကမ္မဋ္ဌာန်းတရားအလေါ် စိတ်ဝင်စားမှုကိုတော့ အတူတကွ မျှဝေခံစား ကြရပါတယ်၊ ကျမတို့. မိဘများဟာ (IMS)အဖွဲ့.နဲ့. တနည်းမဟုတ်တနည်း ဆက်နွယ်မှု ရှိနေကြပြီး ကျမတို့.ကို ဒီလာဘို့. အား ပေးတိုက်တွန်း ကြပါတယ်၊ ကျမရဲ့. မိဘနှစ်ဦးစလုံးဟာဆိုရင် လွန်ခဲ့တဲ့ နှစ်တွေက အကြိမ်များစွာ တရား:စခန်း:မှာ ပါဝင်ခဲ့ကြသူများ ဖြစ်ပါတယ်။

ကျမတို့. ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို တစ်ဆင့်ပြီးတစ်ဆင့် တကယ် တန်း လေ့လာသင်ယူ ခဲ့ကြရတာဟာ အလွန်မှကြီးကျယ်တဲ့ အခွင့်အရေးကြီး တစ်ခုဘဲ ဖြစ်ပါတယ်၊ အခြေခံသဘောတရားများကို စတင်သင်ကြား:ပေးပြီး လမ်းလျှောက်ချိန်, ထိုင်ချိန် တလျှောက်လုံးမှာ ဆရာများ:က ကျမတို့.ကို အကူညီ ပေးကြပါတယ်၊ ကျမဟာ ခန္ဓာကိုယ်ထဲက ခုန်ထွက်လိုက်ပြီး အသက်ရှူရှိုက်မှုနဲ့. ခံစား:ရမှု အာရုံတွေလေါ်မှာ ရှိ:စင်:ပြတ်သား:စွာ စိတ်အာရုံ စူး:စိုက် စုစည်း:လေး:ရတာဟာ အလွန်မှ စိတ်လှုပ်ရှား:စရာ ကောင်း:လှပါတယ်၊ ဆရင်က ကျမမိဘများ ရဲ့. အကူအညီလေး:နဲ့. အချိန်အနည်း:ငယ် ဝိပဿနာ ကမ္မဋ္ဌာန်း အား:ထုတ်ခဲ့ပူး ပါတယ်၊ ဒါပေမဲ့ အဲဒီတုန်း:က ဝိပဿနာရဲ့ စွမ်း:ရည်ကြီး:ကျယ်ပုံ လောက်ကိုသာ ပဌမဆုံး:အကြိမ်အနေနဲ့. နား:လည် သဘောပေါက် ခဲ့ရပါတယ်၊ နောက်ထပ်တစ်ကြိမ် အား:ထုတ်ကြိုး:တဲ့ ကမ္မဋ္ဌာန်း

http://www.dhammadownload.com

စခန်းမှာ ဥုံးပတ္တိတ ဆရာတော်ဘုရားကြီး အပါအဝင် မြန်မာနိုင်ငံမှ ဆရာတော်များ ကိုယ်တော်တိုင် ကြီးကြပ်ပါဝင် ခဲ့ကြတာ ဖြစ်ပါတယ်။

ကျမတို့ဟာ ရဟန်းတော်များနှင့် နေ့စဉ် တရားလျှောက်ထား ဆွေးနွေးကြရပြီး ညနေဘက်မှာတော့ ဆရာတော် ဥုံးပတ္တိတရဲ့ တရားတော်ကို နာကြားကြရပါတယ်၊ အကျင့်သီလနှင့် ဗုဒ္ဓဝါဒအကြောင်း ကြောင်းကျိုးနိယာမများကို ဆွေးနွေးနာကြားပြီးတဲ့ အခါမှာ ကျမတို့ နား မရှင်းသော အချက်များကို အနောက်တိုင်းသား ဆရာများနှင့် ပြောဆိုဆွေးနွေးခွင့် ရကြပါတယ်။

ကျမတို့အများစုဟာ ခရစ်ယာန် အတွေးအမြင်, ဂျူးအတွေးအမြင်များဖြင့် ကြီးပြင်းခဲ့ရသူများ ဖြစ်ကြပါတယ်၊ ကျမတို့ သိမြင်ထားခဲ့သော အဲဒီအသိအမြင်များနှင့် နှိုင်းယှဉ်စရာ ဗုဒ္ဓဝါဒဆိုင်ရာ ယုံကြည်ချက်နှင့် အနှစ်သာရများစွာကို ရှာဖွေတွေ့ရှိကြတဲ့အတွက် အားလုံး အံ့သြဖွယ်ရာတွေ ဖြစ်ခဲ့ရပါတယ်၊ ဒီအချက်ဟာ ကျမရှေ့မှာ ရှိနေတဲ့ အထူးအရေးကြီးတဲ့ သဘောထား အယူအဆများကို များစွာ စဉ်းစားစရာ ဖြစ်စေပါတယ်၊ ဗုဒ္ဓဝါဒ ရှုဒေါင့်ဟာ ကျမကို အသိအမြင်များစွာ သင်ကြားပေးခဲ့တာကိုတော့ ကျမသေချာ အာမခံပြောနိုင်ပါတယ်။

(I.M.S)ရဲ့ အရာရာတိုင်းဟာ ထိုလေးရက်ကို အမှန်တကယ် ကြီးကျယ်မြင့်မြတ်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ပါတယ်၊ သစ်ပင်သစ်တော ကြီးများနှင့် ပန်းမျိုးစုံပွင့်ပြီး ကျယ်ပြန့်တဲ့ မြေအပြင်အနေအထားဟာ သိပ်ကိုလှပတင့်တယ်ပါတယ်၊ အဖွဲ့ဝင်လူကြီးများဟာ ကျမတို့အပေါ်မှာ သိပ်ကောင်းမွန်ကြပြီး လူအများစုနှင့် ယှဉ်ကြည့်လိုက်လျှင် သူတို့မှာ များစွာ ငြိမ်းချမ်းမှု ရှိကြတာဟာလဲ စိတ်ဝင်စားစရာ ကောင်းလှပါတယ်၊ အစားအာဟာရနဲ့ အဆောက်အဦးကလဲဘဲ ပြည့်စုံကောင်းမွန်တဲ့ ပတ်ဝန်းကျင်ကို ပံ့ပိုးကူညီပေးခဲ့ပါတယ်၊ ကျမတို့တနေ့တာ ရိုးရာလုပ်ကိုင် ဆောင်ရွက်မှုများကို နေ့စဉ်ဆောင်ရွက်နေစဉ် အတောအတွင်းမှာလဲ အသိပညာရရေး အားထုတ်ကြိုးစား ကြရပါတယ်။ လူတိုင်းမှာ အလုပ်အကိုင် နဲနဲတော့ ရှိကြပါတယ်၊ ကျမ အလုပ်ကတော့ ဟင်းသီးဟင်းရွက် လှီးဖြတ်ချိုးသင် ပေးရပါတယ်၊ တရားစခန်းက လူအသီးသီးဟာ မေးခွန်းများ ဖြေကြားရန်နှင့် ကိစ္စဝိစ္စ ပြဿနာများကို ကူညီဆောင်

http://www.dhammadownload.com

ရွက်ပေးရန် အဖွဲ့.ဝင်ရဲဘော်အဖြစ် တာဝန်ခွဲဝေယူ ကြရပါတယ် ၊ ဒါဟာ ထူးခြားတဲ့ မိတ်ဖွဲ့.နည်း တစ်မျိုးဖြစ်ပြီး ကျမဆိုကျမရဲ့ ရဲဘော်များနှင့် အဆက်အသွယ် ရှိနေလျက်ဘဲ ဖြစ်ပါတယ်။

ဒီအရွယ်ရောက် လူငယ်များက ကမ္မဋ္ဌာန်းသင်တန်းစခန်းဟာ ထွန်းလင်း တောက်ပြောင်တဲ့ အတွေ့.အကြုံတစ်ခုဖြစ်ပြီး ဘယ်သောအခါမျှ မေ့နိုင်မည် မဟုတ်သော အတွေ့.အကြုံလဲ ဖြစ်ပါတယ် ၊ အခွင့်ကြုံလျှင် ကျမအခြား ဆယ်ကျော်သက်များကို ဒီလိုအခွင့်ကောင်းမျိုးကို လက်လွတ်မခံဘို့ တိုက်တွန်း အားပေးပါမယ် ၊ ဒီကမ္မဋ္ဌာန်းစခန်းဟာ ကျမတစ်ခါမှ မခံစားဘူးတဲ့ , အရင်က တစ်ခါမှ မတွေ့.ဘူးတဲ့ မြတ်နိုးကြည်ညိုမှုကို ပေးခဲ့ပါတယ်၊ ပြန်လည် သတိရရုံနဲ့.တောင် ကျမကို စိတ်လှုပ်ရှားစေပါတယ်၊ ဒီကမ္မဋ္ဌာန်းသင်တန်းဟာ ကမ္မဋ္ဌာန်းအားထုတ်မှုဟာ အသက်အရွယ်မရွေး လူတိုင်းအတွက် အလွန်တရာ လုပ်ဆောင်ထိုက်တဲ့ အကျင့်မြတ် ဖြစ်ကြောင်း သက်သေပြခဲ့ပါတယ်။

(Marcella Bombardieri)

၁၉၈၉ - ဒုနှစ်။

http://www.dhammadownload.com

ဒေလာအားအပ်သော ဆရာတော်များ ဘုရား--

ဘုရားတပည့်တော် လွန်ခဲ့တဲ့နှစ်နှစ်က ဒီ(I M.S) ကမ္မဋ္ဌာန်းဌာနကို ပဌမဆုံး စရာကိန်စဉ်ကာလမှာ ကမ္မဋ္ဌာန်း အားထုတ်တယ်ဆိုတာက တပည့်တော်ဟာ ဒီ စိတ်ဓာတ်ကိုကွာဟချက်ကို ဖယ်ရှားနိုင်လောက်အောင် ပြုပြင်ပြီးမှ ကမ္မဋ္ဌာန်း အားထုတ်ရမယ်လို့ ယူဆထားတဲ့အတွက် ဒီလိုအခြေအနေမျိုးကို ရောက်အောင် ကြိုးစားခဲ့ရတာပါ ဘုရား။ ဒီလိုအခြေအနေမျိုးကို ရောက်အောင် ကြိုးစားခဲ့ရတဲ့အတွက် ဒီကမ္မဋ္ဌာန်းကို အားထုတ်တဲ့အခါမှာ တပည့်တော်ဟာ ဒီကမ္မဋ္ဌာန်းကို အားထုတ်ရတာ အရမ်းကို ပျော်ရွှင်ဖွယ်ကောင်းလှပါတယ် ဘုရား။

http://www.dhammadownload.com

အများကြီး စဉ်းစားနေလျက်ပါဘုရား၊ တပည့်တော်ဟာ ဒီတစ်ဘဝတာရဲ့ ဟိုတဘက်ဆီက ဘဝ(နောက်ဘဝ)နဲ့ ပက်သက်တဲ့ သဘောထားအမြင်ကို လက်ခံယုံကြည် လိုပါတယ်၊ ဒီသဘောထား အမြင်ဟာ တပည့်တော်အတွက် အဓိပ္ပါယ် ရှိပါလိမ့်မယ်၊ ဗုဒ္ဓဝါဒကို သဘောပေါက် နားလည်နိုင်သည်အထိ ဒီနောက်ဘဝ အကြောင်းကို ဆွေးနွေးတင်ပြကြတဲ့ တပည့်တော် အကျွမ်းတဝင် ရှိခဲ့တဲ့ အတွေးအခေါ် ဒဿနများကို လက်မခံနိုင်ခဲ့ပါဘုရား၊ ဘဝသံသရာ လည်ခြင်းအဆုံးမှာ အမြင်မှန်ရရှိခြင်းနဲ့ စစ်မှန်သော ငြိမ်းချမ်းခြင်းများ အပေါ်မှာ ယုံကြည်ကိုးစားခြင်းဖြင့် ကြည်နူးနှစ်သိမ့်နိုင်မယ်လို့ တပည့်တော် ထင်ပါသည်ဘုရား၊ ဒါဟာ တရားတော်မှာ တပည့်တော် တွေ့ရှိခဲ့တဲ့ အရေးအကြီးဆုံး အချက်တစ်ခု ဖြစ်ပါသည် ဘုရား။

တပည့်တော်ဟာ ငါးပါးသီလကျင့်သုံးမှုမှာလည်း စိတ်အားထက်သန်မှု ရှိကြောင်း ထွေ့ရှိပါတယ်ဘုရား၊ မှန်ကန်သော ပြောဆိုမှု, ပြုမှု ဆောင်ရွက်မှုနဲ့ တွေးခေါ်မြော်မြင်မှုများအတွက် ရုန်းကန်ကြိုးစားခြင်းဖြင့် အားလုံးအတွက် စစ်မှန်သော ငြိမ်းချမ်းရေးနှင့် အကျိုးစီးပွား ပြစ်ထွန်းရေးကို ထွေ့မြင်နိုင်ကြောင်း ယုံကြည်မိပါသည် ဘုရား။

ဝမ္မလမ်းစဉ် လိုက်နာကျင့်သုံးကြသူ အားလုံးအတွက် ဆက်လက်၍ အားတက်သရော နည်းဖေးလမ်းညွှန် ပြတော်မူပါရန် ရှိသေစွာ လျှောက်ထားအပ်ပါသည် ဘုရား။

ကျေးဇူးဥပကာများစွာ တင်ရှိလျက်

(Marcella Bombardier)

http://www.dhammadownload.com

သုံးသပ်ချက် (၃)

ဒီလူငယ်တရားစခန်းမှ ရရှိတဲ့ ကျမရဲ့ အတွေ့အကြုံများဟာ ကျမအမြင်မှာတော့ အတော်အဲ့သြစရာ ကောင်းနေပါတယ်၊ လွတ်မြောက်ခြင်းရဲ့ စစ်မှန်သော အဓိပ္ပါယ်ကို စတင်သင်ယူရတာရယ်, မိမိကိုယ်ကို အထင်တကြီး တင်စားမျှော်လင့်မနေဘဲ ပစ္စုပ္ပန်မှ တပါးသောအရာများအပေါ် တွယ်တာနေခြင်းကို ဖယ်ရှားရန် လေ့လာသင်ယူ ရတာတွေရယ်ဟာ လောကမှာ ကျေနပ်နှစ်သက်စရာ အကောင်းဆုံး အတွေ့အကြုံများ ဖြစ်ပါတယ်၊ ဘယ်အရာနှင့်မျှ မနှိုင်းယှဉ်နိုင်ပါဘူး၊ ရှုမှတ်မှုသတိနှင့် ထိန်းချုပ်ထားတဲ့ တည်ငြိမ်တဲ့သမာဓိတရား ဖြစ်ပေါ်လာအောင် စိတ်ကို ပဲ့ကိုင်ထိန်းကျောင်းရတဲ့အလုပ်ဟာ ကြီးကျယ်ခန်းနားသလောက် မသေးငယ်သော အလုပ်မျိုးဖြစ်ပါတယ်၊ သို့သော်လည်း အောင်မြင်သော သတိတရား(ရှုမှတ်မှုရဲ့) အရသာဟာ အနည်းငယ်လေးကပင်လျှင် ပိုမိုကြိုးစားချင်လာအောင် ဆွဲဆောင်နိုင်ပါတယ်၊ ကမ္မဋ္ဌာန်းရှုမှတ်ရတာ လွယ်ပါတယ်ဆိုတဲ့ သဘောထားခံယူချက် ကျမမှာ အမြဲတန်းရှိနေပါတယ်၊ စစ်မှန်တဲ့ စိတ်တည်ငြိမ်မှု သမာဓိတရားဟာ ဒီလောက်မခက်ခဲနိုင်ပါဘူးလို့လဲ သဘောထားခဲ့ပါတယ်၊ ကျမ ဘယ်ပုံဘယ်နည်းနဲ့ ဆက်မှားနေခဲ့သလဲ၊ တရားစခန်းဝင်နေတဲ့ ကာလတလျှောက်လုံးမှာ စိတ်ပျက်အားငယ်ခြင်း၊ စိတ်ဆိုးစိတ်တိုခြင်း၊ စိတ်ဓာတ်ကျခြင်းများအပြင် ဒီတရားစခန်းမှာ ရှေ့ဆုံးကပါဝင်ခဲ့တဲ့ ကိုယ့်အဖြစ်ကိုတောင် စိတ်မကောင်းဖြစ်ရသည်အထိ ဆုတ်နစ်နေတဲ့ စိတ်ဓာတ်များနဲ့ ကျမလုံးပန်း နေခဲ့ရပါတယ်။

ကျမ ဘာသာကျမ ရည်ရွယ်ချက် ပန်းတိုင်တွေကို စိုက်ထူချမှတ်လိုက်တဲ့အခါတိုင်း (တကဲ့ဘဝမှာ ကျမတို့ တွေ့ကြုံတတ်ကြသလိုမျိုး) အရာရာဟာ အလှမ်းကွာဝေး သွားခဲ့ပါတယ်၊ ကျမကိုယ်ခန္ဓာကို အနာကျင်ခံပြီး တည်ငြိမ်တဲ့ သမာဓိတရားကို မရယူနိုင်ခဲ့ပါဘူး၊ ကျမစိတ်တွေ နေမထိထိုင်မထိ ဖြစ်နေခဲ့ပါတယ်၊ သြော်--သတိပဋ္ဌာန်ကမ္မဋ္ဌာန်းတရားဆိုတာဟာ--မိမိသန္တာန်မှာ သီးခံနိုင်မှု ဘယ်လောက်ထိ ရှိသလဲဆိုတဲ့ရယ်, နောက်ပြီးတော့ အတွင်း အပျဉ်တွသန္တာန် မှာ ရှိတဲ့ မိမိစွမ်းရည်အပေါ်မှာ မိမိဘယ်လောက်ထိ

http://www.dhammadownload.com

http://www.dhammadownload.com

(၂)လတရားစခန်းဆိုပြီး (၅-၇-၉၁) မှ(၁၁-၇-၉၁)ထိ (၇) ရက်ကြာ အနောက်တိုင်းမှ ကလေးတို့အတွက် ပုဒ္ဓယဉ်ကျေးမှု အခြေခြုံသင်တန်း ပွင့်လှစ်သင်ကြားပေးခဲ့ကာ (၂၀) သောလူငယ် သင်တန်းသား, သင်တန်းသူတို့ကို ဆရာတော်က ဖေးဖေး သုတို့က ဖေးခသော အခြေများကို စာမူသူ လေ့လာနိုင်ပါသည်။

လူ့ယဉ်ကျေးမှုမရှိတဲ့, ပြဿနာမျိုးနဲ့ပြည့်နေကြတဲ့ ခေတ်ကြီးထဲမှာ လူ့ယဉ်ကျေးမှုရှိခဲကြောင်း အလုပ်တွေကို ကြိုးကြိုးစားစား လေ့လာဒုန်တာကို တွေ့ရလို့ ဝမ်းသာပါတယ်၊ သင်တန်းသားတွေက ရရှိတဲ့အချိန်က တိုနေလို့ ပုဒ္ဓယဉ်ကျေးမှုကို အပြည့်ဆေးချင်ဆမဲ့ မဆေးရလို့ အားမရဖြစ်ရပါတယ်။

ခေး = ရုပ်ဝိုင်းဆိုင်ကဒ်သာ အားဟာရစာတိလိုအပ်ပါသလား?

ဖြေ = ရုပ်ဝိုင်းဆိုင်ကဒ်သာ မကပါ။

ဖေး = အစာမကင်းတဲ့ သတ္တဝါတွေဟာ အရသာ(၆)မျိုးနဲ့ကို စံစားနေကြတယ်၊ အရသာ(၆) မျိုးထဲက ဘယ်ဟာကို အကြိုက်ဆုံးလဲ?

ဖြေ = တချို့က အချို, တချို့က အချဉ်, တချို့က အစပ်ကို ကြိုက်ကြပါတယ်။

ဖေး = အချို့ကြိုက်သူဟာ အချို့တစ်ခုထဲနဲ့, လုံးလောက်သလား?

ဖြေ = အချို့တစ်ခုထဲနဲ့, မလုံလောက်ပါ။

ဖေး = အတိတ်ဘဝနဲ့ ဩဇာတော် သစ္စကြာဝဠာကို လူငယ်တွေ လေ့လာစျင်မှုလေ့လာ ဖိကြမယ်၊ ရုပ်အသစ်တွေ ပြန်စနိုင်ခလောက်အောင် ဩဇာက အစွမ်းထက်တယ်၊ ဖိဝင်စားတဲ့အစာမှ ဩဇာတော်ကို သရေသားဟာ ရတဲ့တယ်၊ ဖမူးလာတော့လဲ အာဟာရစာတိ ဝိုလို့ လာတယ်၊ အစာမှ စိတ်ဘဝင်တွေ ရတယ်၊ သန့်ရှင်းလတ်ဆင်တဲ့ ဓရုံ့ဆေမှုလဲ ရတယ်၊ ဩဇာတော်တွေ မရယင် အင်အားဆုတ် ယုတ်ရှိ မကျန်းမာဖြစ်နိုင်တယ်၊ ဆေနိုင်တယ်။

ဖေး = အသက်ဆက်ရှည်ဆေးဆိုင် ဘာလိုသလဲ?

ဖြေ = ကျန်းမာစေတဲ့အစာ, ဓရောဂါငြိမ်းဓရုံ့နဲ့, ဆေကောင်းဆေသနဲ့, တို့ လိုအပ်ပါတယ်။

http://www.dhammadownload.com

မေး = ဒါတွေကို သုံးယင် ကောင်းကျိုးရမလား၊ မကောင်းကျိုးရမလား?

ဖြေ = ကောင်းကျိုးရပါမယ်။

မေး = မောင်တို့-မယ်တို့မှာ အစာရေစာ လေတွေလိုအပ်သလား။?

ဖြေ = လိုအပ်ပါတယ်။

မေး = မတဲ့တဲ့အစာ, မသန့်ရှင်းတဲ့ရေ, လေတို့ကို သုံးယင် ဘာဖြစ်မလဲ?

ဖြေ = မကျန်းမမာ ဖြစ်ပါမယ်။

မေး = အဆိပ်ပါတဲ့, ငှက်ဖျားပိုးပါတဲ့ ရေသောက်ယင် ဘာဖြစ်မလဲ။

ဖြေ = ဒုက္ခရောက်ပါမယ်။

မေး = မတဲ့တဲ့အစာတို့ကို ဆက်ကာဆက်ကာ စား:နေယင် ကျန်းမာရေး ပိုကောင်းလာမလား၊ ပိုဆိုးလာမလား?

ဖြေ = ပိုဆိုးလာပါမယ်။

မေး = သက်စောင့်မာတ် မရယင် ခန္ဓာကိုယ် ဘာဖြစ်နိုင်သလဲ?

ဖြေ = မကျန်းမမာ ဖြစ်နိုင်ပါတယ်။

မေး = အသင့်လိုက်သင့်သလား။ အကြိုက်လိုက်သင့်သလား?

ဖြေ = ကိုယ်မကြိုက်တဲ့ အစာပင်ဖြစ်ပေမဲ့ အသင့်ကို ရွေးသင့်ပါတယ်။

မေး = ကျန်းမာရေး, စီးပွားရေး, အိမ်ထောင်ရေး, ပညာရေးစသည် အဆင်ပြေယင် စိတ်ချမ်းသာရောလား၊ ဒါတွေအဆင်ပြေရဲ့နဲ့. လုံလောက်လား?

ဖြေ = မလုံလောက်သေးပါ။

မေး = ချစ်ပွဲစား:ထွက်ရဲ့, ရီးစား:နဲ့. တွေ့ရဲ့နဲ့. လုံလောက်သလား:?

ဖြေ = မလုံလောက်ပါ။

မေး = မိမိသူတပါး:ကို ညှင်:ဆဲယင်, မိဘ-ဆရာစကား နား:မထောင်ယင်, ဆေး:ခြောက်သုံး:ယင်, အရွယ်မရောက်သေး:ဘဲ လိင်ကိစ္စ လွန်ကျူး:ယင်, ဆေး:စွဲလို့. လွယ်လွယ်နဲ့. ဆေး:ဖိုး:မရယင် ဘာဖြစ်မလဲ?

ဖြေ = စိတ်ဆင်း:ရဲရပါ့မယ်။

မေး = ကာယဒုစရိုက်, ဝစီဒုစရိုက်တွေ လုပ်ယင် လူ့အဆင့်အတန်း:

http://www.dhammadownload.com

နိမ့်မလား၊ မြင့်မလား? ။

ဖြေ = နိမ့်ပါမယ်။

မေး = အေအိုင်ဒီအက်စ် (AIDS)ရောဂါဖြစ်ယင် ဘာဖြစ်မလဲ?

ဖြေ = ကိုယ်စိတ်ဆင်းရဲ ရပါမယ်။

မေး = ဒါတွေဖြစ်တာဟာ စိတ်အလိုက္ခ လွတ်ထားလို့ ဖြစ်ရတာ၊ ဒါတွေ မဖြစ်ရအောင် စိတ်ထိန်းချုပ်ဖို့ လိုသလား၊ မလိုဘူးလား?

ဖြေ = လိုပါတယ်။

မေး = လူတိုင်းအဖို့ စိတ်ထိန်းတာဟာ အကျိုးရှိတယ်၊ လိုအပ်တယ်လို့ ယုံသလား? ။

ဖြေ = ယုံပါတယ်။

မေး = ကိုယ်ခုခံအား ကောင်းနေယင် မတဲ့တဲ့အစာကို စားမိသော်လည်း ဒုက္ခမရောက်ဘူး၊ စိတ်ခုခံအား ကောင်းနေယင် မကောင်းတဲ့အာရုံတွေနဲ့ တွေ့ပေမဲ့ စိတ်မဆင်းရဲဘူး၊

မေး = ရုပ်ပိုင်းဆိုင်ရာမှာသာ အာဟာရဓာတ် လိုအပ်ပါသလား?

ဖြေ = စိတ်ပိုင်းဆိုင်ရာမှာလဲ လိုအပ်ပါတယ်။

မေး = စိတ်ကို လွတ်ထားယင် မတဲ့တာနဲ့တဲ့တာ ဘယ်ဟာက အတွေ့ များမလဲ?

ဖြေ = မတဲ့တာ အတွေ့များပါမယ်။

မေး = မတဲ့တာနဲ့တွေ့ယင် ရှောင်ရမလား၊ ဆောင်ရမလား?

ဖြေ = ရှောင်ရပါမယ်။

မေး = စိတ်အားကို ဘယ်လိုဖြည့်မလဲ?။

ဖြေ = တရားရှုမှတ်ပြီး ဖြည့်ပါမယ်။

မေး = စိတ်အားရှိလာရေး အလုပ်မလုပ်ပဲ အချိန်ကျလာယင် စိတ်အားဟာ အလိုလို ပြည့်လာမယ်လို့ ယုံသလား?

ဖြေ = မယုံပါ။

မေး = ငယ်ရွယ်စဉ် စိတ်ကို လွတ်ထားပြီး ကြီးမှ အလိုလို ပြည့်လာမလား?

http://www.dhammadownload.com

ဖြေ - အလိုလို ပြည့်မလာပါ။

မေး - ဘယ်အလွယ်ကလဲ့ စိတ်အားပြည့်သင့်သလဲ?

ဖြေ - သိတတ်တဲ့အလွယ်မှလဲ့ ပြည့်သင့်ပါတယ်။

ထား - ဟုတ်တယ်၊ အဓိပ္ပါယ်နဲ့. အဖျိုးလေးငါးစင်တဲ့ အစိုးနဲ့ကဖြေ၊ စိတ်ရဲ့အစဉ်အလာများ ရှင်တွေ တိုးပွားတယ်၊ အဲဒီအစိုးနဲ့ကဖြေ၊ လိုအင်တယ်လို့. တွန်းကြိုးထင်တယ်၊ ကလေးကျွန်းဟာ့. အစားအသောက် အဖျက်အတိုင် စိတ်ဟာ ဂရုစိုက်စေးရှလို့ စိတ်ကိုလဲ ပြုပြင်စေးနဲ့. လိုအင်တယ်လို့. ထင်တယ်၊ သတိပဋ္ဌာန် အားမထုတ်စင်နဲ့. အားထုတ်ခြင်း အဆိုနဲ့မှာ ရတဲ့ ကလေးဟာ ခြားနားတယ်လို့. စိတ်ဆိုက ဖြောက်ကြတယ်၊ ရှင်ဖျော့. လိမ္မာ, ဉာဏ်ကောင်းတယ်လို့. ဖြောက်ကြတယ်၊ အလွယ်နဲ့. မလိုက်ဆောင် စိတ်ကောင်း ရှိတယ်. ကျည်တတ်, အလိုက်သိတတ်တယ်, သည်းခံတတ်တယ်လို့. လဲ ဖြောက်ကြတယ်၊ ဖြန်ဟာစိတ်ဆိုက ဒဏ်က ခိုင်ခြားစိတ်ဆိုကလဲ ဖြောက်ကြတယ်၊ နို့ရှိတိုက်ကျွေးနို့မှာ နို့ရှိုတိုက်ဆေးပါ၊ အစားကောင်း စကျွေးနို့မှာ လဲ အစားကောင်းကျွေးပါ၊ စိတ်ဝိုင်းဆိုင်ရာ ယားနို့မှာ ယဉ်ပကျွေးမှ နို့ရှိုအားဟာရ တိုက်ကျွေးစေးပါ။

မေး- ရုပ်ဝိုင်း၊ နာမ်ဝိုင်း အားပြည့်ဝေးတဲ့ ဒီသင်တန်းဟာ လိုအပ်သလား?

ဖြေ- လိုအပ်ပါတယ်။

ကဟုတ်ပြီ - စိတ် - ဂုဏ် မျှမ်းသာတဲ့ ဗျိုးဆက်ကြွေး တိုးတက်လာဆေးအင် ကြွေးစားကြပါစို့. ။

• • •

http://www.dhammadownload.com

နေကလဲ ပူနေသည်၊ ရေကလဲ ဆာနေပြီ၊ စိုးကလဲ မထဲ့၊ဆဲသေး၊ စိုးသွားသည် ၎င်ပူပူနဲ့. စိုးဆက်နေရင်၊ ရေဆာကိုလိုလျှင် ဟိုဟိုဒီဒီ ရှာကြည့်ချင်၏၊ မစတွ့.၊ ကံစကာင်းသည်ဟု ထိုရပေးမည်၊ စိုး၏ တစ်နေကုန်မှာ ရေကိုတွေ့ရ ဖူးပြီ၊ ဝမ်းသာရပြီ၊ ရေကို အားရပါးရ သောက်ဝံ့လိုက်လေ၏၊ ဒီတိုင်းဝဲ ကိုယ်ပါ လန်းဆန်းသွားပေပြီ၊ ဒရှ့ ခရီးဆက်ဖို့. ဒီတိုးအားကိုယ်အား တိုးလာ ပေပြီ။

သူတို့.ကို ကြည့်နေဒီယင်း၊ ထိုခရီးသွားမျိုးကို သတိရ မြင်ယောင်နေမိပါသည်၊ သူတို့.ကား တပြုံးပြုံးနဲ့. တက်ကြွရွင်မြူး ကြည့်နူးနေကြဟန်သည်၊ ထားမှ လူတွေက သူတို့.ကို ထူးဆန်းသည့် အနေဖြင့် ထားရှိ ကြည့်နေကြလေ၏၊ သံယာတော်ကို အရှင်မြတ်(၂)ပါးကို အရိုအသေ ပေးသောအားဖြင့် ထိုင်နဲ့ပေးတွေ ရှိနေပါလျက် ထိုင်နဲ့ပေးတွေပေါ် မထိုင်ပဲ ထားကိုမှာ ဆင်းရှိ ပုဆစ်တုပ်ကာ ထိုင်နေကြဟန်သည်၊ ဤမြင်ကွင်းသည် ကနေရာနိုင်ငံ၊ မနိုက္ခပါးမြို့ လေထိပ်ဒွီ ရောက်ရှိနေကြသည့် အခေါက်တိုင်းသား ခရီးသွားတို့.အဖို့. စိတ်ဝင်စားဖွယ် ဖြစ်နေပုံရပေသည်၊ မနိုက္ခပါးရှိ ဗုဒ္ဓသာသနာဝင် မြန်မာများသည် သံယာတော်ကို မဖူးဆွတ်ရတာ နှစ်ပေါင်းကြာခဲ့လေပြီ၊ ဗုဒ္ဓသာသနာဝင်တို့.ပီပီ သံယာတော်ကို ဖူးတွေ့.ချင်ကြသည်၊ သံယာတော်တို့. ဓမ္မာစသောတရားကို နာယူချင်ကြသည်၊ ဘိုးဖြူ. သီလဆောက်တည်ရှိ ဘာဝနာလည်း ပွားချင်ကြသည်၊ ထိုဆန္ဒတွေကို မျိုသိပ်ခဲ့ရတာ ကြာခဲ့ပေပြီ၊ သံယာတော်ကို ဆာလောင် ခဲ့ကြပေသည်၊ ယခုအခါ ပေယျာဠိကွင်းမှာ ထိုဆာလောင်ခဲ့ရသော ဆန္ဒသည် ပြည့်ဝဖို့.စတင် လာပေပြီ၊ သံယာတော် အရှင်မြတ်(၂)ပါးကား သင်္ကန်းကိုရုံ, သပိတ်ကိုလွယ်, ယဝိဿာဝင်ကို ကိုဝင်ကာ ထိုင်ခဲ့ပေပါမှာ ထိုင်ခဲ့နေယင်း ဒကာ -ဒကာမတို့.၏ ဧတဒဂ္ဂ. သဒ္ဒါ, ဆန္ဒတို့.ကို ဓမ္မာနုဓိပေးစားပြီး ဆဏရဝါဒ ဗုဒ္ဓသာသနာအဖွဲ့. ဥက္ကဋ္ဌ ဒကာကြီး၊ ဦးမြတိထွန်း၏ ဒကာ-ဒကာမများနှင့် မိတ်ဆက်ပေးတာနှင့် ပြုလုပ်ရမည့် အစီအစဉ်တို့.ကို နားဆောင်မှတ်သားခဲ့ရ

http://www.dhammadownload.com

ပေသည် ။

"ဆရာတော် အမေရိကားကို တရားပြ - ကြွလာခဲ့ရာက တပည့်တော်တို့ ကနေဒါဘက်ပါ ကြွရောက်ချီးမြှင့်ပေးတာ သိပ်ဝမ်းသာကြပါတယ်၊ တပည့်တော်တို့ ဗန်ကူးပါးမှာ ရှိတဲ့ ဗုဒ္ဓသာသနာဝင်တွေ တစ်စုတစ်စည်းထဲ ဖြစ်အောင် အပွဲ့လေး ပွဲ့လိုက်ပါတယ်၊ ပွဲ့ပြီးတဲ့အချိန်မှာပဲ ဆရာတော် အမေရိက ကြွမယ်ဆိုတာ ကြားသိရပါတယ်၊ ဒါနဲ့ တပည့်တော်တို့ရဲ့ ကည်ထောင်ကာစ ဖြစ်တဲ့ အပွဲ့က ဆရာတော်ကို ပင့်ဖို့ တိုင်ပင်ဆွေးနွေးကြပါတယ်၊ ဒီအနောက် နိုင်ငံတွေမှာ ပုဂ္ဂိုလ်တစ်ဦးအနေနဲ့ပင့်လျှင် မလွယ်လှပဲ အပွဲ့အနေနဲ့ ပင့်လျှင်တော့ လွယ်ပါတယ်၊ ဒါကြောင့် ဒီအပွဲ့လေး ပွဲ့လိုက်တာ သိပ်ကောင်းပါတယ်၊ ဗုဒ္ဓသာသနာဝင် ကလေးများကို လူကြီးများက ဗုဒ္ဓသာသနာအကြောင်း သိသင့်သိဖွယ်ရာများကို ပြောပြသင်ပြ ပေးကြဖို့လဲ ရည်ရွယ်ပါတယ် ၊ ကျောင်းနေရာနဲ့ ကျောင်းပါ ရှာပြီး နေရာသီးသန့် ရအောင်လဲ ကြိုးစားကြပါမယ်၊ ထိုအခါ သံဃာတော်တစ်ပါးပါး ပင့်ဖြီး ကိုးကွယ်ကြပါမယ်၊ အခုတော့ တပည့်တော်တို့မှာ သံဃာလဲမရှိ၊ ဘုန်းကြီးကျောင်းလဲ မရှိဖြစ်နေပါသေးတယ်၊ "ရေတစ်တုန်း ရေတွင်းထဲကျ"ဆိုသလို သံဃာတော်တစ်တုန်း သံဃာ(၂)ပါး ကြွလာတော့ များစွာအားရ ဝမ်းသာကြရပါတယ်၊ ဆရာတော်တို့ကို သိပ် ရက်ကြာကြာ မပင့်ရလို့ စိတ်ထဲမှာ အားမလိုအားမရတော့ ဖြစ်ရပါတယ်၊ (၃)ရက်ထဲဆိုတော့ သိပ်နဲတာပေါ့ ဘုရား။"

"အစီအစဉ်ကတော့ လေယာဉ်ကွင်းနဲ့ အနီးဆုံးဖြစ်, ဆရာတော်ရဲ့တပည့်ဟောင်းဖြစ်တဲ့ မောင်သောင်းလင်းအိမ်မှာ နေဖို့ကျိန်းဖို့ စီစဉ်ထားပါတယ်၊ အဲဒီမှာ ဆရာတော်ရဲ့ နှုတ်ဆက်စကား နာကြားကြပါမယ်၊ နောက်တစ်နေ့ နံနက် တပည့်တော်အိမ်မှာ မြန်မာဒကာ-ဒကာမများ ကပ်လိုရာရာတွေ ယူလာကာ နေ့ဆွမ်းဆက်ကပ် ကြပါမယ်၊ နေ့ဆွမ်းမစားခင်နှင့် (၃)နာရီမှစ၍ လာလာသမျှ မြန်မာရော နိုင်ငံခြားသား ပရိသတ်တွေပါ ဆရာတော်ကို ဖူးမျှော်ဖို့, ဆရာတော်ထံမှ အဆုံးအမ ဩဝါဒါ ခံယူဖို့, သိလိုသော ပြဿနာတွေ မေးလျှောက်ဖို့ စီစဉ်ထားကြပါတယ်၊ ည(၇)နာရီခွဲမှာ တရုတ်ဘုရားကျောင်းမှာ တရားပွဲစီစဉ်ထားပါတယ် သတင်းစာကရော ၊ ရေဒီယိုကရော

http://www.dhammadownload.com

ကြော်ငြာ ထားပြီး ပိုစတာတွေလဲ နေရာအနှံ့အပြား ကပ်ထားပါတယ် ၊ ဗုဒ္ဓသာသနာ စိတ်ဝင်စားကြသည့် တရုတ်တွေရော အနောက်တိုင်းသားတွေပါ လာရောက် ကြပါလိမ့်မယ်၊ နောက်တစ်ရက် နေ့ဆွမ်းကိုလဲ တပည့်တော်အိမ်မှာပဲ စုပေါင်းကပ်ကြပါမယ် ဘုရား။"

မြန်မာဒကာ – ဒကာမများ၏ မျက်နှာများသည် တကယ်ပင် သံဃာကို ဆာလောင်နေကြောင်း မြင်မြင်ရချင်းသိလိုက်ရပါသည်၊ ဗန်ကူးပါရှိ မြန်မာများ၏ ရိုးသားမှုကိုလည်း မြင်တွေ့ရပါသည်၊ ဒီခရီးစဉ်တွင် မြန်မာထမင်းဟင်း မြန်မာအစား အစာ ဒီလောက်များများ ဆပ်ကပ်နေသော နေရာမတွေ့ရပါ၊ မြန်မာဒကာ – ဒကာမတွေလဲ အလွန်ပင် စေတနာသဒ္ဓါတရား ထက်သန်ကြပေ၏ ဒကာ – ဒကာမတွေကလဲ ရလာသော အချိန်ကောင်း, အခွင့်ကောင်းကို လက်လွတ်မခံချင်၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသကလဲ အိတ်သွန်ဖာမှောက် ဆိုရမလောက်သော မေတ္တာ, ကရုဏာ, စေတနာ အပြည့်ဖြင့် အလွန်ပင် တရားသိစေချင်သည်၊ နားလည်စေချင်သည်၊ ကျင့်သုံးစေချင်သည်၊ ဆရာတော်မှာ သက်တော်ကလဲ (၇၀)ရှိနေပေပြီ၊ သာသနာတော်အတွက် သက်တော်နှင့်မမျှ လှိုက်လှိုက်လဲလဲ ထက်ထက်သန်သန် ရှိလှပေသည်။

ဆွမ်းစားပြီး အနားယူရန် စီစဉ်ထား သည်ကိုပင် အနားမယူနိုင်ပါ၊ သိလိုသော အနောက်တိုင်းသားနှင့် မြန်မာများကလဲ အဆင်သင့် စောင့်လျက်ရှိနေကြသည်၊ ဆရာတော်သည် မနေမနား ဆောင်ရွက်တော်မူသည်မှာ တော်တော်တန်တန် သာသနာစိတ်ဓာတ် ပြင်းထန်ရုံမျှဖြင့် ဖြစ်နိုင်မယ် မထင်ပါ၊ မေးလာသော မေးခွန်းများကို ချက်ချက်ချင်း ဖြေသည် ၊ စိတ်ရှည်ရှည် ဖြေသည်၊ ရှုပ်ထွေးနေသော ပြဿနာများကို လွယ်လွယ်ကူကူပင် ဖြေရှင်းပေးနိုင်သည်၊ သာသနာစိတ်ဓာတ် ထက်သန်သလို အမျိုးသားရေး စိတ်ဓာတ်လဲ ထက်သန်လှပေ၏၊ အမျိုးသားရေးစိတ်ဓာတ် ရှိကြဖို့, မြန်မာစကား, မြန်မာစာ, မြန်မာစာပေ, မြန်မာ့ယဉ်ကျေးမှု, ဗုဒ္ဓယဉ်ကျေးမှုတွေ မိမိတို့သားငယ် သမီးငယ်လေးများကို သင်ပေးကြဖို့လည်း တဖွဖွ မိန့်ကြားတော်မူပေသည် ၊ မြန်မာဒကာ–ဒကာမများသည် ၁၉၉၃–ခု ဆရာတော် အမေရိကသို့

http://www.dhammadownload.com

ကြိုလာလျှင် မန်းကုပါးမှာလဲ ကရားဆေန်းမြင်ဆောင် ပြုလုပ်ကြပါမည်၊ ကလေးတွေကိုလဲ မှုဒယ်ကျူမှု သင်တန်းပြုလုပ်ပေး ကြပါမည်ဟု လျှောက်ထားကြလေသည်၊ သာသနာတော်တွက် ရှေ့ဆိုးဆက်ဖို့ အားတက်နေကြပေပြီ၊ အားရှိလာကြပေပြီ။

ဤလို သာသနာဆိတ်ဆတ် ၊ အမျိုးသားရေး ဓိတ်ဆတ်ထက်သန်သော ဆရာတော်တွေ ၊ သံဃာတော်တွေ၊ သာသနာ့ဆောင်မှာ များများရှိလျှင် သာသနာတော်အတွက်၊ ကိုးကွယ်သူ ဂကာ-ဂကာမတို့အတွက် သိပ်ကောင်းမှာပဲ၊ သိပ်အကျိုးများမှာပဲဟု ဆွေးကာ ထိုပုဂ္ဂိုလ်ရှိကို ဦးတိုက်အလေးပြုမိပါသတည်း။

• • •

ဦဇဃဘဒ်ယာ ဦးဘဝါယာဒ်ယင်ဘွဝဖယာ ၊ရွှေးဂြားယီနှုန် ဘုဘွန်ဂြန်ဒယ



http://www.dhammadownload.com

http://www.dhammadownload.com

[illegible] ပဋိစ္စသမုပ္ပါဒ်တရားတော်ကို ကိုယ်တိုင်ဟုတ်ပေသည်။ ထိုဟု [illegible] ၊ အကြောင်းတရားကိုဟုတ် ၊ ပေဒီသုံးဖွာကိုဟုတ်၊ ရှုပုံကိုဟုတ်၊ [illegible] ဟုတ်၊ ပါဠိတော်ဟုတ် ၊ အဖြေသုံးပုဒ်ဟုတ် [illegible] ပဋိစ္စသမုပ္ပါဒ်ကို ဟောကြားတော်မူသော ဘုရားရှင်တို့ [illegible] ဟောကြားတော်မူသော ပဋိစ္စသမုပ္ပါဒ်ကို သိမြင်ကြသော ရဟန္တာ ခီဏာသဝတ

http://www.dhammadownload.com

တရားထဲမှာ တရားအားထုတ်ပုံ အားထုတ်နည်း ပြောပြလို့ ဟောင်းတာ-ပိန်တာကိုတော့ မှတ်တတ်ပါပြီတဲ့၊ လွှင့်ပါးပြေးသွားတဲ့ စိတ်ကိုလဲမှတ်ရမယ် ဆိုတာ ဘယ်လိုမှတ်ရပါလဲ-စသည်ဖြင့် မေးလာသောမေးခွန်းများကို ပြေရှင်းပြ၍ သဘောကျကာ "လွန်ခဲ့သောညက ဟောပြတဲ့တရားဟာ သူ့ဘဝတလျှောက်အတွက် လိုက်နာကျင့်သုံးဖွယ် ဖြစ်ပါတယ်"လို့ လျှောက်ထားသွားလေ၏။

တရားပွဲအပြီးတွင် နိုင်ငံခြားသားတစ်ယောက်က "ဒီတရားဟာ သူ့ဘဝအတွက် များစွာ အကူအညီ ပေးပါတယ်၊ ကျေးဇူးများပါတယ်"ဟု ဆရာတော်ထံ လာရောက်လျှောက်ထားလေ၏၊ သူလိုပင် အခြားအခြား နိုင်ငံခြားသားတို့လဲ လာရောက် လျှောက်ထားကြလေ၏၊ လာရောက်နာကြား ကြသူတို့မှာ(၁၈၀) ခန့်ရှိပေ၏၊ မဟာယာန ဗုဒ္ဓဘာသာဝင်တွေ, ဘာသာခြားတွေ, ဘာသာမရှိသူတွေ, ဗုဒ္ဓဘာသာ မဟုတ်သေးသော်လဲ ဗုဒ္ဓဘာသာကို စိတ်ဝင်စားသူတွေ များစုံပါလာကြပေ၏၊ ဆရာတော် ဟောသည်ကို ဦးမြသောင်းက အင်္ဂလိပ်လို ဘာသာပြန်၍ တရုပ်ဒကာကြီးတစ်ဦးက အင်္ဂလိပ်ကို တရုပ်လို ဘာသာတဆင့်ပြန်ပေးသည်၊ ဟောကြားသောတရားကို တိတ်ဆိတ်ငြိမ်သက်စွာ စူးစိုက်စွာနာယူကြလေသည်။

ဟောကြားအပ်သောတရားမှာ-

"သီလ, သမာဓိ, ပညာဝမှက ကျင့်ဆောင်သူကို ဘဝအဆင့်မြှင့်တင်ပေးတယ်၊ ကိုယ်ရိုင်း, နှုတ်ရိုင်းသူတွေဟာ အဆင့်အတန်းနိမ့်ကျသူတွေဖြစ်ကြတယ်၊ ကိုယ်ယဉ်ကျေးမှု, နှုတ်ယဉ်ကျေးမှု ရှိသူအဖြစ်ဖြင့် ဘဝအဆင့်မြှင့်လိုလျှင် သီလကို ဖြည့်ကျင့်ကြပါ၊ ကိုယ်ချင်းစာတရား ရှေ့ထားပြီး သူတပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြပါ၊ သူတပါးသားသမီးကို ဖျက်ဆီးခြင်းမှ ရှောင်ကြပါ၊ မှန်တဲ့စကား, စည်းရုံးရေး မိတ်ဖြစ်စကား, သိမ်မွေ့တဲ့စကား၊ အနှစ်သာရရှိတဲ့ စကားကို ပြောကြပါ၊ စိတ်ရိုင်းသူလဲ အဆင့်နိမ့်ကျသေးတယ်၊ စိတ်ယဉ်ကျေးသူ အဖြစ်ဖြင့် အဆင့်မြှင့်လိုလျှင် သမာဓိကို ဖြည့်ကျင့်ကြပါ၊ လေ့ရှသွင်းတိုင်း ဝမ်းဗိုက်ဟာ ဟောင်းတက်လာတယ်၊ ဟောင်းတာကို သူ့ရဲ့အစ, အလယ်, အဆုံးအထိ စိတ်က လိုက်ပြီး "ဟောင်း

http://www.dhammadownload.com

တယ်”လို့ မှတ်ရပါတယ်၊ ရှေ့သွင်းထားတဲ့ လေကို ပြန်ရှိုက်ထုတ်လိုက်တိုင်း ဝမ်းဗိုက်ဟာ ပိန်ကျသွားတယ်၊ ပိန်တာကိုသူ့ရဲ့ အစ-အလယ်-အဆုံးအထိ စိတ်ကလိုက်ပြီး “ပိန်တယ်”လို့ မှတ်ရပါတယ်။

စိတ်က လွှင့်ယင်လဲ “လွှင့်တယ်”လို့မှတ်၊ နာ, ကျင်, ကိုက်ခဲ စတဲ့ အခံခက်တဲ့ ဒုက္ခဝေဒနာပေါ်လာယင် “နာတယ်, ကျင်တယ်, ကိုက်ခဲတယ်” စသည်ဖြင့် မှတ်၊ အဲဒီလို ပေါ်လာသမျှ အာရုံတွေကို လိုက်မှတ်တဲ့အခါ လောဘ, ဒေါသ, စသည့် စိတ်ရိုင်းတွေ ကင်းပြီး စိတ်ဟာ ယဉ်ကျေးသိမ်မွေ့နေတယ်၊ စိတ်အားစိုက်, ချိန်သားကိုက်ပြီး ရှုရာအာရုံအပေါ်မှာ စိတ်ကလေး ကျ-ကျ နေပြီဆိုယင် မှတ်တဲ့စိတ်နဲ့ မှတ်စရာအာရုံ (၂)မျိုးပဲ ရှိနေတာကိုသာ သိလာတယ်၊ ပုဂ္ဂိုလ်, သတ္တဝါ, သူ, ငါ, ယောကျ်ား, မိန်းမ ဆိုတာတွေ မရှိတော့ဘူးလို့ သိလာတယ်၊ အကြောင်းကြောင့် အကျိုးတွေဖြစ်နေတယ်၊ ဖန်ဆင်းတဲ့ ပုဂ္ဂိုလ်တွေဆိုတာ မရှိဘူးလို့လဲသိလာတယ်၊ ပေါ်ပြီးပျောက် ပျောက်သွားတာကိုလဲ တွေ့ရတယ်၊ ခပ်သွက်သွက်ပေါ်, ခပ်သွက်သွက် ပျောက်တာကို တွေ့လာရပြီဆိုယင် စိတ်ကောင်းနဲ့ အသိဉာဏ်တိုးတက်လို့ မပစ်ရက်နိုင်တဲ့ တမယ်ကောင်းချမ်းသာကို ခံစားလာရတယ်၊ ဒါလောက် တွေ့ရတယ်ဆိုယင်ပဲ ကောင်းလှပြီ၊ ဒီထက်ပိုပြီး ကြိုးစားလို့ ဖြစ်ပျက်မစပ် အငြိမ်းဓာတ်ကို မျက်မှောက်တွေ့ရပြီဆိုယင်တော့ ဘဝအာမခံချက် ရှိသွားပြီ၊ အပါယ်လေးပါးကို ဘယ်တော့မှ မရောက်တော့ဘူး၊ အဆင့်မြင့်တဲ့လူ့ဘဝ, နတ်ဘဝသို့သာ ရောက်ရတော့တယ်၊ မိမိတို့ဘဝမှာ အာမခံချက်ရဓာတ် ကြိုးစားကြပါ”-ဟူ၍ ဖြစ်ပါသတည်း။

* * *

http://www.dhammadownload.com

ကမ္ဘာကုန်ကြောင်း ဟောကြားတော်မူရာ ဒီဃနခသုတ်

ဤသုတ်တော်ကို၊ သာသနာတော်ပိဋကတ်သုံးပုံသာ ဆရာတော်ကြီးများသည် "လက္ခဏ ဆိုင်ရာကျမ်း"ဟု၊ ဆရာတော်ကြီးများကတော်၊ ထိုတော်ကျောင်းဆရာတို့၏ ပဓိဌာနကိုး ကား ဆဂ (၁၇-၇-၅၀) မှ (၂၀-၇-၅၀)ထိ (၃)ကြိမ်ကြာ သိတင်းသုံးဖူးကြသည်၊ ပြန်မကားကာ-ဝကားမတို့သည် ဗိဒတို့၏ဆိုသို့ပင်၊ ထွဋ်ကြီး၊ ထို့ထက် တကျော်၊ ဂို သမားတော်ကမ ဟုဆို ကဝိဂုဏ် မပြုကြသေး၊ ထုံး၊ ကဝိလက္ခဏ တကျော်၊ ထို့လည်း ဆရာမဲ့၊ ကဝိဂုဏ်သာ ရှုဖွယ်ကြားဘာသာ လေ၏၊ ဗိဒတ်ရပ် ကဗျာ၊ ထက် ဆရာဝိဇ္ဇာတကား သူ့၊ ကျော်၊ ထို့၊ ဟုဆို (တဂ-၇-၅၀)သ့. ထ့၊ ထုံး၊ ကဝိဂုဏ်ဘာသာ၊ လော်၊ သူ့၊ ကိုယ် ဆရာသမားတို့. မပြောင်းသာ၊ သူသည် ပြန်မကဲဝံထို့.လည်း ဆကြောင်းသေ၊ ဂါ၊ ဟုသာ ကြာ ပြုဝံသာ တကားဆာ ထုတ်ဘူး၊ သော ဆကုဆောတ်၏ တပည့်ဟောကြောင်း၏၊ တစ်ဖွဲ့၊ ပြောင်းလဲခြင်းငှာ သူ့၊ ကျော်၊ ဟာ ကျော်၊ သင်ပြုခြင်းငှာ ဆကုဆောတ်ဆ ဟုပြု၍ ဆကုဆောတ်ဆ ဟုပြု၍ သော်၊ ဖွဲ့ဆိုလေသော်ကို လုံးဝဝံတသည်ဟု၊ ဂကာ-ဂကာသတို့. ဆကာလည်း၊ ဂုံးဝဝံ ဆကြောင်း၊ ဆမှတ်ကို လေးဝံဆဆည်း၊ ဆကုဆောဂ်ကျော်၊ ပါ ထုံးဝဝံဆဆည်း၊ ဆကုဆောဂ်ကျော်၊ ပါ ထုံးဝဝံဆဆည်းခြင်းငှာ ဆကုဆောဂ်ဆ ဆကုဆောဂ်ကျော်၊ ဆကုဆောဂ်ကျော်၊ ဆကုဆောဂ်ကျော်၊

ပုထာဝါထ ၊ ပေါ်ဒါဝဂဝုဒ်ပြီး၊ လဝုပုထမိုဝုဒ်ပြီး (ပလဂုပ်ပုံ ပုထိုးကြီးထိုးတက်ရှိဒဂုကန်ပေါ်ဒီယ)



http://www.dhammadownload.com

http://www.dhammadownload.com

လိမ့်ဦး နှင့်တူသော တင်ဂျရင်းခေါ် အသီးပင်များကို တွေ့ရသည်မှာ အံ့အားသင့်စရာ ကောင်းသလို ကြည်နူးစရာလည်း ကောင်းလှပါ၏၊ စိမ်းစိုညိုမှောင်နေသော တိုသစ်ပင်အပေါင်းဝယ် ဝင်းဝါနေသော အသီးပေါင်းများစွာက တွဲလွဲခိုလျက် ရှိနေပေသည်၊ ခြံပိုင်ရှင်တို့ပင် မကောက်ယူနိုင်၍ အပင်အောက်တွင်ပုပ်ပြီး ပျက်စီးသွားသည်တို့မှာ များစွာပင်ရှိသည်ဟု သိရပေ၏၊ တောခေါင်လှသော နေရာပင်ဖြစ်လင့်ကစား ခန့်ငြားသပ်ယပ်ထယ်ဝါလှသော ဒေသဆောက်အဦး များက တောင်တန်း၏အခြေ (တောင်တန်းခြေ)တို့၌ဌင်း၊ တောင်တန်း၏ မလှမ်းမကမ်းနေရာတို့၌ဌင်း နေရာယူထားကြလေပြီ၊ သူတို့နိုင်ငံ၏ စက်မှုထွန်းကားမှုသည်လည်း ချီးကျူးစရာပင် ဖြစ်ပါသည်၊ အမေရိကမှာ ရာသီဥတုအေးသည့် နေရာတို့သို့သာ ရောက်ခဲ့သော စာရေးသူအဖို့ ဤလို နေရာမျိုး ရောက်ရသည်မှာ တမူထူးနေ ပါသည်၊ မြန်မာပြည် အညာအရပ်ကို သတိရမိပါ၏၊ ကားလမ်း၏ဘေးတွင် အနီရင့်ရောင်, အနီနုရောင်, ပန်းရောင်, အဖြူရောင် အရောင်မျိုးစုံ ဝေဝေဆာဆာ ပွင့်နေသည့် နွယ်သာကီပန်းပင်တို့ သီသီညာညာ တန်းစီလျက် ရှိနေသည်မှာ လည်း ကြည့်၍ကောင်းလှပါပေသည်။

အရှင်ဝီရပညော၏ ကျောင်းသို့ရောက်ကြလေပြီ၊ ရောက်ရောက်ချင်း သူ့ကျောင်းဝင်းလေးကို လှည့်၍ ကြည့်ကြ၏၊ (၁)ကေကျော်လောက် ကျယ်ပေမည်၊ သူ့ကျောင်းလေးမှာ တောင်ကုန်းပေါ်တွင် တည်ရှိနေသဖြင့် ပတ်ဝန်းကျင်သို့ ရှုလိုက်လျှင် စိမ်းစိုညိုမှောင်နေသော တင်းကျရင်းခြံများ, တိုက်တာခဆောက်အဦးများကို အပေါ်စီးမှ တွေ့မြင်ရပါ၏၊ ပတ်ဝန်းကျင်တွင် အိမ်တွေ ပြည့်မနေသဖြင့် ပို၍ တိတ်ဆိတ်ပေ၏၊ ကျောင်းဆောင်တစ်ဆောင်ပင် ပြစ်သော်လည်း ဘုရားခန်း, ဧည့်ခန်း, ကုဋီ(၂)လုံး, ရေချိုးခန်း, မီးဖိုခန်း, စားသောက်ရန်အခန်း, တရားထိုင်ရန်အခန်း, လူနေခန်းတို့ဖြင့် ပြည့်လျက် ရှိပေ၏၊ သဒ္ဓါတရား အားကောင်းကြသော ဗီယက်နမ်ဒကာ-ဒကာမတို့က ကြီးတစ်ဆောင် ဆောက်ကြဦးမည်တဲ့၊ ကျောင်း၏ဝန်းကျင်တွင်လည်း ဗီယက်နမ်တို့ အိမ်နေရာ ဝယ်ထားကြဦးမည်၊ ကျောင်း၏အနီးအနားတွင် ဗီယက်နမ်တို့ရှိလျှင် ကျောင်းဒ္ဌတရားစခန်း ပြုလုပ်သည့်အခါ ကားများ,

http://www.dhammadownload.com

လူများ များသော်လည်း ဗီယက်နမ်အချင်းချင်း နားလည်မှု, မွင့်လွတ်မှု ရှိပေ မည်တဲ့၊ ဆွမ်းဒကာ ဒကာမတို့တွင် ဆရာတော်ထံ တရားအားထုတ်ဘူး ဧသာ ယောဂီများလည်း ပါကြ၏၊ သူတို့ဆွမ်းပြင်ပြီး၍ ဆွမ်းကပ်ကြပြီ၊ ဆွမ်းဟင်းထွေမှာ ကြီးမားလှသော စားပွဲပေါ်တွင် ပြည့်လျက်နေပေသည်၊ သူတို့သဒ္ဓါတရားမှာ အားရစရာပါပေ၊ သူတို့ဆရာ အရှင်ဝိရပညောကိုလည်း လေးစားကြပုံပေါ်သည်၊ အရှင်ဝိရပညောက စနေ-တနင်္ဂနွေ နေ့တို့တွင် ကျောင်းသို့လာရောက် အားထုတ်ကြသည့် ယောဂီတို့ကို တရားပြပေးဃသည်၊ ထိုနေ့တွင်မှ သူတို့ဆရာ၏ ဆရာဖြစ်သော ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်၏ အဆုံးအမကို ဆွမ်းကိစ္စပြီး၍ အတန်ငယ် နားကြပြီးနောက် လာရောက် နာယူကြလေသည်။

ဆရာတော်ပေးသော အဆုံးအမကို ဦးမြသောင်းက အင်္ဂလိပ်လိုပြန်သည်၊ အရှင်ဝိရပညောက ဗီယက်နမ်လို တဆင့်ဘာသာ ပြန်ပေးသည်။

"ယခု ဒီဒကာ-ဒကာမတွေဟာ သံသရာဆွေမျိုးတွေလဲ ဟုတ်တယ်၊ ကမ္ဘာဆွေမျိုးတွေလဲဟုတ်တယ်၊ အရှေ့တိုင်းသား ဆွေမျိုးတွေလဲဟုတ်တယ်၊ ဘာသာဆွေမျိုးတွေလဲ ဟုတ်တယ်၊ ဓမ္မဆွေမျိုးတွေလဲ ဟုတ်တယ်၊ ရှည်လျားလှတဲ့ သံသရာတစ်လျှောက်မှာ သား-နဲ့.အမိ, ညီအကို, မောင်-နှမ စသည်ဖြင့် ဆွေမျိုးမတော်စပ်ဘူးတဲ့ သူရယ်လို့ တစ်ယောက်မှ မရှိဘူးတဲ့၊ ဒါ့ကြောင့် ဒီဒကာ-ဒကာမတွေနဲ့. ဘုန်းကြီးတို့ဟာ သံသရာအနေနဲ့. ဆွေမျိုးစပ်ယင် ဆွေမျိုးတော်စပ်တယ်၊ ဒီကမ္ဘာကြီးမှာ သတ္တဝါအမျိုးမျိုးရှိရာ ဘုန်းကြီးတို့. တတွေဟာ လူသားလောကထဲမှာ ပါဝင်နေကြတယ်၊ ဒါကြောင့် လူသား အချင်းချင်း အနေနဲ့.လဲ ဆွေမျိုးတော်စပ်နေကြတယ်၊ ဒကာ- ဒကာမတွေက ဗီယက်နမ်တွေဆိုတော့ အရှေ့တိုင်းသားတွေပဲ၊ ဘုန်းကြီးတို့.ကလဲ မြန်မာတွေ ဆိုတော့ အရှေ့တိုင်းသားတွေပဲ၊ အဲဒီလို အရှေ့တိုင်းသားတွေ ဖြစ်နေနဲ့.လဲ ဆွေမျိုးတော်စပ်ကြကယ်၊ ဒကာ-ဒကာမတွေကလဲ ဗုဒ္ဓဘာသာဝင်တွေ၊ ဘုန်းကြီးတို့.ကလဲ ဗုဒ္ဓဘာသာဝင်တွေ၊ ဒါ့ကြောင့်ဘာသာအားဖြင့်လဲ ဆွေမျိုးတော်စပ်ကြတယ်၊ ဒကာ-ဒကာမတွေကလဲ သတိပဋ္ဌာန်တရားကို အားထုတ်ကြတယ်၊ ဘုန်းကြီးတို့.ကလဲ သတိပဋ္ဌာန်တရားကို အားထုတ်ကြတယ်၊ ဒါကြောင့်

http://www.dhammadownload.com

သတိပဋ္ဌာန် ဓမ္မသွေးအား ဖြင့်လဲ တော်စပ်နေကြတယ်။"

"နည်အမျိုးမျိုးနဲ့. ဆွေမျိုးတော်စပ်ကြတဲ့ ဒကာ-ဒကာမတွေဟာ ဗုဒ္ဓ သာသနာတော်နှင့် တွေ့.ကြုံခိုက် တွေ့.ရကျိုးနပ်အောင် ကြိုးစားကြစေချင်တယ်၊ ဗုဒ္ဓသာသနာတော်နဲ့. တွေ့.ရကျိုးနပ်အောင် အနဲဆုံး တစ်မက်တစ်ဖိုလ်တော့ ရအောင် ကြိုးစားသင့်ကြတယ်၊ ကြိုးစားလို့. အငြိမ်းဓာတ်ကို ပိုင်ဆိုင်သွားပြီ ဆိုယင် "ဒီဘုရားမှ ဒီဘုရား", "ဒီတရားမှ ဒီတရား", ဒီသံဃာမှ ဒီသံဃာ" ဖြစ်ပြီး ရတနာသုံးပါးအပေါ် မတုန်မလှုပ် သက်ဝင်ယုံကြည်လာမယ်၊ အဲဒီလို ဘုရားစစ်, တရားစစ်, သံဃာစစ်ကို မြင်နိုင်လာအောင် မိမိတို့.ပွားများနေတဲ့ သတိ ပဋ္ဌာန်တရားကို မပျက်မကွက်ပဲ နေ့.စဉ်မှန်မှန် အားထုတ်ကြပါ၊ ကလေးငယ် တွေကိုလဲ မိမိတို့.ရဲ့.လူမျိုးယဉ်ကျေးမှု, ဘာသာယဉ်ကျေးမှု သင်ပေးကြပါ၊ မိမိတို့.လူမျိုးရဲ့.ယဉ်ကျေးမှု, ဗုဒ္ဓယဉ်ကျေးမှုတွေကို ထိန်းသိမ်း စောင့်ရှောက် ကြပါ။"

* * *

http://www.dhammadownload.com

လမ်းမှန်လျှောက်မှ စခန်းမှန်ရောက်မည်

ကာလီဖိုးနီးယားပြည်နယ် အဇူဇာမြို့အစွန်အဖျား၌ ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်း တစ်ကျောင်းတည်ရှိ၏၊ ကျောင်း၏အရှေ့ဘက်တွင် မြင့်မားသော တောင်တန်းကြီးက ကာဆီးထား၏၊ ထို့ကြောင့် ထိုတောင်ကြီးမှတပါး အခြားဘာကိုမျှမမြင်ရ၊ ခြောက်သွေ့သွေ့ တောင်တန်းကြီး၏ ခေါင်ထိပ်မှ တောင်ခြေထိ ကြီးမားလှသော ပိုက်လုံးကြီး(၂)ခု သွယ်ထားသည်ကို အဝေးမှ ပင် လှမ်းမြင်ရပေ၏၊ ထိုပိုက်လုံးကြီး(၂) ခုသည် တောင်ထိပ်ပေါ်မှ ရေတွေကို တောင်အောက်ရှိ စိုက်ပျိုးရေးဌာနအသီးသီးသို့ ပို့ပေးရန်အတွက် တပ်ဆင်ထားခြင်းဖြစ်၏၊ တောင်ထိပ်ပေါ်တွင် ရေတွေလှောင်ထားသည်မှာ မြစ်သဖွယ် ထင်ရလောက်အောင် ကြီးမားလှပေ၏၊ ကျောင်းဝင်းအတွင်းမှ ရေမြောင်းဖောက်ထားသဖြင့် ကြည်လင်နေသောရေတို့သည် တသွင်သွင်စီးသွားနေကြ၏၊ ကျောင်းဝင်းအတွင်းရှိ စားစရာသစ်သီးပင်တို့သည် စားလို့မနိုင်လောက်အောင် သီးကြ၏။

ထိုကျောင်းတွင် မြန်မာရဟန်းတော်(၄)ပါး သီတင်းသုံးကြ၏။ အရှင်တေဇောဘာသာဘိဝံသ, အရှင်ဇသက, အရှင်ဥာနဝရ, အရှင်ဓမ္မပိယတို့ ဖြစ်ကြ၏၊ မြန်မာနိုင်ငံမှ သံဃာတော်များနှင့် နိုင်ငံခြားရောက် မြန်မာရဟန်းတော်များ ဤကျောင်းသို့လာရောက် တည်းခိုလေ့ရှိကြ၏၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်နှင့် ဓမ္မဒူတအဖွဲ့ကား ခရီးကြုံ၍ ဝင်လာခြင်းလည်း မဟုတ်၊ အလည်အပတ်အဖြစ် လာရောက်ခြင်းလည်း မဟုတ်၊ ထိုကျောင်းအဖွဲ့က ပင့်လျှောက်၍ ကြွရောက်ရခြင်းပင် ဖြစ်၏၊ ဆရာတော်သည် ရောက် လေရာဌာနတိုင်းတွင် ဓမ္မဂုဏ်ရည်တို့ကို ဖော်ပြမြဲဖြစ်၏၊ ထို့ကြောင့် ထိုကျောင်းတွင်လည်း (၂)ည တရားချီးမြှင့်၏၊ နောက်ည(၁၉-၇-၉၁)၌ ဟောသော တရားကို လာရောက်နာကြသောပရိသတ်မှာ (၄၀)ကျော်(၅၀) လောက်ရှိ၏၊ မြန်မာပရိသတ်များပြီး နိုင်ငံခြားသားပရိသတ်ကား နည်း၏၊ ဦးမြသောင်းက အင်္ဂလိပ်လို ဘာသာပြန်ပေး၏၊ ဆရာတော် ဟောကြားသော

http://www.dhammadownload.com

တရားတော်ကား-

"ဓမ္မစကြာ တရားတော်ဟာ ဗုဒ္ဓရဲ့တရားဦးဖြစ်တယ်၊ ဒါ့ကြောင့် ဒီနေ့ ဓမ္မစကြာတရားကို ဟောမယ်၊ ဓမ္မစကြာ(ဓမ္မစက္က) ဆိုတာ တရားစက်ဘီးလို့ အဓိပ္ပါယ်ရတယ်၊ လည်ပတ်နေသော ကြီးစိုးစွမ်းအင်(၅)ပါးကို ဆိုလိုတယ်၊ ယုံကြည်မှု, အားထုတ်မှု, အမှတ်ရမှု, တည်ကြည်မှု, သိမြင်မှုဆိုတဲ့(၅)ပါးပဲ၊ အဲဒီ(၅)ပါးကို မိမိသန္တာန်မှာ လည်ပတ်နေစေလျှင် မိမိသန္တာန်မှာ တရားစက်ဘီးကြီး လည်နေပြီလို့ သိရမယ်၊ သုံးဆောင်ဖို့လိုအပ်တဲ့ အသုံးအဆောင်တွေကို မသုံးဆောင်ပဲ ကိုယ်ကိုညှင်းဆဲလျှင် လမ်းချော်သွားပြီ၊ သုံးဆောင်သင့်တဲ့ အသုံးအဆောင်တို့ကို သုံးဆောင်တဲ့အခါမှာ သာယာတပ်မက်နေယင်လဲ လမ်းချော်သွားပြီ၊ လမ်းမှန်လျှောက်မှ စခန်းမှန်ရောက်မယ်၊ လမ်းချော်သွားတော့ စခန်းမှန် မရောက်တော့ဘူး၊ လိုအပ်တဲ့အဝတ်ကို ဝတ်ရပါတယ်၊ လိုအပ်တဲ့ အစားအစာကို စားရပါတယ်၊ သို့သော် သာယာတပ်မက်မှု မဖြစ်အောင် တရားရှုမှတ်မှုနဲ့ စားမှ, ဝတ်မှ,လမ်းမှန်ပေါ် လျှောက်ရာရောက်ပါတယ်။

စားသင့်တဲ့ အစားအစာဆိုတဲ့ နေရာမှာ ကိုယ်တိုင်လဲမမြင်, ကိုယ်တိုင်လဲ မကြား, စိတ်နဲ့လဲ ယုံမှားမှုမရှိတဲ့ အသားမျိုးနဲ့ ဆင်သားစတဲ့ အသားကြီး(၁၀) မျိုးမှတပါး အခြားအသားတို့ကို စားနိုင်တယ်လို့ ဘုရားရှင် ခွင့်ပြုတော်မူခဲ့တယ်၊ ရဟန်းတွေ အသားမစားရလို့ စည်းမျဉ်းထုတ်ဖို့ တောင်းဆိုတဲ့ အရှင်ဒေဝဒတ်၏ တောင်းဆိုချက်ကို ဘုရားရှင် ပယ်ရှားတော်မူခဲ့တယ်၊ မဟာနာမ်ရဲ့ထုံးကို နှလုံးမူသင့်ကြတယ်၊ ဘုရားက တစ်ဘက်၊ ဘိက္ခု, ဘိက္ခုနီ, ဥပါသကာ, ဥပါသိကာတွေက တစ်ဘက် (၂)ဘက်ဖြစ်နေယင် မဟာနာမ်က ဘုရားဘက်က နေမယ်တဲ့၊ အခုလဲပဲ ဘုရားသားတော်, သမီးတော်တွေဟာ ဘုရားဘက်က ရပ်တည်နိုင်ဖို့လိုတယ်၊ ငါတို့က အသားမစားဘူး၊ မင်းတို့က အသားစားတယ်၊ အသားမစားတဲ့ ငါတို့မှာသာ မေတ္တာ, ကရုဏာရှိတယ်၊ အသားစားတဲ့ မင်းတို့မှာ မေတ္တာ, ကရုဏာ မရှိဘူးလို့ပြောယင် မာနကိလေသာ တွေ တိုးပွါးနေတယ်၊ ထိုသို့မဖြစ်အောင်လဲ သတိပြုကြရမယ်၊ ခွင့်ပြုထားတဲ့ အသားပဲဖြစ်ဖြစ်, သစ်သီးသစ်ရွက်ပဲဖြစ်ဖြစ်၊ သာယာတပ်မက်တဲ့ တဏှာ မကပ်ရောက်ဖို့လဲ အရေးကြီးတယ်၊ ရှုမှတ်မှုနဲ့

http://www.dhammadownload.com

စားယင်း လိုအပ်တဲ့အစာကို စားလို. ကိုယ်ကို ညှင်းဆဲရာလဲ မရောက်၊ သာယာတပ်မက်မှု မဖြစ်လို. ကာမချမ်းသာကို ခံစားရာလဲမရောက်၊ တင်းလွန်းသောအစွန်း, လျော့လွန်းသော အစွန်း(၂)ဘက်ကလွတ်ပြီး အလယ်လမ်းမှန်မှန်ပေါ် လျှောက်နေတယ်။

ဒွါရ(၆)ပါးမှာ ထင်ရှားပေါ်လာတာကို စိတ်အားစိုက်, ချိန်သားကိုက်ပြီး ရှုမှတ်လို.ရှုရာ အာရုံပေါ်မှာ စိတ်ကလေးတည်နေပြီဆိုယင် တဆင့်ပြီးတဆင့် အသိအမြင်ဟာ စင်ကြယ်လာတယ်၊ အစွဲတွေလဲ ကင်းစင်လာတယ်၊ မဂ္ဂင်(၈)ပါးလမ်းမှန်ပေါ်မှာ ရောက်နေပြီမို. ဆက်လျှောက်သွားယင် စခန်းမှန်ဖြစ်တဲ့ လမ်းဆုံးနိဗ္ဗာန်ကို ရောက်သွားမယ်၊ တရားနာပရိသတ်များ စခန်းမှန်ရောက်သည်အထိ တရားစက်ဘီးကြီး လည်ပတ်နိုင်အောင် ကြိုးစားနိုင်ကြပါစေ။"

* * *

http://www.dhammadownload.com

အမေရိကမှာ အလုပ်များနေသော ဆရာတော်

၁၃၅၃-ခု၊ ဒု- ဝါဆိုလဆုတ်(၉)ရက် (၄-၈-၉၁)

ပို့.

ဥုးသံဝရာလင်္ကာရ

တပည့်တော် စာရေးလိုက်ပါတယ်၊ ဥုးဇင်းကို တပည့်တော်စိတ်ထဲက ကျးဇူးတင်လို့မဆုံး ဖြစ်မိပါတယ်၊ ယခုသက်တော်ထင်ရှား ရှိနေကြတဲ့ စရာတော်တွေထဲမှာ တပည့်တော် အကြည်ညိုဆုံး, အလေးစားဆုံး ပုဂ္ဂိုလ်ကတော့ ဆရာတော် ဥုးသီလာနန္ဒာဘိဝံသ ပါပဲဘုရား၊ တပည့်တော်လဲ ကိုယ့်ကိုယ်ကို ဘယ်တော့မှာ ဆရာတော်ဥုးသီလာနန္ဒလို အရည်အချင်းရှိည့်ဝတဲ့ ပညာရှင် ဖြစ်ပါမလဲလို့. တွေးတောမိခဲ့တာ (၂)နှစ်တာကာလလောက်ခဲ့ပါပြီဘုရား၊ ယနေ့. နေ့.လည်လောက်ကပဲ ရန်ကုန်မှ ကိုလှမြင့်တို့.ဇနီးမောင်နှံဟာလို့. ဒီဆရာတော်က (ဥုးသံဝရ စာတိုက်မှ ပို့.လိုက်သော ဓာတ်ပုံထဲက ဆရာတော်က) ဘယ်သူလဲလို့. မေးမိမှ ဆရာတော်ဥုးသီလာနန္ဒဖြစ်ကြောင်းသိရပါတယ်ဘုရား၊ တပည့်တော်စိတ်ထဲမှာ "ဆရာတော်လို ပညာရှင်ကစ်ယောက် မဖြစ်သေးပေမဲ့ ဥုးသံဝရရဲ့. ကျးဇူးကြောင့် ဆရာတော်ရဲ့.ဓာတ်ပုံကို ဖူးခွင့်ရပါပေါ့"လို့.တွေးပြီး ဥုးဇင်းကို တကယ်ပဲ ကျးဇူးတင်မဆုံးဖြစ်မိပါတယ်ဘုရား။

ဉာန္ဒကာဘိဝံသ

(တောင်မြို့-ဂန္ဓာရုံ)

ရန်ကုန်မြို့ ဗဟန်း သံလွင်လမ်းရှိ ပဏ္ဍိတာရာမ-ရွှေတောင်ကုန်းဃာသနာ့ရိပ်သာတွင် သီတင်းသုံးလျက်ရှိသော အရှင်သံဝရာလင်္ကာရထံ ပေးပို့ကြေးဘ အထက်ပါစာလေးကို အရှင်သံ့ဝရာလင်္ကာရက ပြသဖြင့် ဖတ်ရှုရပသည်၊ စာရေးလိုက်သော အရှင်မြတ်လေးကား အမရပူရမြို့.-မဟာဂန္ဓာရုံကျောင်းတွင် စာပို့.ချပေးနေသော စာချဉာန်းကြီးလေးဖြစ်ပါ၏၊ အရှင်မြတ်လေးသည် ဓမ္မာစရိယဘွဲ့.(၄)ခုကို ဆွတ်ခူးထားသော အာဂပညာရှင်လေးပါတည်း၊

http://www.dhammadownload.com

မန္တလေးမှ သကျသီဟဓမ္မာစရိယ, ရန်ကုန်မှ စေတိယင်္ကာဓမ္မာစရိယ, မြင်းခြံမှ သဒ္ဓမ္မပါလဓမ္မာစရိယ, အစိုးရ ဓမ္မာစရိယတို့ဖြစ်ပါ၏၊ ထို့အပြင် မန္တလေးမြို့ သာမဏေ သကျသီဟ သာသနာလင်္ကာရဘွဲ့, အစိုးရ ဓမ္မာစရိယ တန်းဌ် တစ်နိုင်ငံလုံးတွင် ဒုတိယအမှတ် အများဆုံး ဂုဏ်ထူးပိုင်ရှင်လည်း ဖြစ်ပါ၏၊ ဤကဲ့သို့သော အာဂပညာရှင် အရှင်မြတ်လေးတစ်ပါးက ဆရာတော် ဉုးသီလာနန္ဒာဘိဝံသကို အရည်အချင်းပြည့်ဝတဲ့ ပညာရှင်တစ်ပါးဖြစ်ရပါလို၏ ဟု စံပြုအလေးစားခံရသော အရှင်သီလာနန္ဒာဘိဝံသသည် အဘယ်ကဲ့သို့သော အရည်အချင်းများနှင့် ပြည့်စုံနေပါလေသနည်း။

စာရေးသူ လေ့လာသိရှိရသော အရှင်သီလာနန္ဒာဘိဝံသ၏ အရည်အချင်း များမှာ ဆရာတော်သည် သကျသီဟဓမ္မာစရိယ ဖြစ်ပြီး ပါဠိစာပေတွင် အလွန်ပင် ကျွမ်းကျင်သည်၊ ဆဋ္ဌသံဂါယနာပါဠို, အဋ္ဌကထာ, ဋီကာတို့ကို နောက်ဆုံးအဆင့် အနေဖြင့် သုတ်သင်ရာတွင် လွန်စွာပင် အရေးပါခဲ့ပေသည်၊ တိပိဋကဟ ပါဠို-မြန်မာ အဘိဓာန်ကျမ်းကြီးကို ပြုစုရာတွင်လည်း အရေးပါသော ကဏ္ဍက ပါဝင်ခဲ့သည်၊ ပါဠိတင်မက၊ သင်္ကတစာပေနှင့် အင်္ဂလိပ်စာပေတို့ဌ် လည်း အလွန်ပင်ထူးချွန်သည်၊ သင်္ကတလိုက်စားသော ပညာရှင်တစ်ဦးကမူ အရှင်သီလာနန္ဒာဘိဝံသသည် သင်္ကတဘုရင်ပဲဟုပင် အမွန်းတင်လေ၏-တဲ့၊ မဟာစည်ဆရာတော်ကြီးက တိုက်တွန်းသဖြင့် ရေးသားထားအပ်သော ဝါကျာ ဝယဝဝဏ္ဏနာကျမ်းနှင့် "ပါဏိနီနှင့် တိုက်ဆိုင်လေ့လာခြင်း" စာအုပ်တို့ကို လေ့လာကြည့်လျှင် အရှင်သီလာနန္ဒာဘိဝံသ၏ သင်္ကတအရည်အသွေးကို ချိန်ထိုးနိုင်သည်ဟု ဆိုကြ၏၊ သိမ်သင်တန်းစာအုပ်, မဟာစည်ဆရာတော်၏ အတ္ထုပ္ပတ္တိစာအုပ်နှင့် အခြားစာအုပ်တို့ကိုလည်း ရေးသားထားလေသည်၊ အင်္ဂလိပ်စာအုပ် အရည်အသွေးကိုမူ အထူးရေးပြဖို့ လိုမည်မထင်ပါ၊ အရှင်သီလာနန္ဒာဘိဝံသဟု ပြောလိုက်လျှင် အဆင့်မြင့် ပါဠိပညာရှင်၊,အဆင့်မြင့် သင်္ကတပညာရှင်, အဆင့်မြင့် အင်္ဂလိပ်စာတတ်သူတိုင်း သိကြလေ၏၊ သူ၏ပညာအရည်အသွေးကို အလွန်ပင်လေးစားကြပေသည်။

၁၉၇၉-ခုနှစ်က မဟာစည်ဆရာတော်ကြီးနှင့် နောက်ပါရဟန်းတော် (၄)ပါးကို အမေရိက "မက်ဆာချူးဆက်"ပြည်နယ်၊ ဘော်စ်တွန်မြို့-ဝိပဿနာ

http://www.dhammadownload.com

ကမ္မဋ္ဌာန်းဋ္ဌာနက ပင့်ခဲ့ပါသည်၊ ထိုနောက်ပါရဟန်းတော်(၄)ပါးကား- အရှင်သီလာနန္ဒာဘိဝံ, အရှင်ဇနကာဘိဝံသ, အရှင်ကေလာသ, အရှင်အဂ္ဂဓမ္မတို့ဖြစ်ကြ၏၊ မဟာစည်ဆရာတော်ကြီးသည် အရှင်သီလာနန္ဒာဘိဝံသနှင့် အရှင်ကေလာသတို့ကို အမေရိကမှာပင် မြန်မာဒကာများအား တရားအကူအညီပေးရန်နှင့် လက်လှမ်းမှီရာ နိုင်ငံခြားသားတို့အား ဗုဒ္ဓတရားတော်များကို ဖြန့်ဝေပေးရန် ထားခဲ့ပေသည်၊ အရှင်သီလာနန္ဒာဘိဝံသသည် ယခုအခါ ကာလီဖိုးနီးယားပြည်နယ်, ဒေလီစိတီ, ဓမ္မနန္ဒကျောင်းတွင် သီတင်းသုံးနေထိုင်လျက်ရှိပေသည်၊ ကျောင်းတွင် နားနေရသောရက်တို့သည် အလွန်နည်းလှပေသည်၊ ဖလော်ရီဒါပြည်နယ်, တင်နစီပြည်နယ်, အော်ရီဂွန်ပြည်နယ်, ဝါရှင်တန်ဒီစီ, ကာလီဖိုးနီးယားပြည်နယ်တဝှန်းမှ တရားစခန်းတို့တွင် တရားပြကြွရသည့်အခါရှိ၏၊ တရားဟော ကြွရသည့်အခါရှိ၏၊ ဗုဒ္ဓဘာသာ အခြေခံအကြောင်း, အဘိဓမ္မာအကြောင်း သင်တန်းပေးရသည့် အခါရှိ၏၊ ဂျပန်, ဥရောပ, သီရိလင်္ကာ တို့၌လည်း တရားစခန်းတွေ ဖွင့်ခဲ့ပေး၏။

အနောက်တိုင်းသားမျိုးစုံနှင့် အမေရိကရောက် အရှေ့တိုင်းသားမျိုးစုံတို့ကို အရှင်သီလာနန္ဒာဘိဝံသ၏ အဆုံးအမတွေကို နာယူလေ့လာကြ၏၊ ဝိပဿနာတရား ပြသရာ၌ဌင်း အခြားတရားတို့ကို ဟောရာ၌ဌင်း သူ၏အင်္ဂလိပ်စကားမှာ ရှင်းလင်း၏၊ ပြတ်သားတိကျ၏ဟု အနောက်တိုင်းသားတို့ခံယူကြ၏၊ အရှင်သီလာနန္ဒာဘိဝံသသည် စိတ်ရှည်မှု, သီးခံမှု, ကျွမ်းကျင်မှုပြည့်ဝသော ဆရာတစ်ပါးဖြစ်၏ဟု သူတို့ပြောကြ၏၊ ခင်မင်ဖွယ်, ကြည်ညိုဖွယ် ကောင်းသည်ဟုလည်း ချီးကျူးကြ၏၊ တရားဟောရာတွင် စိတ်ဝင်စားဖွယ်ဖြစ်အောင် ဟောနိုင်ပေသည်၊ သူပြောလိုသည့်အချက်နှင့် ပတ်သက်၍ သိဖွယ်ရာစုံနေအောင် ကျမ်းဂန်အမျိုးမျိုးမှ ထုတ်နုတ်၍ ဟောပြလေ့ရှိသည်ဟုလည်း လေ့လာသိရှိရပါ၏။

"The Four Foundations of Mindfulness" မည်သော စာမျက်နှာ(၂၃၂) မျက်နှာပါသော စာအုပ်ကိုလည်း အင်္ဂလိပ်လို ရေးသားထားပေ၏။

ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော် အမေရိကသို့-ဓမ္မဂုဏ်ရည်ပြ ဓမ္မဒူတခရီး ကြွသွားရာတွင် စာရေးသူ လိုက်ပါသွားရာ အရှင်သီလာ

http://www.dhammadownload.com

နန္ဒာဘိဝံသ ကျောင်းသို့လည်း ရောက်ခဲ့ပေသည်၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်နှင့် အရှင်သီလာနန္ဒာဘိဝံသတို့ ရင်းနှီးစွာ သာသနာရေးရာများကို ဆွေးနွေးကြသည်ကို မြင်တွေ့ရပေသည်၊ အရှင်မြတ် (၂)ပါးမှာ ဝါတော်ချင်း သိပ်မကွာလှပေ၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်က ဝါတော်(၅၁)ဝါ၊ အရှင်သီလာနန္ဒာဘိဝံသက (၄၅)ဝါရှိပေ၏၊ အရှင်သီလာနန္ဒာဘိဝံသ၏ သိကၡာဝါကြီးသူတို့အပေါ် ဂါရဝရှိမှု, ရိုးသား၍ စိတ်ထားမြင့်မြတ်မှု, သာသနာစိတ်ဓာတ်ရှိမှု စသည့်အရည်အချင်းကောင်း တို့ကို တွေ့မြင်ခွင့်ရခဲ့ပါ၏၊ အရှင်သီလာနန္ဒာဘိဝံသက စာရေးသူအား ပြောပြသည်မှာ-"အနောက်တိုင်းသားတို့ကို ဗုဒ္ဓအဆုံးအမတွေ လက်ခံလာအောင် ပြုလုပ်ပေးရာတွင် သတိပဋ္ဌာန် အားထုတ်စေမှု မပါလျှင် အောင်မြင်ဖို့ မလွယ်ပါတဲ့-၊ အင်္ဂလိပ်လို တရားဟောနိုင်, တရားပြနိုင်, တရားစစ်နိုင်တဲ့ ပရိယတ်-ပဋိပတ် စွယ်စုံရဟန်းတော် (၁၀)ပါးလောက် အမေရိကမှာရှိလျှင် နေရာဌာနခွဲကာ ဆောင်ရွက်လိုက်ရလျှင် သိပ်ကောင်းမှာပဲ၊ ထေရဝါဒ ဗုဒ္ဓသာသနာ ပိုမိုကျယ်ပြန့်လာမှာပဲတဲ့၊ အင်္ဂလိပ်စာ တိုးတက်ဖို့ရာ အင်္ဂလိပ်စကားများများ နားထောင်ပါ"-တဲ့။

အရှင်သီလာနန္ဒာဘိဝံသသည် ယခုအခါ အလုပ်မအား သည့်ကြားမှပင် ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့ကို ကွန်ပျူတာထဲ အင်္ဂလိပ်လိုထည့်ဖို့ ကြိုးစားနေလေပြီ၊ တစ်ချိန်မှာ မြန်မာစာလုံးဖြင့် ပါဠိထည့်နိုင်လိမ့်မည်ဟုလည်း သူမျှော်လင့်နေပေသည်၊ သူတို့ မျှော်လင့်ခန့်မှန်း သည့်အတိုင်း ဖြစ်လာလျှင် ကွန်ပျူတာကဒ်ပြားလေး တစ်ခုထဲမှာပင် ပါဠိ, အဋ္ဌကထာ, ဋီကာ တွေအစုံပါလာလိမ့်မည်-တဲ့။

* * *

http://www.dhammadownload.com



အမေရိက ၊ဒေလီစီတီ ၊ဓမ္မာနန္ဒ ကျောင်းဆရာတော်
အရှင်သီလာနန္ဒာဘိဝံသ

http://www.dhammadownload.com

ဆရာတော်နှင့် အရှင်မြတ်

အရှင်မြတ်သည် နာမည်ကြီး၏၊ သို့သော် အံ့ရှင်မြတ်ကိုမတွေ့ဘူးပါ၊ ဘစ်နေ့သော် အရှင်မြတ်သည် စာရေးသူနေထိုင်ခဲ့ရာ အမရပူရမြို့- မဟာဂန္ဓာရုံ ကျောင်းတိုက်သို့ နိုင်ငံခြားသား ရဟန်း(၂)ပါးနှင့် အတူလာပြီး နာယကဆရာတော် တစ်ပါးထံသို့ ကြွသွားသည်ကို တွေ့လိုက်ရ၏၊ ခပ်လှမ်းလှမ်း တစ်နေရာမှ လှမ်းမြင်လိုက်ရခြင်းဖြစ်၍ ရုပ်အင်္ဂါလက္ခဏာကို စေ့စေ့စပ်စပ် မတွေ့မြင်လိုက်ရပါ၊ သင်္ကန်းခပ်ဝါဝါကို ဝတ်ထားသူ၊ သင်္ကန်းကို ခပ်ရှည်ရှည်ဝတ်သူဟု မျှသာသိရ လိုက်၏၊ မဇ္ဈိမလေးမြို့ ပရိယတ္တိ သာသနာဟိတအသင်းကြီးက ကျင်းပပေး အပ်သော သာမဏေသက္ကသိဟ, ရဟန်းသက္ကသိဟစာမေးပွဲတွင် ထုတ်သောပုစ္ဆာတို့ကို စာရေးသူဖြေဘူး၏၊ အရှင်မြတ် ထုတ်သည်ဟုသိရသော ပုစ္ဆာတို့ကို ဖြေရသောအခါ အလွန်ခက်ခဲသော ပုစ္ဆာတို့ကို မေးခြင်းဖြင့် စာဖြေသူတို့ကို ညှင်းဆဲတတ်သော ပုဂ္ဂိုလ်စာရင်းတွင် အရှင်မြတ်မပါဝင်ဟု သတိပြုမိ၏၊ စာရေးသူ၏ ပရိယတ္တိစာပေအသိ အဆင့်မြင့်လာသည်နှင့်အမျှ အရှင်မြတ်၏ ပရိယတ္တိပညာဂုဏ်ရန့် ပို၍ ပို၍ မွှေးကြိုင်ပျံ့လွင့် နေသည်ကို သိခွင့်ရလာ၏၊ မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသ ပျံလွန်တော်မူ သည့်အခါ စျာပနပွဲတွင် အရှင်မြတ်က အရှင်ဇနကာဘိဝံသကို (၂၀)ရာစုခေတ် အရှင်မဟာ ဗုဒ္ဓဃောသဟု ချီးမွမ်းပြီး အရှင်ဇနကာဘိဝံသ၏ စာပေအရည်အသွေးတို့ကို ဖော်ထုတ်ပြသသွားသည်ကို မှတ်သားလိုက်ရဘူး၏၊ ခေါင်ထိပ်ပညာရှင်တစ်ဦး၏ အရည်အသွေးကို သိစွမ်းနိုင် ဖော်ပြနိုင်သော သူတစ်ဦးပါပဲဟု စာရေးသူ ကောက်ချက်ချလိုက်ပါ၏၊ ထို့နောက် အရှင်မြတ်အကြောင်းကို သိလိုက်ရသည်မှာ မဟာစည် ဆရာတော်ကြီးနှင့်အတူ အမေရိကသို့ ကြွသွားပြီဟူ၍ ဖြစ်ပေ၏၊ အရှင်မြတ်ကို အမေရိကသို့ မဟာစည် ဆရာတော် ခေါ်သွားသည်ကို ကြည့်ရှုပြီး မဟာစည် ဆရာတော်သည် တော်လျှင် တော်သလို ချီးမြှောက်တတ်သည်ဟု မဟာစည် ဘရာတော်ကို ချီးမွမ်းကြ၏၊ မဟာစည်ဆရာတော်သည် လူမှန်နေရာ

http://www.dhammadownload.com

မှန်ဖြစ်အောင် စီစဉ်ရာတွင်လည်း ကျွမ်းကျင်သည်ဟု သုံးသပ်နိုင်ပါ၏၊ အရှင်မြတ်သည် ယခုအခါ အမေရိကမှာ အအောင်မြင်ဆုံးသော ထေရဝါဒ ဗုဒ္ဓသာသနာကို ဖြန့်ဝေနေသူ ဖြစ်သည်ဟုဆိုလျှင် မှားဖို့မမြင်ပါ။

ကျေးဇူးရှင် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်နှင့်အတူ စာရေးသူ အမေရိကသို့ ဓမ္မဂုဏ်ရည်ပြ ဓမ္မဒူတခရီးလိုက်သွားရာ တောင်ပုလုကမ္ဘာအေးကျောင်းတွင် ဗိယက်နမ်တို့အတွက် (၂)ပတ် တရားစခန်း ပြုလုပ်ပေးစဉ်အတွင်း အာဂျင်တီးနားမှ ရှင်နန္ဒိသေန, အမေရိကမှ ရှင်ပညောဘာသတို့၏ ရဟန်းအဖြစ် ခံယူသည့်ပွဲရှိရာ အရှင်မြတ်လည်း ကြွလာပေသည်၊ တောင်ပုလု ကမ္ဘာအေးကျောင်းသို့ ရောက်လာချိန်တွင် ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်သည် ယောဂီတို့ကို တရားစစ်နေတုန်းဖြစ်၍ အရှင်မြတ်သည် အခြားအခန်းတခန်းမှ စောင့်ဆိုင်းနေပေသည်၊ သိမ်အဖြစ် သမုတ် ထားသော ကမ္ဘာအေးစေတီ၏ လှိုင်ဂူထဲသို့ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ရော အရှင်မြတ်ပါ ရောက်လာကြပြီး ဆရာတော်က အရှင်မြတ်ကို "ကျန်းမာရဲ့လား" ဟု ပဋိသန္ဓာရ စကားပြုပြီး "သပြေကန်ပရိတ်ကြီး နိဿယသစ်ကို အင်္ဂလိပ်လို ဘာသာပြန်ယင် ခွင့်ပြုနိုင်မလား" ဟု မေးရာ အရှင်မြတ်က အလွယ်တကူ ကျေကျေနပ်နပ်နဲ့ "ခွင့်ပြုပါတယ်ဘုရား၊ ကျယ်ပြန့်ယင် ကျယ်ပြန့်သလောက် သဘောကျ ပါတယ်ဘုရား၊ ဆရာတော်ကြိုက်သလို ဆောင်ရွက်ပါ" ဟု လျှောက်ထားသည် ကို ကြားလိုက်ရပါ၏။

အရှင်မြတ်ကျောင်းသို့ ကားဖြင့် ပြန်ရာတွင် ဂိုးလ်ဒင်းဂိတ် တံတားကြီးသို့ သွားရန်လမ်းကြုံနေ၍ စာရေးသူလည်း ထိုကားဖြင့် လိုက်ပါသွားရာ ကားမူးတတ်သော စာရေးသူမှာ တစ်လမ်းလုံးတွင် အန်ရလေ၏၊ ထိုအခါ အရှင်မြတ်၏ တစ်ဘက်သားအပေါ် ကြင်နာသနားတတ်မှုကို မြင်တွေ့ရပါ၏၊ နောက်ထပ် အန်ချင်ယင်ပြောပါ၊ ကားရပ်ခိုင်းမယ်လို့ ပြောပြီး ရှူဆေး ရှူဖို့, သကြားလုံး စားဖို့ပေးလေ၏။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်နှင့် ဓမ္မဒူတအဖွဲ့ကို မြန်မာပြည်သို့ မပြန်ခင် အရှင်မြတ်၏ကျောင်းသို့ နေ့ဆွမ်းပင့်၍ကပ်၏၊ ဆရာတော်အပေါ် အရှင်မြတ်ဆက်ဆံပုံကို တွေ့ရသောအခါ "အနှစ်သာရ ပြည့်ဝသော

http://www.dhammadownload.com

သူသည် အနှစ်ပြည့်သော စပါးနံ့ကဲ့သို့ ဖြစ်သည်"ဟူသော စကားကို သတိရမိပေသည်၊ မာန်ထောင်တတ်သူ ဖြစ်ပါမူ အရှင်မြတ်၏ ပညာအရည် အသွေးမှာ မာန်ထောင်စရာပင်၊ သို့သော် မာန်ထောင်မှုမရှိ၊ ကျိုးနွံမှု-ရှိသေမှုအပြည့် ရှိသည်ကို တွေ့ရပေသည်၊ လက်ကန်တော့တင်၍ ဆရာတော်နှင့် မလှမ်းမကမ်းနေရာတွင် ပုဆစ်တုပ်ထိုင်ကာ သာသနာရေးရာများကို ဆွေးနွေးနေကြသည်မှာ နှောင်းခေတ် ပညာတတ်တို့အဖို့ အတုယူစရာ ကောင်းလှပါပေသည်၊ အရှင်မြတ်၏အနာဂတ် အစီအစဉ်တို့ကို လျှောက်ထား နေသည်ကိုလည်း ကြားခဲ့ရပါ၏၊ "ကေ (၅)ကေကျယ်ဝန်းသည့် နေရာရအောင် ရှာဖွေနေပါတယ်၊ အဆောက်အဦတွေ အတွက်လည်း ပုံဆွဲထားပါတယ်၊ (၁) နှစ်(၂)နှစ်အတွင်း ဖြစ်လာလိမ့်မယ်လို့ မျှော်လင့်ရပါတယ်၊ မျှော်လင့်တဲ့ အတိုင်း နေရာရော အဆောက်အဦးတွေပါ အဆင်ပြေလာယင် ပရိယတ်, ပဋိပတ်စွယ်စုံ ရဟန်းငယ်လေးတွေ လိုလာပါမယ်၊ ထိုရဟန်းငယ်လေးတွေကို ဆရာတော်ဆီက ရလိုပါတယ်၊ ဆရာတော်ပို့ပေးပါ၊ ပိဋကတ်များကို ကွန်ပျူတာ ၌ ထည့်သွင်းသော အခါမှာလည်း ဆရာတော်၏ ဝန်ဆောင်အရှင်တို့၏ ကူညီမှုကို လိုပါသတဲ့။"

ထို့နောက် အရှင်မြတ်၏စာကြည့်ခန်းထဲသို့ ဆရာတော်ကိုပင့်သွား၏၊ "တပည့်တော်ရဲ့ စာကြည့်ခန်းကတော့ မရှင်းခန်းပဲ ဘုရား"တဲ့၊"Machine" ဟူသော အင်္ဂလိပ်စကားလုံး၏ အသံထွက်လို့ထင်ရပြီး စက်ခန်းလို့ ထင်ရ မလိုလိုပဲ၊ တကယ်တော့ ထိုသို့မဟုတ်ပါ၊ အရှင်မြတ်၏အခန်းမှာ စာအုပ် တွေဖြင့် ရှုတ်ပွေနေလို့ မရှင်းတဲ့အခန်းဟု ရည်ရွယ်လေ၏၊ သို့သော် အရှင်မြတ် စာကြည့်ခန်းမှာ ပါဠိ,အဋ္ဌကထာ, ဋီကာတို့က သန့်သန့်, အင်္ဂလိပ်လို ပါဠိစာပေတွေက သန့်သန့်ရှိနေသဖြင့် သပ်သပ်ရပ်ရပ် ရှိပါ၏၊ သန့်သန့်ရှင်းရှင်းလေ ရှိပါ၏၊ အရှင်မြတ်အင်္ဂလိပ်လို ဟောထားသော တရားခွေတွေမှာလည်း ရာဂဏန်းမှထောင် ဂဏန်းထိ ရှိအံ့ထင်သည်၊ ကွန်ပျူတာ (၂)လုံးလဲ တွေ့ရ၏၊ မြန်မာပြည်မြေပုံနှင့် မြန်မာပြည်မှ လူဦးရေ, ဘာသာဝင် အရေအတွက်, နိုင်ငံတော်သီချင်း စသည့်အချက်တို့နှင့် အခြား နိုင်ငံပေါင်းစုံတို့ အကြောင်းအရာတို့ကို ထည့်သွင်းထားသော ကဒ်ပြားတို့ကို

http://www.dhammadownload.com

ကွန်ပျူတာထဲ ထည့်၍ပြသည်၊ ပိဋကတ်တော်တွေကို အင်္ဂလိပ်စာလုံးဖြင့် သွင်းထားသော ကဒ်ပြားကိုလည်း ကွန်ပျူတာထဲ ထည့်ပြလေ၏၊ "ပါဠိ-အဋ္ဌကထာ-ဋီဟာတွေ(၂) စုံရှိနေသည်"ဟု အရှင်မြတ်ကပြောရာ ဆရာတော်က "အပိုတစ်စုံကို ဘယ်လို အသုံးချလိုသလဲ၊ နေရာသစ်တစ်ခုဖြစ်လာလို့ လိုလာယင် ထိုနေရာသစ်မှာ ခွဲပေးနိုင်မလား"၊ "ပေးတာပေါ့ဘုရား၊ တပည့်တော်မှာ အလကား ပိုနေတာပဲ"-တဲ့၊ "ကွန်ပျူတာထဲတွင် ထည့်ပြသော ကမ္ဘာအကြောင်း ထည့်ထားရာ ကဒ်ပြားအလိုရှိရင် လှူပါမည်၊ ဈေးတော့မမေးပါနဲ့"-ဟု ပြောကာ ချက်ချင်းဈေးမှ ကပ္ပိစပြီး လှူလိုက်လေ၏၊ ပိဋကစာပေတို့ကို ထည့်ထားရာကဒ်ပြား ပြီးလျှင်လည်း လှူပါမည်တဲ့၊ ဝိနယဂ္ဂမစန္ဒီကာခေါ် ကျမ်းစာကို ဆရာတော်ထံမှ အရှင်မြတ်ရထားဘူး၏၊ သို့သော် ဆရာတော်မှာမူ သူ့မှာရှိသောစာမူကို ရွာမတွေ့ ဖြစ်နေပေသည်၊ ထို့ကြောင့် အရှင်မြတ်ကထိုစာမူကို အလွယ်တကူ ကူးယူစေပါသည်။

ဤမျှအထိ လွယ်လွယ်ကူကူ လျှောလျှော လျူလျူ ကြည်ဖြူစွာ လှုံ့ဆော်နေသည်ကို တွေ့ရသောအခါ ဆရာတော်၏ သီလ, သမာဓိ, ပညာ တို့အပေါ် အရှင်မြတ်၏လေးစားမြတ်နိုးမှုတို့ကို နားလည်မိပါသည်၊ ဆရာတော်ကလည်း ပါဠိ, အဋ္ဌကထာ, ဋီကာတို့ကို မြန်မာပြည်မှ ရွာဖွေပြီး သူ့ထံသို့ ပို့ပေးခဲ့သည်၊ မဟာဂန္ဓာရုံ ဆရာတော်၏ ဘာသာဋီကာတွေကိုလည်း အစုံပို့ပေးခဲ့ပေသည်၊ လိုနေသေးသော ဘာသာဋီကာတွေကိုလည်း ပို့ပေးဦးမည်ဟု မိန့်ပေသည်၊ ဆရာဟော်နှင့် အရှင်မြတ်သည် စာပေဝါသနာ ပါသူချင်းဖြစ်၍ စာအုပ်စာပေတို့ကို မျှားစွာတန်ဖိုးထား၍ စုဆောင်းကြလေသည်၊ ဆရာတော်သည် ပါဠိတော်, အဋ္ဌကထာ, ဋီကာနှင့် ဘာသာဋီကာတို့ကို သူ့ထံသို့သာ မဟုတ်ပါ၊ Barre-ဝိပဿနာကမ္မဋ္ဌာန်း ဋ္ဌာနသို့ဎင်း အင်္ဂလန်သို့ဎင်း မလေးရှားသို့ဎင်း နီပေါသို့ဎင်း ပို့ပေးခဲ့ပေသည် ဆရာတော်၏ သာသနာစိတ်ဓာတ်ကို မြတ်နိုးကြသူတို့သည် နိုင်ငံခြား၌ ဗုဒ္ဓသာသနာ ပြန့်ပွားရေးအတွက် ထိုစာအုပ်တို့သည် လက်နက်ကောင်းများ ဖြစ်ကြသည်ဟု သဘောပေါက်ကြလေသည်၊ နောက်ထပ်လိုအပ်နေသော စာအုပ်များကို ထိုဋ္ဌာနများနှင့် အခြားဋ္ဌာနများသို့ ပို့ပေးဖို့ရန် ဆရာတော် ရည်ရွယ်ထားပေသည်၊ ပြည်ပအနာဂတ်

http://www.dhammadownload.com

သာသနာအတွက်လည်း ကြောင့်ကြကြီးကြသော ဤအရှင်မြတ် (၂)ပါး၏ တစ်ဦးအပေါ်တစ်ဦး လေးစားမြတ်နိုးမှု, ခင်မင်ရင်းနှီးမှု, မေတ္တာ ပါသော အမှုအရာ, အပြောအဆိုတို့သည် စာရေးသူ၏စိတ်ထဲတွင် မမေ့ပျောက်နိုင်အောင် ထင်ဟပ်နေပါသတည်း။

(အရှင်မြတ် – ဟူသော စကားဖြင့် ရည်ညွှန်းအပ်သော ပုဂ္ဂိုလ်ကား အရှင်သီလာနန္ဒာဘိဝံသ ဖြစ်ပါသည်။)

* * *

http://www.dhammadownload.com

ကမ္ဘာကျော်တံတားကြီး အနီးက ရိပ်သာလေး

"ဒီနေ့ တရားကို ဗိယက်နမ်လိုလဲ ဘာသာပြန်မဲ့သူ ရှာပါ၊ ဘယ်သူ ဘာသာပြန်မလဲ "

အင်္ဂလိပ်လို ဘာသာပြန်ပေးသော ဦးမြသောင်းနှင့်သာ တရားတွေ ဟောခဲ့သော ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်သည် ယခုအခါ ဗိယက်နမ်လို ဘာသာပြန်ပေးမဲ့သူကို အရှာခိုင်းနေပြီ၊ အမေရိကမှာ နေကြသော ဗိယက်နမ် တို့သည် အင်္ဂလိပ်စကား ပြောနိုင်ကြသူတွေပဲ၊ ဘာ့ကြောင့်များ အရှာခိုင်းပါ လိမ့်မည်နည်းဟု အကြောင်းကို စဉ်းစားနေစဉ် အနားတွင် လက်အုပ်ချီ၍ နေသော မစ္စတာခန်တို့ ဇနီးမောင်နှံဘက်လှည့်ကာ "ဝိသာခါလဲ တရားနာရမယ်" ဟု ထပ်မံအမိန့်ရှိသံကို ကြားရသောအခါမှ ဗိယက်နမ်လို ဘာသာပြန် အရှာခိုင်းရခြင်း၏ အကြောင်းကို နားလည်လာမိပါတော့သည်၊ မစ္စတာခန်၏ ဇနီးသည် ဗိယက်နမ်လိုနာမည်ရှိပါ၏၊ သို့သော် သူမတို့ ကိုးကွယ်သော ဗိယက်နမ်ဆရာတော် အရှင်ခိုပွပညောက စာရေးသူတို့ မရောက်ခင် သူမတို့ အိမ်တွင် (၈)ရက်တရား စခန်းဖွင့်လှစ်ခဲ့ရာ သူမကို ဝိသာခါလို့ နာမည် ပေးခဲ့သတဲ့၊ ထို့ကြောင့် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်သည်လည်း ဝိသာခါဟုပင် ခေါ်ပါသည်။

ဤဝိသာခါသည် ကျောင်းအမလည်းဟုတ်၏၊ ဆွမ်းအမလဲဟုတ်၏၊ ဆေးအမလဲ ဟုတ်၏၊ သင်္ကန်းအမလဲ ဟုတ်၏၊ သူမတို့ဇနီးမောင်နှံသည် သူမတို့နေထိုင်ရာ (၄)ထပ်ရှိတိုက်ကြီးကို ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော် ကြွရောက်သီတင်းသုံးစဉ် (၂)ပတ်အတွင်း ကျောင်းအဖြစ်ဖြင့် လှူဒါန်းထားလေသည်၊ ကျောင်းဒကာ-မစ္စတာခန်သာ ထို ကျောင်းတွင် ညအိပ်ပြီး ဝိသာခါကမူ သူတို့ပိုင်သော အခြားအိမ်တစ်လုံး၌ သွား၍အိပ်ပေသည်၊ ထို ကျောင်း၌ သီတင်းသုံးစဉ် အရက်ဆွမ်း-နေ့ဆွမ်းကို ဝိသာခါတို့မိသားစုက ဆက်ကပ်၏၊ သူမတို့ အထူးနှစ်ခြိုက်သုံးဆောင်သော ဂျင်ဆင်ဆေးကိုလည်း

ဌိဇယြနၵးဂၵးနှင်ငးရှင်းနှဲၵ ဌိရှင်းမြဲယွဲ့ဇယ်ငဝွးနှစဲနှံနှံဇယဝီရယေးရှင်းယေးဘုဂ်ယၵ



http://www.dhammadownload.com

http://www.dhammadownload.com

ဒန့်တိုင်း ဆက်ကပ်၏၊ သင်္ကန်းကိုလည်း လှူဒါန်းပေ၏၊ ဝိသာခါသည် အမြဲပြုံးရွှင်နေသည်၊ သူမ၏မျက်နှာလေးကို မြင်ရသူတိုင်း စိတ်ချမ်းမြေ့မှုကို ခံစားကြရသည်ဟုဆို၏၊ သူမ မျက်နှာလေးသည် လှသည်ဟုဆိုရမည်ထက် သနားကမားရှိသည်ဟု ဆိုခြင်းက ပို၍မှန်ပေလိမ့်မည်။

ဝိသာခါ၏ခင်ပွန်း မစ္ဆတာခန်မှာ ထေရဝါဒ ဗုဒ္ဓတရားတော်ကို အထူးစိတ်ဝင်စားပေ၏၊ အထူးလိုက်စားနေပေ၏၊ သူ၏ကားထဲမှာ တရားခွေတွေများစွာ ပါနေ၏၊ ကားများတွင် သီချင်းခွေတွေကိုသာ မြင်ခဲ့ဖူးရာ သူ၏ကားထဲတွင် တရားခွေတွေချည်း ရှိနေသည်ကို တွေ့ရပါသည်၊ သူ၏အိမ်ဘုရားခန်းမှာမူ တရားတိပ်ခွေတွေ ရာနှင့်ချီ၍ ရှိနေပေသည်၊ သူတို့ ဇနီးမောင်နှံသည် ရှေးယခင်က မဟာယာနဗုဒ္ဓဘာသာဝင် ဖြစ်ခဲ့ကြ၏၊ ယခုအခါမူ ထေရဝါဒ ဆရာတော်အရှင်မြတ်များ၏ ဟောကြားပြသမှုကြောင့် ထေရဝါဒ ဗုဒ္ဓသာသနာဝင်တွေ ဖြစ်နေကြပေပြီ၊ သူတို့အိမ်တွင် ဓာတ်ပုံချိတ်၍ ကိုးကွယ်ထားသော ဆရာတော်များကိုလည်း တွေ့ရပေ၏၊ ၁။ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်၊ ၂။ အရှင်သီလာနန္ဒာဘိဝံသ၊ ၃။ အရှင်ခိပ္ပပညောတို့ ဖြစ်ကြ၏။

သူတို့သည် စားသောက်ဆိုင်တစ်ဆိုင် ဖွင့်ထားပေ၏၊ မစ္ဆတာခန်က တရားလုပ်ငန်းကို ကြိုက်သလောက် လုပ်နိုင်၏၊ တရားထိုင်သွားချင်ရာသွားနိုင်၏၊ တရားနာသွားချင်ရာ သွားနိုင်၏၊ထိုသို့ သွားနိုင်အောင်လည်း ဇနီးချောလေး ဝိသာခါက ပါရမီကူညီ ဖြည့်ပေးလေ၏၊ သူမ အမေရိကသို့ ရောက်တာ နှစ်မများသေးပါ၊ ထို့ကြောင့် သူမသည် အင်္ဂလိပ်စကားကို ကောင်းကောင်း ကျွမ်းကျွမ်းကျင်ကျင် မပြောနိုင်သေးပါ၊ ထို့ကြောင့်ပင် ဆရာတော်ကလဲ ကျေးဇူးရှင် ဝိသာခါကို ဟောကြားမည့် တရားသိစေလိုလို ဗီယက်နမ်လို ဘာသာပြန်မည့်သူကို အရှာခိုင်းခြင်းဖြစ်ပေသည်။

သူမတို့၏ နေရာအိမ်ကြီးကို ဗီယက်နမ်အဖွဲ့က တရားဆွေးနွေးရာ, နာယူရာ ဓမ္မာရုံအဖြစ်, တရားရှုမှတ်ရာ ရိပ်သာအဖြစ် အသုံးပြုကြ၏၊ ဤဗီယက်နမ်အဖွဲ့သည် သတိပဋ္ဌာန်တရားအားထုတ်မှုဌ အလွန်ပင် စိတ်ပါဝင်စားနေကြ၏၊ သတိပဋ္ဌာန်တရားနှင့် တရားပြသပေးသည့် ကမ္မဋ္ဌာန်းဆရာ

http://www.dhammadownload.com

တို့.ကို များးစွာ လိုလားကြ၏၊ များးစွာ မြတ်နိုးကြ၏၊ များးစွာ တန်ဖိုးထားကြ၏၊ သူတို့.၏ ကမ္မဋ္ဌာန်းဆရာတော်တစ်ပါး ဖြစ်သော ဆရာတော်အရှင် သီလာနန္ဒာဘိဝံသက ပြောပြသည်မှာ – အမေရိကမှာ ထေရဝါဒ ဗုဒ္ဓဘာသာဝင်ဖြစ်တဲ့ မြန်မာ, ထိုင်း, ကမ္ဘောဒီးယား, လာအို, ဗီယက်နမ်, တရုပ်တွေရှိကြတယ်၊ အရှေ့.တိုင်းသားတွေပဲ၊ ဒဲဒီထဲ ဗီယက်နမ်တွေဟာ အခုချိန်မှာ သတိပဋ္ဌာန်တရား အားထုတ်ရာ၌ အတက်ကြွဆုံးပဲ၊ အမေရိကမှာ တချို့.မြန်မာတွေထက်ပင် ဗုဒ္ဓသာသနာ ဗဟုသုတ ပိုရှိတယ်လို. ပြောချင်တယ်တဲ့၊ အရှင်သီလာနန္ဒာဘိဝံသ၏ ပြောဆိုချက်သည် သဘာဝ ကျသည်ဟုယူဆပါ၏၊ အရှင်သီလာနန္ဒာဘိဝံသ ဟောကြား သင်ပြသည်. သာသနာဗဟုသုတနှင့် သတိပဋ္ဌာန်တရားကို ဗီယက်နမ်တို. လေ့လာခွင့်, အားထုတ်ခွင့် ရနေကြပေသည်၊ သူသည် သူ၏ တပည့်.တွေအကြောင်း ကောင်းကောင်း သိပေလိမ့်မည်၊ အရှင်သီလာနန္ဒာဘိဝံသလို ဆရာတော်တစ်ပါးကို ဆည်းကပ်ခွင့် ရနေသည်မှာ သူတို့.အဖို. များးစွာ ကံကောင်းကြပေသည်။

သူတို့.သည် ကမ္မဋ္ဌာန်းဌာန တစ်ခု တည်ထောင်ဖို. ကြိုးစားရာမှေနေကြရာယခုအခါ တွေ့.နေကြလေပြီ၊ ထိုဌာနမှာ အမြဲသီတင်းသုံးပြီး တရားပြသပေးဖို. သူတို့.၏ကမ္မဋ္ဌာန်းဆရာဖြစ်ဖူးသော အရှင်ဓမ္မပိယကို ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ထံ တောင်းကြ၏၊ ဆရာတော်က ခွင့်ပြုလိုက်သောအခါ လာရောက်လျှောက်ထားကြသော ဒကာ-ဒကာမတို့.၏ မျက်နှာတွင် ပြုံးပန်းတွေ ငှားငှားစွင့်စွင့် ပွင့်လာသည်ကို တွေ့.ရပါသည်၊ပြီင်တူညီညာစွာ သူတို့.ပါးစပ်မှ အသံတစ်ခုပေါ်ထွက် လာပါသည်၊“ သာဓု-သာဓု-သာဓု-” တဲ့၊ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်.ကာ “ငါတို့.သိပ်ကံကောင်းတဲ့နေ.”-ဟု ပြောပြီး အကျေနပ်ကြီးကျေနပ် နေကြလေ၏၊ အရှင်ဓမ္မပိယအတွက် စားရေးသောက်ရေး, နေရေးထိုင်ရေး, ကျန်းမာရေးကအစ အားလုံးပြုစုစောင့်ရှောက် ကြပါမည်ဟု လျှောက်ထား ကြလေ၏၊ ထိုအခါဆရာတော်က-“သစ်ပင်ကို ရေသိပ်လောင်းလျှင်လဲ မကောင်းဘူး၊ မလောင်းပဲနေလျှင်လဲ မကောင်းဘူး၊ မလွန်စေ, မလိုစေပဲ ရေလောင်းပါ”လို. မိန့်.ကြားပါသည်။

ထိုနေ.သည်ကား (၂၀-၇-၉၁)နေ.ဖြစ်၏၊နက်ဖြန်ဆိုလျှင်(၁၉-၄-၉၁)

http://www.dhammadownload.com

နေ့မှ (၂၀-၇-၉၁) နေ့ထိ (၃)လကျော် ဓမ္မဂုဏ်ရည်ပြခဲ့ရာ အမေရိကပြည်မှ ထွက်ခွာရပေတော့မည်၊ အမိမြန်မာပြည် ပြန်ရောက်သည်တိုင် စေတနာ, သဒ္ဓါ-ထက်သန်ကြသော ဗိယက်နမ်အဖွဲ့နှင့် မစ္ဆတာခန်+ဝိသာခါတို့၏ စေတနာ, သူတို့၏ အိမ်ကြီးကို မေ့နိုင်မည် မဟုတ်ပါပေ၊ ထိုအိမ်၏အနီး ပစိဖိတ်သမုဒ္ဒရာကြီး၏ တစ်နေရာကိုဖြတ်ထားသော ကမ္ဘာကျော် (GOLDREN GATE) တံတားကြီးကိုလည်း မြင်ယောင်နေပြီး ဆရာတော်က ဗိယက်နမ် ဒကာ-ဒကာမတို့အား အကျယ်တဝန့် မိန့်ကြားခဲ့သော သြဝါဒတရား၏ အကျဉ်းချုပ်လေးကိုလည်း ကြားယောင်နေပါသတည်း။

ဘုရားရှင်ပွင့်ပေါ်လာတာဟာ ချမ်းသာခြင်း၏ အကြောင်းပဲ။

ဘရားရှင်တရားတွေကို ဟောကြားခဲ့တာဟာ ချမ်းသာခြင်း၏အကြောင်းပဲ။

အဖွဲ့အစည်းတစ်ခု၏ ညီညွတ်နေခြင်းဟာ ချမ်းသာခြင်း၏ အကြောင်းပဲ။

အဖွဲ့ဝင်တို့၏ ညီညီညွတ်ညွတ်နဲ့ ဗုဒ္ဓသာသနာကိစ္စတွေကို ဆောင်ရွက်နေတာဟာ ချမ်းသာခြင်း၏ အကြောင်းပဲ။

* * *

http://www.dhammadownload.com

ကျေးဇူးရှင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော် အမေရိကန်နိုင်ငံ BARRE မြို့ INSIGHT MEDITATION SOCIETY တွင် (၅-၅-၉၁)မှ (၅-၇-၉၁)ထိ၊ (၂)လ တရားစခန်းဖွင့်၍ (၈၀)သော အနောက်တိုင်းသား ယောဂီတို့အား သတိပဋ္ဌာန်တရား ဂုဏ်ရည်များကို ပြသခဲ့ရာ နေ့တိုင်း ညနေ(၇)နာရီမှ (၈)နာရီထိ(၁)နာရီကြာ ဟောကြားအပ်သော တရားတော်များမှ စာရေးသူ အထူးမှတ်သားထားသော ကြည်ညိုဖွယ်ရာ ကောက်နှုတ်ချက် တချို့တို့ကို တဆင့်ခမှုဒါန ပြုလိုက်ပါသည်။

၁။ တစ်ချက်ရှူမှတ်ယင် တခါ ကိလေသာစင်တယ်။
တစ်စက္ကန့်မှာ တစ်မှတ်ကျဖြင့်
တစ်မိနစ်မှတ်ယင် အကြိမ်(၆၀) ကိလေသာစင်တယ်။
(၁)နာရီမှတ်ယင် အကြိမ်(၃၆၀၀) ကိလေသာစင်တယ်။

၂။ အသက်ကြီးပေမဲ့ စိတ်က ငယ်နေယင် မကောင်းဘူး၊ သစ်ပင်ငယ်, သစ်သီးငယ်တွေဟာ အပူဒဏ် ,လေဒဏ် ,နေဒဏ် တို့ကို မခံနိုင်ဘူး၊ ငယ်ရွယ်နုနယ်တဲ့ စိတ်ဟာလည်း ဣဋ္ဌ-အနိဋ္ဌာရုံနှင့် ထိခိုက်တဲ့အခါ မခံနိုင်ဘူး။
သတိပဋ္ဌာန် တရားဟာ စိတ်နေစိတ်ထားနှင့် အသိဉာဏ် တိုးပွားစေတယ်၊ မြင့်မားစေတယ်၊ ရင့်ကျက်စေတယ်၊ဒါကြောင့် ဣဋ္ဌ-အနိဋ္ဌာရုံဒဏ် ခံနိုင်တယ်။

၃။ သတိဟာ တံခါးစောင့်-တံခါးမှူးနဲ့တူတယ်၊
တံခါးစောင့် တံခါးမှူးဟာ မကောင်းသူတွေကို ဝင်ခွင့်မပေးဘူး၊
ကောင်းသူတွေကို ဝင်ခွင့်ပေးတယ်၊
သတိက - အကုသိုလ်တွေကို ဝင်ခွင့် မပေးဘူး၊
ကုသိုလ်တွေကို ဝင်ခွင့်ပေးတယ်။

http://www.dhammadownload.com

၄။ ခန္ဓာကိုယ်မှာ သွေးတွေဟာ နွေးထွေး, ပူနွေးနေမှ ရောဂါကင်းတယ်၊
သွေးအေး, သွေးခဲယင် ရောဂါဝင်တယ်၊
စိတ်မှာ သတိသွေး နွေးထွေးပူနွေးနေမှ ကိလေသာ ရောဂါကင်းတယ်၊
သတိကင်းမှု ဟူသောသွေးအေးယင်, သတိကင်းမှု ဟူသော
သွေးခဲယင် ကိလေသာရောဂါ ဝင်တယ်။

၅။ ရှုမှတ်စရာ အာရုံမှာ သက်ဝင်ပြီး, အရှိန်အဟုန်နဲ့. ပြေးဝင်ပြီး, ဖြန်း
ကျက်ပြီး အမှတ်ရမှုကို "သတိပဋ္ဌာန်"လို့ခေါ်တယ်၊
"ဖောင်းတယ်"လို့မှတ်ယင် စိတ်က ဖောင်းတဲ့ ဝမ်းဗိုက်အာရုံမှာ
သက်ဝင် နေရမယ်၊ အရှိန်အဟုန်နဲ့. ပြေးဝင်နေရမယ်၊ ဖောင်းမှု
တခုလုံးပေါ် ဖြန့်ကျက်နေရမယ်၊ "ပိန်တယ်" စသည်ဖြင့် မှတ်ရာ
မှာလည်း ဒီအတိုင်းပဲ။

၆။ ယောဂီဆိုတာ စိတ်ဓာတ်နဲ့. အသိဉာဏ်ဖွံ့ဖြိုးတိုးတက်ရန် အစပျိုး၍
အားထုတ်မှု, အပျင်းကို ပယ်နိုင်သည်အထိ တဆင့်တိုး၍အားထုတ်မှု,
နိဗ္ဗာန်ပန်းတိုင် ရောက်သည်အထိ အဆင့်ဆင့်တိုး၍ ကြိုးစားအားထုတ်
မှု ရှိသူကို ခေါ်တယ်။

၇။ ဝိပဿနာဆိုတာ = ပေါ်လာတဲ့ အာရုံအပေါ် မမြဲ , ဆင်းရဲ, သဘော
ဟူသော အခြင်းအရာစုံဖြင့် သိမြင်တဲ့ဉာဏ်ကို ခေါ်တယ်၊ ပူတာကို
"ပူတယ်"လို့. မှတ်ယင်ပေါ်လာတဲ့ အပူက-အနိစ္စ။
ပူပြီး ပျောက်သွားတာက-အနိစ္စလက္ခဏာ၊ ရှုမှတ်ဆဲမှာ အပူပျောက်
သွားတာကို သိရ၍ "မမြဲ"ဟုသိတာက အနိစ္စာနုပဿနာ၊ လက္ခဏာ
(၃)ပါးထဲမှာ အနိစ္စလက္ခဏာကို မြင်ယင် ဒုက္ခ, အနတ္တ လက္ခဏာ
ကိုလည်း မြင်ပြီးဖြစ်သွား်တယ်။

၈။ စိတ်အား်စိုက်, ချိန်သား်ကိုက်ပြီး စွဲမြဲစွာရှုလို့. ရှုရာအာရုံပေါ်မှာ စိတ်

http://www.dhammadownload.com

ကလေးတည်နေယင် စိတ်လဲ ချောလှ နေတယ်၊ နှုတ်လဲ ချောလှ နေတယ်၊ ကိုယ်လဲ ချောလှနေတယ်။

၉။ ဆေးသည် အစွမ်းထက်သော်လည်း ဆရာညွှန်သည့်အတိုင်း မှန်မှန် မမှိဝဲက ရောဂါမပျောက်စေ၊ ဗုဒ္ဓတရားသည် အစွမ်းထက်သော်လည်း ဗုဒ္ဓညွှန်သည့်အတိုင်း မှန်မှန်မကျင့်က ကိလေသာ ရောဂါ မပျောက်စေ။

၁၀။ ခရီးသွားရာမှာ မြေပုံနှင့် ခရီးသွားရခြင်းထက်-
လမ်းညွှန်ကောင်းနှင့် သွားရခြင်းက ပို၍ခရီးရောက်၏၊
နိဗ္ဗာန်ခရီးသွားရာလမ်းမှာ စာအုပ်မြေပုံနှင့် ခရီးသွားရခြင်းထက်
လမ်းညွှန်ကောင်း (ဆရာကောင်း)နှင့် သွားရခြင်းက ပို၍ခရီးရောက်၏။

၁၁။ ကာကွယ်ရေး ကောင်းလေလေ လုံခြုံလေလေ၊
လုံခြုံလေလေ ငြိမ်းချမ်းရေး ရလေလေ၊
သတိအကာအကွယ် ကောင်းလေလေ ကိလေသာမှ လုံခြုံလေလေ၊
လုံခြုံလေလေ ငြိမ်းချမ်းရေး ရလေလေ။

၁၂။ ငါသည် ယောဂီတို့ကို ကြပ်မ,ပေးတာဟာ အဆင်းတွန်းချတာ မဟုတ်၊ကြပ်၍(မ)တင်ပေးတာ ဖြစ်တယ်၊ ကြပ်မ,မှုကို ကြိုက်သူတွေဟာ တန်ဘိုးမဖြတ်နိုင်တဲ့ တရားတွေကို ရကြတယ်။

၁၃။ စကားလုံး ကောင်းကောင်း လှလှတွေနဲ့ ကျောက်ရပ်တောင် ခေါင်းညိတ်လောက်အောင် အပြောကောင်းသူ, စာတွေ့သာရှိပြီး လက်တွေ့မပါပဲလေလုံးထွားသူတွေကို သတိပြုကြပါ။
ဆရာတစ်ဦး တစ်ယောက်ကို ချဉ်းကပ်မိယင် အခွာရခက်တယ်၊ဆရာမမှန်ယင် အကျိုးမဲ့လဲ ဖြစ်တတ်တယ်၊ လုံတစ်ယောက် ထူးတယ်လို့ အသံကြားရုံဖြင့် မချဉ်းကပ်သင့်ဘူး၊ နာမည် ကျော်လို့ ဆရာအနေနဲ့

http://www.dhammadownload.com

ချဉ်းကပ်မိယင် အချက်တစ်ချက်ချက်တော့ သဘောကျ သွားတတ်တယ်၊ ခွာဖို့ခက်တယ်၊ အမျိုးသမီးများ သဲသဲမဲမဲ ဆည်းကပ် တတ်တယ်၊ ဆရာရဲ့ အချုပ်အချယ် ခံရတတ်တယ်၊ ပတ်ဝန်းကျင်ရဲ့ အစွပ်စွဲ ခံရတတ်တယ်။

၁၄။ တရားနယ်ပယ်မှာ နာမည်ကြီးမှုကို ရှေ့တန်းတင်တာဟာ သဘာဝမကျပါ။

ရိုးရိုးကျင့်နေသူကို လောကက ချောင်ထိုးထားချင်ကြသော်လည်း လောကသဘာဝကို နားလည်ပြီး ရိုးရိုးပဲ ကျင့်ကြဖို့ လိုအပ်ပါတယ်။ ဂုဏ်ရှိဖို့ထက် အပြစ်ကင်းဖို့က ပိုအရေးကြီးပါတယ်။ အပြစ်ကင်းယင် ဂုဏ်ဆိုတာ အလိုလို ရှိလာတာပါ။

၁၅။ စေတနာ(ကံ)ဟာ အဖွဲ့အစည်းတစ်ခုမှ အတွင်းရေးမှူး (အကျိုးဆောင်) နဲ့ တူတယ်။

ရှေ့တန်း စစ်မျက်နှာမှ တာဝန်ခံ အရာရှိနဲ့တူတယ်။
ကျောင်းမှာ "မော်နီတာ"ကြီးနဲ့ တူတယ်။
တရားစခန်းမှာ "ကမ္မဌာန်းဆရာ"နဲ့ တူတယ်။
အမှုသယ်, လက်သယ်နဲ့ တူတယ်။

၁၆။ သတိပဌာန် အလုပ်ဟာ အငေးသမား, အတွေးသမား, အေးအေး စက်စက်သမားနဲ့ မသင့်တော်ဘူး။

၁၇။ ဘုရားရှင်ဟာ သံသရာတလျှောက်လုံး လှအောင် ပြင်ပေးနိုင်တဲ့ အကောင်းဆုံး အလှပြင် ဆရာကြီးပဲ။

သီလ, သမာဓိ, ပညာအကျင့်တွေဟာ အလှပြင်တန်ဆာတွေနဲ့ တူတယ်၊

နဲနဲကျင့်ယင် နဲနဲလှမယ်၊

http://www.dhammadownload.com

များများကျင့်ယင် များများလှမယ်၊
အပြည့်အစုံကျင့်ယင် အပြည့်အစုံလှမယ်၊
လူတွေက ရုပ်ကိုသာ ပြုပြင်ကြတယ်၊ စိတ်ပြုပြင်ဖို့ကျတော့ လက်နှေး
နေကြတယ်။

၁၈။စာအုပ်, ဆရာ, အတွေးတို့မှ ရသော ဓမ္မတို့ထက် လက်တွေ့မှ ရ
သောဓမ္မက သာလွန်မြင့်မြတ်တယ်။

၁၉။သံဝေဂ ဖြစ်လေလေ သိလသမာဓိ ပညာကို ကျင့်လေလေ။
ကျင့်လေလေ ကိလေသာစင်လေလေ။
ကိလေသာစင်လေလေ နိဗ္ဗာန်နဲ့. နီးလေလေ။

၂၀။သတိပဋ္ဌာန် တရား:အား:ထုတ်တာဟာ ငြိမ်း:ချမ်း:တဲ့ကိုယ်စီ ကမ္ဘာလေး
တွေ တည်ဆောက် နေကြတာပါပဲ၊ ကိုယ့်ကမ္ဘာလေး:မှ မငြိမ်ချမ်း:ပဲ
ကမ္ဘာကြီး:ငြိမ်ချမ်း:ဖို့. လက်သီး:လက်မောင်း:တန်း: ကြွေး:ကြော်နေတာက
စဉ်း:စား: စရာပဲ။

၂၁။ခန္ဓာကိုယ်က အလုပ်လုပ်ယင် လုပ်သလောက် အား:အင်ကုန်ခမ်း:တယ်။
စိတ်က သတိပဋ္ဌာန် အလုပ်လုပ်ယင် လုပ်သလောက် စိတ်အင်အား:
တိုး:ပွား:လာတယ်။
ကား:အင်ဂျင်စက် ရုပ်မနေယင် ဘက်ထရီအိုး:ထဲ အလိုလို CHARGE
ဝင်၍ ဓာတ်အား:တွေ ပြည့်.လာသလိုပဲ။

၂၂။အနှစ်ပုထုဇဉ် ဘဝဟာ အဆိပ်ယုတ်တဲ့ စက်ရုံကြီး:နဲ့. တူတယ်။

၂၃။အယူဝါဒ တစ်ခုကို
(၁) တဆင့်ကြား:ကာမျှဖြင့် အလျှင်စလို လက်မခံသင့်ပါ။

http://www.dhammadownload.com

(၂) မိရိုးဖလာ အယူဝါဒဖြစ်ကာမျှဖြင့် အလျှင်စလို လက်မခံသင့်ပါ။

(၃) ဒီလိုဖြစ်ဖူးသတဲ့ ဟု ဆိုကာမျှဖြင့် အလျှင်စလို လက်မခံသင့်ပါ။

(၄) စာပေကျမ်းဂန်နဲ့ ညီညွတ်ကာမျှဖြင့် အလျှင်စလို လက်မခံသင့်ပါ။

(၅) မိမိဘာသာ ကြံစည်တွေးတောကာမျှဖြင့် အလျှင်စလို လက်မခံသင့်ပါ။

(၆) နည်းမှီယူခြင်းဖြင့် အလျှင်စလို လက်မခံသင့်ပါ။

(၇) အထောက်အထား:ကောင်း၍ သဘောကျကာမျှဖြင့် အလျှင်စလို လက်မခံသင့်ပါ။

(၈) မိမိကြံထား:သောအယူနှင့် အခြား:ဝါဒ တသား:ထဲကျကာမျှဖြင့် အလျှင်စလို လက်မခံသင့်ပါ။

(၉) ဖြစ်နိုင်လောက်ပြီဟု သဘောရှိကာမျှဖြင့် အလျှင်စလို လက်မခံသင့်ပါ။

(၁၀) ငါတို့ လေ:စာ:ထိုက်သောဆရာပဲဟု ယူဆပြီ: အလျှင်စလို လက်မခံသင့်ပါ။ ကောင်:-မကောင်:, အပြစ်ကင်:-မကင်:, ပညာရှိကဲ့.ရဲ့.စရာဖြစ်-မဖြစ်, စီ:ပွား:မဲ့.ဖို့. ဒုက္ခရောက်ဖို့. ဟုတ်-မဟုတ် စီစစ်ပြီ:မှ လက်ခံပါ။

၂၄။ သာသနာပြုလိုသူဟာ

၁။ ရုပ်မလှဆောင်လဲ ကြည့်.ပျော်ရွှင်ဖို့.လိုတယ်။

၂။ ဝတ်စာ:ဆင်ယင်မှုမှာ မခန်:နာ:သော်လဲ သန့်.ရှင်:-သပ်ရပ်ဖို့. လိုတယ်။

၃။ တရား:သဖြင့် ဂုဏ်သတင်: ပျံ့.နှံ့.မှု ရှိဖို့.လိုတယ်။

၄။ သီလ,သမာဓိ,ပညာဓမ္မနှင့် ပရိယတ္တိဓမ္မကို ဖြည့်.ကျင့်ဖို့. လိုတယ်။

http://www.dhammadownload.com

၂၅။ထက်ဝယ်ဖွဲ့.ခွေ, ကုယဲဖြောင့်စေ, ထား:လေစ်တဲဝမဲ:မှာ၊
ပုံမှန်ရှရှိုက် ဖောင်:ပိန်ခိုက်, စူး:စိုက်ကပ်လိုက်ပါ၊
စိတ်နေသန်.ရှင်:, အပြစ်ကင်:, ကောင်:ခြင်:အမှန်ပါ၊
တောင့်တင်:လှုပ်ရှား:, ရွေ့.ရွေ့.သွား:, ပိုင်:ခြား သိနိုင်ပါ၊
စိတ်ကူး:မျိုး:စုံ, ပေါ်လာပုံ, အကုန်လိုက်ရှပါ၊
ဆိုး:ကောင်:လတ်စု, ခံစား:မှု, လိုက်ရှုမမေ့ရာ၊
မြင်ကြား:တွေ့.မှု, ကြံသိမှု, လိုက် ရှုမမေ့.ရာ။

၂၆။ဆရာလုပ်ပြီး အများ:အကျိုး:ဆောင်လိုသူသည်
ရှောင်သင့်တာ ရှောင်ရန်, ဆောင်သင့်တာ ဆောင်ရန် သိဖို့.
လိုတယ်။
အသိရှိဖို့. လိုသလို ကျင်နာမှု ရှိဖို့.လဲလိုတယ်။

၂၇။အကြောင်:မပြည့်.စုံပဲ အကျိုး:ပြည့်.စုံနေယင် "အချောင်သမား:"လို့.
အပြောခံရတတ်တယ်။
အကြောင်:ရော အကျိုး:ပါပြည့်.စုံပြီး အများ:အကျိုး:မပြုယင် တကိုယ်
ကောင်:သမား:လို့. အပြောခံရတတ်တယ်၊ အများ:ရဲ့. လေး:စား:မှုကိုလဲ
မခံရ။
မြတ်စွာဘုရား:က အချောင်သမား:လဲ မဟုတ်ဘူး၊ "တကိုယ်ကောင်:
သမား:"လဲ မဟုတ်ဘူး။

၂၈။သေရင်ပြီး:ရောဆိုပြီး မကောင်:မှုကို လုပ်ယင် ကိုယ်ရော သူတပါး:ပါ
အကျိုး:မဲ့ဖြစ်စေတယ်။
သေရင်ပြီး:ရောဆိုပြီး ကောင်:မှုကို လုပ်ယင် ကိုယ်ရော သူတပါး:ပါ
ကောင်ကျိုး:တိုး:ပွား:စေတယ်။
မတဲ့အစာကို တဲ့မှန်:သိသိ, မသိသိ စား:ယင် ရောဂါဖြစ်စေတယ်။
တဲ့တဲ့အစာကို တဲ့မှန်:သိသိ, မသိသိ စား:ယင်ကျန်:မာစေတယ်။

http://www.dhammadownload.com

၂၉။အပူထဲမှာ အမဲရောင်ဝတ်ယင် အပူဒဏ်ကို စုတ်ယူတယ်။
အပူထဲမှာ အဖြူရောင်ဝတ်ယင် အပူဒဏ်ကိုကန်ထုတ်နိုင်တယ်။
ဟီရိ-သြတ္တပ္ပ ဆိုတဲ့ အဖြူရောင်ရှိယင် ကိလေသာအပူဒဏ်ကို
ကန်ထုတ်နိုင်တယ်။
အဟိရိက-အနောတ္တပ္ပ ဆိုတဲ့ အမဲရောင်ရှိယင် ကိလေသာအပူဒဏ်ကို
မကန်ထုတ်နိုင်။

၃၀။လုပ်ချင်တာ, လုပ်သင့်တာ, လုပ်နိုင်တာလို. ကိစ္စ(၃) မျိုးရှိတယ်၊
လုပ်ချင်တာတွေထဲက လုပ်သင့်တာကို ရွေးချယ်ပြီး လုပ်ရပါတယ်၊
လုပ်သင့်တာတွေထဲက လုပ်နိုင်တာကို ရွေးချယ်ပြီး လုပ်ရပါတယ်။

* * *

http://www.dhammadownload.com

ဘာရိမြို့-ဝိပဿနာ ကမ္မဋ္ဌာန်းဋ္ဌာနဋ္ဌ (၂)လတရား၊စခန်းအပြီး နိုင်ငံခြားသား၊တို့ မေးအပ်သော မေးခွန်းများနှင့် ဆရာတော်၏ ဖြေကြားချက်ကို ဖော်ပြပါ၊မည်။

အမေး- အဖြေ မပြုလုပ်မီ ဆရာတော်မိန့်ကြား၊တော်မူသည်မှာ-

မေး၊တဲ့သူက မိလိန္ဒမင်းကြီးနေရာမှာ တည်ပြီး မေးပေမယ်လို့ ဘုန်းကြီးက အရှင်နာဂသေန အရာမှာ မတည်ပါ၊ သို့ပေမဲ့ ပွင့်လင်းစွာ မေးနိုင်ပါတယ်၊ အကြပ်ကိုင်ချင်လို့ မေး၊တာတော့ မရှိဘူးလို့ ထင်ပါတယ်၊ သိချင်လို့သာ မေး၊တယ်လို့ ထင်ပါတယ်။

၁။ မေး = အာနာပါနနှင့် ဖောင်းပိန်ဟာ ဘာထူး၊သလဲ။

ဖြေ = အဖျား၊နဲ့အရင်းမျှ သာကွာခြား၊ပါတယ်။(ယောဂီများ၊က ရယ်ကြ လေ၏။) ကိုယ်ထဲပေါ်သမျှ ဘာမဆိုမှတ်ရတယ်၊ အာနာပါနက အသာသ ပသာသ (ဝင်လေ-ထွက်လေ)ပဲ၊ ဖောင်း-ပိန်က၊ ကုစ္ဆိသယ (ဝမ်းဗိုက်၌တည်တဲ့)လေပဲ၊ ၂- မျိုးလုံး မှတ်ရတယ်။ မှတ်ယင် ဉာဏ်ဖြစ်နိုင်တာ ချည်း၊ပဲ။

၂။ မေး = အိမ်ပြန်ရောက်လို့ အလုပ်များ၊တဲ့အခါ ဘယ်လိုလုပ်ပြီး တရား ဆက်မှတ်ရပါမလဲ။

ဖြေ = အိမ်ထောင်ရေး၊ကိစ္စ, လူမှုရေး၊ကိစ္စ တွေရှိပေမဲ့ အချိန်ယူပြီး သတိပဋ္ဌာန် လုပ်ငန်း၊အတွက် အချိန်ပေး၊ရတယ်၊ အလုပ်ကိစ္စနဲ့ သတိပဋ္ဌာန် ကိစ္စလို့ (၂)ပိုင်း၊ခွဲရပါမယ်၊ ကား၊မောင်း၊တဲ့အခါ စတီယာတိုင်ကို နှိုင်းအောင် ကိုင်ဖို့လိုတယ်၊ ဘဝခရီး၊နှင်ရာမှာ သတိပဋ္ဌာန် စတီယာတိုင်ကို နှိုင်းအောင် ကိုင်ဖို့လိုတယ်၊ အသက်ရှင်ဖို့ရာ သန့်ရှင်း လတ်ဆတ်တဲ့ လေကိုရဖို့ လို အပ်တ့ယ်၊ မရယင် မူးနိုင်, သေနိုင်တယ်၊ သတိပဋ္ဌာန် လေကောင်း လေသန့်ကို လွယ်ကူစွာ ရနိုင်အောင် အလေ့အလာ များ၊များ ပြုထား၊ယင် သတိပဋ္ဌာန် လေကောင်း၊လေသန့်ဟာ နေရာတကာမှာ ပါနေတတ်ပါတယ်။

၃။ မေး = သောတာပန်နှင့် ဝိပဿနာယောဂီတို့ရဲ့ နောက်ရောက်ရာ ဘဝဟာ ဘာလဲ။ နတ်ပြည်မှာ တရား၊စခန်း ရှိပါသလား။



၁၉၉၁ ခု၊အမေရိက BARRE မြို့ I.M.S. မှယောဂီ များနှင့်ကမ္မဌာန်းဆရာများ

http://www.dhammadownload.com

http://www.dhammadownload.com

ဖြေ = သောတာပန်ဟာ အဆင့်မြင့်တဲ့ လူ.ဘဝ, နတ်ဘဝသို့ ရောက်ဇာတယ်၊ ဈာန်ရယင် ဗြဟ္မာဘဝသို့ ရောက်တယ်၊ ဝိပဿနာ ယောဂီဟာ လူနတ်ဘဝသို့ အကြောင်းအားလျော်စွာ ရောက်နိုင်တယ်၊ မေးခွန်းရှင်ကို ပြောချင်ပါတယ်၊ အနဲဆုံး သောတာပန်မဖြစ်ပဲနဲ့တော့ နတ်ပြည် မသွားချင်ပါနဲ့လို့၊ ပျားရည်ပုလင်းထဲ နစ်ပြီးသေတဲ့ ပုရွက်ဆိပ်လို ဖြစ်မှာစိုးလို့ပါပဲ၊ တရားစခန်းရှိ + မရှိ မေးခွန်းရှင်ကိုယ်တိုင် ခန့်မှန်းနိုင်ပါတယ်၊ စူဋ္ဌာမဏိ စေတီမှာ ပန်း–ဆီမီး ဆက်ကပ်ပြီး သုဓမ္မာဇရပ်မှာ တရားနာကာ ကုသိုလ်ပွားဖွယ် ရှိပါတယ်။

နတ်သမီးတွေ ပွတ်သီးပွတ်သပ်လုပ်လို့ သိကြားမင်းကြီး မကြာမကြာ သီလကျိုးတယ်တဲ့။ (ယောဂီများ–ရယ်ကြ၏ ။) အနာဂါမ်တွေဟာ ကာမဂုဏ်တွေ ပေါလွန်းတဲ့ နတ်ပြည်မှာ ကြာကြာ မတည်နေကြဘူးတဲ့၊ တစ်ခုတော့ မျှော်လင့်ချက်ရှိတယ်၊ နတ်ဓမ္မကထိက, ဗြဟ္မာကထိကတွေ ဟောတာကို နာယင်း၊ ဘုရားနဲ့ အရှင်မဟာမောဂ္ဂလ္လာန်, အခြားရဟန်းများ နတ်ပြည်မှာ ကြွရောက် ဟောတာကို နာယူယင်း တရားရှုမှတ် နှလုံးသွင်းယင် တရားရနိုင်ပါတယ်၊ ထိုနေရာလေးကို တရားဌာနလို့ ဆိုချင်ဆိုနိုင်ပါတယ်၊ သာမန်နတ်တွေဟာ အပျော်နဲ့အချိန်ကုန်ကြပါတယ်၊ အမေရိကမှာ စနေ–တနင်္ဂနွေနှင့် နှစ်သစ်ကူးနေ့တွေမှာ ပျော်ကြသလိုပဲ ထင်တယ်။ (ယောဂီများ–ရယ်ကြ၏)

၄။ မေး = ထေရဝါဒ ရဟန်းတော်များ မဟာဘုတ်(၄) ပါးကိုထိန်းနိုင်ပါသလား၊ တိဗက်တွေက စိုနေတဲ့အဝတ်ကို ခြောက်သွေ့စေနိုင်တယ်၊ အဝေးကိုလဲ အလွန်အကဲ ပြေးနိုင်တယ်။

ဖြေ = အကြမ်း, အလတ် အနုကိလေသာတွေ ငြိမ်းအောင် ကိုယ်နှုတ်စိတ်တို့ကို ထိန်းဖို့သာ ဘုရားဟောပါတယ်၊ ဓာတ်တွေ ထိန်းဖို့မဟောခဲ့ပါဘူး၊ ရုပ်ကိုထိန်းတာဟာ ရုပ်ဣဒ္ဓိပါပဲ၊ လောကဓာတ် သိပ္ပံပညာဟာ ထိုအရာမှာ အစွမ်းထက်ပါတယ်၊ စိတ်ဣဒ္ဓိကတော့ မြေလျှိုးမိုးပျံ စသည့်တန်ခိုးပါပဲ၊ စိတ်တန်ခိုးရှိရုံနဲ့ အတွင်းအပူတွေ အပြီးတိုင် မငြိမ်းနိုင်၊ အတွင်းအပူတွေငြိမ်းမှ ချမ်းသာစစ်ကို ရနိုင်တယ်၊ နိဗ္ဗာန်ကို ရနိုင်တယ်၊ ဓာတ်လေးပါးရဲ့ မမြဲ, ဆင်းရဲ, သဘောကို မြင်ဖို့လိုအပ်ပါတယ်၊ အတွင်းဓာတ်ငြိမ်းဖို့ လိုအပ်တယ်၊

http://www.dhammadownload.com

စိတ်တန်ခိုးက အံ့သြဖွယ် ရှိရုံမျှသာပဲ၊ ဂန္ဓာရီ, စိန္တာမဏိအတတ်တွေနဲ့. ရောနှော ရှုပ်ထွေးနိုင်တယ်၊ အနုသာသနီပါဋိဟာရိယ ခေါ်တဲ့ နည်းလမ်းမှန်ညွှန်ခြင်းက ပို၍ အံ့သြဖွယ်ကောင်းကြောင်း ဗုဒ္ဓဟောခဲ့တယ်၊ စိုနေတဲ့အဝတ်ခြောက်ဖို့.ရာ ပကတိကိုယ်ငွေ့.နဲ့. ခြောက်နိုင်တယ်၊ မြန်မာပြည်မှ လယ်သမားများဟာ မိုးရွာထဲမှာပဲ သူတို့.အဝတ်တွေခြောက်တယ်၊ ယောဂီရဲ့ အာထာပဝိရိယဟာကိုယ်ငွေ့.ပြင်းထန်စေတယ်၊ ဆောင်းခါမှာပင် ချွေးထွက်စေတယ်။

၅။ မေး = ကမ္မဋ္ဌာန်းဆရာရဲ့. အရည်အချင်းကိုတော့ တရားဟောယင်းပြောခဲ့ပြီးလို့. သိရပါပြီ၊ ယောဂီရဲ့.အရည်အချင်း တွေကတော့ ဘာတွေပါလဲ?။

ဖြေ = ယောဂီဟာ

၁။ ကံ, ကံရဲ့ အကျိုးကို ယုံကြည်ရတယ်၊ သတိပဋ္ဌာန်တရား.နဲ့. ဆရာကိုလဲ ယုံကြည်ရတယ်၊

၂။ ကျန်းမာရေးပြည့်စုံရတယ်။

၃။ ်စိတ်ထားဖြောင့်ရတယ်၊ ရှိတဲ့အပြစ်ကို မဖုံးရဘူး၊ မရှိတဲ့ဂုဏ်ကို မဖော်ရဘူး။

၄။ အဆက်မပြတ် တွင်တွင် ကြိုးစားရပါတယ်။

၅။ ခပ်သွက်သွက်ပေါ် ခပ်သွက်သွက်ပျောက်သွားတဲ့ အဖြစ်နဲ့. အပျက်ကို သိမြင်ရတယ်။

အရှင်ဥတ္တိယက မြတ်စွာဘုရားထံ ကမ္မဋ္ဌာန်းတရား တောင်းတယ်၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိနဲ့. သီလမပြည့်စုံသေးလို့. ပြည့်စုံအောင် လုပ်ဖို့. အမိန့်.ရှိတယ်၊ ပြည့်စုံယင် သတိပဋ္ဌာန်အားထုတ်လို့. တိုက်တွန်းတော်မူတယ်၊ ဒါဟာ တပည့်အပေါ် မူတည်ပြီး ဆရာက ပြုပြင်ပေးတဲ့ သဘောပါ၊ ကံမယုံယင် ကောင်းတာလဲမလုပ်၊ မကောင်းတာလဲ မရှောင်တော့ဘူး၊ သီလသစ်ကိုင်းကျိုးယင် ညှိုးယင်မက်သီး၊ ဖိုလ်သီး မသီးနိုင်၊ သီလပါးစပ်မရှိယင် သမာဓိ, ပညာအစာတွေ မဝင်နိုင်တော့ဘူး။

၆။ မေး = ဝိပဿနာဉာဏ် မဖြစ်သေးပေမဲ့ တရားအားထုတ်ယင် ဘာအကျိုး ရရှိနိုင်ပါသလဲ?။

ဖြေ = ပါရမီကုသိုလ်ဖြစ်တယ်၊ နောက်ရမဲ့ ဝိပဿနာဉာဏ်အတွက်

http://www.dhammadownload.com

အထောက်အကူ ဖြစ်စေတယ်၊ ဝိပဿနာမျိုးစေ့ စပြီးပျိုးပါ၊ အခုအဖူး အပွင့် မစားရသေးပေမဲ့ ဆက်လက်ပြုစုယင် တချိန်မှာ စားရပါမယ်။

၇။ မေး = ကလျာဏပုထုဇဉ်ဖြစ်ဘို့ အာဂမသုတပြည့်စုံရန် စာပေကို လေ့လာရမယ်ဆိုတာ ဘယ်ဟာမျိုးလဲ၊ ပါဠိကိုပဲလား ?။

ဖြေ = ဘယ်ဘာသာမဆို လေ့လာနိုင်ပါတယ်၊ ဘာသာပြန်မှန်မှ ဘုရားအလိုကျ သိနိုင်ပါတယ်၊ ဘုရားအလိုကို မြတ်နိုးပြီး စာတွေ့.လက်တွေ့ ရှိပြီးသူ-ပြန်ယင် မှန်နိုင်ပါတယ်၊ ဝေဘန်ရေး ရှေ့.တန်းတင်ပြီး ပြန်တာကတော့ မမှန်နိုင်လို့.ထင်ပါတယ်၊ ဖြစ်နိုင်ယင် အရင်းခံပါဠိကို လေ့လာတာ ကောင်းပါတယ်၊ အရင်းကျကျ လေ့လာထားယင် နိုင်နင်းစွာ ဖြေရှင်းနိုင်ပါတယ်၊ ဥပမာ-သတိပဋ္ဌာနဆိုတဲ့ပုဒ်၏ ဘုန်းကြီးရဲ့.ရှင်းပြချက်ကို ကြည့်နိုင်ပါတယ်၊ ကိုယ့်အတွက်မျှသာဆိုယင် ကိုယ့်ဘာသာနဲ့.ပဲ လေ့လာနိုင်ပါတယ်၊ သူတပါး အတွက်ပါ ကျယ်ကျယ်ပြန့်.ပြန့်. ဖြန့်.လိုယင် ကျကျနန ပါဠိကို လေ့လာဖို့.လိုပါတယ်။

၈။ မေး = အတ္တမရှိယင် ဘယ်လိုလုပ် မွေးဖွားသလဲ ?။

ဖြေ = ဒီမေးခွန်းဟာ စိတ်ဝင်စားစရာ ကောင်းသလောက် ခေါင်း ကိုက်ဖွယ်ကောင်းပါတယ်။ (၂)လအတွင်း ဟောခဲ့တဲ့ တရားတွေထဲမှာ ပါပါ တယ်၊ ဝင့်(၃)ပါးတရားထဲ ပါသွားတယ်၊ ပြန်နှလုံးသွင်းယင် လွယ်လွယ်နဲ့. ပြောနိုင် ပါတယ်၊ ကမ္ဘာလောကက အတ္တဝါဒကို အစွဲသန်တယ်၊ ဗုဒ္ဓလက်ထက်က ရဟန်းမှားပင် ဒီအစွဲရှိတယ်၊ ရဟန်းတစ်ပါးက ဒီလိုယူဆတယ်၊ တွေး တယ်၊ "ရပ်နာမ်တွေဟာ အနတ္တ, အနတ္တက ပြုတဲ့ကံတွေရှိတယ်၊ ပြုထားတဲ့ ထို ကောင်းကံ-မကောင်းကံတွေက ဘယ်လိုအတ္တကို ထိရောက်သွားသလဲ" တဲ့၊ ထိုအခါ ဘုရားရှင်က ပဋိစ္စသမုပ္ပါဒ်လည်ပုံကို ရှင်းပြပါတယ်၊ လူတွေတင် မက နတ်တွေထဲက ဣန္ဒကဆိုတဲ့ နတ်သားဟာ ဒီလိုယူဆ ပြောဆိုတယ်၊ "အမိသားအိမ်ဟာ အစာအိမ်နဲ့.နီးတယ်၊ ဝမ်းမီးက အစာကို ချေပစ်တယ်၊ ဝမ်းမီးအပူကြောင့် ပဋိသန္ဓေပျက်ဖွယ်ရှိတယ်၊ မပျက်တာထောက်ယင် အတ္တရှိနေ ပုံရတယ်" တဲ့၊ ကံအစွမ်းဟာ အင်မတန်ထက်တယ်၊ ကံက ကာကွယ်ပေးတယ်၊ ယုံနိုင်စရာ မရှိဘူး။

http://www.dhammadownload.com

ပေးခဲ့ပေ၏၊ ဤနေရာလေးကို မတည်ထောင်ခင်ကလည်း ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်၏ အဆုံးအမကို ခံယူခဲ့ကြပေသေးသည်၊ ထို့နေရာလေး၌ ဆရာတော် အရှင်ပညာဒီပကို တာဝန်ပေးခဲ့လေသည်၊ အရှင်ပညာသာမိ အကြံဉာဏ်ပေးမှု, အား‌ပေး‌တိုက်တွန်းမှု ,ကူညီထောက်ပံ့မှုတို့သည် ဤနေရာလေး ဖြစ်ပေါ်လာဖို့ရာ အား‌ကောင်း‌သော အကြောင်းများ ဖြစ်ခဲ့ပါသည် အရှင်သာသနဘဒ္ဒ၏ ကြိုး‌ပမ်းမှုသည်လည်း အရေးပါခဲ့ပါသည်၊ ဒေါက်တာခင်ဇော်နှင့်ဇနီး, ဒေါက်တာမြတ်စိုးနှင့်ဇနီး, ဒေါက်တာသန်းဌေးနှင့်ဇနီး, ဒေါက်တာ တင်မင်းအောင်နှင့်ဇနီး, ဒေါက်တာသန်းကျော်နှင့် ဇနီး‌တို့က (၂)ထောင်စီ ကုသိုလ်ပါဝင်ကာ ကျောင်းနေရာနှင့် ကျောင်းဆောင် ဖြစ်မြောက်အောင် ဆောင်ရွက်ကြပေသည်၊ (၄)သောင်း(၉)ထောင် တန်ဖိုးရှိရာ (၁)သောင်းကို လက်ငင်း‌ပေး‌ပြီး ကျန်(၃)သောင်း(၉)ထောင်ကို တဖြေး‌ဖြေး ပေး‌သွား‌ကြပေမည်၊ ယခုအခါ (၂)သောင်း‌ပေး‌ပြီး‌ပေပြီ၊ ဆွမ်း‌ဒကာဖြစ်ကြသော ဦး‌တင်အောင်+ ဒေါ်ခင်လှရွှေ၊ ဒေါက်တာခင်ဇော်ဝင်း+ဒေါ်ဆယ်လီ၊ ဦး‌တင်မောင်မြင့်+ ဒေါ်ခင်စန်း‌ရီ၊ ဒေါက်တာစီသူထွန်း+ဒေါ်မိမိ၊ ဒေါက်တာနီလင်း+ဒေါ်အေး‌အေး မြင့်၊ ဦး‌ငွေး‌နိုင်+ဒေါ်သန်. စသော စေတနာရှင် သဒ္ဓါရှင်အပေါင်း‌တို့ကြောင့် ဘောဇဉ်အာဟာရလည်း အဆင်ပြေ ပြည့်စုံနေပေသည်၊ သာသနာလုပ်ငန်း‌ကို ကြိုး‌ပမ်းနေသော ဆရာတော်ဘုရား‌အတွက် အာဟာရ သပ္ပါယ ဖြစ်မှုသည်လည်း အရေးပါသော အင်း‌အား‌တစ်ခု ဖြစ်ပါပေ၏၊ မြန်မာဒေါက်တာ(၄၀ နှင့် အခြား‌အခြား မြန်မာဒကာ ဒကာမများ, အမျိုး‌သမီး‌အဖွဲ့ဝင်များ၏ ထောက်ပံ့မှုကြောင့်လည်း မြန်မာများနှင့် နိုင်ငံခြား‌သား‌များ ဤသာသနာ့ရိပ်သာလေး‌သို့ လာရောက်ကာ စိတ်ငြိမ်း‌ချမ်း‌မှုကို ရယူနိုင်ကြလေသည်။

(i-l' ဒေါက်တာတင်မင်းအောင်သည် စိန့်ဟဲလင်း‌မြို့တွင် ဆေး‌ခန်း‌ဖွင့်ထား‌ပေ၏၊ သူ့ထံ ရောက်လာသော ဝေဒနာရှင်များကို "ရှုမှတ်မှု သတိပဋ္ဌာန်သုလူနာများအတွက် အကျိုး‌များ‌ကြောင်း, စိတ်ဓာတ်ကျခြင်း, စိတ်သောက ရောက်ခြင်း, အိမ်ထောင်ရေး‌ပြဿနာ ရှိသူတို့အတွက် အထူး‌ပင် ကျေး‌ဇူး‌များ‌ကြောင်း" ဖော်ပြပါ သာသနာ့ရိပ်သာလေး‌သို့ ကိုယ်တိုင်သွား‌ရောက် အားထုတ်ကြည့်နိုင်ကြောင်း ပြောပြလေ့ရှိပေသည်၊ လူနာတို့သည် ဤသာသန

http://www.dhammadownload.com



အင်္ဂလန်နိုင်ငံ Billingeမြို့ရှိ Mahasi Dhamma Fellowship မှ
အရှင်ပညာဒီပ

http://www.dhammadownload.com

ရိပ်သာလေးသို့ တစတစ တိုး၍တိုး၍ ရောက်လာကြပေသည်၊ လူနာတစ်ဦး၏ သူငယ်ချင်းဖြစ်သော သတင်းထောက် တဦးဖြစ်သည့် Andrew Douse က ဆရာတော်၏ ဓာတ်ပုံနှင့် ယောဂီတို့တရား၌မှတ်နေသည့် ဓာတ်ပုံပါသည့် ဆောင်းပါးတစ်စောင်ကို Star သတင်းစာတွင် ရေးလိုက်ပေသည်၊ ထိုဆောင်းပါးအမည်မှာ–"အတွင်းငြိမ်းချမ်းရေး" ဟူ၍ဖြစ်ပေ၏၊ ဤဆောင်းပါးကြောင့် ရောဂါဝေဒနာရှင်တို့အပြင် ဝေဒနာရှင်မဟုတ်သည့် သူတို့လည်း တိုး၍ တိုး၍ ရောက်လာကြလေသည်၊ ဝေဒနာရှင်တို့တွင် ရုပ်ရည်ချောမောသော မိန်းမငယ်တစ်ဦးသည် ခြေထောက်တွင် အဆစ်အမြစ် ကိုက်ခဲသည့် ဝေဒနာကြောင့် အိပ်ဆေးတွေ သုံးစွဲနေရလေ၏၊ ဤသာသနာ့ရိပ်သာသို့ လာရောက်တရား‌အား‌ထုတ် လိုက်သည့်အတွက် ဆေးလည်း မသောက်ရတော့၊ ဆေးပူးကိုလည်း ပိတ်ထားလေတော့ပြီ၊ သူမ၏ ဝေဒနာလည်း သက်သာပျောက်ကင်းသွားပေပြီ။

အသက်အလယ် အလတ်ပိုင်းအရွယ် အမျိုးသမီးတစ်ယောက်ကမူ စိတ်သောကရောက်မှုဒဏ်ကို ခံစားနေရပေ၏၊ ရုံးယခင်က သူမသည် အိမ်ရှေ့တံခါးအပြင် ထွက်လိုက်လျှင်ပင် ကြောက်နေပေ၏၊ ယခုအခါမူ မကြောက်တော့ပေ၊ တရား‌အား‌ထုတ်မှုသည် ပုံမှန်ဘဝသို့ ပြန်ရောက်စေခဲ့လေပြီ၊ ရောဂါရှင်တစ်ဦးကမူ ဤသို့ဆိုလေ၏၊ "ငါဒီသာသနာ့ရိပ်သာ လာတာ မကြာသေးပါဘူး၊ ထူးခြားချက်ကိုတော့ အခုပဲခံစား တွေ့ရှိနေရပြီ၊ ဒီတရား‌အား‌ထုတ်မှုက ငါ့ရောဂါပျောက်အောင် ကူညီလိမ့်မယ်လို့ မျှော်လင့်ထားတယ်"တဲ့။

ဆရာတော် အရှင်ပညာဒီပသည် နှစ်ပေါင်းများစွာ သတိပဋ္ဌာန် လမ်းခရီးပေါ်တွင် နေ့စဉ်မှန်မှန် လျှောက်လှမ်းခဲ့သလို မြန်မာနိုင်ငံမှ ထောင်, သောင်းမကသော ယောဂီတို့ကို သတိပဋ္ဌာန်လမ်းပေါ်သို့ လျှောက်လှမ်းစေခဲ့ပြီး အမေရိကန်, အင်္ဂလန်, မလေရှား, စင်္ကာပူ, နီပေါ, ဩစတေးလျှမှ နိုင်ငံခြားသားများစွာ တို့ကိုလည်း လျှောက်လှမ်းစေခဲ့ပြီး လမ်းမှန်လျှောက်သဖြင့် စခန်းမှန်ရောက်ကြသူတို့လည်း နည်းမည် မဟုတ်ပေ၊ ဆရာတော် ပြသပေးသော သတိပဋ္ဌာန်တရား‌ကြောင့် ပူလောင်နေသော သူတို့စိတ်နှလုံးသည်လည်း ငြိမ်းအေးခွင့် ရလာကြပေပြီ။

http://www.dhammadownload.com

များစွာသော ရောဂါရှင်တို့လည်း ရောဂါသက်သာ ပျောက်ကင်းကြလေ၏၊ ပုလင်းထောင်သူများပင် ပုလင်းကို ရှောင်ကြဉ်လာကြပေပြီ၊ သဒ္ဓါပေါက်၍ လိုအပ်ရာရာကို လာရောက်လှူဒါန်း ကြသူတို့လည်း မရှားလှပေ၊ လူနာများစွာကို ဆေးကုသပေးနေကြသော ဒေါက်တာတို့လည်း ဆရာတော်ညွှန်ပေးသော သတိပဋ္ဌာန်တရားဆေးကို လာရောက် စားသုံးနေကြပေပြီ၊ ပင်မဒေါက်တာ(၅) ဦးအပြင် စေတနာရှင် အခြားဒေါက်တာများနှင့် မြန်မာဒကာ-ဒကာမများ ကလည်း ကျောင်းအတွက် စွမ်းနိုင်သမျှ ကုသိုလ်ပါဝင်ကြသည်မှာ သာသနာတော်၏ အနှစ်သာရနှင့် အကျိုးကို မြင်နိုင်သူတိုင်းအဖို့. အားရကျေနပ်ဖွယ်, သာဓုအနုမောဒနာ ခေါ်ဖွယ် ကောင်းလှပါပေသတည်း။

* * *

http://www.dhammadownload.com

ပြည်ပမှာ တောက်ပနေသော ကြယ်တစ်ပွင့်

အမေရိကန်မှ ဗီယက်နမ်တို့ ပင့်လျှောက်၍ Santa Cruz မြို့ရှိ တောင်ပုလုကမ္ဘာအေးကျောင်းတွင် (၂)ပတ်တရားစခန်းပြုလုပ်ပြီး ဘာရ်မြို့ရှိ အိုင်အမ်အက်စ် ကမ္မဋ္ဌာန်းဌာနသို့ ကူးပြောင်းရပေမည်၊ တောင်ပုလုကမ္ဘာအေးကျောင်းတွင် ထိုကျောင်းရှိ မြန်မာရဟန်းတော်များ၏ ဖော်ရွေ ခင်မင်မှုကြောင့် ပျော်ရွှင်ချမ်းသာစွာ နေထိုင်ခဲ့ပေသည်၊ အိုင်အမ်အစ်ကား မည်သို့လုပ်ဟူတွေးတောနေမိခဲ့ ပါသည်၊ အိုင်အမ်အက်စ်သို့ (၂)ခေါက် ရောက်ဖူးသော ကပ္ပိကာရက မောင်ခင်မောင်ဌေးကို အိုင်အမ်အက်စ် အခြေအနေ မေးကြည့်ပါသည်၊ သူကပြောပြပါသည်၊ "တပည့်တော်တို့ ကမ္မဋ္ဌာန်းဆရာ သံဃာတွေနဲ့ ဘာသာပြန် ဦးမြသောင်း၊ ကပ္ပိကာရက ကပည့်တော်တို့ တစ်ပွဲလုံးကို အဆောင်တစ်ဆောင်ပေးတယ်၊ အဲဒီအဆောင်မှာ ချက်ပြုတ်၊ အဲဒီအဆောင်မှာပဲ ဆွမ်းကပ်တယ်၊ ရေချိုးခန်း, ကုဋီခန်း အပြည့်အစုံပါတယ်၊ ဒေးမှာလဲ ပူစရာ မရှိပါဘူး၊ Heaterတွေရှိတယ်၊ ရေချိုးယင် အပူလိုလို, အေးလိုလို ရတယ်၊ အစားအသောက်တွေ အတွက်လဲ ပူစရာ မရှိပါဘူး၊ သံဃာတော်တွေ စိတ်တိုင်းကျ မြန်မာစာကောင်းကောင်း တပည့်တော် ချက်ကပ်မယ်၊ ယောဂီတွေ နေရာ, တရားထိုင်ရာ အဆောင်ကြီးနဲ့လဲ တခြားစီပဲ၊ တရားထိုင်ရာ အဆောင်ကြီးဆီ (၅)မိနစ်ကြာလောက် သွားရတယ်၊ ကြားထဲမှာ ထင်းရှူးပင်ကြီးတွေ ခြားနေတယ်၊ ကရားစစ်တော့လဲ တပည့်တော်တို့နေတဲ့ အဆောင်မှာပဲ စစ်တယ်၊ ဒေါ်ဘင်ပုလုကမ္ဘာအေးကျောင်းထက် အိုင်အမ်အက်စ်က ပိုပြီး နေရောင်ရတယ်၊ လမ်းလျှောက်စရာလဲရှိတယ်၊ တောတန်းကြီးပတ်ပြီး လျှောက်လို့သိပ်ကောင်းတယ်"တဲ့၊ "အိပ်ရာနေရာကတော့ ဘယ်လိုလဲ"၊ "ဆရာတော်အတွက် တစ်ခန်း၊ ဆရာတော်အရှင် ပညာဒီပအတွက် တစ်ခန်း၊ သူကို့(၂)ပါးက တစ်ဆောင်၊ အရှင်ပညာသာမိနဲ့ ဥုးဇင်းအတွက် တစ်ခန်း၊ ဦးမြသောင်းနဲ့ တပည့်တော်ကလဲ တစ်ခန်းစီပဲ၊ ဥုးဇင်းကို့နဲ့ တပည့်တော်ကို့က တစ်ဆောင်၊ အဆောင်ချင်းကတော့ ဆက်နေတာပါပဲတဲ့"။

http://www.dhammadownload.com

ဆရာတော် အရှင်ပညာဒီပကား သိပြီး ခင်မင်ပြီးမို့ အိုင်အမ်အက်စ်မှာ ရင်းရင်းနှီးနှီး ပြောဆိုဆက်ဆံ နေထိုင်နိုင်တာပဲဟု တွေးခဲ့ပါသည်၊ ဆရာတော်သည် သဘောကောင်းကြောင်း, ပြုံးပြုံးနဲ့ အေးအေးနေတတ်ပြီး လူကြီးပီသကြောင်း, ခုန်ဒီမေတ္တာ အားကောင်းကြောင်းကို ရန်ကုန်-မဟာစည် သာသနာ့ရိပ်သာမှာ အတူနေခဲ့စဉ်ကပင် သိပြီးဖြစ်၍ အတူတကွ ခင်မင်ရင်းနှီးစွာ နေထိုင်နိုင်တာမို့ ပျော်စရာကောင်းမှာပဲဟု ကြိုတင်တွက်ထား ခဲ့ပေသည်၊ အရှင်ပညာသာမိကိုတော့ မတွေ့ဖူး၊ မမြင်ဖူး၊ မခင်မင် မရင်းနှီးဘူးပေ၊ ထို့ကြောင့် သူ့အကြောင်းကိုတော့ ကောင်းကောင်း မသိရသေးပေ၊ အစိုးရ ဓမ္မာစရိယ အောင်မြင်ပြီးကြောင်းနှင့် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ထံ ရှင်ဘဝကပင် တရားအားထုတ်ထားသော ဆရာတော်၏ တပည့်ရင်း ဖြစ်ကြောင်းလောက်သာ သိရပါသည်။

စာရေးသူတို့ အိုင်အမ်အက်စ်သို့ ရောက်ပြီး (၂)ရက်ကြာမှ အင်္ဂလန်မှ အရှင်ပညာဒီပနှင့် အရှင်ပညာသာမိတို့လဲ အိုင်အမ်အက်စ်သို့ ရောက်ခဲ့ကြပါသည်၊ တရားစခန်းစ၍ တရားစတင် စစ်ကြပါသည်၊ (၈၀)သော ယောဂီတို့ကို အုပ်စုခွဲကာ နံနက်ပိုင်း (၈)နာရီမှ (၉)နာရီကျော်ထိ တစ်ကြိမ်, နေ့လည်ပိုင်း (၃)နာရီမှ (၄)နာရီကျော်ထိ တစ်ကြိမ် တစ်နေ့(၂)ကြိမ် တရားစစ်ကြပါသည်၊ တရားစစ်ပြီးလျှင် အရှင်ပညာဒီပ, အရှင်ပညာသာမိ (အရှင်ပညောဘာသ လာရောက်ခိုက် အရှင်ပညောဘာသ)နှင့် စာရေးသူပါ လမ်းလျှောက်သွားကြပါသည်၊ တစ်နာရီ ကြာပါသည်၊ (၃)မိုင်ခန့်ရှိပေသည်၊ တောတန်းကြီးကို ပတ်ထားသော ကားလမ်းအတိုင်း လျှောက်ကြသည်၊ သစ်ပင်များသည် ခဲနဲ့ပစ်လိုက်လျှင် မလွဲတမ်း မှန်နိုင်လောက်အောင် ထူထပ်ပြည့်ညက်နေသည်၊ သစ်ပင်တွေကလဲ စိမ်းစိုပြီး ကြည့်ရှုရတာ အင်မတန်ကောင်းလှပါသည်၊ လေကောင်းလေသန့်ကလဲရ၊ ပတ်ဝန်းကျင် ရှုခင်းကလဲ ကောင်းဆိုတော့ လမ်းလျှောက်ရတာ ကြည်နူးစရာ ကောင်းလှပါသည်၊ လွန်ခဲ့တဲ့(၂)နှစ်က အတွေ့အကြုံ ရှိထားသော အရှင်ပညာသာမိက ဒီအပင်က တောနှင်းဆီခေါ်တယ်၊ အပွင့်လေးတွေက သိပ်လှတယ်၊ ဒီအပင်က တောပန်းသီးပင်ခေါ်တယ် စသည်ဖြင့် သစ်ပင်ပန်းပင် တွေအကြောင်း ရှင်းပြပါသည်၊

http://www.dhammadownload.com



အင်္ဂလန်နိုင်ငံ လန်ဒန်မြို့-ဗုဒ္ဓဘာသာကျောင်းမှ အရှင်ပညာသာမိ

http://www.dhammadownload.com

လမ်းတလျှောက်တွင် အရွက်မရှိပဲ ပင်လုံးကျွတ် အပွင့်တွေ လွှမ်းနေသော ပန်းပင်တွေ, ငယ်ရွယ်စဉ်အခါက ဇာတိရပ်ရွာတွင် မြင်တွေ့.ရလျှင် စိတ်ကြည်နူးဖွယ်ဖြစ်သော တစ်တောင်ကျော်လောက်ရှိပြီး စိမ်းစိုနေသည့် ပြောင်းဖူးခင်းများ, မမြင်တွေ့.ရတာ ကြာပြီဖြစ်သော ယုန်ငယ်လေးများ, မြေခွေးများ, ကြက်ဆင်မိသားစု အုပ်စုစသည့် တောတိရစ္ဆာန်များကို တွေ့.ရပေသေးသည်။

အရှင်ပညာသာမိလဲ ခင်စရာကောင်းပါသည်၊ ရင်းရင်းနှီးနှီး ဆက်ဆံတတ်သည်၊ လူကြီးပီသသည်၊ သဘောကောင်းပါသည်၊ စာရေးသူကို ညီငယ်လေးလို ပြုမူဆက်ဆံသည်၊ လမ်းလျှောက်သွားကြယင်း တစ်နေ့.သောအခါ သူက ပြောပြပါသည်၊ "နိုင်ငံခြားသားတွေနဲ့ လမ်းမှာတွေ့.ယင် စကားပြောရတယ်၊ စကားပြောတော့ သူတို့.ရဲ့.အခြေအနေ, ယဉ်ကျေးမှု, စကား အသုံးအနှုန်းတွေ ရတယ်၊ နောက်ပြီးတော့ သူတို့.က "မင်းတို့.က ဘာတွေလဲ"လို့ လဲမေးတတ်တယ်၊ အဲဒီအခါ "ငါတို့.ဟာ ဗုဒ္ဓသာသနာ့ဝန်ထမ်း ရဟန်းတော်တွေ ဖြစ်တယ်"လို့ဖြေယင် "မင်းတို့.က ဘာတွေလုပ်နေတာလဲလို့ သူတို့.က ထပ်မေးတတ်တယ်၊ "ငါတို့.က ဗုဒ္ဓအဆုံးအမ တရားတွေကို ကိုယ်တိုင်ကျင့်သုံးပြီး စွမ်းနိုင်သမျှ ပြသပေးနေတယ်"၊ "ဗုဒ္ဓအဆုံးအမတွေက လူတွေကို ဘယ်လို အကျိုးပြုပေးနိုင်သလဲ"၊ "စိတ်ချမ်းသာမှုကို ပေးနိုင်တယ်"၊ အဲဒီအခါ သူတို့.က စိတ်ဝင်စားလာတယ်၊ ဒီတော့ ကိုယ်က ဆက်ပြောရတယ်၊ "မင်းတို့.--မကျန်းမာလို့ အနာရောဂါဖြစ်တဲ့အခါ ဆရာဝန်ဆီ သွားပြရတယ် မဟုတ်လား၊ ဆရာဝန် ညွှန်ကြားတဲ့အတိုင်း ဆေးသောက်ယင် ရောဂါပျောက်တယ် မဟုတ်လား" လို့.မေးရတယ်၊ သူတို့.မှာ ပြဿနာမျိုးစုံနဲ့ ရင်ဆိုင်ပြီး စိတ်ဆင်းရဲနေကြတယ်၊ စိတ်ချမ်းသာနည်းကို လိုချင်နေကြတယ်၊ ဒါကြောင့် တချို့.လဲ ကျောင်းကို လာပြီး တရားအားထုတ်ကြတယ်၊ ဒါဟာ ကိုယ့်ဘက်က အောင်မြင်တာပဲ၊ အမြတ်ထွက် တာပဲ။"

သူပြောပြလိုက်သော ဤစကားအစဉ်ကြောင့် သူနိုင်ငံခြားသို့ ဘယ်တုန်းက ရောက်ခဲ့တယ်၊ ဘယ်နေရာတွေမှာ ဘာတွေလုပ်ခဲ့တယ်၊ ဘယ်လိုအတွေ့.အကြုံတွေ တွေ့.ကြုံရခဲ့တယ်၊ အင်္ဂလိပ်စာ ဒီလိုအခြေအနေ ရောက်အောင် ဘယ်လိုလုပ်ခဲ့တယ် ဆိုတာတွေ သိလိုစိတ်တွေ ပြင်းပြလာပါ၏၊ ထို့.ကြောင့်

http://www.dhammadownload.com

သူ့ကို မေးကြည့်ပေ၏၊ သူက ပြောပြပေသည်။

"တပည့်တော်က မဟာစည်ဆရာတော်ကြီးရဲ့ အမိန့်တော်အရ သီရိလင်္ကာသို့ သွားခဲ့ရပါတယ်၊ မဟာစည်ဆရာတော်ကြီး ပျံလွန်တော်မမူခင်က သွားဖို့ အမိန့်ရှိခဲ့ပါတယ်၊ ဆရာတော်ကြီးက ၁၃၄၂-ခု၊ ဝါဆိုလမှာ ပျံလွန်တော် မူပါတယ်၊ အဲဒီနှစ် တန်ခူးလမှာ သွားခဲ့ရတယ်၊ တပည့်တော်တို့ ဆရာ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ကလဲ မဟာစည် သာသနာ့ရိပ်သာ ရဲ့ ဩဝါဒါစရိယ အဖြစ်ဖြင့် ဆောင်ရွက်လို့ မကြာသေးပါဘူး၊ ဆရာတော်နားမှာ အစစအရာရာ အနီးကပ်ပြုစု လုပ်ကျွေးတဲ့သူက တပည့်တော်ပဲ ရှိနေပါတယ်၊ ဒါကြောင့် သူက သူ့ဆီမှာလဲ ရှိနေစေချင်တယ်၊ မသွားနဲ့လို့လဲ မတားရက်ဘူး၊ တပည့်တော်လဲ သွားသာသွားခဲ့ရတယ် ၊ စိတ်ထဲမကောင်းပါဘူး၊ တပည့်တော် သွားမဲ့နေ့မှာ အရာဏ်ဆွမ်းအတွက် ဆရာတော်က မြို့ထဲဆွမ်းစားကြွဖို့ ကားဂျေါရောက်နေပါပြီ၊ ကားနား ခေါ်ပြီး တပည့်တော်ကို ဆုံးမလိုက်တဲ့ စကားကလေးတစ်ခွန်းကို အခုတိုင် အမှတ်ရနေပါတယ်၊ "သာတ္ထကသမဏဉ်, သပ္ပါယသမဏဉ်ကို လက်ကိုင်ပြုပြီး အလုပ်လုပ်ပါ"တဲ့၊ အဓိပ္ပါယ်ကတော့ အလုပ်တစ်ခုကို အကျိုးရှိ- မရှိ စဉ်းစားဝေဘန်ပါ၊ နောက်ပြီးတော့ သင့်တော်၏, မတော်၏ကိုလဲ သုံးသပ်ပါ၊ အကျိုးလဲရှိ, သင့်လဲသင့်တော်တာကို ရွေးချယ်ပြီး လုပ်ပါလို့ဆိုလိုပါတယ်၊ အဲဒီ အဆုံးအမလေးဟာ တပည့်တော် အတွက် အကျိုးများလှပါတယ်၊ ပြည်ပမှာ တပည့်တော်ရဲ့ဘဝ မီးရှူးတန်ဆောင်, ဘဝလမ်းညွှန်ဖြစ်ခဲ့ပါတယ်။

သီရိလင်္ကာ ကန္ဒီမြို့ မြန်မာကျောင်းမှာ (၂)နှစ်ကျော် နေခဲ့ပါတယ်၊ အဲဒီကျောင်းက ဆရာတော်ကြီးက သဘောကောင်းလှပါတယ်၊ တရားဟော တရားပြကိုတော့ တစ်ခါတရံမှသာ လုပ်ရပါတယ်၊ ကျန်အချိန်တွေမှာတော့ မြန်မာပြည်မှာ အနည်းငယ်သင်ယူခဲ့တဲ့ အင်္ဂလိပ်စာကို ဆက်လက်သင်ယူနေခဲ့ပါတယ်၊ သီရိလင်္ကာကနေ မလေးရှားနိုင်ငံ အမ်ဘီအမ်စီ- ကမ္မဋ္ဌာန်းဌာနသို့ ပြောင်းရွှေ့နေထိုင် ခဲ့ရပါတယ်၊ တစ်နှစ်လောက် ကြာခဲ့ပါတယ်၊ အဲဒီမှာတော့ အင်္ဂလိပ်လို တရားစစ်ရပါတော့တယ်၊ တရားလဲ ဟောရပါတော့တယ်၊ အင်္ဂလိပ်လို မပြောယင်လဲ ဆက်ဆံရာမှာ မဖြစ်နိုင်တော့လို့ ပြောရပါတော့တယ်၊

http://www.dhammadownload.com

ဘယ်နေရာမှာ သဒ္ဒါ အနေအထား မှားတယ်ဆိုတာကို မသိပါဘူး၊ မှန်အောင် ဘယ်လိုပြင်ရမယ် ဆိုတာကိုလဲ မသိလှပါဘူး၊ သူတို့ပြောတာကို ဂရုစိုက်နားထောင်ပါတယ်၊ သူတို့ပြောသလို ကြိုးစားပြီး လိုက်ပြောပါတယ်၊ အင်္ဂလိပ်စာ အရည်အသွေးကို သွေးပေးတဲ့နေရာ ဖြစ်နေပါတယ်၊ အားလပ်တဲ့အချိန်မှာ အင်္ဂလိပ်စာကို ဆက်လက်လေ့လာခဲ့ပါတယ်၊ မလေးရှားမှာ တပည့်တော် ရောက်စက စနေ-တနင်္ဂနွေ နေ့တို့၌သာ လာရောက်အားထုတ်တဲ့ ယောဂီတွေ ရှိပါတယ်၊ ရောက်ပြီး မကြာခင် အမြဲတန်း တရားအားထုတ်သူတွေ ရှိလာပါတော့တယ်၊ အဲဒီကစပြီး ယခုအထိ ယောဂီ အမြဲတန်း ရှိနေပါတယ်၊ ယောဂီတွေထဲက ဖောင်းတာ-ပိန်တာ မှတ်တာဟာ ဘုရားဟောလား၊ ဖောင်းတာ-ပိန်တာ မှတ်လို့ နိဗ္ဗာန်ရနိုင်သလား စသည်ဖြင့် မေးကြတယ်၊ ဒါကိုလဲ ဖြေရှင်းရပါတယ်၊ မလေးရှားကနေ အင်္ဂလန် ရောက်လာပါတယ်၊ အင်္ဂလန် ရောက်တော့လဲ အင်္ဂလိပ်စာကို ဆက်လက်သင်ယူခဲ့ပါတယ်၊ အင်္ဂလန်မှာ (၅)နှစ်ကြာသွားပါပြီ" တဲ့။

အရှင်ပညာသာမိသည် အမေရိကန်, အင်္ဂလန်, စင်္ကာပူ, မလေးရှား, ဆွစ်ဇာလန် နိုင်ငံများ၌ အင်္ဂလိပ်လို တရားစစ် တရားဟောနေကြောင်း, ဩစတေးလျ, နယူးဇီလန် နိုင်ငံတို့သို့လည်း သွားရောက်တရားပြသရန် ရှိကြောင်းသိရပါသည်၊ ကျေးဇူးရှင် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ဘုရားက ဘာသာပြန်မပါပဲ နိုင်ငံခြားသားတို့နှင့် ကိုယ်တိုင် ဆက်သွယ်နိုင်အောင်, တရားဟောပြော ပြသနိုင်အောင် ပါဝါပည့်တို့ကို အင်္ဂလိပ်စာ သင်ယူစေခဲ့သည်မှာ ယခုအခါ အကောင်အထည် ပေါ်နေပါပြီတည်း၊ ပရိယတ္တိ-ပဋိပတ္တိ စွယ်စုံအရည်အချင်းရှိပြီး အင်္ဂလိပ်စကားဖြင့် နိုင်ငံခြားသား တို့အား တရားစစ် တရားဟောနိုင်နေသော အရှင်ပညာသာမိသည် ပြည်ပမှာ တောက်ပနေသော ကြယ်တစ်ပွင့်ပါပေတည်း။

* * *

http://www.dhammadownload.com

ပြည်ပမှ သာသနာ့ အာဇာနည်လေး

စနေနေ့၌ ဖွားမြင်သူတို့သည် ထက်မြက်တတ်ကြ၏ ဟုအဆိုရှိ၏၊ ဤအရှင်လေးအတွက် ထိုအဆိုသည် မှန်နေပါ၏၊ ဤအရှင်လေးသည် အရွယ်ပင်ငယ်သော်လည်း သာသနာ့လုပ်ငန်း ကိစ္စတို့တွင် ထက်ထက်မြက်မြက် ရှိလှ၏၊ အကွက်လဲ မြင်ပေ၏၊ အရွယ်က ငယ်နေသဖြင့် ဤမျှကြီးကျယ်သော လုပ်ငန်းကြီးကို ဆောင်မှဆောင်ရွက် နိုင်ပါ့မလားဟုပင် ဘေးမှကြည့်နေသူတို့က သံသယဝင်ကြ၏၊ အရှင်လေး၏ သတ္တိ-ဗျတ္တိကို ကိုယ်တွေ့ကြုံရသောအခါမှ အရှင်လေးအပေါ် ဝင်ခဲ့သော သံသယတွေ လွင့်စင်သွားကြပေ၏၊ ကြည်ညိုလေးစားကြ၏၊ အားကိုးလာကြ၏၊ သက်တော် (၃၁)နှစ်၊ ဝါတော် (၁၁)ဝါမျှသာ ရှိသေးသော အရှင်လေးသည် အရွယ်က ငယ်သည့်အပြင် ဥပဓိတော်ကလဲ ကြည်ညိုဖွယ်ရာ ရှိလှပေ၏၊ ထို့ကြောင့် ဆရာဖြစ်သော ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသသည် ဤတပည့်လေးကို မလေးရှားနိုင်ငံသို့ မစေလွှတ်ခင် ဆုံးမသင့်သည်များကို ဆုံးမပေးလိုက်လေသည်။

"ခါးမှီဆွေးမြေ့နေတဲ့ ရေတွင်းတစ်တွင်းရှိတယ်၊ လူတစ်ယောက်က ရေကို အလိုရှိနေတယ်၊ ဒါကြောင့် အဲဒီရေတွင်းထဲက ရေကို ခပ်ယူရမယ်၊ ခါးမှီကို အလွန်အကဲ မှီလိုက်လျှင် ခါးမှီက ဆွေးမြေ့နေတဲ့အတွက် ရေတွင်းထဲ ကျသွားနိုင်တယ်၊ ရေတွင်းထဲ ကျ,မသွားရအောင် ခါးမှီကို မမှီလွန်းပဲ တွင်းထဲက လိုတဲ့ရေကို ရအောင် ယူရတယ်၊ အဲဒီလိုပဲ ဒကာ-ဒကာမတွေနဲ့ ဆက်ဆံတဲ့အခါ ဒကာ-ဒကာမတွေကို မမှီလွန်းရဘူး၊ ကိုယ့်အတွက် လို အပ်တဲ့ပစ္စည်း (၄)ပါးကိုလဲ ဒကာ-ဒကာမတွေထံမှ ရယူရတယ်၊ မှီလွန်းလျှင် ရေတွင်းထဲ ကျသွားတတ်တယ်" တဲ့။

ပြည်ပတွင် ဗုဒ္ဓသာသနာဝင် မဟုတ်သူတို့ကိုသာ များစွာတွေ့ရပေလိမ့်မည်၊ ကပ်သီးကပ်သပ် မေးခွန်းများကို နိုင်ငံခြားသား ဗုဒ္ဓသာသနာဝင် မဟုတ်သေးသူများသည် မေးတတ်ကြ၏၊ စူးစမ်းလေ့လာတတ်ကြ၏၊ ဗုဒ္ဓဘာသာနိုင်ငံ

http://www.dhammadownload.com



မလေးရှားနိုင်ငံ ပီနန်မြို့ M.B.M. C. မှအရှင်ဓမ္မပိယ

http://www.dhammadownload.com

မဟုတ်သည့် မလေးရှားလို နိုင်ငံမျိုးဝယ် ပို၍ပင် အခက်အခဲ တွေ့ဖွယ်ရာ ရှိနိုင်ပေသည်၊ သီးခံစိတ်ထားကာ ချင့်ချင့်ချိန်ချိန်ဖြင့် ဗုဒ္ဓသာသနာ ကိစ္စတွေကို ဆောင်ရွက်ရန် လိုအပ်ပေ၏၊ ထို့ကြောင့် ဆရာတော်ဘုရားသည် တပည့်လေးကို ဤသို့လည်း အဆုံးအမ ပေးတော်မူလိုက်သေး၏။

"အရှင်ပုဏ္ဏာထုံးကို နှလုံးမူပြီး အလုပ်ကိစ္စတွေကို ဆောင်ရွက်ပါ၊ အရှင်ပုဏ္ဏာဟာ ကြမ်းတမ်းတဲ့ သုနာပရန္တ တိုင်းသားတို့က သူ့ကို ဆဲဆိုလာခဲ့လျှင် လက်နဲ့မရိုက်ပုတ်သေးလို့ သူတို့တော်ကြပါပေတယ်လို့ နှလုံးသွင်းတယ်၊ လက်နဲ့ရိုက်ပုတ်လာလျှင်လည်း ခဲနဲ့မထုသေးလို့၊ ခဲနဲ့ထုလာလျှင်လည်း တုတ်နဲ့ မရိုက်သေးလို့၊ တုတ်နဲ့ ရိုက်လာလျှင်လည်း ဓားနဲ့မခုတ်သေးလို့၊ ဓားနဲ့ခုတ်လာလျှင်လည်း ထက်မြက်တဲ့ဓားနဲ့ မသတ်သေးလို့၊ သတ်လာလျှင်လည်း ကိုယ့်ကိုယ်ကို သတ်ချင်တဲ့သူတွေ ဓားကို ရှာနေရသေးတယ်၊ အခုငါ့မှာတော့ ဓားကိုမရှာဖွေရပဲ အလွယ်တကူ ရပေတယ်လို့ နှလုံးသွင်းတယ်"–တဲ့။

အရှင်လေးသည် မလေးရှားနိုင်ငံ ပီနန်မြို့ M-B-M-C(Malaysian Buddhist Meditation Centre)တွင် (၅)နှစ်ကြာ သတိပဋ္ဌာန်တရားတွေ ပြသပေးခဲ့ပေသည်၊ လာရောက် အားထုတ်ကြသည့် ယောဂီပေါင်း (၅၀၀)ကျော် ရှိသွားပေပြီ၊ နိုင်ငံပေါင်း (၂၀)ကျော်မှ လာရောက်ကြလေ၏ ရဟန်းဝတ်သူ (၁၀)ပါး၊ သီလရှင်ဝတ်သူ(၁၀) ပါးရှိခဲ့၏၊ ဖရိုဖရဲဖြစ်နေသော လူ့အဖွဲ့အစည်းတို့သည် အရှင်လေး၏ ဦးဆောင်ကောင်းမှုကြောင့် စုစည်းလာခဲ့ပေပြီ၊ စမ်းတဝါးဝါးဖြင့် လုပ်ရှားနေရသော သာသနာ့လုပ်ငန်း အဖြာဖြာသည်လည်း ပီပီပြင်ပြင် ရှိလာလေပြီ၊ အရှင်လေးသည် ယောဂီတို့ကို အခမဲ့ကျွေးနိုင်သော အခြေအနေရောက်အောင် ဆောင်ရွက်ပေးချင်၏၊ တရားအားထုတ်လိုသည့် သဒ္ဓါတရားအားကောင်းသော်လည်း ပစ္စည်းအားနဲ၍ တရားအားထုတ်ခွင့် မရကြသူတို့ကိုတွေ့ရသောအခါ အရှင်လေး၏ ဆန္ဒသည် ပိုမို၍ ပြင်းထန်လာခဲ့လေ၏၊ ထို့ကြောင့် ယောဂီထောက်ပံ့ရေးအတွက် သူကိုယ်တိုင် နဝကမ္မဝတ္ထုငွေ (၅၀၀)ပါဝင်ကာ မတည်ပေးလိုက်၏၊ အမြော်အမြင်ရှိသူတို့သည် အရှင်လေး၏ အမြော်အမြင်ကို နားလည်လာကြ၏၊ သဒ္ဓါတရားတွေ တိုးပွါးလာကြ၏၊

http://www.dhammadownload.com

သူတို့လည်း ကုသိုလ်ပါဝင်ကြ၏။ ယခုအခါ လာလာသမျှ ယောဂီတွေကို အခမဲ့ ကျွေးနိုင်ပေပြီ၊ အမျိုးသမီးယောဂီ စောင့်ရှောက်ရေး အဖွဲ့ကိုလည်း တည်ထောင်ပေးလိုက်၏၊ စုဗူးကုသိုလ် ယူခွင့်ရအောင်လည်း ဖန်တီးပေးလိုက်၏၊ အဖွဲ့ဝင်အချို့က မဖြစ်နိုင်ပါဘူးဟု ထင်ကြေးပေးခံရသော ကိစ္စတို့ကိုပင် ဖြစ်အောင် လုပ်ပြနိုင်ခဲ့ပေ၏၊ အရွယ်ပင်ငယ်သော်လည်း ဦးဆောင်နိုင်စွမ်း အားကောင်းသည်ကို တွေ့ကြရသော ဒကာ-ဒကာမ အပေါင်းတို့သည် အရှင်လေးကို နှစ်ထောင်းအားရ သဘောကျကြလေ၏၊ "ဆရာတော်လေး, ဆရာတော်လေး" ဟု ပါးစပ်မှ မချနိုင်လောက်အောင်ပင် အားကိုးလာကြလေ၏။

အရှင်လေးသည် ဦးစီးဦးဆောင် ဆရာတော်ဆိုပြီး လက်ညှိုးထိုးကာ အရာရာကို ညွှန်ကြားစေခိုင်းနေသည်ချည်း မဟုတ်ပါပေ၊ ကျောင်းနေရာ သန့်ရှင်းရေးအတွက် ကိုယ်တိုင် တံမျက်စည်းလှည်းသည်၊ ကြမ်းပြင်ကို ကိုယ်တိုင် သန့်ရှင်းသည်၊ သောက်ရေကို ကိုယ်တိုင် ဖြည့်သည်၊ လုပ်ငန်းကိစ္စတွေကို ဒီလိုလုပ်ရကြပါဟု ပါးစပ်က မပြောပဲ လက်တွေ့လုပ်ပြလေ၏၊ မြန်မာပြည်မှ ဆရာသမားများ, သီတင်းသုံးဖော်များ, ရွှေတောင်ကုန်း သာသနာ့ ရိပ်သာ ဆရာတော် ဦးစီးသော ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းတို့ အတွက်လည်း စွမ်းနိုင်သမျှ ဆေး, စာအုပ်, သင်္ကန်း စသည့် ပစ္စည်းအင်အား ဖြင့် ပံ့ပိုးပေးသည်ကို အကြိမ်ပေါင်းများစွာ တွေ့ရသဖြင့် သာဓု အကြိမ်ကြိမ် ခေါ်ရပေသည်၊ အရှင်လေးသည် ယခုအခါ အင်္ဂလိပ်လို တရားစစ်ပြီး အင်္ဂလိပ်လို သွက်လက်စွာ ဘရားဟောနိုင်ပေပြီ၊ ယခုအခါ အမေရိကမှာ လိုအပ်နေသေးသော အင်္ဂလိပ်စာ အရည်အသွေးကို ထပ်မံဖြည့်စွက်ယင်း အခါ အားလျော်စွာ သတိပဋ္ဌာန်တရား ရေအေးကို ယောဂီတို့အား တိုက်ကျွေး နေပေပြီ၊ ဂျာမန်, ဩစတေးလျ, စကော်ပူ, နီပေါ များနှင့်လည်း ကြွရောက်ကာ သတိပဋ္ဌာန်တရား ရေအေးကို တိုက်ကျွေးခဲ့ပေသည်။

အရှင်လေးသည် အင်္ဂလိပ်လို စတင်တရားဟော ဖို့ အခွင့်ကြုံလာသည့် အခါ သူ၏သတ္တိသွေးပုံလေး ပြောပြသည်မှာ မှတ်သားစရာ အတုယူစရာ ကောင်းလှပါပေသည်၊ "ဗိုလ်ချုပ်အောင်ဆန်းက အင်္ဂလိပ်လို မိန့်ခွန်းတစ်ခု စတင်ပြောတယ်တဲ့၊ အဲဒီအခါ သူ့အင်္ဂလိပ်စကားဟာ အမှန်ချည်း မဟုတ်ပါ

http://www.dhammadownload.com

ဘူးတဲ့၊ လွဲချော်တဲ့ နေရာတွေ ပါနေတယ်လို့ ဆိုတယ်၊ သူငယ်ချင်းများက အင်္ဂလိပ်စကား မှန်အောင် မပြောနိုင်ပဲ မိန့်ခွန်းပြောရမလား”လို့ အပြစ်တင်ကြတဲ့အခါ ဗိုလ်ချုပ်က “ဒီတစ်ခါ ကျုပ်အလျှော့ပေးလိုက်ယင် ကြောက်နေယင် ကျုပ်ဘယ်တော့မှ ပွဲတိုးရဲမှာ မဟုတ်ဘူး၊ နောက်ပွဲတိုးဖို့ ကြိုးစားယင်လဲ လွယ်လွယ်နဲ့ မဖြစ်နိုင်တော့ဘူးလို့” ပြောတယ်လို့ မှတ်သားဘူးတယ်၊ “တပည့်တော်လဲ ဒီလိုပါပဲ၊ မှားမှားမှန်မှန် အရဲစွန့် သတ္တိမွေးပြီး ဟောလိုက်ရတာပါပဲ၊ ဗွေစော်ဦး တစ်ကြိမ်သာ သတ္တိရှိရပါတယ်၊ နောက်နောင် အကြိမ်တွေမှာတော့ သိပ်မခက်တော့ပါဘူး” တဲ့။

မြန်မာပြည်မှ သာသနာ့ဝန်ဆောင် အရှင်မြတ်လေးတွေကို သူပြောပြချင်တာကတော့ “ပရိယတ္တိ” စာပေတွေကိုလည်း ကြိုးစား သင်ကြပါ၊ ပဋိပတ္တိလုပ်ငန်းကိုလည်း လက်တွေ့ လေ့လာအားထုတ်ကြပါ၊ ပြည်ပမှာ ထိုပရိယတ္တိ-ပဋိပတ္တိ အရည်အသွေးတွေ ဖြန့်ဝေပေးဖို့အတွက် အင်္ဂလိပ်စာကိုလည်း ကြိုးစား သင်ကြပါတဲ့၊ ပြည်ပမှာ ဗုဒ္ဓသာသနာကို တန်ဖိုးထားကြ, မြတ်နိုးကြ, လိုလားကြတဲ့ သူတွေက ဗုဒ္ဓသာသနာအကြောင်း မေးလာတဲ့အခါ အင်္ဂလိပ်စာ မတတ်ယင် ခက်လှပါတယ်၊ ကိုယ်ကလဲ ပေးချင်တယ်၊ သူတို့ကလဲ လိုချင်ကြတယ်၊ အလွန်အကဲ လိုချင်ကြတယ်၊ သူတို့ဆန္ဒလဲ ပြည့်ဝ, ကိုယ့်ဆန္ဒလဲ ပြည့်ဝဖို့ရာ အင်္ဂလိပ်စာဟာ သိပ်အရေးပါတယ်၊ ဒါကြောင့် တပည့်တို့ကို အင်္ဂလိပ်စာကိုလဲ ကြိုးစားသင်ကြပါ”တဲ့။

ထိုအရှင်မြတ်လေးကား အစိုးရ စာချုပ်နှောင်ပြီး ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်၏ မေတ္တာရိပ်အောက်တွင် တရားရှုမှတ်ခဲ့သော ပရိယတ္တိ-ပဋိပတ္တိ စွယ်စုံတော်သည့် သာသနာ့အာဇာနည် အရှင်ဓမ္မပိယပါတည်း။ ။

* * *

http://www.dhammadownload.com

အမေရိက တက္ကသိုလ်ဘွဲ့ရ အရှင်မြတ်

မြစ်များသည် နိမ့်ရာသို့ စီးဆင်းကြသည်မှာ ဓမ္မတာ၊ မိဘများသည် သားသမီးများ အပေါ် မေတ္တာ, ကရဏာ, မုဒိတာ, ဥပက္ခာ ပွားကြသည်မှာလည်း ဓမ္မတာ၊ ဆရာများက တပည့်များအပေါ် ဗြဟ္မစိုရ်တရား ထားကြသည်မှာလည်း ဓမ္မတာပင် ဖြစ်ပါ၏၊ မိဘတို့သည် သားသမီးတို့ကို ဆရာတို့သည် တပည့်တို့ကို ကြီးပွါးချမ်းသာ စေလိုကြ၏ တပည့်သားသမီးတို့ ဆင်းရဲနေလျှင် ကယ်တင်ကြ၏၊ ချမ်းသာနေလျှင် ကြည်နူးကြ၏၊ ကိုယ့်ခြေပေါ် ကိုယ်ရပ်တည် နိုင်ကြပြီဆိုယင် ဥပက္ခာထားကြ၏၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်မှာ ပြည်တွင်း၌ တပည့်များစွာ ရှိသလို ပြည်ပနိုင်ငံပေါင်း များစွာ၌လည်း တပည့်များစွာ ရှိလေ၏၊ ပြည်ပ၌ လူတပည့်တွေ များစွာ ရှိသလို ဝန်ဆောင်ရဟန်း တပည့်တွေလဲ များစွာရှိလေ၏၊ အင်္ဂလန်မှာ အရှင်ပညာဒီပနှင့် အရှင်ပညာသာမိ, အမေရိကမှာ အရှင်ဓမ္မပိယနှင့် အရှင်ပညောဘာသ, မလေးရှားမှာ အရှင်ရာဇိန္ဒ, နိဗ္ဗေါမှာ အရှင်အာသဘာစာရနှင့် အရှင်ဉာနပုဏ္ဏိက, ထိုင်းမှာ အရှင်ဝါသေဋ္ဌဘိဝံသ တို့ဖြစ်ကြ၏၊ ဆရာတော်သည် ဤတပည့်အားလုံး၏ အကျိုးစီးပွါးကို လိုလားတော်မူ၏၊ တပည့်တော်တို့၏ သာသနာရေး ဆောင်ရွက်ချက်တွေ အောင်မြင်တိုးတက် နေသည်ဟု ကြားလျှင်၎င်း ကိုယ်တိုင်မြင်တွေ့လျှင်၎င်း ဝမ်းသာတော်မူ၏၊ ပစ္စည်းအသုံး အဆောင်တို့ မပြည့်စုံ ဖြစ်နေလျှင် ထောက်ပံ့ ဖြည့်စွက်တော် မူပေ၏၊ သူတို့ခြေပေါ် သူတို့ရပ်နိုင်လျှင်တော့ ဥပေက္ခာ ထားတော်မူ၏။

စာရေးသူသည် အရှင်ပညောဘာသနှင့် မဟာစည် သာသနာ့ရိပ်သာ၌ လွန်ခဲ့သော (၈)နှစ်လောက်က အတူနေခဲ့ရပါ၏၊ အရှင်ပညောဘာသနှင့် စပြီးတွေ့ရစဉ်က အရှင်ပညောဘာသသည် ရန်ကုန်-ပရိယတ္တိ သာသနာ့တက္ကသိုလ်၌ ကထိကသင်တန်း တက်နေကြောင်းသိရ၏၊ ဘီအေဘွဲ့, ဓမ္မာစရိယဘွဲ့တို့ကိုလည်း ရရှိထားသည်ဟု သိရပါ၏၊ မဟာစည်မှာ သူနှင့်အတူ အင်္ဂလိပ်စာ (၂)နှစ်လောက် သင်ယူခဲ့ဘူး၏၊ ထို့နောက် သူသည် အမေရိကသို့

http://www.dhammadownload.com



အမေရိက Chicago မြို့မှ အရှင်ပညောဘာသ

http://www.dhammadownload.com

ရောဂါသွား၏၊ သူနှင့် ကွဲကွာနေတာ (၆)နှစ်လောက် ရှိနေပေပြီ၊ အမေရိကမှာ ကက္ကသိုလ်စာမေးပွဲ ဖြေနေသည်ဟု သိရပါ၏၊ စာရေးသူ-ဆရာတော်နှင့် ဒီ ခေါက် အမေရိကသို့ လိုက်သွားသောအခါ ဆရာတော် တရားစခန်းရှိရာ ဘာရီမြို့ ဝိပဿနာ ကမ္မဋ္ဌာန်းဌာနသို့ အရှင်ပညောဘာသ ရောက်လာ၏ ဆရာတော်၏ မေတ္တာရိပ်ကို လာရောက်ခိုလှုံ၏၊ အဆုံးအမကို ခံယူ၏၊ ဆရာတော်ကို ဝတ်ကြီးဝတ်ငယ် ပြုစုပေး၏၊ အရှင်ပညောဘာသ ဆရာတော် ထံ လာပြီး နေခဲ့သည်မှာ တစ်လ ရှိပေပြီ၊ ထိုအတောအတွင်း အားလပ်လျှင် သူ့စာမေးပွဲစာကို ဖတ်နေ၏၊ သူသည် စာဝါသနာပါသူတစ်ဦး ဖြစ်၏၊ သူ့ ကျောင်းမှာ နေ့စဉ် စာမေးပွဲစာများကို လေ့လာဖတ်ရှု ကျက်မှတ်လို့ ပင်ပန်း လျှင် တရားမှတ်၍ အနားယူလေ၏။

တက္ကသိုလ်စာမေးပွဲတွင် နောက်ဆုံးနှစ်သို့ ရောက်နေပေပြီ၊ သူသည် စိတ်ပညာနှင့် ပတ်သက်သော ပညာရပ်ကိုလည်း လေ့လာနေ၏၊ သူသည် စကားပြောနည်း၏၊ အေးအေးနေတတ်၏၊ ထို့ကြောင့် အင်္ဂလိပ်စကား ပြော သည်လည်း သိပ်မသွက်လှပေ၊ သို့သော် အင်္ဂလိပ်စကားလုံး ဝေါဟာရ ကြွယ်ဝမှုမှာ အခြားဝန်ဆောင် ရဟန်းတို့ထက် သာအံ့ဟုထင်ပါ၏၊ နိုင်ငံခြား သားတို့ ပြောသော အင်္ဂလိပ်စကားကို နားလည်နိုင်သည့် အင်အားကိုမူ အင်္ဂလိပ်လို တရားဟောနိုင်နေသော လန်ဒန်မှ အရှင်ပညာသာမိကပင် လေး စားပေ၏၊ ကျောင်းတက်နေသည်ဖြစ်၍ ဆရာတော်က သူ့အား လိုအပ်သည့် ပစ္စည်းတို့ကို ထောက်ပံ့မြဲဖြစ်၏၊ အမေရိကဋ္ဌ နိုင်ငံခြားသားတို့အား ဆရာ တော်ဟောထားသော တရားကို အင်္ဂလိပ်ဘာသာဖြင့် စာအုပ်တစ်အုပ် ထုတ်ရန် အမေရိကသားတို့ ကြိုးစားနေကြ၏၊ ထိုစာအုပ်မှ ဖြစ်ပေါ်လာသော နဝကမ္မ တို့ဖြင့် ပြည်ပတွင် ပညာသင်နေသော အရှင်ပညောဘာသ, အရှင်ဓမ္မပိယ ကဲ့သို့သော ဝန်ဆောင်တို့အား ထောက်ပံ့ဖို့လည်း ဆရာတော်မှာ ရည်မှယ်ချက် ရှိလေ၏၊ အသီးလိုလျှင် အပင်ငယ်မှ စ၍ ပြုစုပျိုးထောင်ရ၏၊ ရလို၍လည်း မည်သို့စေရအောင် သွန်းလောင်းတော် မူရ၏၊ ဆရာသမား၏ တွန်းအားကို ရသော တပည့်သည် ရှေ့ခရီးဆက်ဖို့ အားတက်နေမည်မှာ သေချာပါ၏၊ ဆရာတော်သည် အရှင်ပညောဘာသ အမေရိကမှ တက္ကသိုလ်ဘွဲ့ရပြီးလျှင်

http://www.dhammadownload.com

အရှင်ပညော ဘာသကို ဘာရီ-မြို့ရှိ ပရိယတ္တိဒ္ဓာနသို့ စေလွှတ်ရန် ရည်ရွယ်ထား ပေ၏၊ သူသည် ယခုအခါ သက်တော်(၄၀)၊ ဝါတော်(၂၀) ရှိနေပေပြီ။

* * *

http://www.dhammadownload.com

ထိုင်းဘာသာဖြင့် စာချနေသော မြန်မာရဟန်းတော်

ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်သည် ဝန်ဆောင်ရဟန်း ငယ်တွေကို ပြုစုပျိုးထောင်ပေး၏၊ ဆရာတော်ထံ လာရောက်၍ သာသနာ့ဝန်ကို ဆောင်လိုသော ရဟန်းတို့သည် အစိုးရ ဓမ္မာစရိယ အောင်ပြီးဖြစ်ရမည်၊ သတိပဋ္ဌာန်တရား ကျေနပ်လောက်အောင် အားထုတ်သဖြင့် ဝိပဿနာဉာဏ် ပြည့်စုံပြီး ဖြစ်ရမည်၊ သာသနာစိတ်ဓာတ် ရှိရမည်၊ အများအကျိုးအတွက် ကိုယ့်ကျိုးကို စွန့်နိုင်ရမည်၊ ဤအင်္ဂါ အချက်တို့နှင့် ပြည့်စုံရုံမျှဖြင့် မလုံလောက်သေးပါ၊ နေထိုင်ရေး, ပြောဆိုဆက်ဆံရေး, ဝတ်ရေး, ဖားရေး စသည် တို့၌ အချို့တကျ ရှိရပေမည်၊ စိတ်နေစိတ်ထား, အတွေးအခေါ်, အမြော်အမြင်,၊ အယူအဆ စသည်တို့ကို မေးခွန်းများစွာ မေး၍ စုံးစမ်းလေ့လာခဲ့ကြရသေး၏ ၊ ထိုကဲ့သို့ အဖက်ဖက်မှ အားရကျေနပ်မှု ရှိသော ရဟန်းငယ်တို့ကို ပြုစုပျိုးထောင် ပေးနေပေသည်၊ ပြည်တွင်း-ပြည်ပ သာသနာ့ကိစ္စတို့ကို ဆောင်ရွက်ရန် လို အပ်လာပါက အဆင်သင့်ဖြစ်စေရန် ရည်သန်၍ အင်္ဂလိပ်စာကို သင်ယူစေ ပေသည်၊ ဆရာတော်ထံ လာရောက်၍ သာသနာ့ကိစ္စကို့ကို ပူးပေါင်း ဆောင်ရွက်ကြသည့် ရဟန်းငယ်တို့တွင် ပိဋကတ်စာပေ ဘုရားရှင်၏ တရားတော်ကို ကျမ်းကြီးတွေ ဖတ်ရှုလေ့လာသူ သာမဏေကျော် ဘွဲ့ရ အရှင်မြတ်တို့လည်းပါ၏၊လောကီဘက်မှ ဘီအေဘွဲ့ရ တို့လဲ ပါ၏။

ထိုင်းနိုင်ငံ--လန်းပန်မြို့-ဝပ်ထာမအိုး ကျောင်းတိုက်၊ ဆရာတော် အရှင်ခမ္မာနန္ဒ (အဂ္ဂမဟာ ပဏ္ဍိတ)က ပရိယတ်-ပဋိပတ် စွယ်စုံ ရဟန်းငယ် တစ်ပါးကို ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ထံမှ တောင်းထားလေ၏၊ အရှင်ခမ္မာနန္ဒကျောင်းသည် စာသင်တိုက်လည်း ဟုတ်၏၊ ကမ္မဋ္ဌာန်းတိုက်လည်း ဟုတ်၏၊ ထို့ကြောင့် တရားလည်းပြ, စာလည်းချပေး နိုင်သော ရဟန်းငယ်တစ်ပါးကို အလိုရှိနေပေသည်၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်သည် ဆရာတော် အရှင်ခမ္မာနန္ဒ၏ဆန္ဒနှင့် သင့်လျော်သော

http://www.dhammadownload.com

တပည့်ရဟန်းငယ်ကို ရွေးချယ်ရလေပြီ၊ သက္ကသီဟ ဓမ္မာစရိယဘွဲ့၊ စေတီယင်္ဂဏ ဓမ္မာစရိယဘွဲ့, အစိုးရ ဓမ္မာစရိယဘွဲ့တို့ကို ရရှိထားသော အရှင်ဝါသေဋ္ဌာ ဘိဝံသကို ပို့ပေးဖို့ ဆုံးဖြတ်လိုက်လေပြီ၊ အရှင်ဝါသေဋ္ဌာဘိဝံသသည် ပညာတော်သလောက် မာန, ဒေါသနည်းလေ၏၊ ထို့ကြောင့် သီတင်းသုံးဖော် အားလုံးက သူ့ကို ခင်မင်ကြ၏၊ လေးစားကြ၏၊ သူ့ကို ဘယ်တာဝန်မျိုး ပေးပေး မငြင်းငြ။ ဆောင်ရွက်တတ်၏၊ အကူအညီပေးဖို့ တောင်းလာလျှင် လွယ်လွယ်ကူကူပင် ကူညီတတ်၏၊ ကျရောက်လာသော တာဝန်ကို တိတိကျကျ လေးလေးစားစား ဆောင်ရွက်တတ်၏၊ ဤကဲ့သို့သော အရည်အချင်းကောင်းတို့နှင့် ပြည့်စုံသော အရှင်ဝါသေဋ္ဌာဘိဝံသသည် ထိုင်းမှာ နေ၍ သာသနာ့တာဝန်တွေ ဆောင်ရွက်နေတာ (၂)နှစ်ကျော်ကြာပေပြီ၊ ထို့ကြောင့် သူနှင့် မတွေ့ရတာ (၂) နှစ်ကျော်လေပြီ။

ဓမ္မဒူတအဖွဲ့ အမေရိကမှ အပြန်ခရီးတွင် ထိုင်းလေဆိပ်သို့ ည(၁၁)နာရီခွဲလောက်မှ ရောက်၏၊ အရှင်ဝါသေဋ္ဌာဘိဝံသနှင့် ကိုးရီးယား ရဟန်းတော်အမရယာနော, ဒကာ(၂)ယောက်တို့လည်း ကြိုဆိုနေကြ၏၊ ကိုးရီးယားအိမ်တစ်အိမ်တွင် အရှင်ဝါသေဋ္ဌနှင့် (၃)ညအိပ်ခဲ့ရာ သူဘာတွေ လုပ်နေသလဲလို့ မေးကြည့်သောအခါ ယခုအခါ ပဒရူပသိဒ္ဓိ(ဗျာကရဏ်း)ကျမ်းကို ထိုင်းဘာသာဖြင့် ပို့ချပေးနေကြောင်း ပြောပြပေ၏၊ ထိုကျောင်းတိုက်မှ ထွက်လာသော ရဟန်း-သာမဏေတို့သည် စာလည်းတတ် အကျင့်လည်းကောင်းကြသောကြောင့် ထိုင်းသံဃာတို့သည် ထိုကျောင်းတိုက်ထွက်လို့ ဆိုယင် အထင်ကြီးကြ, လေးစားကြ၏ဟု ပြောပြ၏။

ထိုင်းနိုင်ငံ-ဘန်ကောက်မြို့ တစ်နေရာတွင် အရှင်ဝါသေဋ္ဌနှင့် အတူ စာရေးသူသည် (၂၄-၇-၉၁)နေ့ နံနက်(၅)နာရီခွဲ အချိန်မှာ ဆွမ်းခံထွက်ခဲ့ပါ၏၊ ထိုင်းဒကာ ဒကာမတို့သည် ဆွမ်း, ဆွမ်းဟင်း, သစ်သီး, ဖျော်ရည်, နို့တို့ကို ပလပ်စတစ်အိတ်ဖြင့် အသီးသီးထည့်ကာ လောင်းလှူ၏၊ ရေဗူးကိုပင် လောင်းလှူ၏၊ (၄-၅)ဦးလောက် လောင်းလိုက်လျှင် သပိတ်ထဲတွင် ပြည့်သွားလေ၏၊ ဆွမ်းခံကြွကြသော ထိုင်းသံဃာတို့ကိုလဲ တွေ့ရ၏၊ ကျောင်းသားတို့လဲ ချိုင့်, လွယ်အိတ်, ပလပ်စတစ်ပုံးတို့ကို ကိုင်၍ သံဃာတို့နောက်မှ

http://www.dhammadownload.com



ထိုင်းနိုင်ငံ၊လန်ပန်းမြို့ ဝပ်တော်မအိုကျောင်းတိုက်မှ
အရှင်ဝါသေဋ္ဌာဘိဝံသ

http://www.dhammadownload.com

လိုက်ပါလာသည်ကို တွေ့ရ၏၊ တချို့သံဃာတို့က ဆွမ်းလောင်းအပြီး သဒ္ဓိတိယောဂါထာနှင့် အဘိဝါဒန သီလိသ ဂါထာတို့ကို ရွတ်ဆိုပေးနေသည်ကို တွေ့ရ၏၊ ထိုအခါ ဆွမ်းလောင်းသူတို့ ဆောင့်ငြောင့်ထိုင်, ခြေဖျားထောက်၍ လက်အုပ်ချီကာ ရှိသေစွာ နားထောင်နေသည်ကိုလည်း တွေ့ရ၏၊ အရှင်ဝါသေဌနှင့် စာရေးသူလဲ တချို့နေရာ၌ ထိုသို့ ရွတ်ဆိုခဲ့ရ၏၊ စာရေးသူသည် အရှင်ဝါသေဌနှင့် (၃)ရက်အတူနေပြီး ခွဲခဲ့ရပြန်လေပြီ၊ သူက သူ့ကျောင်းသို့ ပြန်ပြီး စာရေးသူတို့က မြန်မာပြည်သို့ ပြန်လာခဲ့ကြပြီ၊ အရှင်ဝါသေဌာဘိဝံသလို ဘက်စုံတော်သည့် အရှင်မြတ်တစ်ပါးကို ရထားသော ဝပ်ထော့မအို ဆရာတော်နှင့် ဝပ်ထော့မအို သံဃာတော်တို့သည် ကံကောင်းကြပါပေစွာ့။

* * *

http://www.dhammadownload.com

နီပေါနိုင်ငံမှ အဂ္ဂမဟာအကျော်

"လူ့အကြောင်း ပေါင်းကြည့်မှသိ" တဲ့၊ ပေါင်းမကြည့်ခင် သိထားသော အသိ, မြင်ထားသော အမြင်တို့သည် မှန်ချင်မှ မှန်မည်၊ မှားတာတွေလဲ ရှိနိုင်ပေသည်၊ သတိထား၍ နှစ်ကြာကြာ ပေါင်းကြည့်သောအခါ လူတစ်ယောက် အကြောင်းကို ကောင်းကောင်းသိနိုင်ပေသည်၊ အဂ္ဂမဟာ အကျော်ဘွဲ့ရ အရှင်အာသဘာစာရနှင့် မဟာစည် သာသနာ့ရိပ်သာမှာ (၆)နှစ်ကြာ အတူနေထိုင်ခဲ့ရပါသည်၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော် ဦးစိး၍ ပြုလုပ်ပေးသော ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းတွင် အတွင်းရေးမှူး အဖြစ်ဖြင့် တွဲဘက်၍ အလုပ်လုပ်ခဲ့ဘူး၏၊ ထိုသင်တန်းတွင် သင်တန်းသူ-သင်တန်းသားများ သာမဏေဘဝ, သိက္ခာရှင်(သီလရှင်)ဘဝဖြင့် တက်ရောက်ကြသည်မှာ (၄၀၀)ကျော်ပင် ရှိသည်ဖြစ်၍ စနစ်တကျ ထိန်းသိမ်းရေး, သင်ကြားပေးရေး စသည်တို့၌ ဘစ်ဦးဟစ်ယောက် ကောင်းဖြင့် မစွမ်းဆောင်နိုင်ပါ၊ ထိုအခါ ဝန်ဆောင်သူများ အချင်းချင်းနားလည်မှု, သည်းခံမှု, စိတ်ရှည်မှု, ညီညွတ်မှုတို့. ရှိဖို့.လိုအပ်လှပေသည်၊ ထိုသို့.သော အရည်အချင်းတို့.ဖြင့် ဆောင်ရွက်မှသာ လိုအပ်သော အကျိုးတို့. ပြီးမြောက်နိုင်ပေသည်၊ အရှင်အာသဘာစာရမှာ လုပ်ငန်းအောင်မြင် စေနိုင်သော အချင်းချင်း နားလည်မှု, သီးခံမှု, စိတ်ရှည်မှု, ကြိုးစားမှုတို့. ရှိပေသည်၊ ထို့ကြောင့် စာရေးသူသည် သူ့.ကို လေးစားမြတ်နိုးလှပါသည်၊ အများနှင့် စုပေါင်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းမှာ အောင်မြင်အောင် ဆောင်ရွက်နိုင်သော ပုဂ္ဂိုလ်တစ်ဦးဟုလည်း မှတ်ချက်ချခဲ့ပါ၏၊ ဆရာတော်က အရှင်အာသဘာစာရကို နီပေါနိုင်ငံ၊ ကဌမဏ္ဍူမြို့တော် International Buddhist Meditation Centre တွင် ဝန်ဆောင်အဖြစ်ဖြင့် ဆောင်ရွက်ရန် တာဝန်ပေးလိုက်လေသည်၊ နေရာကလဲ အသစ်၊ ဝန်ဆောင်အဖြစ်ဖြင့် ဆောင်ရွက်ရသည့် အရှင်အာသဘာစာရကလဲ အသက်အရွယ်မကြီးသေး၊ ထိုအချိန်၌ သက်တော် (၃၅)နှစ်၊ ဝါတော် (၁၅)ဝါမျှသာ ရှိသေးသည်၊ ထို့ကြောင့် လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲ ရှိသင့်



http://www.dhammadownload.com

http://www.dhammadownload.com

သလောက် ရှိသော်လည်း ထိုအခက်ခဲအား‌လုံး‌ကို ကျော်လွှား‌နိုင်ခဲ့ပေသည်။

ဆရာတော်ထံ အရှင်အာသဘာစာရ (၃၀-၁-၉၁)နေ့က ရေးသား လိုက်သောစာဖြင့် ရိပ်သာ၏ အခြေအနေကို သိနိုင်ပါသည်။

ကျေး‌ဇူး‌ရှင် ဩဝါဒါစရိယ ဆရာတော်ဘုရား‌ထံ တပည့် ရိသေစွာ စာ ရေး လျှောက်ထား‌အပ်ပါသည် ဘုရား၊ ဆရာတော်ဘုရား ကျန်း‌မာစွာဖြင့် သာသနာပြုလုပ်ငန်း‌များ ဆောင်ရွက်တော် မူနေမည်ဟု မျှော်လင့်ပါ‌သည်၊ နိပေါရိပ်သာ တိုး‌တက်ရေး လုပ်ငန်း‌များ‌ကို ဘုရား‌တပည့်တော် အစဉ်တစိုက် ကြိုး‌စား‌ဆောင်ရွက် နေပါသည်၊ ဆောင်း‌ရာသီ ကလေး‌များ ကျောင်း‌ပိတ်ရက် အတွင်း အထူး‌သင်တန်း‌များ ဖွင့်လှစ်ပေး‌ခဲ့ပါသည်၊ ဆရာတော်ဘုရား၏ ဆန္ဒတော်နှင့်အညီ ဗုဒ္ဓယဉ်ကျေး‌မှုများ‌ကို စာတွေ့လက်တွေ့ ပေါင်း‌စပ်ပြီး ပို့ချပေး‌ခဲ့ပါသည်၊တစ်နေ့တာအတွင်း တရား‌ရှုမှတ်ချိန် (၅)ကြိမ်၊ သင်တန်း ပို့ချပေး‌ချိန် (၆)ကြိမ် ပါဝင်ပါသည်၊ ဘုရား‌ဝတ်ပြုချိန်, တရား‌နာချိန်မှာလည်း ပါဝင်စေပြီး စည်း‌စနစ်နှင့် သွား‌လာနေထိုင် စား‌သောက်နည်း‌များ‌ကိုလည်း အခြေခံကျကျ ပြသပေး‌ခဲ့ပါသည်၊ ယင်း‌သင်တန်း‌များ‌ကို (၄)ကြိမ်ခွဲ၍ ဖွင့်လှစ်နိုင်ခဲ့ပြီး တက်ရောက်သူ သင်တန်း‌သား သင်တန်း‌သူ (၃၁၂)ယောက် ရှိခဲ့ပါသည်၊ အနာဂတ်အတွက် အထူး‌အား‌ရစရာ ဖြစ်ပါသည်၊ ဆရာတော် အရှင်ဉာနပုဏ္ဏိက, ဆရာတော် အရှင်ဗုဒ္ဓယောသ, ဒေါက်တာဝဏ်းတီနှင့် ဒေါ်ခမ်မဝတီ (သမီး‌မျစ်)တို့လည်း ပါဝင်အား‌ဖြည့် ပေး‌ခဲ့ကြပါသည်၊ တပည့်လည်း အတတ်နိုင်ဆုံး စိတ်ရည်သီး‌ခဲကာ ဆောင်ရွက်လျက်ရှိပါသည်၊ ဈာဏ(အရှင် ပညာနန္ဒ လူထွက်)ကိုတော့ လက်စွဲအဖြစ် အသုံး‌ပြုဆဲ ဖြစ်ပါသည်ဘုရား၊ ဒီကလေး‌ကလဲ ဆရာတော်ဘုရား၏ ဂုဏ်ကျေး‌ဇူး‌ကို အထူး‌သိတတ်သူ ဖြစ်ပါသည်၊ ပြီး‌ခဲ့သည့် သီတင်း‌ပတ်က ဟောလ်ခန်း‌မကြီး‌တွင် ခန်း‌လုံး‌ပြည့် ကော်ဇော‌များ ခင်း‌ကျင်း‌ခဲ့ပါသည်၊ တန်ဖိုး‌ငွေ သုံး‌သောင်း‌ခွဲ လေး‌သောင်း‌ခန့် ဖြစ်ပါသည်၊ ရော်ဘာအခံပါသဖြင့် အတော်အတန် အအေး‌ဒဏ်များ ခံနိုင် စွမ်း‌ရှိပါမည်၊ ယင်း‌အလှူဒါနကို မြန်မာမိသား‌စုနှင့် ကော်မတီဝင် သူငှေး‌များက တာဝန်ယူကြပါသည်၊ ဆရာတော် အရှင်သုမင်္ဂလ၏ အစီအစဉ်ဖြင့် ဟောလ် ခန်း‌မကြီး‌အတွင်း ကိန်း‌ဝပ်သီတင်း‌သုံး‌ရန် ထိုင်း‌ရပ်ပွား ဆင်း‌ဝှ‌တော်

http://www.dhammadownload.com

တစ်ဆူလည်း တည်တား:ကိုး:ကွယ်ပြီး ဖြစ်ပါသည်၊ ယခု လောလောဆယ်တွင် လူကြီး:များအတွက် (၁၀)ရက်စခန်း: စတင်ဖွင့်လှစ်ရာနေရာ (၁၀)ယောက် ရှိနေပါသည်၊ အနည်း:ဆုံး: တစ်လတစ်ကြိမ် ပုံမှန်စခန်း:ပွဲများ: ဖွင့်လှစ်သွား: နိုင်ရေး:ကို ဆက်လက် ကြိုး:ပမ်း:သွား:ကြပါမည်၊ ပြီး:ခဲ့သည့်လက ရိပ်သာတွင် တယ်လီဖုန်: တပ်ဆင်ခဲ့ပြီး: ဖြစ်ပါသည်၊ မြန်မာသံရုံး:က လူဒါန်း:ခြင်း: ဖြစ်ပါသည်၊ ဆရာတော်ဘုရား: နီပေါရိပ်သာသို့ ကြွရောက်နိုင်မည့် အချိန်ကို မျှော်လင့်စောင့်စား: နေကြပါသည် ဘုရား။

ဆရာတော်ဘုရား: ကျန်း:မာချမ်း:သာစွာဖြင့် သာသနာပြုတော်မူနိုင် ပါစေရန် ဆုတောင်း:မေတ္တာ ပို့သလိုက်ပါသည် ဘုရား။

အစဉ်ရိုသေလေး:စား:လျက်-

တပည့်-အာသဘာစာရ။

အရှင် အာသဘာစာရ ထိုရိပ်သာ၌ တာဝန်ယူဆောင်ရွက်သည့် ကာလမှာ (၃)နှစ်မျှသာ ရှိပါသေး:သည်၊ အရှင်အာသဘာစာရ၏ စာအရ အောင်မြင်မှုများ: မှာ အား:ရကျေနပ်စရာ ကောင်း:လှပါသည်၊ အမျိုး:သမီး:ယောဂီ စောင့်ရှောက်ရေး: အဖွဲ့, အမျိုး:သား: ယောဂီစောင့်ရှောက်ရေး: အဖွဲ့တို့ကို ထူထောင်ပေး:သည်၊ ရန်ပုံငွေ စုဆောင်း:ရန်နည်း: ညွှန်ကြား:ပေး:သည်၊ အမျိုး:သမီး:ယောဂီ စောင့် ရှောက်ရေး:ရန်ပုံငွေ (၁)သိန်း:ကျော် ရှိနေပေပြီ ၊ နီပေါစကား:ကိုလဲ တော်တော် ပြောတတ်နေပေပြီ ၊တရား:ပြ, တရား:ဟောသင်တန်: ပို့ချပေး:ရာတွင် နီပေါ စကား:ဖြင့် ကိုယ်တိုင်ပြောနိုင်သလောက် ပြောနေပေပြီ၊ မြန်မာပြည်မှ (၁၀)တန်: အောင်သွား:၍ အင်္ဂလိပ်စာအခြေခံလဲ အား:ကောင်း:ရကား: အင်္ဂလိပ်လိုလဲ ပြောတန်သ၍ ပြောနေပေပြီ ၊အနာဂတ် နီပေါသာသနာကို ပခုံး:ပြောင်း: တာဝန်ယူ ဆောင်ရွက်ကြမည့် ကလေး:များ:ကို သာမဏေ ဝတ်ပေး:၍ စာသင် ပေး:နေလေပြီ၊ ယခုအခါ သူ့ရိပ်သာမှာ သာမဏေ (၃)ပါး:ရှိနေပါသည်၊ ထို သာမဏေ(၃)ပါး:ကို မြန်မာနိုင်ငံ-ရွှေတောင်ကုန်: သာသနာ့ရိပ်သာ ဆရာတော် ထံသို့ ပို့ပေး:မည်၊ မြန်မာနိုင်ငံလာ၍ နီပေါရဟန်:တော် အရှင်မုနိန္ဒ, သိက္ခာရှင် မဝိသိဌ္ဌာနီ, မအဂ္ဂညာနီ, မစာရညာနီ , မဝိမလညာနီတို့ မြန်မာ ဘာသာဖြင့် ဗုဒ္ဓစာပေတို့ကို သင်ယူနေကြပြီ၊ အရှင်မုနိန္ဒနှင့် မဝိသိဌ္ဌာန်,

ဦဝန်ခေးဂခါဇံဂွဲ ၊နှယဒုလါဇ်းါယခဦဂဧီဓ မဝယလယဒုမ်ဇ ဦဒုယခံါရှိါန်ဇယီဇ ၁့ဒုနွဲဂြခန္ဓ



http://www.dhammadownload.com

http://www.dhammadownload.com

မအာဂ္ဂညာနိ, မစာရဂ္ဂညာနိတို့မှာ ပထမလတ်တန်း စာပေတို့ကို လေ့လာနေကြပေပြီ၊ ဝိမလညာနိကား တစ်ဝါတွင်း တရားအားထုတ်ပြီးလျှင် ဗုဒ္ဓစာပေတို့ကို မြန်မာလို ဆက်လက်သင်ယူပေမည်၊ သူတို့တတွေ ဓမ္မာစရိယတန်း အောင်ပြီးလျှင် အမိနိုင်ငံသို့ ပြန်ကာ ပရိယတ္တိ ပဋိပတ္တိ သာသနာတို့ကို ဖြန့်ဝေပေလိမ့်မည်၊ အရှင်အာသဘာစာရနှင့် ဆရာတော် အရှင်ဉာနပုဏ္ဏိက, ဒေါဂုဏာပတိ ဒေါဓမ္မဝတီတို့က နောင်အလားကောင်းမည့် ကလေးများကိုလည်း မြန်မာနိုင်ငံ-ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ထံသို့ ဆက်လက် ပို့ပေးကြပေဦးမည်၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော် မျှော်မှန်းထားသော ပရိယတ် မကင်းသော ပဋိပတ်သာသနာ, ပဋိပတ်မကင်းသော ပရိယတ် သာသနာသည် မကြာမီ မျှော်မှန်းထားသည့်အတိုင်း ပြည့်ပြည့်စုံစုံ ရှပ်လုံးပေါ်တော့မည် ဖြစ်ပါသတည်း။

* * *

http://www.dhammadownload.com

အဆုံးအမများ-ပေးသနားတော်မူပါ

ဆရာတော်နှင့် ကပ္ပိယကာရက မောင်ခင်မောင်ဌေးတို့က ကနေဒါနိုင်ငံ၊ တိုရန်တိုမြို့သို့ (၅-၇-၉၁)မှ (၉-၇-၉၁)ထိ (၅)ရက်ကြာ ဓမ္မဂုဏ်ရည်ပြ ဓမ္မဒူတ ခရီးကြွခဲ့ရာမှ ဘာရီမြို့- ဝိပဿနာကမ္မဋ္ဌာန်း ဋ္ဌာနသို့ ပြန်ကြွလာပြီ ဖြစ်၍ ဆရာတော် အရှင်ပညာဒီပ, အရှင်ပညာသာမိ, အရှင်ဓမ္မိကတို့ ဆရာတော်ကို ကန်တော့ပြီး ဆရာတော်အနီးမှာ စကားပြောနေကြပေသည်။ တိုရန်တိုမြို့မှ ဗုဒ္ဓသာသနာဝင် ဒကာ-ဒကာမတို့ သဒ္ဓါထက်သန်ကြပုံ အကြောင်း , တိုရန်တိုမြို့အကြောင်း, NIAGARA FALLS ခေါ် ရေတံခွန်ကြီး အကြောင်းတို့ကို ဆရာတော်က ပြောပြနေယင်း မလေးရှားနိုင်ငံ- အရှင်ရာဇိန္ဒ ထံမှ ဖုန်းလာပေသည်၊ ဆရာတော်နှင့် အတော်ကြာ စကားပြောသည်၊ ဝါကျွတ်ယင် မျက်စိကို မလေးရှားမှာ ခွဲမည်လား၊ စင်္ကာပူမှာ ခွဲမည်လား၊ ကွဲကွဲပြားပြား သိလို၍ လျှောက်ထားပုံရ၏၊ မျက်စိကို မည်သည့်နေရာမှာ ခွဲမယ် ဆိုတာကို မြန်မာပြည်ရောက်မှ ဆုံးဖြတ်ပြီး အကြောင်းပြန်မည်ဟု ပြန်ပြောသံ ကြားရ၏၊ ဝါတွင်းကလဲ ရောက်တော့မည် ၊ ဝါတွင်းမှာ မလေးရှားဌ် ဆက်နေဖို့ရာ တစ်လသာ မလေးရှားအစိုးရက ခွင့်ပေးမည်ဟု ဆိုနေကြောင်း၊ ထိုကြောင့်ဗီဇာအတွက် အခက်တွေ့နေရကြောင်း လျှောက်ထားချက်ကို "သိပ်မဟုပါနဲ့ ၊ ပြေလည်သွားပါလိမ့်မည်၊ ဒကာ-ဒကာမတွေလဲ အတတ်နိုင်ဆုံး ကြိုးစားပေးကြ ပါလိမ့်မယ်"ဟု အားပေးမိန့်ကြားသံကို ကြားရ၏၊ ဆရာတော်နှင့် ပြောသင့်သည်တို့ကို အတော်ကြာအောင် ပြောပြီးသောအခါ ဆရာတော် အရှင်ပညာဒီပနဲ့လဲ စကားပြောဖို့ အရှင် ပညာဒီပလက်သို့ ဖုံးပေးလိုက်သည်၊ အရှင်ပညာဒီပနှင့် ခဏပြောပြီး အရှင်ပညာသာမိလက်သို့ ပြောင်းလိုက်သည်၊ အရှင်ပညာသာမိပြီးတော့ စာရေးသူလက်သို့ ရောက်လာ ပါတော့သည်၊ "နေကောင်းရဲ့လား၊ အမေရိကမှာ ပျော်ရဲ့လား၊ ဘာတွေ လိုသလဲ၊ ဆေးလိုသလား၊ အားမနာနဲ့၊ လိုတာပြော၊ ပို့ပေးမယ် ၊ မလေးရှားက ယောဂီတွေ ဆရာတော်ဆီကို တရားအားထုတ်



မလေးရှားနိုင်ငံ ပီနန်မြို့ M.B.M.C. တွင် အရှင်ဓမ္မပီယ၊ ဆရာတော်၊ အရှင်ရာဇိန္ဒ

http://www.dhammadownload.com

http://www.dhammadownload.com

လိုကြတာတွေ အများကြီး ရှိတယ်၊ SPONSOR များများ ပို့ပေးနော်၊ တချို့လဲ သွားကုန်ကြပြီ၊ နောင်လဲ လာကြ လိမ့်ဦးမယ်"လို့ ပြောပြီး အရှင်ရာဇိန္ဒသည် ဖုံးကို ချလိုက်လေ၏။

အရှင်ရာဇိန္ဒသည် မလေရှားနိုင်ငံသို့ ရောက်သည်မှာ တနှစ်ကျော် ကြာသွားပေပြီ ၊ အရှင်ဓမ္မပီယက အင်္ဂလိပ်စာ အရည်အသွေးကို ထပ်မံသွေးရန် အတွက် အမေရိကသို့ ကြွသွား၍ အရှင်ဓမ္မပီယ လည်ပတ်စေခဲ့သော သတိပဌာန် စက်ယန္တရားကြီးကို အရှင်ရာဇိန္ဒက ဆက်လက် လည်ပတ်စေခဲ့ပြီ၊ အရှင်ရာဇိန္ဒသည် ယခုအခါ သက်တော်(၄၂)နှင့် ဝါတော်(၂၂)ဝါရှိပေပြီ ဖြစ်၍ အရွယ်တော်ကလဲ မငယ်တော့၊ အရွယ်က မငယ်သလို၊ စိတ်မါတ်နှင့် အသိဉာဏ်လဲ မငယ်ပါပေ၊ သူ၏နေထိုင်ပုံ, ယောဂီတို့နှင့် ပြောဆိုဆက်ဆံပုံ, ယောဂီတို့အပေါ် စိတ်ထားပုံတို့မှာ လူကြီးပီသလှပါပေ၏၊ ထို့ကြောင့် သူ့ကို မလေးရှားရိပ်သာ ဒကာ-ဒကာမ အပေါင်းတို့သည်၊ ကြည်ညို လေးစားကြလေ၏၊ ဒကာ-ဒကာမတို့သည် သူ့ထံမှ တရားအဆုံးအမကို ခံယူကြ၏၊ တရားအဆုံးအမကို အင်္ဂလိပ်လို ပြော၍ ပေးနိုင်အောင် သူ့ကို အင်္ဂလိပ်စာ သင်ပေးကြ၏၊ အင်္ဂလိပ်စာ သင်ပေးသည့် ဆရာ(၆)ယောက်တောင် ရှိလေ့၏-တဲ့၊ ယခုအခါ တရားစစ်ဆေးသည့်အခါ အင်္ဂလိပ်လို ပြောနိုင်သမျှ ပြော၍ တရားစစ်ဆေးနေ၏၊ အင်္ဂလိပ်လို တရားဟောနိုင်အောင် ဆက်လက် ကြိုးစားပေဦးမည်။

မလေးရှားရိပ်သာမှ ဒကာ-ဒကာမ အပေါင်းတို့သည် အင်္ဂလိပ်လို တရားစစ်၊ တရားဟောလျှင် အင်မတန် ကောင်းချီး သြဘာပေးကြ၏၊ အားပေးအားမြှောက် ပြုကြ၏၊ မလေးရှားရိပ်သာ၌ အင်္ဂလိပ်လို မပြောလျှင် တရားဟော, တရားစစ် ကြာရှည် အလုပ်မဖြစ်၍ မဖြစ်မနေလုပ်ကြရသဖြင့် မလေးရှား ရိပ်သာသည် အင်္ဂလိပ်စကားပြော တိုးကက်ဖို့ရာ အကြောင်း ဖြစ်နေပါတော့၏။

ယ့ခုအခါ အင်္ဂလိပ်လို တရားဟော, တရားစစ်နေနိုင်ကြသော အင်္ဂလန်မှ အရှင်ပညာသာမိ , အမေရိကမှ အရှင်ဓမ္မပီယတို့သည် မလေးရှားရိပ်သာ၌ အင်္ဂလိပ်လို တရားစစ်၊ တရားဟောလေ့ကျင့်ခွင့် ရသွားကြသော အရှင်မြတ်များ

http://www.dhammadownload.com

ပေတည်း၊ အရှင်ရာဇိန္ဒ၏ ဆောင်ရွက်မှုနှင့် ရိပ်သာ၏ အခြေအနေကို အရှင်ရာဇိန္ဒ၏ ဆရာတော်ထံ ရေးလိုက်သောစာဖြင့် တစိတ်တဒေသ သိနိုင်ပါသည်။

နေ.စွဲ-၇-၈-၉၁။

ဆရာတော်ဘုရားထံ တပည့်ရာဇိန္ဒ ရိုသေစွာ စာရေးလျှောက်ထားပါသည် အရှင်ဘုရား။

ဆရာတော်ဘုရားနှင့် တပည့်. ဒကာ-ဒကာမ အပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် သာသနာတော်မြတ်ကြီးကို ထမ်းဆောင်နိုင်ပါစေ-လို. နေ.စဉ် ဆုတောင်း မေတ္တာပို.သပါသည် အရှင်ဘုရား၊ ဘုရားတပည့်တော်နှင့် အမ်ဘီအမ်စီ(MALAYSIAN BUDDHIST MEDITATION CENTRE) ဓမ္မမိသားစုများလဲ ကျန်းမာစွာဖြင့် သာသနာ့တာဝန်ကို ထမ်းဆောင်လျှက်ရှိပါသည်၊ ဘုရားတပည့်တော် ကပ်ဝယနှစ်ယောက်နဲ. ဟတ်ယိုင်ဘက် ဗီဇာအတွက် (၃၁-၇-၉၁)နေ.က ထွက်ပါသည်၊ ကပ်ဝယများ ကြိုးစားဆောင်ရွက်၍ မလေးရှားသံရုံးမှ (၃)လဗီဇာ ရခဲ့ပါသည်၊ (၁-၈-၉၁)နေ.ပဲ ပီနန်သို. ပြန်ရောက်ပါသည်၊ ဒီနည်း ရေရှည်တော့ အဆင်ပြေ-မပြေ မပြောနိုင်ပါ၊ အချိန်ကုန်သက်သာမှုနဲ. ကုန်ကျစရိတ် သက်သာမှုကတော့ သေချာပါသည်၊ ဒီနှစ် အမ်ဘီအမ်စီမှာ ဝါဆိုသံဃာ(၁၁)ပါး သာမဏေ(၃)ပါးရှိပါသည်၊ ယောဂီများကတော့ (၂၀)ပက်ဝန်းကျင်ပဲ အမြဲလိုလိုရှိ ပါသည်၊ စည်းကမ်းတကျ ဖြစ်အောင်လဲ တပည့်ဉာဏ်မီသမျှ ကြိုးစားဆောင်ရွက် ပါသည်၊ အခြားအကြောင်းထူးပါလျှင်လဲ စာရေးလျှောက်ထားပါမည်၊ ဘုရားတပည့်တော်လိုအပ်ချက်ရှိလျှင်လဲ အဆုံးအမညွှန်ကြားပေးသနားတော်မူပါရန် ရိုသေစွာ လျှောက်ထားပါသည် အရှင်ဘုရား။

ရိုသေစွာဖြင့် ဆရာတော်ဘုရား၏ အဆုံးအမကို
နာခံလျက်-တပည့်.ရာဇိန္ဒ၊ ပီနန်

* * *

http://www.dhammadownload.com

ဘာသာ(၇)မျိုးတတ်သော အရှင်မြတ်

စိတ်ထဲတွင် ထူးခြားသောခံစားမှုကို မဖြစ်စေသော အကြောင်းအရာတို့ကို မေ့ပျောက်သွားတတ်ပါ၏၊ အကြောင်းအရာတစ်ခု, ပုဂ္ဂိုလ်တစ်ယောက်နှင့် ပတ်သက်၍ ထူးထူးခြားခြား ခံစားလိုက်ရလျှင် ထိုအကြောင်းအရာ, ထိုပုဂ္ဂိုလ်ကို စွဲနေအောင် မှတ်မိတတ်ပါ၏၊ ဤဆရာတော်ကို အကြိမ်ပေါင်း တော်တော်များများ ဖူးတွေ့.ဘူးပါ၏၊ သို့.သော် ဆရာတော်နှင့် ပတ်သက်၍ ထူးထူးခြားခြား ခံစားရသဖြင့် စွဲနေအောင် မှတ်မိစေသောအချက်မှာ စာရေးသူအဖို့.(၃)ချက်မျှသာ ရှိသေးပါ၏။

(၁)

ရန်ကုန်မြို့-မဟာစည် သာသနာ့ရိပ်သာကြီးတွင် သင်္ကြန်ကာလဖြစ်၍ ယောဂီအပေါင်း (၃)ထောင်(၄)ထောင်လောက်ထိ ရှိပေ၏၊ တရားနာကြသော ထိုယောဂီပရိတ်သတ်တို့.မှာ ဖလ်ယဉ်ခမ္မာရုံ ထဲတွင်လည်းပြည့်.၊ခမ္မသာလာထဲတွင်လဲ ပြည့်၊ ခမ္မာရုံပတ်ဝန်းကျင် ဟိုနား-ဒီနား အားလပ်ရာ နေရာတိုင်းတွင်လဲ ပြည့်နေပေ၏၊ သင်္ကြန်ရက်တို့.တွင် တစ်ရက်၌ ဤဆရာတော်ကို သူ.ဆရာဖြစ်သော သြဝါဒါစရိယ (အရှင်ပဏ္ဍိတာဘိဝံသ)က တာဝန်ပေးသဖြင့် ဖလ်ယဉ်ခမ္မာရုံ၌ ဟောကြားရခြင်း ဖြစ်၏၊ ဤဆရာတော်သည် မြန်မာလူမျိုး မဟုတ်သဖြင့် မြန်မာလို-တရားဟောရာတွင် အသံဝဲတဲတဲဖြစ်နေ၏၊ ဤသည်ကပင် မြန်မာတရားနာ ပရိသတ်အဖို့ စိတ်ဝင်စားစရာတစ်မျိုးဖြစ်နေပါ၏၊ တရားဟောရာတွင် ဟာသဉာဏ် ရှိသည်ကိုတွေ့.ရပါ၏၊ တရားနာ ပရိတ်သတ်တို့.မှာ သဘောကျလှသဖြင့် တခစ်ခစ်ရယ်ကြလေ၏၊ မေးလိုက်-ဖြေလိုက်လုပ်ကာ ဟောနေရာ ဟောသူရော နာသူတို့.ပါ တက်တက်ကြွကြွမေး-ဖြေနေကြသည်ကိုလည်း ကြားရပါ၏၊ ဟောကြားအပ်သော တရားအမည်ကား "ဘဝလွတ်မြောက်ရေး"ဟူ၍ ဖြစ်၏၊ နိုင်ငံတစ်နိုင်ငံ၏ သူ. ကျွန်ဘဝမှ လွတ်မြောက်ရေး အကြောင်းနှင့် ပုဂ္ဂိုလ်တစ်ဦး၏ ကိုလေသာကျွန်ဘဝမှ လွတ်မြောက်ရေးကို နှိုင်းယှဉ်၍ အကျယ်ချဲ့. ဟောပြသွား၏၊

http://www.dhammadownload.com

ကမ္ဘာဗဟုသုတ, သာသနာ့ ဗဟုသုတ စုံလင်စွာဖြင့် ဟောပြသွားသည်မှာ ဝေဝေဆာဆာ ရှိလှပါ၏၊ ထိုတရားတိပ်ခွေကို ဟိုလူက သွင်းယူ, ဒီလူက သွင်းယူဖြင့် ကူးယူသူ အတော်ပင် များလှလေ၏၊ထိုစဉ်က ဆရာတော် ဟောအပ်သော တရားကြောင့် ထူးခြားသော ခံစားမှုကို ခံစား လိုက်ရသဖြင့် ဆရာတော်ကို ပဌမအကြိမ် စွဲနေအောင် မှတ်မိလိုက်ပါ၏။

(၂)

ဤဆရာတော်သည် မြန်မာပြည်မှ အစိုးရဓမ္မာစရိယ အောင်ပြီးကြောင်း, မဟာစည် ဆရာတော်ကြီးနှင့် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်တို့. နိုင်ငံခြားတွင် တရားဟောရာ၌ ဘာသာပြန်ပေးကြောင်း, မဟာစည် ဆရာတော်, သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသစသော ဆရာတော်တို့.၏ တရားစာအုပ် အတော်များများကို နိပေါဘာသာဖြင့် ဘာသာပြန်ဆိုကြောင်း, နိပေါတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ. , အိန္ဒိယတက္ကသိုလ်မှ သင်္ကရိတ်ဘာသာ ဒီပလိုမာဘွဲ. ရခဲ့.ကြောင်း, အမိဘာသာ စကားဖြစ်သော နေဝါရီ စကားအပါအဝင် နေပါလီ, ဟိန္ဒီ, သက္ကတ, ပါဠိ, မြန်မာ, အင်္ဂလိပ်အားဖြင့် ဘာသာပေါင်း (၇)ဘာသာ တတ်ကျွမ်းကြောင်း, ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ထံ တရားအားထုတ်ဘူ.ကြောင်း, သူကိုယ်တိုင်လည်း နိပေါပြည်၌ တရားပြ တရားဟော ပြုလုပ်နေကြောင်း သိရှိထားရပါ၏၊ ထိုကဲ့သို့.သော အခြအနေတို့.နှင့် ပြည့်စုံနေသော ဆရာတော်တစ်ပါးက တစ်ဝါတွင်း ယောဂီအဖြစ်ဖြင့် ရွှေတောင်ကုန်းသာသနာ့ ရိပ်သာဆရာတော်ထံ ထပ်မံ တရားအားထုတ်သည်ကို မြင်တွေ့.ရသဖြင့် ကြည်ညိုလေးစား ခဲ့ရပြန်ပါ၏၊ ထိုစဉ်က စကား လုံးဝမပြောသလောက် ကြိုးစားအားထုတ်တော်မူ၏၊ သူ့.ကမ္မဋ္ဌာန်းဆရာထံသို့.ကား နေ့.တိုင်း တရားလျှောက်သွားသည်ကို တွေ့.ရပါ၏၊ ကမ္မဋ္ဌာန်း ဆရာတစ်ပါး၏ ကြိုးကြိုးစားစား လေးလေးနှက်နှက် အားထုတ်သော ယောဂီဘဝကို မြင်တွေ့.ရခြင်းသည် စာရေးသူမှာ ထူးခြားသော ခံစားမှုကို ဖြစ်စေပါ၏၊ ထို့.ကြောင့် ဤဆရာတော်၏ ယောဂီဘဝ အခြေအနေကိုလည်း စွဲနေအောင် မှတ်မိနေပါ၏၊

http://www.dhammadownload.com



နီပေါနိုင်ငံ ခတ္တမန္ဒုမြို့တော်(ကပ္ပသန္တီ ဟာရ)မှအရှင်ဉာဏပုဏ္ဏိက

http://www.dhammadownload.com

ဤဆရာတော်သည် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်နှင့် နိုင်ငံပေါင်းများစွာ အကြိမ်ပေါင်းများစွာ ဓမ္မဂုဏ်ရည်ပြ ဓမ္မဒူတခရီးကြွသွားသည်ကို သိရပါ၏၊ ထိုသို့ကြွရာတွင် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်က မြန်မာလိုဟောသွားသည်ကို ဤဆရာတော်က နိပေါလူမျိုးတို့အား နိပေါဘာသာ စကားဖြင့်, နိုင်ငံခြားသားတို့အား အင်္ဂလိပ်စကားဖြင့် ဘာသာပြန်ပေး၏၊ ထိုဆရာတော်တို့ တရားဟောကြ , ဘာသာပြန်ကြသည်ကို ဗွီဒီယိုတိတ်ခွေ ရိုက်ကူးခဲ့သဖြင့် မြန်မာပြည်၌ ပြန်ပြသည့်အခါ ဤဆရာတော်၏ ဘာသာပြန်ပေးပုံကို တွေ့ရပါ၏။

ဘာသာပြန်ရာတွင် တက်တက်ကြွကြွ ရှိ၏၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်က ရှေ့က(၁၀)မိနစ် (၁၅)မိနစ်ကြာအောင် ဆက်တိုက်ပြောသွား၏၊ ထိုစကားတွေ မကျန်ရအောင် အင်္ဂလိပ်လို လိုက်ပြန်၏၊ ရှေ့ကပြောသွားသော စကားတို့ကို နောက်က လိုက်ပြီး စာဖြင့် ရေး၍ မှတ်သားနေသည်ကို မတွေ့ရပါ၊ ရှေ့က ပြောသွားသမျှကို စိတ်နဲ့လိုက်မှတ်ပြီး ဘာသာပြန်သွား၏၊ ဤသည်မှာ အံ့သြစရာကောင်းလှပါ၏၊ မှတ်ဉာဏ် သိပ်ကောင်းပုံရတယ်ဟုလည်း သတိပြုမိပါ၏၊ စာရေးသူ အမေရိကသို့ ကျူးဇူးရှင် ဆရာတော်နှင့် အတူလိုက်သွားရာ ဘာသာပြန် ဦးမြသောင်း၏ ဘာသာပြန်ပုံကို တွေ့ရပါ၏၊ ဆရာတော်က ရှေ့ကပြောသွားသမျှကို ဦးမြသောင်းက နောက်မှ စာရွက်ပေါ် ဘော်လ်ပင်ဖြင့် လိုက်၍ရေးမှတ်၏၊ မည်မျှ ရှည်အောင် ပြောသွားပါစေ၊ ဦးမြသောင်း အကုန်စုံအောင် ပြန်နိုင်၏၊ ဤသည့်အလုပ်ကို လက်တွေ့လုပ်ကြည့်လျှင် မလွယ်ကူကြောင်း သိနိုင်ပါ၏၊ စာမရေး ပဲလက်လွတ်ပြန်နိုင်ဖို့ရာ ပို၍ခက်ခဲပေလိမ့်မည်၊ ဤကဲ့သို့ခက်ခဲသော အချက်ကို ပြုလုပ်နိုင်သော ဆရာတော်၏ စွမ်းရည်ကိုလည်း စွဲနေအောင် မှတ်မိနေပါ၏။

ဤကဲ့သို့ ဘာသာပြန်ကောင်းဖြစ်နိုင်ရန် ၁။ မြန်မာစကားတတ်ထားသူဖြစ်ရမည်၊ ၂။ ပိဋကစာပေတွေကို တတ်ကျွမ်းသူဖြစ်ရမည်၊ ၃။ အင်္ဂလိပ်စကားတတ်ကျွမ်းသူ ဖြစ်ရမည်၊ ၄။ သတိပဋ္ဌာန်တရားကို ပြည့်ပြည့်စုံစုံ အားထုတ်ထားသူ ဖြစ်ရမည်၊ ၅။ တရားဟော ပုဂ္ဂိုလ်၏ အာဘော်မိအောင် ပြန်နိုင်သူ

http://www.dhammadownload.com

ဖြစ်ရမည်၊ ဤဆရာတော်ကား-ထိုစွမ်းရည်တို့နှင့်လည်း ပြည့်စုံနေပါ၏၊ ဤဆရာတော် ဆိုသည်ကား-နိပေါနိုင်ငံမှ အရှင်ဉာနပုဏ္ဏိက ဖြစ်ပါ၏။

အရှင်ဉာနုဒ္ဒေါတာဘိဝံသ နှင့် စာရေးသူသည် နိပေါ အရှင်မုနိန္ဒ, သိက္ခာရှင်(သီလရှင်) များဖြစ်ကြသော မဝိသိဋ္ဌဉာနီ, မအဂ္ဂဉာနီ, မစာရုဉာနီ တို့ကို ပရိယတ္တိ စာပေပို့ချပေးနေပါ၏၊ သူတို့(၄)ပါးလုံး ပထမလတ်တန်းသို့ ရောက်နေကြပြီ၊ နောက်ထပ်သီလရှင်လေး တစ်ပါးလဲ ရောက်နေပေ၏၊ သူမ ဘွဲ့ကား-မဝိမလဉာနီ -တဲ့ ၊ ယခု သူမကား ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ထံ တရားအားထုတ်နေဆဲ ဖြစ်၏၊ တရားအားထုတ်ပြီး ပရိယတ္တိ စာပေ ဆက်လက်သင်ယူပေမည်၊ နောင်ကိုလဲ ကိုရင်-သီလရှင်လေးတွေကို ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ထံ ပို့ပေးကြပေဦးမည်၊ ဤသာသနာအညွှန့်အညောက်လေးတွေကို နိပေါနိုင်ငံမှ ဥယျာဉ်မှူးကြီး တစ်ဦး ဖြစ်သော ဆရာတော် အရှင်ဉာနပုဏ္ဏိက က ဩဝါဒကထာ ရေစင်ရေအေးကို (နိပေါနိုင်ငံမှ စာဖြင့် ရေး၍) မပြတ်မပြတ် သွန်းလောင်း ပေးနေကြောင်း ကို သိရပါ၏။

မြန်မာနိုင်ငံ၌ စာသင်ယူနေကြသည့် ထိုနိပေါ ရဟန်းငယ်နှင့် သီလရှင် တို့အား ပေးအပ်သော ဆရာတော်၏ ဩဝါဒ စကားများမှာ လိုက်နာ မှတ် သားဖွယ် ကောင်းလှ ပါပေသည်၊ လေ့လာကြည့်ပါ။

၁။ နိပေါနိုင်ငံမှာ ဗုဒ္ဓသာသနာကို အခြေခံကစပြီး ဖြန့်ဝေမယ်လို့ ခိုင် ခိုင်မြဲမြဲ သန္နိဋ္ဌာန်ချထားကြပါ။

၂။ ပညာလိုလားတဲ့ နေရာမှာ ရှင်ရာဟုလာကို စံထားကြပါ ၊ အတုယူ ကြပါ၊ မာနနှိမ့်ချတဲ့ နေရာမှာ အရှင်သာရိပုတ္တရာကို စံထားကြပါ ၊ အတုယူ ကြပါ။

၃။ အမိနိပေါနိုင်ငံရဲ့ ယဉ်ကျေးမှု, လိမ္မာမှုတွေ မြန်မာတွေရဲ့ စိတ်ထဲ စွဲကျန်နေရစ်အောင် ထိန်သိမ်းစောင့်ရှောက် နေထိုင်ကြပါ။

၄။ မြန်မာရှင်-ရဟန်း-သီလရှင်တွေက ဒီစာကို အခု မသင်ယူသေးဘူး၊

http://www.dhammadownload.com

နောင်မှ သင်ယူမယ်ဆိုရင်လဲ ဖြစ်နိုင်တယ်၊ ဥုးဇင်းတို့-သီလရှင်တို့ မှာတော့ ဒီလိုမဟုတ်ဘူး၊ သင်စရာရှိတာ အကုန်သင်ခဲ့ကြ ၊အပြီး သင်ခဲ့ကြ။

၅။ စာသင်သားဘဝမှာ ကျန်းမာရေး အထူးလိုအပ်တယ်၊ ဂရုစိုက်ကြပါ။

၆။ အနီးကပ် စောင့်ရှောက်တဲ့ ဆရာသမားတွေကို လေးလေးစားစား နေကြပါ။

၇။ အများနဲ့. အတူနေကြတဲ့အခါ သဘောချင်း မတိုက်ဆိုင်တာလေးတွေ ရှိတတ်တယ်၊ အဲဒီအခါမှာ ယောနိသော မနသိကာရ ထားပြီးတော့ မိမိကိုရော သူတပါးကိုပါ မထိခိုက်အောင် အလုပ်လုပ်သွားနိုင်တာဟာ မရှိမဖြစ်တဲ့ ဂုဏ်တစ်မျိုးဖြစ်တယ်။

၈။ မာနမရှိကြနဲ့. ၊ လက်မ မထောင်ကြနဲ့. ၊ ဆောင့်ကြွားကြွား မရှိကြနဲ့. ၊ ထောင်ထောင် ထောင်ထောင် မလုပ်ကြနဲ့. ၊ မာနဆိုတာဖြစ်ဖို့ သိပ်လွယ်သလို ပယ်ဖို့သိပ်ခက်တယ်။

၉။ နိပေါမှ ခေတ်ပညာတတ် လူငယ်တွေဟာ ဘာသာရေး လိုက်စားကြပေမဲ့ လောကီစီးပွားရေးမှာ အားသန်နေကြတယ်၊ ခေတ်ပညာတတ် လူငယ်တွေ ဗုဒ္ဓသာသနာတော် စိတ်ဝင်စားလာအောင် ကြိုးစားပေးကြဖို့ လိုတယ်။

၁၀။ နောက်ထပ်ကိုရင်-သီလရှင် လေးတွေကိုလဲ ပို့ပေးဦးမယ် ၊အမိနိုင်ငံမှာ ဗုဒ္ဓသာသနာ ထွန်းကားပဖို့ နှ.နှ.ရေတာသားထ ရောစပ်သလို, လက်သည်းနဲ့. အသားကပ်နေသလို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် တက်တက်ကြွကြွနဲ့. လက်တွဲ အလုပ်လုပ်ကြဖို့. ကြိုတင်သတိပေးပါတယ်။

* * *

http://www.dhammadownload.com

"အင်္ဂလန်မှ ဖူးပွင့်သီးနေသော သစ်ပင်ကြီး"

ဘွဲ့ကား၌၏ ၊ သို့သော် ကျေးဇူးရှင်-ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်သည် ဘွဲ့ကို ခေါ်ခဲ့၏ ၊ "ဓေယျဝတီ" ဟူ၍ဌင်း "ဓေယျဝတီဆရာတော်" ဟူ၍ဌင်း ခေါ်လေ့ရှိ၏၊ "ဓေယျဝတီ" ဟုခေါ်သည်မှာ ထား၀ယ်မြို့ ဓေယျဝတီကျောင်းတိုက်၌ နာယက စာချအဖြစ်ဖြင့် ဆောင်ရွက်ခဲ့သော ကြောင့် ကျောင်းတိုက်နာမည်ကို အစွဲပြု၍ ခေါ်ခြင်းဖြစ်၏၊ "ဓေယျဝတီ" အပြင် "ဆရာတော်" ဟု ထည့်ခေါ်ခြင်းမှာ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ၌ နာယက ဆရာတော် ဖြစ်သောကြောင့် "ဆရာတော်" ဟု ထည့်ခေါ်ခြင်းဖြစ်၏၊ လေးစားထိုက်သော ဆရာသမားကို တပည့်တို့က "ဘွဲ့-နာမည်" ဖြင့် ခေါ်ဝေါ်ခြင်းသည် မလေးစား (ရင့်သီး)ရာ ရောက်၏ဟု ကျေးဇူးရှင် ဆရာတော် သဘောထားတော်မူ၏၊ ထို့ကြောင့် နာမည်သစ်ပေးထားပြီး ထိုနာမည်ကို ကျေးဇူးရှင်ဆရာတော် ကိုယ်တိုင်လည်း ခေါ်ဝေါ်တော်မူ၏၊ ကိုယ်တိုင် ခေါ်ဝေါ်သုံးစွဲပြခြင်းဖြင့် "ဒီလိုခေါ်ဝေါ်သုံးစွဲကြ" ဟု တပည့်တို့အား သင်ပြ နေသယောင်လည်း ဖြစ်နေပါ၏၊ "ဓေယျဝတီဆရာတော်" မှာ ဘွဲ့ရိပါ၏၊ ဘွဲ့ကား-အရှင်သာသနဘဒ္ဒ ဖြစ်ပါ၏၊ လူတွေကား "အရှင်သာသန" ဟုသာ အသိများကြ၏၊ "ဘဒ္ဒ" ဟူသော နောက်ဆက်တွဲ စကားလေးကို အသိနည်းကြ၏၊ စာရေးသူကား ဓေယျဝတီ ဆရာတော်ကို မဟာစည်သာသနာ့ ရိပ်သာ၌ နာယက မဖြစ်ခင်ကပင် သိခဲ့ခင်မင်ရင်းနှီးခဲ့ပါသည်၊ ထို့ကြောင့် ထိုစဉ်က ခေါ်ဝေါ်နေကြ ဖြစ်သော "ဥုးဇင်း" ဟူသော စကားကို သုံးနှုန်း နေမိပါ၏၊ တခါတရံလဲ "ဘုန်းကြီး" ဟု, တခါတရံလဲ "ဆရာတော်" ဟု သုံးစွဲပါ၏။

ကျေးဇူးရှင်ဆရာတော်သည် ဓေယျဝတီ ဆရာတော်၏ ကျောင်းတိုက် ဖြစ်သော ရန်ကုန်မြို့ သက်နှံးကျွန်းမြို့နယ်-ကန့်ကော်ပင် သာသနာ့ရိပ်သာ၌ ၁၉၉၀-ခုနှစ်တွင် ဝါကပ်တော်မူခဲ့၏၊ ဓေယျဝတီဆရာတော်, အရှင်ဉာနုဇ္ဇောတ ဘိဝံသ, အရှင်သံဝရာလင်္ကာရ, အရှင်ပညာသာရနှင့် စာရေးသူတို့လဲ ဆရာ

http://www.dhammadownload.com

ပဏ္ဍိတာရာမ၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှ



နာယက ဒေယျာတိဆရာတော်

http://www.dhammadownload.com

တော်နှင့်အတူ ဝါကပ်ခဲ့ကြ၏၊ ထိုဝါတွင်းတွင် ဧယျဝတီဆရာတော်က သူ့ကျောင်း၌ ပျော်ရွှင်ချမ်းမြေ့စွာ သီတင်းသုံးနိုင်ရေးကို ရှေးရှု၍ ရဟန်းငယ်များနှင့်လည်း ရင်းရင်းနှီးနှီးဆက်ဆံ ပြောဆိုတော်မူ၏၊ တစ်နေ့သောအခါ စကားပြောကြယင်း ဧယျဝတီ ဆရာတော်၏ ပြည်ပအတွေ့အကြုံ အကြောင်းရောက်သွားကြ၏၊ စာရေးသူကို ကျေးဇူးရှင်ဆရာတော်က အမေရိက ခရီးတွင် ခေါ်သွားရန် အစီအစဉ်ရှိနေသဖြင့် နိုင်ငံခြားတွင် နေရ, ထိုင်ရ, သွားရ , လာရ, စား:ရ, သောက်ရ, ဆက်ဆံရတာတွေ ဘယ်လိုလဲ၊ ရာသီဥတုက ဘယ်လိုလဲ စသည်ဖြင့် သိလိုရှု၍ ဆွစ်ဇာလန်နှင့် အင်္ဂလန်နိုင်ငံတို့တွင် (၅)လ ကြာ သီတင်းသုံးကာ တရား:ဟော တရား:ပြခဲ့သည့် ဧယျဝတီ ဆရာတော်ကို ပြည်ပအတွေ့အကြုံတွေ မေးကြည့်ပါသည်။

ဧယျဝတီဆရာတော်သည် ကျေးဇူးရှင် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်၏ တာဝန်ပေးချက်အရ ၁၉၈၈-ခု၊ ဖေဖော်ဝါရီလ (၁၉)ရက်၊ (တပေါင်းလဆန်း:၃-ရက်) နေ့တွင် မြန်မာနိုင်ငံမှ အင်္ဂလန်နိုင်ငံသို့ Mahasi Dhamma Fellow Ship အဖွဲ့က ပင့်လျှောက်၍ ကြွရောက်ခဲ့ ပါသည်၊ အင်္ဂလန်၌ (၂)ပတ်ကြာ သီတင်းသုံး၍ ဒကာ-ဒကာမတို့အား တရား:ဟော တရား:ပြပြီး ဆွစ်ဇာလန်နိုင်ငံသို့ အသောက ဖောင်ဒေး:ရှင်း:အဖွဲ့၏ ပင့်လျှောက်ချက်အရ (၁)လကြာ ကြွရောက်သီတင်းသုံး:ခဲ့ ပါသည်၊ "အသောက ဖောင်ဒေး:ရှင်း:"မှာ ဗုဒ္ဓသာသနာတော်နှင့်စပ်၍ ကြီး:မား:သော ရည်ရွယ်ချက် ရှိခဲ့ပါ၏၊ ထေရဝါဒ(၅)နိုင်ငံမှ သံဃာ(၂)ပါး:စီ ပင့်ကာ ဥရောပ တစ်ခွင်သို့ ထေရဝါဒ ဗုဒ္ဓသာသနာကို ဖြန့်ဝေပေး:ရန် ရည်ရွယ်ထား:လေ၏၊ ထိုရည်ရွယ်ချက် အောင်မြင်အောင် အကြိမ်ကြိမ်ကြိုး:စား: ခဲ့ကြ၏၊ သို့သော် အကြောင်း:မျိုး:မျိုး:ကြောင့် ထိုရည်ရွယ်ချက် အကောင်အထည် ပေါ်မလာ၊ မြန်မာနိုင်ငံမှ ဧယျဝတီ ဆရာတော်ကိုသာ ပင့်နိုင်ခဲ့ကြ၏။

အင်္ဂလန်နိုင်ငံသည် ရာသီဥတု အေး:လှပါ၏၊ ဆွစ်ဇာလန်နိုင်ငံကား ထိုအင်္ဂလန်ထက်ပင် အအေး:ပိုလေ၏၊ ဧယျဝတီဆရာတော်အဖို့ ဆွစ်ဇာလန်နိုင်ငံ၏ ရာသီဥတု အခြေအနေကို မေ့မရနိုင်ပေ၊ နှင်း:တွေမို:တွေကျ သဖြင့် ပလက်ဖေါင်း:ပေါ်တွင် ခဲနေသည့် (၈)လက်မခန့် ရေခဲပြင်ပေါ် နေ့တိုင်း

http://www.dhammadownload.com

ခြေဖြင့်ကြွကာ အဖရတီကွန်မြို့သို့ ဆွမ်းစားကြွခဲ့ရ ပေသည်၊ ဆွစ်ဇာလန်နိုင်ငံ-ဇူးရစ်မြို့-ကမ္ဘောဒီးယားကျောင်း၌ တည်းခို၍ တရားဟော တရားပြုနေစဉ် ဇူးရစ်မြို့မှ မိုင်(၃၀)ခန့်ဝေးသည့် အဖရတီကွန်မြို့သို့ ဓာတ်ရထားစီး၊ ထို့နောက် မီးရထားစီး၊ထို့နောက် ခြေကျင်သွားရသည်မှာ (၉)နာရီမှ (၁၁) နာရီခွဲထိ (၂)နာရီခွဲကြာပေသည်၊ ထိုခရီးစဉ်တွင် အေးလှသည့် ရာသီဥတုကြောင့် စိတ်ဓာတ်ပင် ကျမိခဲ့ပေသည်၊ သို့သော် သဒ္ဓါတရား ကောင်းလှသော ဆွမ်းအမ အေးမြမြဝင်း၏ စေတနာ-သဒ္ဓါတရားကြောင့် သာသနာ အတွက် လုပ်အား၊တက်ခဲ့ ရပါသည်။

ဆွစ်ဇာလန်၌(၁)လကြာ သီတင်းသုံးခဲ့ရာ ဂျီနီဗာ၌(၃)ရက် စခန်းဖွင့်ကာ တရားဟော, တရားပြခဲ့ပေသည်၊ ထိုစခန်းတွင် ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီးများ, ထေရဝါဒ နိုင်ငံများမှ သံအမတ်ကြီးများ လာရောက် တရားနာယူခဲ့ကြသည်၊ ဒကာကြီးဦးသိန်းဖေက ဂျာမန်လို ဘာသာပြန်ပေးလေသည်၊ ဆွစ်ဇာလန်နိုင်ငံ၌ ဂျာမန်, ပြင်သစ်, အီတလီ, ဆွစ်ဇာလန်-ဘာသာစကား(၄)မျိုး ပြောကြ၏၊ ရုံးတို့၌မူ အင်္ဂလိပ်စကားကို သုံးစွဲကြလေ၏၊ ဂျီနီဗာ တရားစခန်း၌ နိဗ္ဗာန်ရနိုင်ဖို့ရာ သီလခိုင်မြဲရမည်၊ သီလကို အလေးမထားကြသော နိုင်ငံများ၌ နိဗ္ဗာန်ရလိုလျှင် သီလကို အလေးထားရမည်, ခိုင်မြဲစွာ ကျင့်သုံးကြရမည် ဖြစ်ကြောင်း အကျယ်တဝန့်မိန့်ကြားတော်မူခဲ့၏၊ ဝိပဿနာဆိုင်ရာ မေးခွန်းများကိုလဲ ဖြေကြားခဲ့ရ၏၊ စခန်းသို့ လာရောက်ကြသော သူတွေကား တရားဗဟုသုတ ရှိသူတွေ များလေ၏၊ သူတို့က နက်နဲလှသော ပဋိစ္စသမုပ္ပါဒ်နှင့် ပဌာန်းတရား အကြောင်းကို သိလို၍ ရှင်းပြခဲ့ရ၏။

ဆွစ်ဇာလန်နိုင်ငံ၌ တစ်လကြာ ဓမ္မဂုဏ်ရည်များကို ပြသခဲ့ပြီးနောက် အင်္ဂလန်နိုင်ငံသို့ ပြန်ကြွခဲ့သည်၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ကို ကြည်ညိုလေးစားကြသော ဒကာ-ဒကာမများက အင်္ဂလန်၌ ရိပ်သာတစ်ခု တည်ထောင်ရန် ဆန္ဒရှိခဲ့ကြသည်၊ ထို့ကြောင့် ဇေယျဝတီဆရာတော်နှင့် အတူ ကြိုးစားခဲ့ကြ၏၊ ဇေယျဝတီဆရာတော်-မြန်မာပြည်သို့ ပြန်လာသော အခါ လန်ဒန်မှ အရှင်ပညာသာမိ၏ အကြံဉာဏ်, လမ်းညွှန်မှုတို့ကို ခံယူ၍ ဆက်လက်ကြိုးစားခဲ့ကြရာ ယခုအခါ ထိုရိပ်သာသည် အကောင်အထည်

http://www.dhammadownload.com

ပေါ်နေပါပြီ၊ ထိုရိပ်သာအမည်က-MAHASI DHAMMA FELLOWSHIP တဲ့၊ ထို ရိပ်သာ၌ ယခုအခါ ဆရာတော် အရှင်ပညာဒီပက သတိပဋ္ဌာန် ဓမ္မဂုဏ်ရည် တို့ကို ဆက်လက်ပြသလျက် ရှိပေသည်၊ ဇေယျဝတီ ဆရာတော်သည် အင်္ဂလန် နိုင်ငံမှ လီဗာပူမြို့, ဟယ်လီဖိုက်စ်မြို့, အိုလဒန်မြို့, လီဒ်စ်မြို့, ဘန်လေမြို့, လန်ဒန်မြို့များတွင် လှည့်လည်ကာ (၄)လကျော် သတိပဋ္ဌာန် အလင်းရောင် ထွန်းပြောင်စေခဲ့ပြီး ဇေယျဝတီဆရာတော် ထွန်းညှိခဲ့သော သတိပဋ္ဌာန် အလင်းရောင်သည် ယခုအခါ ပို၍ပို၍ ထွန်းပြောင်လာနေပေပြီ၊ ဇေယျဝတီ ဆရာတော်သည် မည်မျှပင် သတိပဋ္ဌာန် အလင်းရောင် ထွန်းပြောင်စေချင် နေပါစေ၊ ဒေါက်တာမြတ်စိုးနှင့် ဇနီးဒေါက်တာသိန်းသိန်း, ဒေါက်တာ တင် မင်းအောင် မိသားစု, ဒေါက်တာသန်းဌေး မိသားစု, ဒေါက်တာ သန်းကျော် မိသားစု, ဒေါက်တာ ခင်ဇော်စသော ဒကာ-ဒကာမများ၏ ပစ္စည်းလေးပါး ထောက်ပံ့မှု မပါလျှင်လည်း ဆရာတော်ဆန္ဒ မအောင်မြင်နိုင်ပေရာ၊ ဆရာ-ဒကာတို့ သတိပဋ္ဌာန် ဓမ္မမိသားစု စိတ်ဓာတ်ဖြင့် လက်တွဲညီညီ စိုက်ပျိုးခဲ့ သော သတိပဋ္ဌာန် သစ်ပင်ကြီးသည် ယခုအခါ အဖူး, အပွင့်, အသီးတွေ ဝေဆာလျက် ရှိနေပါသတည်း။

http://www.dhammadownload.com

"ထမင်း စားတာကို မစားချင်လဲ စား၊ စားချင်လဲ စားရသလို တရားထိုင်တာလဲ ထိုင်ချင်လဲ ထိုင်၊ မထိုင်ချင်လဲ မှန်မှန် ထိုင်ရတယ်။"

(အမရပူရမြို့-မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး)

"သကြား ချိုတယ်၊ ဆား ငန်တယ် ဆိုတာကို လျှာပေါ် တင်ကြည့်ယင် သိတာပဲ၊ တရားဟာလဲ ဟုတ်သလား မဟုတ် ဘူးလား ဆိုတာကို ကိုယ်တိုင် အားထုတ်ကြည့်ရင် ကိုယ်တိုင်တွေ့ပြီး ကိုယ်တိုင် သိတာပဲ၊ကောင်းတာ မကောင်းတာကို သူများ အပြောနဲ့ ယုံလို့ ဘယ်ဖြစ်မလဲ။"

(မဟာစည်ဆရာတော်ဘုရားကြီး)

"ခရီးသွားရာမှာ မြေပုံနှင့် ခရီးသွားရခြင်းထက် လမ်းညွှန်ကောင်းနှင့် သွားရခြင်းက ပိုပြီး ခရီးရောက်တယ်။
နိဗ္ဗာန်ခရီးသွားရာမှာ စာအုပ်မြေပုံနှင့်ခရီးသွားရခြင်းထက် လမ်းညွှန်ကောင်း (ဆရာကောင်း)နှင့် သွားရခြင်းက ပိုပြီး ခရီးရောက်တယ်။"

(ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်)